မဟာ
စာပေပန်နှင့်ဖြန့်ချိ

တက္ကသိုလ်

# နေလင်းအောင်

---

မိုးနဂါးဓား

စာစဉ်–၆

စာမူခွင့်ပြုချက်အမှတ် ၇၂၉ / ၂၀၀၄ ( ၇ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉၄၃ / ၂၀၀၄ ( ၉ )

၂၀၀၄-ခုနှစ်၊
ဒုတိယအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေနိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်
၂၃၉၊ ခေမာသီလမ်း။
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှိုက်**
ဦးထွန်းလင်း၊
ဗိုးဝအောဖ့်ဆက်
အမှတ် ၁၄၇ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## မန်ချူးအွန့်ရာယ်

မင်းသမီးကလေးသည် လျှံယင်းချုံကိုတရွတ်ဆွဲ၍ ဂူပြင်သို့ ထုတ်လာ၏။

ဂူအပြင်ဘက်ရောက်မှ လျှံယင်းချုံသတိရလာသည်။

မင်းသမီးလေးကိုမြင်လိုက်သောအခါ လျှံယင်းချုံမှာ ဝေဒနာပြင်းထန်စွာ ခံစားနေရသည့်ကြားမှ ဝမ်းသာစိတ်ကလေး ဖြစ်ပေါ်လာမိသေးသည်။

"ညီမလေး"

လျှံယင်းချုံ၏ခေါ်သံကြောင့် မင်းသမီးလေး လွန်စွာဝမ်းသာသွား၏။ တရွတ်ဆွဲခြင်းကို ချက်ချင်းရပ်တန့်လိုက်သည်။

"အစ်ကို- သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ"

လျှံယင်းချုံက ထထိုင်ရန်ကြိုးစားသည်။

"ဝေါ့"

ဒဏ်ရာပြင်းထန်သဖြင့် ချက်ချင်းပင် သွေးများထိုးအန်လေ

တော့သည်။

"အစ်ကို"

လျှံယင်းချို့သည် သူ့ရင်ဘတ်သူဖိ၍ မင်းသမီးကလေး စိတ်မပူရန် အားပေးသည်။

"ကိစ္စမရှိပါဘူး၊ အတွင်းဒဏ်ရာကြောင့်သွေးအန်တာ"

ထိုအချိန်မှာပင် လူရိပ်နှစ်ရိပ်သည် သူတို့အနီးသို့ အပြေးအလွှားရောက်ရှိလာလေ၏။

သူတို့ကား ကွေ့ကျန်ချူးနှင့်ဝေဝေတို့ပင်တည်း။

"ဟင်- အစ်ကိုပါလား"

ဝေဝေသည် လျှံယင်းချို့ကိုပြေးပွေ့လေ၏။

လျှံယင်းချို့မှာ မင်းသမီးလေးအား စကားပြောရန် အားစိုက်ကြိုးစားခဲ့သဖြင့် သွေးအန်ရာမှ ချက်ချင်းပင်မေ့မြောသွားပြန်တော့သည်။ ကွေ့ကျန်ချူးက-

"သူဘယ်လိုဒဏ်ရာရလာတာလဲ"

မင်းသမီးကလေး ရှက်ရှက်သဲသဲ အခြေအနေကို ရှင်းလင်းပြောပြသည်။

သိုင်းသမားပေါင်းများစွာ ဒေါင်းမနန်းတော်မှထွက်ခွာသွားကြသည့်အကြောင်းကို သူမမြင်သည့်အတိုင်းရှင်းပြသည်။

ကွေ့ကျန်ချူးသည် လျှံယင်းချို့၏ဒဏ်ရာကိုစစ်ဆေးကြည့်ရှုလိုက်၏။

ရင်ဘတ်၌ လက်ဝါးဒဏ်ရာနှစ်ချက်ကိုတွေ့ရသည်။

"ဟာ- ဒါဟာ မိုးကြိုးလက်ဝါးပဲ၊ သူ ရှုလင်းခွမ်နဲ့တိုက်ခိုက်သလား"

မင်းသမီးလေးက ခေါင်းခါရင်းပြောသည်။

"ကျွန်မ မသိဘူး၊ ကျွန်မရောက်တော့ သိုင်းသမားတွေ ရုတ်ရုတ်သဲသဲဖြစ်နေပြီ။ လူကြားထဲတိုးဝှေ့ကြည့်တော့ အစ်ကိုလဲနေတာတွေ့ရတာပဲ"

ဝေဝေကား လျှံယင်းချို့ကိုဖက်၍ငိုနေဆဲ။

မင်းသမီးလေးက-

"ရှင့်ကြည့်ရတာ အစ်ကို့အတွင်းဒဏ်ကို ကုသပေးနိုင်မယ့်ပုံပေါ်ပါတယ်၊ ကျေးဇူးပြုပြီးကုပေးပါရှင်"

"ကုပေးပါရှင်၊ ကုပေးပါ၊ သူသေရင် ကျွန်မပါ သေရပါလိမ့်မယ်"

ထိုစကားကို ဝေဝေကပြောခြင်းဖြစ်သည်။

ကွေ့ကျန်ချူးမှာ ဝေဝေ၏တောင်းပန်ချက်ကို ငြင်းပယ်ရန်မတတ်နိုင်ပါ။ ဝေဝေနှင့် သူသည် တစ်လေ့တည်းစီး တစ်ခရီးတည်းသွားနေသည်မဟုတ်ပါလော။

"ကောင်းပါပြီ၊ ကျုပ်ကုပေးပါမယ်"

ကွေ့ကျန်ချူးသည် လျှံယင်းချို့အား ထိုင်စေကာ ကျောပြင်အား လက်နှစ်ဖက်ဖြင့်နှိပ်ပြီး အတွင်းအားနှင့်ကုသပေးလေ၏။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးလာပြီးနောက် လျှံယင်းချို့၏မျက်နှာ၌ တဖြည်းဖြည်းသွေးရောင်လွှမ်းလာလေ၏။

နောက်ဆုံး၌ ပြန်လည်သတိရလာသည်။ ကွေ့ကျန်ချူးက ဒဏ်ကြေဆေးတစ်လုံး တိုက်လိုက်သည်။

သူ၏ရင်ဝမှာ နာကျင်နေသောဝေဒနာများ တဖြည်းဖြည်း သက်သာလာကြောင်းကို လျှံယင်းချွံခံစားသိရှိလာ၏။

ကွေ့ကျန်ချွံက-

"ခင်ဗျား စကားမပြောပါနဲ့ဦး၊ အတွင်းအားကျင့်စဉ် လေ့ ကျင့်ပါ၊ သိသိသာသာသက်သာမှ စကားပြောပါ"

လျှံယင်းချွံသည် အတွင်းအားကျင့်စဉ်ကို မျက်စိမှိတ်၍ လေ့ ကျင့်လေတော့၏။

မင်းသမီးလေးသည် ဝေဝေ၏အပြုအမူနှင့် အမူအရာမျာ ကိုကြည့်ပြီး လျှံယင်းချွံ၏ချစ်သူဖြစ်ကြောင်း နားလည်သဘော ပေါက်သွားလေ၏။

ရင်ထဲ၌လည်း ဝမ်းနည်းသလိုခံစားလာမိသည်။

သူမ ဤနေရာ၌ဆက်ရှိနေပါက လျှံယင်းချွံရော ဝေဝေပ အနေခက်မည်ကို သူမစိုးရိမ်သည်။

ထို့ကြောင့်-

"အစ်ကိုလျှံယင်းချွံနိုးလာရင် ကျွန်မ မိုးနဂါးတောင်ကိုသွာ ပြီလို့ပြောလိုက်ပါ၊ ကျွန်မ မိုးနဂါးတောင်ခြေကထမင်းဆိုင် တ ဆိုင်ဆိုင်ကစောင့်နေပါ့မယ်"

မင်းသမီးလေးသည် ဝေဝေ့အားလှမ်းပြောပြီး ချက်ချင်းပ ထွက်သွားတော့သည်။

"နေဦးလေ- နေပါဦး"

ဝေဝေက လှမ်းတားသေး၏။

ဝေဝေက မည်မျှတားစေ-



မင်းသမီးလေးကား နောက်သို့ တစ်ချက်မျှပင် လှည့်မကြည့် တော့ချေ။

တစိုက်မတ်မတ်သာ ရှေ့သို့လျှောက်သွားလေတော့သည်။

❧❧

စားပွဲထိုးလူငယ်က ဝမ်းသာအားရနှုတ်ဆက်လေ၏။

"အစ်မလေးပြန်လာပြီလား၊ ခေါင်းမနန်းတော်ကို အစ်မ လေးရောက်ခဲ့တယ် မဟုတ်လား"

မင်းသမီးကလေးသည် မိုးနဂါးတောင်ခြေရှိ သူမ ပထမဝင် ရောက်စုံစမ်းခဲ့ဖူးသည့်ဆိုင်ထဲသို့ ပန်းလျှစွာဝင်ထိုင်သည်။

ဝင်လျှင်ဝင်ချင်း သူမအား ခေါင်းမနန်းတော်ခရီးစဉ်အား ညွှန်ပြခဲ့သည့်စားပွဲထိုးလူငယ်ကလေးက ဝမ်းသာအားရ နှုတ်ဆက် လေသည်။

မင်းသမီးလေးသည် ပင်ပန်းနွမ်းနယ်နေသဖြင့် စားပွဲထိုးလူ ငယ်အား နှုတ်ဖြင့်မပြောတော့ဘဲ ခေါင်းညိတ်၍သာပြမိတော့သည်။

"အစ်မလေး- ဘာစားမလဲ"

မင်းသမီးကလေးက သူမ စားလိုသည့်ဟင်းလျာများကို မှာ ကြားလိုက်သည်။

ဆိုင်ထဲ၌ လူမရှိသဖြင့် သူမမှာကြားသည့်ဟင်းလျာများကို ချက်ချင်းရရှိ၏။

စားသောက်ပြီးစီးသောအခါမှ စားပွဲထိုးလူငယ်နှင့် စကား

စမြည်ပြောဆိုနိုင်တော့သည်။

"ဒေါင်းမနန်းတော်ကိုလဲ ရောက်ခဲ့ပါတယ် မောင်လေးရယ်၊ ဟိုမှာလဲစိတ်ညစ်စရာပါ၊ သိုင်းသမားတွေ ရုတ်ရုတ်သဲသဲမို့ မမလဲ မြန်မြန်ပြန်လာခဲ့တာပဲ"

"မင်္ဂလာပွဲက တော်တော်စည်မှာပဲနော်"

စားပွဲထိုးလူငယ်သည် သူ့ဆိုင်၌စားသောက်ကြသည့် သိုင်းသမားပေါင်းစုံ၏ပြောစကားများကို နားလျှံအောင် ကြားဖူးထားသည်ဖြစ်ရာ ဒေါင်းမနန်းတော်၏လက်ထပ်ပွဲသတင်းကို သူလည်း သိပြီးသားဖြစ်ပေသည်။

"အဲဒီမင်္ဂလာပွဲပျက်သွားလို့ သိုင်းသမားတွေရုတ်ရုတ်သဲသဲ ဖြစ်သွားတာပေါ့"

"ဘာကြောင့်ပျက်သွားတာလဲဟင် အစ်မလေး"

"မသိပါဘူးကွယ်၊ မမလဲစိတ်ရှုပ်လို့ ပြန်ပြေးလာခဲ့တာပါ"

မင်းသမီးကလေးသည် လျှံယင်းချုံနှင့်ဝေဝေတို့ကျန်ခဲ့သည့် အဖြစ်များကို ပြန်လည်တွေးမြင်လာမိ၏။

အကယ်၍ လျှံယင်းချုံသာရောက်ရှိမလာခဲ့လျှင် သူမတစ်ယောက်တည်း မိုးနဂါးတောင်သို့တက်၍ ဘုရင့်သားတော်လေးကို ရှာမည်ဟု ရုတ်ခြည်းဆုံးဖြတ်လိုက်မိ၏။

ထိုဆုံးဖြတ်ချက်ကြောင့် သူမသည် မိုးနဂါးတောင်၏ အနေအထား မိုးနဂါးတောင်၏လျှို့ဝှက်ချက်များကို စားပွဲထိုးလူငယ်အား စုံစမ်းတီးခေါက်လေတော့၏။

စားပွဲထိုးလူငယ်သည် မင်းသမီးလေးကိုခင်မင်ရင်းနှီးနေပြီ



ဖြစ်၍ သူကြားဖူးနားဝရှိထားသည့် မိုးနဂါးတောင်အကြောင်း မျိုးစုံကိုလျှောက်ပြောလေတော့၏။

"အံမယ်- သူတို့ပြောတဲ့စကားအရဆိုရင် မိုးနဂါးတောင်မှာ ဂူပေါင်း ကိုးထောင့်ကိုးရာ ကိုးဆယ့်ကိုးဂူတောင် ရှိတယ်ဆိုပဲ အစ်မလေးရ"

မင်းသမီးကလေးမှာ စိတ်ပျက်သွားသည်။

သို့သော် သူမ၏ဆုံးဖြတ်ချက်ကိုပြင်မည်တော့ မဟုတ်ပေ။ ထို့ကြောင့် မိုးနဂါးတောင်အကြောင်း သိကောင်းဖွယ်ရာများကို ထပ်မံမေးမြန်းနေမိလေ၏။

ထိုအချိန်၌ မန်ချူးစစ်သားများသည် ဆိုင်ရှေ့သို့ရောက်လာကြသည်။

မင်းသမီးလေးက မိုးနဂါးတောင်အကြောင်း စုံစမ်းမေးမြန်းသံများကို ထိုမန်ချူးစစ်သားများ ကြားလိုက်မိသဖြင့် မင်းသမီးလေးအား သံသယဖြစ်သွားသည်။

မန်ချူးစစ်ဗိုလ်သည် မင်းသမီးကလေးနှင့်စားပွဲထိုးလူငယ်ရှိရာသို့လျှောက်ဝင်လာသည်။

"ဟာ"

စားပွဲထိုးလူငယ်မှာ မန်ချူးစစ်ဗိုလ်ကိုမြင်သည်နှင့် လန့်သွားပြီး တဖြည်းဖြည်းနောက်ဆုတ်သွားသည်။

မင်းသမီးလေးကလှည့်ကြည့်လိုက်ရာ မန်ချူးစစ်ဗိုလ်ကို မြင်လိုက်၏။

သူမ၏အကြောအခြင်များ ချက်ချင်းလိုလိုပင် တောင့်တင်း

သွားသည်။ မန်ချူးစစ်ဗိုလ်က-

"မင်းက မိုးနဂါးတောင်ပေါ် ဘာတက်လုပ်မလို့လဲ"

မင်းသမီးလေးသည် စိုးရိမ်သွား၏။

သူမအား ဟန်တရုတ်မင်းသမီးကလေးမှန်း သိသွားလေ[illegible]

လော။

"ဘာ- ဘာမှမလုပ်ပါဘူးရှင်၊ ကျွန်-ကျွန်မက မိုးနဂါးတော[illegible]

ကို မရောက်ဘူးလို့ပါ"

"မိုးနဂါးတောင်ဟာ မိန်းကလေးနဲ့ဘာမှသက်ဆိုင်တဲ့တော[illegible]

မဟုတ်ဘူး၊ မင်းမှာလျှို့ဝှက်ချက်ရှိရမယ်"

"မ- မရှိပါဘူးရှင်၊ ကျွန်မ အမှန်အတိုင်းပြောနေတာပါ"

"ကဲ- ရှိတာမရှိတာအသာထား၊ ခုလောလောဆယ် ကျ[illegible]

တို့နဲ့လိုက်ခဲ့စမ်းပါ"

"ဟင့်အင်း- ကျွန်မ- ကျွန်မ-"

မင်းသမီးကလေးက ကြောက်လန့်တကြားပြောလေသည်။

မန်ချူးစစ်ဗိုလ်က အတင်းအဓမ္မဖမ်းရန်ကြိုးစားလေသည်။

မင်းသမီးကလေးသည် အဆိပ်ဘုရင်ပေးထားသည့် အဆိ[illegible]

ငွေလုံးလက်နက်ကလေးများကို ရုတ်တရက် သတိရလိုက်သဖြ[illegible]

လျှပ်တစ်ပြက်ထုတ်ယူပစ်ခတ်လိုက်ရာ မန်ချူးစစ်ဗိုလ်မှာ ထိုနေရာ

၌ပင် ဝုန်းခနဲလဲကျသွားလေတော့သည်။

မင်းသမီးကလေးသည် ဆိုင်ထဲမှ တစ်ဟုန်ထိုးပြေးထွက်သွား

တော့သည်။ မန်ချူးစစ်သားများသည် ရုတ်တရက် ကြောင်သွားကြ

ကုန်လေသည်။



သူတို့၏စစ်ဗိုလ်ကို ကယ်တင်ရန်နိုး၊ မင်းသမီးကလေးကို လိုက်ဖမ်းရန်နိုးကြောင်နေကြသည်။

"လိုက်- လိုက်- အဲဒီကောင်မကိုလိုက်ဖမ်း"

ရုတ်တရက်အော်လိုက်သည့် စစ်သားတစ်ယောက်၏ လှုံ့ဆော်သံကြောင့် စစ်သားများသည် မင်းသမီးကလေး၏နောက်သို့ လိုက်ဖမ်းကြလေတော့၏။

မင်းသမီးကလေးသည် အလွန်ထိတ်လန့်လျက် ရှိနေလေသည်။ ယခင်က သူမ ပြေးဖူးသည်။

အကူအညီအပေါင်းအဖော်များနှင့်ပြေးဖူးခြင်းဖြစ်၍ အားရှိသည်။ ယခုလောက် ကြောက်ရွံ့ခြင်းမရှိခဲ့ပေ။

ယခု မန်ချူးစစ်သားများလိုက်ဖမ်းနေသည်မှာ သူမအား သာမန်ကျေးတောသူတစ်ယောက်အဖြစ်မဟုတ်ချေ။

သူတို့၏စစ်ဗိုလ်အား တိုက်ခိုက်သွားသူရန်သူအဖြစ် အမှတ်ထားကာ လိုက်လံဖမ်းဆီးနေခြင်းဖြစ်သည်။

ဟန်တရုတ်မင်းသမီးတစ်ပါးသာဖြစ်ကြောင်း သိရှိသွားပါမူ တပ်ထောင်တာဗိုလ်ထုနှင့် လိုက်ဖမ်းချေတော့မည်။

မင်းသမီးကလေးသည် အသက်လု၍ပြေးလေတော့သည်။

သူမ မည်မျှပြေးသည်ဆိုစေ အကြမ်းပတမ်းစစ်သားကြီးများနှင့်ယှဉ်၍ မည်သို့မျှမပြေးနိုင်ချေ။

သူမသာ သိုင်းပညာ၊ ကိုယ်ဖော့ပညာတတ်ထားပါက ဤမန်ချူးစစ်သားများကို လွယ်လွယ်နှင့်မျက်ခြည်ဖြတ်နိုင်ပေလိမ့်မည်။

မန်ချူးစစ်သားများသည် တဖြည်းဖြည်းနီးလာကြသည်။

မင်းသမီးလေးမှာလည်း အားကုန်နီးပါးဖြစ်လာချေပြီ။

မင်းသမီးလေးသည် ထွက်ပြေးနိုင်စွမ်းမရှိတော့သဖြင့် ချက်ချင်းပင်ရပ်လိုက်၏။

"ဟား- ဟား- ဟား၊ ဒီတောခြေတောင်ခြေမှာ မင်း ဘယ်လိုလွတ်အောင်ပြေးနိုင်မှာလဲကွ၊ ဟား- ဟား- ဟား"

သူတို့သည် သမင်မလေးအား တစ်ချက်တည်းနှင့် ဝါးမျိုကိုက်စားမည့်ကျားကြီးများနှယ် လက်ကားရား ခြေကားရားဖြင့် ချဉ်းကပ်လာကြကုန်၏။

မင်းသမီးကလေးသည် မန်ချူးစစ်သားများ သူမ၏အနီးသို့ နီးကပ်သည်ထက်နီးကပ်လာအောင် စောင့်ကြည့်လိုက်သည်။

"ဟား- ဟား- ဟား၊ ဖမ်းကြ- ဖမ်းကြ၊ ဒီကောင်မကို မသတ်နဲ့၊ သူ့ကိုကောင်းကောင်းဆုံးမရဦးမယ်"

"အား"

ရှေ့ဆုံးမှ မန်ချူးစစ်သားသည် စကားဆုံးသည်နှင့်လဲကျသွားတော့၏။ ထို့နောက် ဝုန်းခနဲ ဝုန်းခနဲလဲကျကုန်၏။

မင်းသမီးကလေး၏အဆိပ်ငွေ့လုံးလက်နက်ပုန်းများ ဒဏ်ချက်ပေတည်း။

မင်းသမီးလေးသည် အဆိပ်ဘုရင်ကို ကျိတ်၍ဦးခိုက်လိုက်၏။ ထို့နောက် မိုးနဂါးတောင်ထိပ်သို့ ဆက်၍ပြေးပြန်လေတော့သတည်း။

တာဝန်ပျက်ကွက်သူများ

ရွှေလက်မောင်းသိုင်းသမားသည် သူတစ်ဦးတည်း မိုးနဂါးတောင်၌ တဝဲလည်လည်ဖြစ်နေ၏။

လျှံယင်းချုံကိုလည်း ရှာမတွေ့၊ မင်းသမီးလေးကိုလည်း ရှာမတွေ့၊ ဘုရင့်သားတော်ကလေးကိုလည်း ရှာမတွေ့ဘဲရှိနေသည်။

ဗိုလ်မှူးကြီးကြူကို သူတွေ့ခဲ့ပါလျက် ဘုရင့်သားတော်လေးကို တွေ့အောင်မရှာနိုင်ခဲ့ခြင်းအတွက် သူ့ဘာသာ စိတ်ပျက်လက်ပျက်ရှိနေသည်။

သဲလွန်စ သတင်းအဆက်အစပ်မရရှိပါက ဤမိုးနဂါးတောင်၌လူရှာခြင်းမှာ ကောက်ရိုးပုံထဲအပ်ရှာဖွေခြင်းထက် ပို၍ ...က်ခဲကြောင်း ရွှေလက်မောင်းသိုင်းသမားသိရှိနေခဲ့လေပြီ။

နောက်ဆုံး၌ သူသည် အခြေအနေအရပ်ရပ်ကို မြို့စားကြီး ... ပြန်လည်၍အစီရင်ခံရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် စုကျူးမြို့ရှိရာသို့ ပြန်လည်ပြေးဆင်းလာတော့

သည်။ စုကျူးမြို့စားကြီးကို အဆင်သင့်ပင်တွေ့ရပါလေ၏။

"မင်း- ပြန်လာပြီလား"

မြို့စားကြီးက အေးစက်စွာမေးမြန်းလာလေ၏။

"ဟုတ်ကဲ့"

ရွှေလက်မောင်းသိုင်းသမားက ဂါရဝပြုပြီးဖြေသည်။

"မင်းတစ်ယောက်တည်း ပြန်လာလိမ့်မယ်လို့ ငါ မျှော်လင့်မ

ထားဘူး"

"ကျွန်တော်ကလဲ တစ်ယောက်တည်းပြန်မလာချင်ပါဘူး၊ လျှ

ယင်းချုံနဲ့ဝေဝေတို့ကိုလဲ ကျွန်တော်စောင့်နေပါသေးတယ်၊ ဒါပေ

မယ့် သူတို့ကိုလုံးဝမတွေ့ရဘူး"

ရွှေလက်မောင်းသိုင်းသမားသည် ဗိုလ်မှူးကြီးကြူးကို ဖမ်

မိသည့်သတင်းအား ထိမ်ချန်ထားလိုက်၏။

ထိုသတင်းကိုသာဖွင့်ပြောလိုက်လျှင် စုကျူးမြို့စားကြီး၏

ဒေါသသည် မီးတောင်ပေါက်ကွဲသကဲ့သို့ ပေါက်ကွဲလာတော့မည်

မှာသေချာသည်။

မြို့စားကြီးသည် လက်ကိုနောက်ပစ်ပြီး လူးလာခေါက်တုံ့

လမ်းလျှောက်လျက်ရှိနေ၏။

မြို့စားကြီးက-

"သိုင်းလောကထဲမှာ ထူးခြားတဲ့ ဘာသတင်းများ ကြား

သေးသလဲ"

"ကျွန်တော်တော့ မကြားမိပါဘူး"

ရွှေလက်မောင်းသိုင်းသမားက အရိုးခံအတိုင်းဖြေ၏။



စုကျူးမြို့စားကြီးသတင်းရထားသည့် အချက်တစ်ချက်ရှိ

သည်။ လျှံယင်းချုံနှင့်ဝေဝေတို့ကိုတွဲ၍ တွေ့ရှိလိုက်သည်ဟူသည့်

သတင်းသည် သူ့အတွက်အထူးအဆန်းဖြစ်နေ၏။

သူသည် ဝေဝေနှင့်ကွေ့ကျန်ချူးကို တွဲ၍လွှတ်လိုက်၏။ တွေ့

ချင်းတွေ့လျှင် ဝေဝေ့ကို ကွေ့ကျန်ချူးနှင့်သာတွဲ၍တွေ့ရမည်။

ထိုသတင်း၏နောက်ကွယ်၌ ထူးခြားသော အဖြစ်အပျက်

တစ်ခုရှိရမည်ကို စုကျူးမြို့စားကြီးတွက်ချက်မိ၏။

သတင်းမှားနေလျှင်တော့ ပြောစရာမလိုတော့ပေ။

ရွှေလက်မောင်းသိုင်းသမားက တောင်းပန်လိုက်၏။

"မြို့စားကြီးခင်ဗျာ၊ ကျွန်တော် တာဝန်မကျေသလိုဖြစ်နေ

တာကိုခွင့်လွှတ်ပါ၊ မိုးနဂါးတောင်ဟာ တကယ့်ကိုလျှို့ဝှက်နက်နဲတဲ့

တောင်ကြီးဖြစ်ပါတယ်"

စုကျူးမြို့စားကြီးက ခွင့်လွှတ်ဟန်ဖြင့်ပြော၏။

"ကိစ္စမရှိပါဘူး၊ ငါက မိုးနဂါးတောင်ကိုမရောက်ဖူးပေမယ့်

မိုးနဂါးတောင်အကြောင်းကို ထိုက်သင့်သလောက်တော့ သိနေပါ

တယ်လေ"

ရွှေလက်မောင်းသိုင်းသမား သက်ပြင်းချလိုက်သည်။

မြို့စားကြီးကဆက်ပြော၏။

"ကဲ- ကဲ- မင်းလဲအတော်ပင်ပန်းနေပါပြီ၊ အနားယူလိုက်ပါ

ဦး၊ နောက်တော့မှ မင်းဘာလုပ်ရမယ်ဆိုတာကို ငါပြောပါ့မယ်"

ရွှေလက်မောင်းသိုင်းသမားသည် မြို့စားကြီးကို ဦးညွှတ်

ဂါရဝပြုပြီးနောက် ထွက်ခွာသွားလေ၏။

မြို့စားကြီးမှာမူ ခေါက်တုံ့ခေါက်ပြန် စင်္ကြံန်လျှောက်လျက် စဉ်းစားရင်းကျန်ရစ်ခဲ့၏။

အတန်ကြာသော် အစောင့်တစ်ဦးဝင်လာ၏။

"မြို့စားကြီး- ကွေ့ကျန်ချူးပြန်ရောက်လာပါတယ်၊ မြို့စားကြီးရှေ့တော်ကို သွင်းပေးရမှာလားခင်ဗျာ"

"အေး- လွှတ်လိုက်"

အစောင့်သည် ဦးညွှတ်ဂါရဝပြုပြီးထွက်သွားလေ၏။

ချက်ချင်းလိုလိုပင် ကွေ့ကျန်ချူးရောက်ရှိလာသည်။

မြို့စားကြီးသည် ကွေ့ကျန်ချူးကိုမျက်မှောင်ကုပ်လျက်ကြည့်လိုက်သည်။

ကွေ့ကျန်ချူးသည် ဒူးထောက်ထိုင်နေ၏။ မြို့စားကြီးက-

"ကွေ့ကျန်ချူး မင်းကိုငါဘာခိုင်းလိုက်သလဲ"

ကွေ့ကျန်ချူး ဆိတ်ဆိတ်နေလေ၏။

မြို့စားကြီးကဆက်ပြောသည်။

"ဘုရင့်သားတော်မပါဘဲနဲ့ မင်းမို့လို့ ပြန်လာဖို့စိတ်ကူးတယ်၊ ဘုရင့်သားတော်မပါတာဟာ တာဝန်မအောင်မြင်ခြင်းဘဲ"

"ကျွန်တော်သိပါတယ်"

"ဒါဆိုရင် တို့သဘောတူတာဖျက်ပြယ်ပြီပေါ့"

"ကျွန်တော် ဘယ့်နှယ်တတ်နိုင်မလဲ၊ ကျွန်တော်နဲ့ဝေဝေ မိုးနဂါးတောင်ကို ရောက်သွားတယ်၊ ဘုရင့်သားတော်ကလေးကိုလဲ ကျွန်တော်တို့ မနားမနေရှာပါတယ်၊ ဒါပေမယ့် မတွေ့ဘူး"

ကွေ့ကျန်ချူးက ဒေါင်းမနန်းတော်အရေးအခင်းကိုပြောပြလိုက်သည်။

"နောက်တော့ လျှံယင်းချုံနဲ့ဝေဝေတို့ ပျောက်သွားကြတယ်၊ ကျွန်တော် အိပ်ပျော်နေတုန်း သူတို့လစ်ထွက်သွားကြတာပဲ၊ လျှံယင်းချုံက ဒဏ်ရာပျောက်ကင်းစဆိုတော့ ဒီလိုပြေးမသွားနိုင်ဘူးလို့ ကျွန်တော်ထင်ခဲ့တယ်၊ ကျွန်တော် သူတို့ကိုလိုက်ရှာပါသေးတယ်၊ ဝေဝေပါမှ ဘုရင့်သားတော်လေးကို အပါခေါ်နိုင်မှာကိုး၊ ဝေဝေ့ကို ဘယ်လိုမှရှာမတွေ့တော့တာမို့ ကျွန်တော်လဲလက်လျှော့ပြီး ပြန်လာခဲ့မိတော့တယ်၊ အဲဒါ ကျွန်တော့်တာဝန်ပျက်ကွက်မှုလား"

မြို့စားကြီးက အေးစက်စွာရယ်မောလေ၏။

"ဟား- ဟား- ဟား၊ ဘုရင့်သားတော် မပါဘဲနဲ့ မင်းရဲ့သားကို ငါကပြန်လွှတ်ပေးမယ်လို့များ မင်းထင်နေသလား"

ကွေ့ကျန်ချူး ထောင်းခနဲဒေါသထွက်သွား၏။

"ဘုရင့်သားတော်လေးရှာရတဲ့ကိစ္စကို ဟင်းရွက်ကန်စွန်းခူးတဲ့လုပ်ငန်းလို ခင်ဗျားမှတ်နေသလား၊ မိုးနဂါးတောင်ဟာ သပွတ်အူထက် ရှုပ်တယ်ဗျ၊ ခင်ဗျားလိုချင်တာချည်းပဲ ကြည့်မပြောပါနဲ့"

မြို့စားကြီးကလည်း စားပွဲကိုလက်နှင့်ထု၏။

"ငါကလဲ ဘုရင့်သားတော်ဘယ်မှာရှိနေတယ်လို့ အတိအကျသိနေရင် မင်းတို့ကိုတောင်မခိုင်းဘူးကွ၊ မန်ချူးတပ်မတစ်တပ်ခေါ်သွားပြီး ဝိုင်းဖမ်းလိုက်ရုံပဲ၊ မင်းအနေနဲ့ ဘုရင့်သားတော်ကို ခေါ်မလာလို့ကတော့ မင်းရဲ့သားကို မလွှတ်ရေးချမလွှတ်ဘဲ"

ကွေ့ကျန်ချူးမှာ အတော်စိတ်သောကရောက်သွားသည်။

သားကလေးကိုလည်း ကယ်ချင်သည်။

ဘုရင့်သားတော်ကိုဖမ်းမိရရှိဖို့ကလည်း ခက်လွန်းလှသည်။

"ကျုပ်ဘာလုပ်ရမလဲ"

"မင်း ဘာလုပ်ရမှာလဲ၊ ဘုရင့်သားတော်ကို တွေ့အောင်ရှာပေါ့"

"ခင်ဗျားက ကောင်းကင်ကကြယ်ကိုဆွတ်ခိုင်းနေတာပဲ"

"ဟား- ဟား- ဟား၊ မင်းအတော်ပျော့တာပဲ၊ ဘုရင့်သားတော်ဟာ ကောင်းကင်မှာရှိတာမဟုတ်ဘူးကွ၊ မင်းမှာ အတောင်ပါဖို့မလိုပါဘူး"

"ခင်ဗျားက မိုးနဂါးတောင်အကြောင်း တကယ်မှမသိဘဲကိုးဗျ"

"ငါသိပါတယ်၊ မင်းဉာဏ်ကူပြီး ရှာပေါ့ကွ၊ နလပိန်းတုံးတွေလို တစ်ဂူဝင်တစ်ဂူထွက်ရှာနေလို့ကတော့ ဘုရင့်သားတော်ကို မင်းဘယ်တွေ့မလဲ"

"ခင်ဗျားက ဉာဏ်သုံးဖို့ပြောတယ်၊ ဝေဝေဟာ သိပ်အရေးကြီးတယ်၊ ဝေဝေမပါရင် ဘုရင့်သားတော်ကိုတွေ့တောင် ခေါ်လို့ရမှာမဟုတ်ဘူးဆိုတာ ခင်ဗျားသိထားစမ်းပါ"

"မင်း အသုံးမကျလို့ဝေဝေပျောက်သွားတာပဲ၊ ရှိပါစေတော့ ဝေဝေ့ကိုငါပြန်ရှာပေးမယ်၊ ဟား- ဟား- ဟား"

စိတ်ချလက်ချပြောလိုက်သည့်မြို့စားကြီး၏စကားကို ကွေ့ကျန်ချူး လွန်စွာအံ့သြသွား၏။

မြို့စားကြီး၏လက်ထဲ၌ ဝှက်ဖဲတစ်ချပ်ရှိနေပြန်လေပြီဟု



ကွေ့ကျန်ချူး တွေးလိုက်မိသည်။

မြို့စားကြီးက-

"ကဲ- မင်းသွားပြီးအနားယူပါ၊ ဝေဝေပြန်ရောက်လာရင် မင်းခရီးထပ်ထွက်ပေါ့၊ ဒီတစ်ခါ ခရီးထွက်လို့မအောင်မြင်ရင် မင်းငါ့ဆီပြန်မလာနဲ့တော့"

ကွေ့ကျန်ချူးသည် မခံချိမခံသာဖြစ်လျက် ထွက်ခွာသွားရလေ၏။

ကွေ့ကျန်ချူးထွက်သွားပြီးနောက် မြို့စားကြီးသည် ထိုင်ခုံတစ်လုံး၌ထိုင်ချလိုက်၏။

ဝေဝေနှင့် လျှံယင်းချုံတို့ကို တွဲ၍တွေ့လိုက်သည်ဟူသော သတင်းသည် အမှန်ဖြစ်ကြောင်းယခုသိရလေပြီ။

လျှံယင်းချုံသည် ဝေဝေ့အား မိုးနဂါးတောင်သို့ မည်သည့်နည်းနှင့်မျှခေါ်မည်မဟုတ်ကြောင်း မြို့စားကြီးအလိုလိုသိနေ၏။

လျှံယင်းချုံသည် မိန်းကလေးများကို အထူးညာတာသည်။

သူချစ်သူဝေဝေသည် သိုင်းပညာမတတ်ချေ။

ဝေဝေအား မိုးနဂါးတောင်ခေါ်ခြင်းသည် အကျိုးထက် အပြစ်ပိုများကြောင်း လျှံယင်းချုံသိမည်သာဖြစ်သည်။

ဤသို့ဆိုလျှင် လျှံယင်းချုံဘာလုပ်မည်နည်း။

သူချစ်သူဝေဝေ့ကို သူ့အိမ်သို့ပြန်ပို့ထားပေတော့မည်။

ထိုအိမ်သည် ယခု လူသူမရှိတော့ပေ။

ဝေဝေကို ထိုအိမ်၌ပြန်ပို့ထားပါက အလုံခြုံဆုံးသောနေရာသာဖြစ်ပေတော့မည်။

သူစဉ်းစား၍မရသည့်တစ်ချက်မှာ လျှံယင်းချုံနှင့် ပါသွားသည့်မင်းသမီးလေး ပျောက်နေသည့်အချက်ပင်တည်း။

မင်းသမီးလေး မည်သည့်နေရာသို့ ရောက်ရှိသွားပါလေသနည်း။

"ထားတော့၊ မင်းသမီးကိုမိတာမမိတာဟာ အကြောင်းမဟုတ်တော့ဘူး၊ ဝေဝေ့ကိုပြန်ဖမ်း၊ မင်းသမီးလေးလို အယောင်ဆောင်နိုင်၊ ဘုရင့်သားတော်ကိုပြန်ဖမ်း၊ အင်း- ဒါဆိုပြတ်ပြီ"

စုကျူးမြို့စားကြီးက တစ်ကိုယ်တည်းကျေနပ်စွာရေရွတ်နေလေသည်။

သူ့မျက်စိထဲ၌ ဝေဝေနှင့်လျှံယင်းချုံတို့ကို ကြိုးတုပ်လျက်သားဖမ်းမိနေပုံကို မြင်ယောင်လာ၏။

မြို့စားကြီး ပြုံးသွားလေ၏။

မဟာ
စာပေနှင့်ဝိဇ္ဇာ

တစ်ပတ်ကြောခရီးစဉ်

စုကျူးမြို့စားကား အလွန်အကွက်စေ့၏။

အကွက်မြင်၏။

ထို့ကြောင့်လည်း သူမြို့စားရာထူး၌ မြဲနေခြင်းပင် ဖြစ်ပေသည်။ မကြာမီနှစ်များအတွင်း နယ်စားကြီးဖြစ်ရန် အလားအလာလည်းရှိနေပေပြီ။

ရာထူးအာဏာမက်မောသဖြင့် စုကျူးမြို့စားသည် နမငယ်ကိုပင် ရွှေပေါ်မြတင် မထားဘဲ အဆက်မပြတ်ဖိဖိစီးစီး ခိုင်းစေတာဝန်ပေးလျက်ရှိသည်။

အခြားသူစိမ်းအပေါ်ကား အဘယ်မှာလျှင်ဆိုဖွယ်ရာရှိတော့အံ့နည်း။

သူသည် မန်ချူးတို့ ကြီးစိုးတော့မည့်အရိပ်အရောင်ကို ကြိုတင်မြင်ယောင်နေသည်။

ထို့ကြောင့် မန်ချူးသစ္စာခံသည်။

မန်ချူးများက တောင်ပိုင်းတစ်ပိုင်းလုံးသိမ်းပြီးချိန်တွင် သူသည် အနည်းဆုံးနယ်စားကြီးတစ်ဦးဖြစ်တော့မည်။

ထို့ပြင် သူသည် သိုင်းလောကကိုကြီးစိုးရန်ကိစ္စကိုလည်း မေ့မထားပေ။

သူ သိုင်းပညာတတ်ကြောင်းသိသူ အလွန်နည်း၏။

လျှံယင်းချုံတစ်ယောက်သာ သူ့အားလုပ်ကြံရင်း သိုင်းပညာတတ်ကြောင်းသိသွားသည်။

သူသည် သိုင်းလောက၏ရတနာတစ်ခုဖြစ်သော မိုးနဂါးဓားအကြောင်း ကောင်းစွာတီးခေါက်စုံစမ်းထားလေသည်။

ထိုဓားရရှိလျှင် သိုင်းလောကဦးဆရာကြီးတစ်ဆူဖြစ်လာနိုင်သည်ကို သူသိထားသည်။

ထို့ကြောင့် နမဖြစ်သူအား ခွန်းလွန်ဂိုဏ်းထဲထည့်ထားခြင်းဖြစ်လေသည်။

ခွန်းလွန်ဂိုဏ်းချုပ်ထံပြန်သွားရသည့်အတွက် နမဖြစ်သူမည်မျှအပြစ်ဒဏ်ခံရသည်ကို သူ မသိပေ။

သူသိသည်မှာ မိုးနဂါးဓားရရှိရေးပင်ဖြစ်သည်။

သူသည် ဘက်စုံအောင်မြင်မှုရရှိရန်ကြိုးစားလျက်ရှိနေပေသည်။

ယခု သူသည် ရွှေလက်မောင်းသိုင်းသမားကို အခေါ်လွှတ်၏။ ရွှေလက်မောင်းသိုင်းသမားရောက်ရှိလာသည်။

"အမိန့်ရှိပါမြို့စားကြီး"

"မင်း ဝေဇေကိုသွားဖမ်းရမယ်"



ရွှေလက်မောင်းသိုင်းသမား အံ့ဩသွား၏။

"ကျွန်တော်သိရသလောက်- "

သူ့စကားမဆုံးမီ စုကျူးမြို့စားကဖြတ်ပြော၏။

"မင်း လျှံယင်းချုံရဲ့အိမ်ကိုသွားပါ၊ အဲဒီကစောင့်ပါ"

"ဗျာ- သူတို့"

"ဟုတ်တယ်- သူတို့အဲဒီအိမ်ကိုပြန်လာလိမ့်မယ်၊ သူတို့စိတ်ထဲမှာတော့ ဟုတ်လှပြီလို့ထွေးမှာပဲ၊ ငါက သူတို့ထက် ကြိုတွက်နိုင်တယ်ဆိုတာ သူတို့မသိတော့ သူတို့ကို ဖားကလေးငါးကလေးတွေလိုဖမ်းလိုက်နိုင်မှာပဲ"

ရွှေလက်မောင်းသိုင်းသမား စဉ်းစားနေသည်။

မြို့စားကြီးက ရွှေလက်မောင်းသိုင်းသမားကိုကြည့်ပြီး-

"ဒီတစ်ခါ သူတို့လွတ်သွားရင်တော့ မင်းမလွယ်ဘူး၊ အဲဒီအပြစ်ကို ငါလျှော့လျှော့ပေါ့ပေါ့လုပ်လိမ့်မယ်လို့ မင်း ထင်မထားနဲ့၊ သူတို့ကိုဘယ်လိုဖမ်းရမယ်ဆိုတာ မင်းဉာဏ်နဲ့မင်းစဉ်းစား၊ ကဲ-သွားပေတော့"

ရွှေလက်မောင်းသိုင်းသမားက မြို့စားကြီးကို ဦးညွှတ်ဂါရဝပြုပြီးထွက်သွားလေတော့၏။

❦

လျှံယင်းချုံနှင့်ဝေဝေတို့သည် စုကျူးမြို့အနီးသို့ ပြန်လည်ရောက်ရှိလာလေပြီ။

ဝေဝေက လျှံယင်းချုံ၏လက်မောင်းကိုကိုင်လျက် စိုးရိမ်စွာပြော၏။

"အစ်ကို ညီမတို့စိတ်ချရပါ့မလားဟင်၊ ဒီနေရာဟာ စုကျူးမြို့စားရဲ့အာဏာစက်ကွင်း ဗဟိုချက်ပဲ"

"အဲဒီဗဟိုချက်ကို တမင်ရွေးလာတာပေါ့ညီမရယ်၊ ညီမ သိလို့ပါ၊ မိုးနဂါးတောင်ဟာ စုကျူးမြို့နဲ့အတော်ကလေးဝေးတယ် ဒါပေမယ့် စုကျူးမြို့စားရဲ့လက်ပါးစေတွေ ခြေချင်းလိမ်နေတယ် ဒီဗဟိုချက်နားကိုတော့ အစ်ကိုတို့ ပြန်ကပ်လာမယ်လို့ ဒီမြို့စားလုံးဝတွေးမိမှာမဟုတ်ဘူးညီမရဲ့"

ဝေဝေ ဘာမှမပြောတော့ပေ။

သူတို့သည် မန်ချူးစစ်သားများကိုရှောင်ကွင်း၍ လာကြရသဖြင့် အတော်ကလေးခရီးဖင့်ကြသည်။

သို့သော် နောက်ဆုံး၌ လျှံယင်းချုံ၏မိဘများနေထိုင်ခဲ့ရာ အိမ်ကလေးသို့ ဆိုက်ရောက်လာပေတော့သည်။

အိမ်ကား ခြေရာလက်ရာမပျက်ပင် ရှိသည်။ အိမ်ရှေ့တံခါးများလည်း ပိတ်ထားမြဲပိတ်ထားသည်။

"အစ်ကိုပြောတယ်မဟုတ်လား၊ ဒီနေရာကအလုံခြုံဆုံးပါလို့ အစ်ကို မိုးနဂါးတောင်သွားနေတဲ့အခိုက် ညီမကိုအလုံခြုံဆုံးထားနိုင်တယ်ဆိုလို့ ဒီတစ်နေရာပဲရှိတယ်"

လျှံယင်းချုံက အိမ်ရှေ့တံခါးကိုတွန်းဖွင့်ပြီး ဝင်သွားလေ၏၊



ဝေဝေသည် လျှံယင်းချုံ၏ လက်မောင်းကိုဆွဲ၍ ထက်ကြပ်မကွာလိုက်ဝင်သွားသည်။

"ဟင်"

လျှံယင်းချုံရော ဝေဝေပါ အတိတ်တလန့်ဖြစ်သွားကြသည်။ အဘယ်ကြောင့်ပါနည်း။

ရွှေလက်မောင်းသိုင်းသမားသည် သူတို့ရှေ့၌ပြုံး၍နေသောကြောင့်ပါတည်း။

"ကျုပ်စောင့်နေတာ အတော်ကြာပြီ၊ ခင်ဗျားတို့ တော်တော်ကလေး နောက်ကျတာကိုး"

"ခင်- ခင်ဗျား"

"ခင်ဗျားတို့ ဒီကိုရောက်လာမယ်ဆိုတာ ကျုပ် ကြိုတင်သိထားလို့ ခင်ဗျားအံ့ဩနေသလား၊ မအံ့ဩပါနဲ့ဗျာ၊ အတွေးအခေါ်ကောင်းတဲ့လူတွေကတော့ ခင်ဗျားရဲ့စိတ်ကူးကိုကြိုတင်သိနေတာပါပဲ"

"ခင်ဗျား ဘာလုပ်မလို့လဲ"

"ခင်ဗျားတို့ကို ဖမ်းမလို့ပေါ့ဗျာ"

"ဘာ"

လျှံယင်းချုံက ဝေဝေ့ကို နောက်သို့တွန်းလွှတ်ပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင် သူ့ခေါင်းပေါ်သို့ စူးရှသောအမွှေးရနံ့များနှင့် သေးမှုန်သောအမှုန့်ကလေးများ ဖွေးခနဲကျလာသည်။

လျှံယင်းချုံမှာ လက်ပင်မမြှောက်လိုက်ရဘဲ ဝုန်းခနဲပြိုလဲကျ

သွားလေ၏။

ဝေဝေလည်း ပြုလဲကျသွားပြန်သည်။

ရွှေလက်မောင်းသိုင်းသမားသည် မြို့စားကြီးမှာကြားထား

သည့်အတိုင်း သေချာစေ့စပ်စွာ ထောင်ချောက်ဆင်ထားနိုင်ခဲ့လေ

၏။

❧

ဝေဝေ ပြန်လည်သတိရလာသည်။

သူမ မည်မျှကြာအောင်မေ့မြောနေခဲ့သည်ကိုပင် သူမ မခ

မှန်းနိုင်ခဲ့ပါ။

သူမ သတိရ၍ ကြည့်လိုက်သောအခါ လွန်တရာသန့်ရှင်း

ခန့်ညားသော အိပ်ခန်းတစ်ခုထဲရောက်နေကြောင်း တွေ့လိုက်ရ

သဖြင့် အထိတ်တလန့်ထထိုင်မိသည်။

သူမ၏အဝတ်အစားများ ပျက်ယွင်းခြင်းမရှိကြောင်း သေ

ချာသောအခါမှ သူမ စိတ်အေးသွားသည်။

တစ်ပြိုင်နက်မှာပင် သူမ၏ချစ်သူလျှံယင်းချုံကို သတိရလာ

ပြီး တီးတိုးခေါ်မိလေတော့သည်။

"အစ်ကို- အစ်ကို- အစ်ကိုဘယ်မှာလဲ"

သူမသည် ချက်ချင်းထရပ်ပြီး လျှံယင်းချုံကိုလိုက်ရှာမိလေ

တော့၏။

"ကျွိ"



ထိုစဉ်မှာပင် တံခါးမကြီးပွင့်သွားပြီး လူတစ်ယောက်ဝင်လာ

လေ၏။

ထိုသူကား စုကျူးမြို့စားကြီးပင်ဖြစ်လေတော့သည်။

"ဝေဝေ သတိရလာပြီလား"

မြို့စားကြီးက ခင်မင်ရင်းနှီးစွာပင်နှုတ်ဆက်လေ၏။

ဝေဝေက ချက်ချင်းပင်-

"မြို့စားကြီး၊ သူ- သူ- သူဘယ်မှာလဲ"

"လျှံယင်းချုံလား"

"ဟုတ်တယ်၊ ကျွန်မချစ်သူလျှံယင်းချုံ၊ သူဘယ်မှာလဲ၊ ဘာ

ဖြစ်လို့ သူ့ကိုကျွန်မနဲ့ခွဲထားရတာလဲ"

"လျှံယင်းချုံကို ဖြေဆေးမတိုက်ရသေးဘူး၊ ခွဲထားတာက

တော့ အကြောင်းရှိလို့ပါ"

ဝေဝေစိုးရိမ်သွား၏။

'အကြာကြီးမေ့နေလို့ ဖြစ်မလား၊ သူ့ကို ဖြေဆေးမြန်မြန်

တိုက်လိုက်ပါ၊ သူ့အသက်ရှင်မှုဖြစ်မယ်"

မြို့စားကြီးက လျှို့ဝှက်စွာပြုံးလိုက်၏။

"စိတ်ချပါ၊ သူမသေစေရပါဘူး၊ ကိစ္စလေးတစ်ခုဆွေးနွေးပြီး

ရင် သူ့ကိုဖြေဆေးတိုက်လိုက်ပါမယ်"

"ဘာကိစ္စဆွေးနွေးရဦးမှာလဲ"

"ကျုပ်လိုချင်တဲ့လူမရသေးဘူးလေ၊ မိုးနဂါးတောင်က ဘုရင့်

သားတော်လေးကို ကျုပ်မရသေးဘူး"

ဝေဝေခမျာ မျက်ရည်များပေါက်ပေါက်ကျလာတော့သည်။

ဤပုံတိုင်းဆိုလျှင် ရွှေဘုံကြီးနှင့်အပုံကြီးကွာပေတော့မည်။

လျှံယင်းချုံနှင့်မိမိ ယခုချက်ချင်းပြန်တွေ့ရန် မဖြစ်နိုင်တော့မှန်းရိပ်မိလိုက်လေပြီ။

မြို့စားကြီးသည် လျှံယင်းချုံကိုစားစာခံအဖြစ်ဖမ်းထားလိုက်လေပြီ။

မြို့စားကြီးသည် ဝေဝေငိုကြွေးနေသည်ကို စိတ်မကောင်းသလိုကြည့်နေ၏။ ချော့မော့ခြင်းတော့ မပြုပေ။

ဝေဝေသည် အတန်ကြာငိုကြွေးပြီးမှ-

"ရှင့်ကို ကျွန်မကလူကောင်းလို့အောက်မေ့ခဲ့တယ်၊ ရှင်ဟာ တကယ်တော့လူယုတ်မာပဲ"

မြို့စားကြီးက ပြုံး၍ပြော၏။

"ကျုပ်ကိုယ်ကျုပ် သူတော်စင်ပါလို့တော့ ဘယ်တုန်းကမှမပြောခဲ့ပါဘူး"

"ရှင်ဟာ တကယ်ကောက်ကျစ်တာပဲ၊ အမြဲပြုံးနေတဲ့လူဟာ အကောက်ကျစ်ဆုံးပဲဆိုတဲ့ ရှေးဟောင်းစကားပုံဟာ တကယ်မှန်နေတာပဲ"

မြို့စားကြီးကား အပြုံးမပျက်ချေ။

ဝေဝေ၏ရွတ်ချစကားများကို သူက ပန်းနှင့်ပေါက်သည့်အလား ထင်မှတ်နေပုံရ၏။

"လျှံယင်းချုံဟာ အဲဒီအဆိပ်မှုန့်ကို အများကြီးရှူလိုက်မိတယ်၊ မင်းကတော့ အဖျားအနားကလေးပဲရှူလိုက်မိတယ်၊ မင်းတို့နှစ်ယောက် ခံစားရပုံချင်းမတူနိုင်ဘူး၊ လျှံယင်းချုံကို ဘယ်လိုပဲ



ဖြေဆေးတိုက်တိုက် လေးဆယ့်ကိုးရက်ထက်စောပြီး သူ သတိရမလာနိုင်ဘူး"

ဝေဝေမှာ ထိုစကားကြောင့် အထိတ်တလန့်ဖြစ်သွားရလေတော့၏။ မြို့စားကြီးက-

"လျှံယင်းချုံအတွက် ဘာမှမပူပါနဲ့၊ မင်းသာ ကွေ့ကျန်ချူးနဲ့အတူ မိုးနဂါးတောင်ကိုပြန်သွားပါ၊ ဘုရင့်သားတော်ပြန်ပါလာရင် လျှံယင်းချုံကို လူကောင်းပကတိပြန်တွေ့ရဖို့ ကျုပ်ကတာဝန်ယူပါတယ်"

ဝေဝေသည် နှုတ်ခမ်းကိုပြတ်လုမတတ်ကိုက်ပြီး စဉ်းစားနေလေ၏။

"ရှင် ကတိတည်မလား"

"ကျုပ်က ဘယ်တုန်းက ကတိဖျက်ဖူးလို့လဲ၊ မင်းသာ ကျုပ်ပြောတဲ့အတိုင်းဆောင်ရွက်ခဲ့ပါ။ လျှံယင်းချုံကို ကျုပ်လက်ဖျားနဲ့မတို့ပါဘူး"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျွန်မ မိုးနဂါးတောင်ကို ပြန်သွားမယ်၊ တစ်ခုတော့ရှိတယ်၊ ကျွန်မတစ်ယောက်တည်းတော့ မိုးနဂါးတောင်ကိုမသွားတတ်ဘူး၊ ကွေ့ကျန်ချူးနဲ့ ကျွန်မကွဲသွားတော့ သူဘယ်မှာကျန်ရစ်မှန်းတောင် မသိတော့ပါဘူး"

မြို့စားကြီးက ပြုံးလိုက်၏။

"ကွေ့ကျန်ချူးအတွက် ဘာမှမပူပါနဲ့"

သူသည် လက်ခုပ်သုံးချက်တီးလိုက်၏။ လက်ခုပ်သံဆုံးသည်နှင့် ကွေ့ကျန်ချူး အခန်းထဲသို့ရောက်လာသည်။

ဝေဝေ လွန်စွာဘုံဩသွား၏။

ကွေ့ကျန်ချူကား မြို့စားကြီးကိုသာ သုန်သုန်မှုန်မှုန်နှင့် ကြည့်နေသည်။ သားကလေးအတွက်သာမဟုတ်လျှင် သူသည် မြို့ စားကြီးကို သူသေကိုယ်သေတိုက်ခိုက်ပြီးချေပြီ။

မြို့စားကြီးက ပြုံး၍ပြော၏။

"ကဲ- မင်းတို့နှစ်ယောက်ပြန်ဆုံကြပြီ၊ ဘုရင့်သားတော်လေး ကိုတွေ့အောင်ရှာပြီး ခေါ်လာနိုင်ရင် အားလုံးပျော်စရာဖြစ်ပါလိမ့် မယ်၊ ဟောဒီပစ္စည်းတချို့ကို လိုလိုမည်မည်ယူသွားကြပါ"

မြို့စားကြီးက စာရွက်စာတမ်းအချို့နှင့်ငွေအိတ်သုံးအိတ်ကို လှမ်းပေးသည်။

ကွေ့ကျန်ချူကလှမ်းယူ၏။ ထို့နောက် နှစ်ယောက်စလုံး ထွက်ခွာရန်ဟန်ပြင်လိုက်သည်။

"နေဦး"

မြို့စားကြီးကလှမ်းတားသဖြင့် နှစ်ယောက်စလုံး တန့်ခနဲ ရပ်သွားကြ၏။ ကွေ့ကျန်ချူက လှည့်မေးလေ၏။

"ဘာပြောစရာကျန်သေးလို့လဲ"

"မင်းတို့ ဘုရင့်သားတော်ရှာတဲ့ကိစ္စကို အချိန်အကန့်အ သတ်မရှိ ရှာခွင့်မပေးနိုင်တော့ဘူး"

"ခင်ဗျားက ဘာတွေသတ်မှတ်ချင်သေးလို့လဲ"

"မင်းတို့ရှာဖို့ လေးဆယ့်ကိုးရက်ပဲခွင့်ပေးမယ်၊ လေးဆယ့်ကိုး ရက်ကြာလို့မှ ဘုရင့်သားတော် ကျုပ်လက်ထဲမရောက်ဘူးဆိုရင် လျှံယင်းချုံနဲ့ကလေးလေးကို အသက်ရှင်လျက် မင်းတို့တွေ့ကြ



တော့မှာမဟုတ်ဘူး"

ကွေ့ကျန်ချူသည် ဒေါသမထိန်းနိုင်တော့ဘဲ မြို့စားကြီးထံ ခုန်အုပ်လိုက်၏။

"ဝုန်း"

မြို့စားကြီးက လက်ဝါးဖြင့်ပြန်ရိုက်လိုက်သည်။ နှစ်ဦးစလုံး တုန်ခါပြီး ခြေလှမ်းသုံးလှမ်းဆီဆုတ်သွား၏။

သို့သော် ကွေ့ကျန်ချူကထပ်မံခုန်ဝင်ပြန်၏။

သူတို့သည် သိုင်းကွက်သုံးဆယ်ရောက်သည်အထိ အပြန်အ လှန်တိုက်ခိုက်ကြလေ၏။

မြို့စားကြီးက တိုက်ခိုက်ရင်းမှရယ်သံနှော၍ပြောလေ၏။

"ကွေ့ကျန်ချူ မင်းက စိတ်လိုက်မာန်ပါ တယ်လုပ်တာကိုး၊ မင်းရဲ့သားလေး ကျုပ်လက်ထဲမှာရှိနေတာ သတိရဦးမှပေါ့၊ ကျုပ် က မင်းလက်ချက်နဲ့မသေနိုင်ပါဘူးကွ၊ အေး- တကယ်လို့ ကျုပ်သေ သွားတောင်မှ မင်းရဲ့သားလေးဟာ အသက်ရှင်လျက် လွတ်မယ် မထင်နဲ့"

ကွေ့ကျန်ချူ၏ခေါင်းထဲ၌ ဆင်ခြင်တုံတရားများ ပြန်ဝင် လာ၏။ ထို့ကြောင့် လျှပ်တစ်ပြက်ခုန်ဆုတ်သွား၏။

မြို့စားကြီးက လက်ဝါးနှစ်ဖက်ကိုပုတ်လျက်-

"ကျုပ်ပြောတဲ့လေးဆယ့်ကိုးရက်ကို ခေါင်းထဲမှာ စွဲနေ အောင်မှတ်ထားကြ၊ ဘုရင့်သားတော်ပါလာရင် မင်းတို့လူတွေကို ကျန်းမာပကတိပြန်တွေ့ရစေမယ်လို့ ကျုပ်ကတိပေးတယ်"

"ထွီ"

ကွေ့ကျန်ချူးသည် မြို့စားကြီးအား ရှဲ့ရှာမုန်းတီးစွာ ကြည့်လျက် တံတွေးထွေးလိုက်သည်။ ထို့နောက် ချာခနဲလှည့်ထွက်သွားလေတော့၏။

ဝေဝေမှာ အပြေးကလေးလိုက်သွားရလေ၏။

အချစ်ကျေးကျွန်

လျှံယင်းချူ ပြန်လည်သတိရလာသည်။ လျှံယင်းချူသည် ...ြို့စားဂေဟာ၏မြေအောက်အကျဉ်းခန်းထဲ၌ ရှိနေသည်။

သူဖြေဆေးသောက်ပြီး သတိရလာခြင်းမဟုတ်ပါ။

စုကျူးမြို့စားက သူ့အားလေးဆယ့်ကိုးရက်ကြာမှ သတိရ...ည်ဆိုခြင်းမှာလည်း လိမ်ညာပြောခြင်းသာဖြစ်ပါသည်။

သတိရ၍ကြည့်လိုက်သောအခါ သစ်သားခုတင်တစ်လုံး...ပ်ါရောက်နေသည်ကို တွေ့လိုက်ရသည်။

အိပ်ရာမှလူးလဲထပြီး အခန်းပတ်ဝန်းကျင်ကို လေ့လာသော...ခါ အလွန်တရာလုံခြုံသောအခန်းဖြစ်ကြောင်းတွေ့ရသည်။

တံခါးမှာ သံတံခါးဖြစ်ပြီး ကြီးမားသောသော့ခလောက်ကြီး...ည်းရှိနေသည်။

"ဂျုံး- ဂျုံး- ဂျုံး"

သူသည် သံတံခါးကို ကြမ်းကြမ်းရမ်းရမ်းဆွဲခါပစ်လိုက်၏။

အသံမြည်ရုံမှအပ ဘာမျှထူးခြားမလာချေ။

အဆိပ်ဒဏ် ကောင်းစွာမပြယ်သေးသဖြင့် သူ့အင်အား အပြည့်အဝ ပြန်မရသေးဘဲရှိနေသည်။

သူသည် ချည့်နဲ့စွာဖြင့် သူ့သစ်သားခုတင်၌ပြန်ထိုင်ပြီး သတိ မမေ့ခင်က အဖြစ်အပျက်များကိုပြန်စဉ်းစားသည်။

"ဝေဝေ- ဝေဝေ"

သူသည် ဝေဝေ့ကိုသတိရလာ၏။

ဝေဝေ မရှိတော့ပါပြီ။

ရွှေလက်မောင်းသိုင်းသမားကော။ သူ့ကိုတော့ တွေ့ကောင်း တွေ့နိုင်ပေဦးမည်။

ဝေဝေ့ကိုတွေ့ရန်ကား မလွယ်တော့ချေ။ သူနှင့်ခွဲခြား၍ ထားကတည်းက **သူတို့နှစ်ဦး၏ရှေ့အနာဂတ်ခရီး** မကောင်းတော့ ကြောင်း လျှံယင်း**ချုံရိပ်မိလေ၏။**

**ရွှေလက်မောင်းသိုင်းသမားသည် အဘယ်ကြောင့်**သူ့ကိုဖမ်း သနည်း။

ရွှေလက်မောင်းသိုင်းသမားသည် မည်သူ၏ အစေအပါး ပေနည်း။



လျှံယင်းချုံတွေးနေစဉ် ရွှေလက်မောင်းသိုင်းသမားလည်း တွေးနေသည်သာဖြစ်ပါ၏။

လျှံယင်းချုံက ဝေဝေ့အကြောင်းတွေးသလို-

သူက ကျင်းဟန်ရှီအကြောင်းတွေးနေသည်။

သူ၏ဘဝတစ်လျှောက်၌ ကျင်းဟန်ရှီမှတစ်ပါး မည်သည့် မိန်းကလေးကိုမျှ ချစ်မိခဲ့သည်မဟုတ်ပါ။

ခွန်းလွန်ဂိုဏ်းသားဘဝ၌ လုပ်ပြီးစိတ်ဆတ်သည့် ကျင်းဟန် ရှီကို သူစိတ်ဝင်စားခဲ့မိသည်။

ဂိုဏ်းတူမောင်နှမများသည် သွေးသားရင်း မောင်နှမထက် ပင် ဖချစ်ပိုလေ့ရှိကြသည်။

ရွှေလက်မောင်းသိုင်းသမားအနေဖြင့် ဆန်းကြယ်သော အချစ်ဖြင့်ချစ်မိခဲ့သဖြင့် ကျင်းဟန်ရှီအပေါ် ပို၍အနစ်နာခံခဲ့ပေ သည်။

ကျင်းဟန်ရှီအကြောင်းတွေးလိုက်တိုင်း သူ့ရင် နွေးသည်။ ကျင်းဟန်ရှီကလည်းသူ့အားမုန်းတီးဟန်မပြခဲ့သဖြင့် သူ့ချစ်အဆိပ် မှာ ငယ်ထိပ်တိုင်တက်ခဲ့ရသည်။

သို့သော် ကျင်းဟန်ရှီအပေါ် သူသတိထားသည့်အချက် တစ်ချက်ရှိသည်။

ဤသည်မှာ ကျင်းဟန်ရှီ၏အပြစ်မဟုတ်တော့ချေ။

သူ့အစ်ကို စုကျူးမြို့စားကြီး၏အပြစ်သာဖြစ်သည်။

အမတ်ကြီးစုဘူးဝုက်၏ဂေဟာ၌ ကျင်းဟန်ရှီအား တာဝန် ထမ်းဆောင်စေလိုက်သောအခါ ကျင်းဟန်ရှီနှင့်လျှံယင်းချုံတို့သည်

တတွဲတွဲဖြစ်သွားကြ၏။

ကျင်းဟန်ရီသည် လျှံယင်းချုံအား တိတ်တဆိတ်ချစ်မိုးခွေ
သလားဟု သူသံသယပွားခဲ့ဖူးသည်။

ဤသို့ သံသယဖြစ်ပွားရခြင်းမှာ ကျင်းဟန်ရီအမူအရာမျ
၍မဟုတ်ချေ။

လျှံယင်းချုံ။

လျှံယင်းချုံသည် သူ့ထက် အသက်ငယ်ကောင်းငယ်မည်
ဣန္ဒြေကတော့ တကယ်ရှိသည်။

ချောမောသောသူ့ရုပ်ရည်သည် ယောကျ်ားဆန်သည်။

လျှံယင်းချုံ၏သတင်းများကို သူအမြဲတမ်း သတိထားခဲ့၏

လျှံယင်းချုံ၏မိသားစုတစ်စုလုံး အလွန်သတ္တိရှိပြီး တရှ
ဘုရင်အပေါ် သစ္စာရှိလှကြောင်းသူသိရှိခဲ့သည်။

လျှံယင်းချုံ၏မျက်လုံးများကို သူသေချာစွာကြည့်ထား၏

အလွန်တရာစူးစိုက်ကြည့်တတ်ပြီး အကြောက်အရွံ့ကင်းလ
ကြောင်း သူသိသည်။

ဤလိုလူမျိုးသည် မြှောက်တိုင်းလည်းမမြှောက်၊ ခြောက်
တိုင်းလည်းမကြောက်သော လူမျိုးဖြစ်တတ်သည်။

ထိုသို့ လျှံယင်းချုံ၌ ယောကျ်ားပီသသောရုပ်ဓာတ်၊ စိတ်
ဓာတ်ရှိနေသဖြင့် ဆန့်ကျင်ဘက်မိန်းမသားများက အချစ်ကြီး ချ
နိုင်ပေသည်။

အထူးသဖြင့် ကျင်းဟန်ရီသည် အလွန်တရာ သွက်လက်
ထက်မြက်သောမိန်းကလေးဖြစ်သည်။



ထိုမိန်းကလေးမျိုးသည် သူတို့ထက်ပို၍သွက်လက်ထက်မြက်
သူများကို ပို၍အထင်ကြီးလေးစားတတ်ကြသည်။

သူ၏မနာလိုစိတ်များသည် ပို၍ပို၍ကြီးထွားလာ၏။ နောက်
ဆုံး ဆက်မတွေးရဲတော့သဖြင့် လှဲအိပ်နေသည့်သစ်သားခုတင်ပေါ်
မှ ဝုန်းခနဲထရပ်လိုက်မိသည်။

"ဒီကောင့်ကို အခုမိထားပြီ၊ ဒီကိစ္စကို အခုရှင်းလို့ရတယ်၊
သူဝန်ခံရင် သူ့ကိုသတ်ပစ်လိုက်ရုံပဲ၊ သေသွားတဲ့လူကိုတော့ ကျင်း
ဟန်ရီ ချစ်မှာမဟုတ်တော့ပါဘူး"

သူသည် တအုံအုံတနွေးနွေးဖြစ်နေသည့်ကိစ္စတစ်ရပ်ကို အ
ကြွေးမထားလိုတော့ချေ။

ထိုကိစ္စကိုမေးမြန်းရန် လျှံယင်းချုံအားချုပ်နှောင်ထားသည့်
မြေအောက်ခန်းဆီသို့ ဦးတည်လျှောက်သွားလေတော့၏။

ရွှေလက်မောင်းသိုင်းသမားသည် မြေအောက်ခန်း၏ လှေ
ကားထစ်များပေါ်မှ ဖြည်းညင်းစွာဆင်းသက်လာလေ၏။

ခြေသံလုံလုံနင်း၍ ဆင်းလာခြင်းမှာ လျှံယင်းချုံ ဘာတွေ
လုပ်နေသည်ကို ချောင်းမြောင်းရန်ဖြစ်ပေသည်။

သူ ချောင်းကြည့်လိုက်သည်။

လျှံယင်းချုံသည် ခုတင်ပေါ်၌ နဖူးပေါ်လက်တင်၍ အိပ်
နေ၏။ တစ်စုံတစ်ခုစဉ်းစားနေကြောင်း တွေ့လိုက်ရသည်။

"ဂျွန်း- ဂျွန်း- ဂျွန်း"

သံတံခါးကိုဆွဲခါလိုက်သည့်အသံကြောင့် လျှံယင်းချုံ ငေါက်
ခနဲထထိုင်မိသည်။

"ဘယ်သူလဲ"

လျှံယင်းချိုက အော်ငေါက်မေး၏။

"ကျုပ်- ရွှေလက်မောင်းသိုင်းသမား"

လျှံယင်းချို ထလာသည်။

ရွှေလက်မောင်းသိုင်းသမားနှင့် မျက်နှာချင်းဆိုင် လာရ[illegible]
သည်။ လျှံယင်းချိုသည် သူ့အတွင်းအားကိုထုတ်ကြည့်၏။ ထုတ်[illegible]
မရချေ။

တစ်ကိုယ်လုံး ချည့်နဲ့နေဆဲသာဖြစ်သည်။

ရွှေလက်မောင်းသိုင်းသမားကိုတိုက်ခိုက်ပြီး မြေအောက်ခ[illegible]
ထဲမှထွက်ပြေးရန်စိတ်ကူးရသဖြင့် အတွင်းအားကိုထုတ်ကြည့်ခြ[illegible]
ဖြစ်သည်။

သူ့စိတ်ကူးကို ရွှေလက်မောင်းသိုင်းသမားသိပုံရသည်။

"လျှံယင်းချို- အဲဒီအဆိပ်အကြောင်း မင်းထက် ငါကပိုသ[illegible]
ပါတယ်၊ မင်း သုံးရက်နဲ့နဂိုအခြေအနေကို ပြန်မရောက်နိုင်သေ[illegible]
ပါဘူး"

ရွှေလက်မောင်းသိုင်းသမား ဖြီးဖြန်းခြင်း မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် သူကိုယ်တိုင်သော့ဖွင့်ပြီး အခန်းထ[illegible]
ဝင်လာနေသောကြောင့်တည်း။

သူသာ လျှံယင်းချိုကိုကြောက်လျှင် အပြင်မှသာ စကားပြေ[illegible]
ပေလိမ့်မည်။

ရွှေလက်မောင်းသိုင်းသမားက-

"လာပါ၊ ထိုင်ပါ၊ ငါတို့စကားပြောရအောင်"



လျှံယင်းချိုသည် စိတ်ပျက်စွာပင် သစ်သားခုတင်၌ဝင်ထိုင်
မိလေ၏။

"အခု ကျုပ်ဘယ်ကိုရောက်နေသလဲ"

"မြေအောက်တိုက်ခန်းထဲမှာလေ"

'ဒါတော့သိတာပေါ့ဗျ"

"ဪ- စုကျူးမြို့စားဂေဟာရဲ့ မြေအောက်တိုက်ခန်းထဲ
မှာပါ"

"သူက ကျုပ်ကိုဘာရည်ရွယ်ချက်နဲ့ဖမ်းတာလဲ"

"ငါက မင်းကိုမေးစရာရှိလို့လာတာ၊ မင်းကချည်း ငါ့ကိုပြန်
မေးနေတယ်၊ မင်းပါးစပ်ကိုခဏပိတ်ထားစမ်းပါ၊ ငါမေးတာကို
အရင်ဖြေစမ်းပါ"

"ခင်ဗျား ဘာသိချင်တာလဲ"

ရွှေလက်မောင်းသိုင်းသမားမှာ တုံ့ဆိုင်းသွားလေသည်။

သူမေးမည့်မေးခွန်းမှာ-

သဘောထားသိမ်ဖျင်းသည့်ယောကျ်ားများ မေးတတ်သည့်
မေးခွန်းဖြစ်နေသည်မဟုတ်ပါလား။

"မေးပါ၊ ခင်ဗျားဘာမေးမလဲ"

ရွှေလက်မောင်းသိုင်းသမားမှာ မေးရကောင်းနိုးနိုး၊ မမေးဘဲ
နေရကောင်းနိုးနိုးဖြင့် ဒွိဟဖြစ်နေ၏။

အတန်ကြာစဉ်းစားနေပြီးမှ မေးရန်ဆုံးဖြတ်လိုက်လေ၏။

"မင်း ကျင်းဟန်ရီနဲ့တော်တော်ကလေးတွဲခဲ့တယ်နော်"

"ဟုတ်တယ်- တွဲခဲ့ပါတယ်၊ သူက အကူအညီလဲ အတော်များ

များပေးခဲ့ပါတယ်"

ရွှေလက်မောင်းသိုင်းသမား တုံ့ဆိုင်းသွားပြန်သည်။

အတန်ကြာမှ-

"ကျင်းဟန်ရှိနဲ့မင်း အတော်ပတ်သက်ခဲ့သလား"

စဉ်းစဉ်းစားစားမေးလိုက်သည့် ရွှေလက်မောင်းသိုင်းသမား၏မေးခွန်းကို လျှံယင်းချုံနားမလည်ပေ။

"ခင်ဗျား ဘာမေးတာလဲ"

"ဟို- ဟို မင်းနဲ့ကျင်းဟန်ရှိ တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့မိသေးသလားလို့မေးတာ"

လျှံယင်းချုံသည် မြေအောက်ခန်းထဲရောက်မှန်းသိသည့် တစ်ချိန်လုံး စိတ်ညစ်ညူးနေခဲ့၏။

ယခု ရွှေလက်မောင်းသိုင်းသမားက ထိုမေးခွန်းမေးလိုက်သောအခါ အလိုလိုပြုံးမိသွားလေတော့သည်။

ဤသူသည် ကျင်းဟန်ရှိအား တစ်ဖက်သတ်ချစ်နေသူဖြစ်ရမည်။

သူနှင့် ကျင်းဟန်ရှိအားမယုံသင်္ကာဖြစ်သဖြင့် လာရောက်စုံစမ်းခြင်းသာဖြစ်ရမည်ဟု လျှံယင်းချုံတွေးလိုက်မိလေသည်။

"ကျုပ်နဲ့ ကျင်းဟန်ရှိ မချစ်ပါဘူးဗျာ၊ သိပ်ပြီး ခင်မင်တာတောင် မဟုတ်ပါဘူး၊ အလုပ်သဘောအရ ပူးတွဲဆက်ဆံတာမျိုးပဲ ရှိပါတယ်"

"မင်းတကယ်ပြောတာလား"

"ကျုပ်က ခင်ဗျားကိုဘာကြောင့်ညာရမှာလဲ၊ ကျုပ်မှာချစ်သူ ရှိတယ်၊ အခု ခင်ဗျားတို့ခွဲပြီးချုပ်ထားတဲ့ ဝေဝေဟာ ကျုပ်ရဲ့ချစ်သူပဲ၊ သူ့ကိုလုံခြုံအောင် ကျုပ်မိဘအိမ်ပြန်အပို့မှာ ခင်ဗျားရဲ့ထောင်ချောက်မိသွားတာပဲ၊ ဝေဝေကော ဘယ်မှာလဲ"

ရွှေလက်မောင်းသိုင်းသမားသည် လျှံယင်းချုံကိုအထင်ကြီးပြီးသားဖြစ်၏။

လျှံယင်းချုံ၏သိက္ခာသမာဓိကို ယုံကြည်ပြီးသားဖြစ်သည်။

ဤလူမျိုးသည် မည်သည့်အခါမှလိမ်မည်မဟုတ်ဟု သိထား၏။

သို့သော် အချစ်စိတ်၏ဝန်တိုတတ်သည့်သဘောကြောင့် ဤသို့ ထပ်ခါထပ်ခါမေးမိခြင်းသာ ဖြစ်ပေသည်။

"ဝေဝေရှိပါတယ်၊ အခန်းတစ်ခန်းမှာချုပ်ထားတယ်"

စိတ်သက်သာရာရသွားတော့မှ ရွှေလက်မောင်းသိုင်းသမားက ဖြည်းညင်းစွာဖြေသည်။

"သူ ဘာမှမဖြစ်ဘူးမဟုတ်လား"

လျှံယင်းချုံက ထပ်မေး၏။

ရွှေလက်မောင်းသိုင်းသမားက ခေါင်းညိတ်၏။

"ဘာမှမဖြစ်ဘူး၊ အခြေအနေကောင်းပါတယ်"

တကယ်တော့ ရွှေလက်မောင်းသိုင်းသမား ဘာမျှမသိချေ။ ရမ်းသမ်းပြီးဖြန်းလိုက်ခြင်းသာ ဖြစ်ပေသည်။

လျှံယင်းချုံသည် စုကျူးမြို့ကြီးဟူသည့်အသံကိုကြားလိုက်သည်နှင့် မန်ချူးများ၏မျက်နှာကိုမြေးမြင်လေတော့၏။

"ခင်ဗျား ဘာလူမျိုးလဲ"

ရွှေလက်မောင်းသိုင်းသမားမှာ မျက်နှာရဲခနဲဖြစ်သွားသည် ရက်သောမျက်နှာဖြင့်ခေါင်းညိတ်သည်။

"ငါ- တရုတ်ပါ၊ ဟန်တရုတ်ပါ"

"ကျွန်တော်ဘာလူမျိုးလဲ၊ ကြည့်စမ်းပါ"

ရွှေလက်မောင်းသိုင်းသမားက လျှံယင်းချုံကိုသေချာစွာအ ကဲခတ်ပြီး ပြော၏။

"ဟန်တရုတ်ပဲ၊ ဘာဖြစ်လို့လဲ"

"ကျွန်တော်အခု ဘာဖြစ်လို့အဖမ်းခံရသလဲသိလား"

ရွှေလက်မောင်းသိုင်းသမား သိပါသည်။

ထို့ကြောင့် မျက်နှာတစ်ပြင်လုံး ရက်သွေးတက်သွားပြ သည်။ သူဘာမျှ မပြောနိုင်ချေ။

လျှံယင်းချုံကဆက်ပြော၏။

"ကျွန်တော် ဟန်တရုတ်ပါ၊ မြောက်ပိုင်းတစ်ခြမ်းလုံး မန်ချူ တွေလက်အောက်ရောက်နေပြီ၊ မကြာခင် တောင်ပိုင်းလဲ မန်ချူ လက်အောက်ရောက်တော့မယ်၊ ဒီလိုအဖြစ်မျိုးကို ကျွန်တော် အ ရောက်မခံနိုင်ဘူး၊ ကျွန်တော့်အဖေ၊ ကျွန်တော့်အမေနဲ့ ကျွန်တော့် ညီမလေးသေသွားကြပြီ၊ သူတို့အားလုံး တရုတ်ဘုရင်တစ်ပါး တရုတ် ပြည်မှာ ပြန်စိုးစံနိုင်ဖို့ကိစ္စမှာအသေခံသွားတာပါ၊ ကျွန်တော်လဲ အသေခံရဲပါတယ်၊ ခင်ဗျားဟာ ဟန်တရုတ်တစ်ယောက်၊ ဟန် တရုတ်ဖြစ်လျက်နဲ့ မန်ချူးတွေဆီမှာ သစ္စာခံတာ သိပ်အံ့ဩစရာ ကောင်းတယ်"

ရွှေလက်မောင်းသိုင်းသမား ခေါင်းမမော့နိုင်ရှာတော့ပါ။



ခေါင်းငိုက်စိုက်ချနေရပါသည်။

"ကျွန်တော်တို့ဟန်တရုတ်တွေ မန်ချူးရဲ့ကျွန် အဖြစ်ခံတော့ မလား၊ ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်မှာ ကိုယ့်ဘုရင်နဲ့အုပ်ချုပ်တာ တစ်ပါးသူရဲ့ကျွန်ခံတာထက် မကောင်းဘူးလား"

ရွှေလက်မောင်းသိုင်းသမားက တုန်ယင်စွာပြောသည်။

"ငါ- ငါ- ကျင်းဟန်ရှီကိုချစ်လွန်းလို့ပါကွာ"

"ဗျာ"

လျှံယင်းချုံမှာ အထိတ်တလန့်အံ့ဩသွားလေသည်။

သူသည် စုကျူးမြို့စားနှင့်ကျင်းဟန်ရှီတို့ မောင်နှမတော်စပ် ကြသည်ကိုမသိပေ။

"ခင်ဗျားက ကျင်းဟန်ရှီကိုချစ်တာနဲ့ပဲ မန်ချူးသစ္စာခံရသ လားဗျာ၊ ဘာမှမဆိုင်တဲ့ကိစ္စဘဲ"

ရွှေလက်မောင်းသိုင်းသမား မချိုပြုံးပြုံးလိုက်၏။

"ဆိုင်တာပေါ့၊ ကျင်းဟန်ရှီကို မင်းက ဘယ်သူများမှတ်နေ လို့လဲ"

"ဘယ်သူမို့လို့လဲ"

"စုကျူးမြို့စားကြီးရဲ့နှမကွ"

"ဗျာ"

"မင်းအံ့ဩသွားပြီမဟုတ်လား"

လျှံယင်းချုံ စကားမပြောနိုင်တော့ပေ။

"ကျင်းဟန်ရှီဟာ စုကျူးမြို့စားရဲ့နှမအရင်းကွ၊ သူ ခွန်းလွန် ဂိုဏ်းမှာရှိနေတော့ သူ့ကိုမြို့စားနဲ့ဘယ်လိုမှဆက်စပ်ပြီး မစဉ်းစား

ကြဘူး၊ ငါလဲသူနဲ့နီးစပ်ချင်တော့ စုကျူးမြို့စားဆီမှာဝင်ပြီး အမှုထမ်းမိတာပဲ"

"ဖြစ်ရလေဗျာ"

လျှံယင်းချုံက သက်ပြင်းချပြီးပြောမိလေ၏။

နှစ်ဦးစလုံး အတန်ကြာနှုတ်ဆိတ်နေမိကြသည်။

လျှံယင်းချုံသည် မိန်းကလေးတစ်ယောက်အတွက် သူ့ကျွန်ခံခဲ့လေသောရွှေလက်မောင်းသိုင်းသမားကို ငေးကြည့်မိသည်။

"ခင်ဗျား သေသေချာချာမစဉ်းစားခဲ့မိဘူးနော်"

"ဘာလဲ၊ ဘာကိုပြောတာလဲ"

"ဩော်- မိန်းမတစ်ယောက်အတွက် ကိုယ့်တိုင်းပြည် ချစ်စိတ်ကို စွန့်လွှတ်သင့်သလား၊ ကိုယ့်လူမျိုးချစ်စိတ်ကိုစွန့်လွှတ်ပစ်သင့်သလားဆိုတာပါ"

ရွှေလက်မောင်းသိုင်းသမား ငြိမ်နေ၏။

"ခင်ဗျားမှာမိခင်ရှိမယ်၊ ညီသို့မဟုတ်ညီမရှိမယ်၊ ကျွန်တော်တို့တစ်ပြည်လုံးကို မန်ချူးတွေအုပ်စိုးသွားပြီဆိုပါတော့၊ မန်ချူးတွေဟာ ခင်ဗျားညီကို သူတို့မန်ချူးတွေနဲ့ တန်းတူမဆက်ဆံပါဘူး၊ ခင်ဗျားညီကိုနှိပ်စက်မယ်၊ သတ်ပစ်မယ်၊ ခင်ဗျားညီမကိုတော့ ခြေတော်တင်မယ်၊ သတ်မယ်၊ ဒီအဖြစ်မျိုးကို ဟန်တရုတ်တိုင်းကြုံနိုင်ပါတယ်"

လျှံယင်းချုံက ဆက်ပြောသည်။

"မိန်းမတစ်ယောက်ကိုမချစ်ရဘူးလို့ မဆိုလိုပါဘူးဗျာ၊ ချစ်ပါ၊ ဒါပေမယ့် တိုင်းပြည်နဲ့လူမျိုးကိုပစ်ပယ်ပြီး ချစ်တာကတော့ တစ်



ဘက်စွန်းရောက်လွန်းအားကြီးပါတယ်၊ တကယ်တမ်းပြောရင် ဟန်တရုတ်တိုင်းဟာ ကိုယ့်တိုင်းပြည်ကိုပဲ ဦးထိပ်ထားသင့်တယ်၊ ကိုယ့်လူမျိုးကို ဦးထိပ်ထားသင့်တယ်"

"ခင်ဗျားပဲစဉ်းစားကြည့်၊ ဟန်တရုတ် ဖြစ်လျက်သားနဲ့ ကိုယ့်ဟန်တရုတ်ကိုမချစ်တတ်တဲ့လူဟာ ဘယ်ဟန်တရုတ် ဖြစ်သင့်တော့မလဲ၊ ဒီဟန်တရုတ်ဟာ မျိုးမစစ်တဲ့ဟန်တရုတ်ဖြစ်သွားပြီပေါ့"

"အဲဒီလိုသစ္စာဖောက်တဲ့ဟန်တရုတ်တွေထဲမှာတောင် အမျိုးမျိုးရှိသေးတယ်၊ တချို့က ကိုယ်ဒုက္ခမရောက်အောင် ကိုယ့်အကျိုးမထိခိုက်အောင်မန်ချူးတွေဆီမှာသစ္စာခံတယ်၊ တချို့ကတော့ ကိုယ့်အကျိုးတိုးတက်အောင် ကိုယ့်လူမျိုးတွေရဲ့လည်ပင်းကို နင်းတယ်၊ ကိုယ့်လူမျိုးတွေကိုသတ်တယ်၊ မျက်နှာလိုအားရ ဖမ်းပြီးနှိပ်စက်တယ်၊ ကျွန်တော်ပြောတဲ့အတန်းစားထဲမှာ နောက်ဆုံး အတန်းအစားဟာ အယုတ်ညံ့ဆုံးပဲ၊ အဲဒီအတန်းစားထဲမှာ ခင်ဗျားနဲ့ စုကျူးမြို့စားပါတယ်"

လျှံယင်းချုံ၏စကားသည် တဖြည်းဖြည်း ကျယ်လောင်လာ၏။ ဝေမန်ရွှတ်ချမှုကလည်း တစ်ဆင့်ချင်းတက်၍ပြင်းထန်လာ၏။

ရွှေလက်မောင်းသိုင်းသမားမှာ အမှန်ချည်းသာ အပြောခံလိုက်ရသဖြင့် မျက်နှာတစ်ပြင်လုံး တဖြည်းဖြည်း ညှိုမည်းလာတော့၏။

"တော်တော့ကွာ"

သူက ဒါပဲပြော၏။

လျှံယင်းချုံ ဒေါပွသွား၏။

"ဘာတော်ရမှာလဲ၊ ခင်ဗျားမရက်ဘူးလား သစ္စာဖောက်"

လျှံယင်းချုံ၏အသံသည် မြေအောက်ခန်းထဲ၌ ဟိန်း၍ထွက်လာ၏။

"**မင်း**ပါးစပ်ပိတ်ထား၊ ကိုယ့်ကိစ္စကိုယ်သိတယ်"

"**ဘာသိ**တာလဲ၊ မိန်းမတစ်ယောက်နောက် ကောက်ကောက်ပါ**အောင်လိုက်**ဖို့ပဲ သိတာမဟုတ်လား၊ ခင်ဗျားအတွက် ကျုပ်ရင်နာတယ်"

ရွှေလက်မောင်းသိုင်းသမားသည် ဝုန်းခနဲထလိုက်၏။ လျှံယင်းချုံ၏ဦးခေါင်းကိုရိုက်ချရန် ရွယ်လိုက်၏။

"သတ်လိုက်စမ်းပါ၊ ကျုပ်အပြန်တစ်ရာသေဝံ့တယ်ဗျ"

ရွှေလက်မောင်းသိုင်းသမား၏လက်သည် လျှံယင်းချုံ၏ ဦးခေါင်းပေါ်သို့ကျမလာပါ။

သူသည် သူ့လက်ကိုပြန်ချပြီး ချာခနဲလှည့်ထွက်သွား၏။

"ဂျိုင်း"

သံတံခါးပြန်ပိတ်သံသည် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

လျှံယင်းချုံသည် လက်သီးဆုပ်အံ့ကြိတ်လျက် ကျန်ရစ်ရှာလေ၏။

ဩော်- မျိုးချစ်သိုင်းသမားလွတ်မြောက်ရေးကား ကမ်းမမြင် လမ်းမမြင်ဖြစ်လျက်ရှိနေရှာလေတကား။

❦❦

အပြန်အလှန်ကျေးဇူး

"ပေးစမ်းပေ့ အရက်တစ်အိုး"

ရွှေလက်မောင်းသိုင်းသမားသည် ငါးထောင့်ကြယ် အမည်ရှိသောအရက်ဆိုင်၌ဝင်ထိုင်ကာ အရက်တစ်အိုးမှာလိုက်၏။

သူလွန်စွာစိတ်ညစ်ညူးနေသည်။ သူ မန်ချူးကိုသစ္စာခံသည့်ကိစ္စကို ယခင်က တစ်ကြိမ်မျှလေးနက်စွာမစဉ်းစားခဲ့ချေ။

လျှံယင်းချုံနှင့်တွေ့သောအခါမှ ဤကိစ္စသည် သူပေါ့ပေါ့ဆဆတွေးထားသည်နှင့် ခြားနားလှကြောင်းသိရတော့သည်။

သူသည် ဦးနှောက်ကိုဦးစားမပေးခဲ့ချေ။ နှလုံးသားကိုသာဦးစားပေးသည်။

သူ့အသက်အရွယ်သည် မငယ်လှပေ။ သို့သော် သူသည် ဖြိုးကောင်ပေါက် လူငယ်ကလေးများကဲ့သို့ အချစ်ကိုသာ ဦးစားပေးခဲ့သည်။

အချစ်တစ်ခုတည်းကို ကိုးကွယ်ပြီး တိုင်းပြည်နှင့်လူမျိုးကို

မေ့ပျောက်ထားသင့်ပါသလော။

တကယ်တမ်းအားဖြင့် ရွှေလက်မောင်းသိုင်းသမားမှာ **အသ**
ဥာဏ်ရင့်ကျက်သူ မဟုတ်ချေ။

လျှံယင်းချုံနှင့်ဆီရေကဲ့သို့ ကွာခြားသူဖြစ်သည်။

ထို့ကြောင့်လည်း မိန်းမတစ်ယောက်အတွက် ကိုယ့်ကိုယ်ကို
လက်နှီးစုတ်ဘဝရောက်အောင် လုပ်ခဲ့ခြင်းဖြစ်ပေ**သည်။**

လျှံယင်းချုံနှင့်မြေအောက်ခန်း၌တွေ့သော**အခါ လျှံယင်းချုံ**
က **ရက်ရက်**စက်စက်ပစ်ပစ်ခါခါပြောလိုက်သဖြင့် **ရွှေလက်**မောင်း
**သိုင်းသမား**မှာ သူအသုံးမကျပုံကို ကွက်ကွက်ကွင်း**ကွင်း သိမြင်**လာ
တော့သည်။

သို့သော်လည်း သူ့ချစ်စိတ်ကိုဖယ်ဖျောက်ခြင်း မပြုနိုင်သည်
ကခက်သည်။

လျှံယင်းချုံ၏ ရွတ်ချပြစ်တင်သောစကားနှင့် သူ**ချစ်မိ**သူ
ကျင်းဟန်ရှီတို့၏မျက်နှာသည် တစ်ဘက်တစ်ချက်ဆီမှ **လွန်ဆွဲ**နေ
ကြလေ၏။

နောက်ဆုံး တိကျသောဆုံးဖြတ်ချက်မရသည့်အခါ ပြုလုပ်
တတ်သည့် ပျော့ညံ့သူတို့၏သဘာဝအတိုင်း အရက်သောက်ရန်သာ
ဆုံးဖြတ်မိလေတော့သည်။

သူ အရက်မှာ၍မကြာမီ စားပွဲထိုးလူငယ်က အရက်အိုး
တစ်အိုးလာချပေး၏။

ရွှေလက်မောင်းသိုင်းသမားသည် ကြွက်တွင်းထဲ ရေလောင်း
ချသကဲ့သို့ သောက်ပစ်ရာ ထိုအရက်အိုးသည် တစ်ခဏအတွင်း



ကုန်သွားလေ၏။

သူ **ဆက်ကာဆက်ကာ**သောက်သည်။ အရက်မူးလွန်သဖြင့်
ခေါင်းမထူနိုင်အောင်ဖြစ်လာသည်။

သို့သော် သူသည် ပါးနှင့်စားပွဲကပ်လျက်အရက်ကိုသောက်
နေသေး၏။

သူသည် အရက်အိုးကို အလဲလဲအပြိုပြိုဖြင့် စောင်းငှဲ့ကာ
ခွက်ထဲသို့ထည့်၏။

အရက်မရှိတော့ပါ၊ တစ်စက်**ကလေး**မျှမရှိတော့ပါ။ သူသည်
လျှာလေးအာလေးကြီးဖြင့် **မှာလိုက်**သည်။

"အရက်တစ်က**ရားပေးစမ်း**"

သူ့အသံကြောင့် **စားပွဲထိုး**လူငယ်သည် အပြေးအလွှားပင်
ရောက်ရှိလာ၏။

စားပွဲထိုးလူငယ်**က စိတ်ပျက်**စွာခေါင်းယမ်းသည်။

"**ဆရာ- ဆရာသောက်**တာ အရက်ငါးကရားရှိသွားပြီ၊ ဘယ်
သူမှ သုံးကရားထက်ပိုမသောက်နိုင်ပါဘူး၊ ဆရာမူးနေပြီ"

စားပွဲထိုးလူငယ်က စေတနာဖြင့်သတိပေးသည်။

"ဟေ့ကောင်- စကားမရှည်နဲ့၊ ငါမှာတဲ့အရက်ကိုပေးမလား
မပေးဘူးလား"

"ဘယ်လိုလုပ်ပေးမလဲဆရာ၊ ဆရာ့ခေါင်းပဲ ထောင်ကြည့်ပါ
ဦး"

"ငါ့ကို ဘယ်သူက ခေါင်းမထောင်နိုင်ဘူးလို့ ပြောရဲသလဲ၊
ကြည့်- ငါခေါင်းထောင်ပြမယ်"

ရွှေလက်မောင်းသိုင်းသမား ခေါင်းထောင်ကြည့်သည်။

ခေါင်းထောင်၍မရချေ။

"ဆရာမရတော့ပါဘူး၊ တော်ပါတော့၊ ဆရာလဲ လူထဲကလူပါပဲ၊ သည်ထက်ပိုမသောက်နိုင်တော့ပါဘူး"

"ဟော့- မင်းက ငါ့ကိုသာမန်လူလို့ပြောသလား"

စားပွဲထိုးလူငယ်က ပြုံးလိုက်၏။

အရက်မူးသူတို့သည် သူရူးကဲ့သို့ဖြစ်တတ်သည်ကို သူတွေ့ကြုံခဲ့ပေါင်း များခဲ့လေပြီ။

"ဆရာက သာမန်လူမဟုတ်လို့ နတ်သိကြားဖြစ်နေသလား"

"ဟေ- ငါက မန်ချူးတွေ ဘယ်လိုမှမဖမ်းနိုင်တဲ့လျှံယင်းချံဆိုတဲ့ကောင်ကို ဖမ်းခဲ့တဲ့ကောင်ကွ၊ ငါက သာမန်လူထက် ထူးချွန်တယ်၊ မင်းဘာနားလည်လို့လဲ"

စားပွဲထိုးလူငယ် ဘာမျှနားမလည်ပါ။

ရွှေလက်မောင်းသိုင်းသမား၏ စကားကို စိတ်ဝင်စားသည့်လူတစ်ယောက်ကတော့ သူတို့နှင့် မနီးမဝေးစားပွဲတွင်ရှိနေသည့်လူငယ်သာဖြစ်သည်။

ပျောင်းနွဲ့သောကိုယ်ဟန်ရှိသဖြင့် လူငယ်လေးတစ်ယောက်ဟုထင်မှတ်ရပေသည်။

ထိုသူက အရက်ကိုတရကြမ်းသောက်ခြင်းမပြုချေ။

ဣန္ဒြေရရဖြင့် တစ်ငုံနှစ်ငုံသာငုံ၍သောက်နေသည်။

ထိုစဉ် ဆိုင်ရှင်ရောက်ရှိလာ၏။

"ဟာ- ဒါ စုကျူးမြို့စားကြီးဂေဟာက ရွှေလက်မောင်းသိုင်းသမားပဲ၊ ငါတို့ သူ့ကို ဒီအတိုင်းပစ်ထားလို့မဖြစ်ဘူး"

ဆိုင်ရှင်သည် စားပွဲထိုးလူငယ်အားအမိန့်ပေးလေ၏။

"သွားစမ်း၊ မြင်းလှည်းသွားပြင်၊ သူ့ကို မင်းပဲလိုက်ပို့လိုက်"

စားပွဲထိုးလူငယ် ပြေးထွက်သွား၏။

မကြာမီ ပြန်ဝင်လာသည်။

ဆိုင်ရှင်နှင့်အတူ ရွှေလက်မောင်းသိုင်းသမားကိုတွဲခေါ်ကြ၏။ ရွှေလက်မောင်းသိုင်းသမားကား မလှုပ်နိုင်တော့ပေ။

ထိုအချိန်မှာပင် ရွှေလက်မောင်းသိုင်းသမား၏ စကားကိုနား စွင့်နေသည့်လူငယ်လည်း ကျသင့်ငွေကိုစားပွဲပေါ်ပစ်တင်ကာ ထွက်ခွာသွားလေတော့၏။

❖❖

ည-

မှောင်မိုက်သောည-

ညနက်သန်းခေါင်ယံတော့မဟုတ်ပေ။

ညဦးပိုင်းသာဖြစ်သည်။

ထိုအချိန်၌ လူတစ်ယောက်သည် မှောင်ရိပ်ခိုကာ စုကျူးမြို့စားဂေဟာအနီးသို့ချဉ်းကပ်လာလေ၏။

ကင်းသမားများ အလှည့်ကျကင်းစောင့်နေကြသော်လည်း စုကျူးမြို့ကို မန်ချူးတို့ စနစ်တကျသိမ်းပိုက်ပြီးဖြစ်၍ မြို့စားကို အရေးပေါ် အနေအထားမျိုး ကင်းစောင့်ရန်မလိုသဖြင့် အားလုံး

ပေါ့ပေါ့ဆဆရှိနေကြသည်။

ထိုအချက်ကို အခွင့်ကောင်းယူကာ မှောင်ရိပ်ခိုသူသည် မြို့ထဲသို့လှစ်ခနဲခုန်ဝင်သွားနိုင်ခဲ့လေ၏။

မြို့စားဂေဟာရှေ့၌ အစောင့်တစ်ယောက်သာရှိသည်။ ထိုအစောင့်သည်လည်း အရက်မူးနေပုံရသည်။

မှောင်ရိပ်ခိုသူသည် ထိုလူထံသို့လှစ်ခနဲခုန်ဝင်သွားပြီး သွေးကြောလှမ်းပိတ်လိုက်သည်။ အစောင့်မှာ ထိုနေရာ၌ပင်ပျော့ခွေကျသွား၏။

မှောင်ရိပ်ခိုလူက **အေးဆေးစွာပြောသည်။**

"မင်းအသက် ငါ့လက်ထဲမှာရှိတယ်၊ ငါမေးတာကို မှန်မှန်ဖြေပါ၊ မဖြေရင်သေသွားမယ်"

အစောင့်အံ့သြသွား၏။

အသံမှာ မိန်းမသံဖြစ်နေသောကြောင့်တည်း။

မည်သို့ပင်ဖြစ်စေ သူသောက်ထားသည့် အရက်ရှိန်ကလေးကတော့ ပြေသွားသည်မှာအမှန်ပင်။

"လျှိုယင်းချုံကို ဘယ်မှာချုပ်ထားသလဲ"

"ကျွန်- ကျွန်တော်မသိပါဘူး"

"**မင်းသေချင်ပြီလား**"

"**ကျွန်**တော်မသိလို့ပါ၊ တကယ်မသိတာပါ"

မှောင်ရိပ်ခိုလူက ထိုလူ၏အကြောကိုကိုင်၍ ဖျစ်ညှစ်လိုက်သည်။ အသံမထွက်စေသောအကြောကို ရှေးဦးစွာပိတ်ပြီးမှ ဖျစ်ညှစ်ခြင်းဖြစ်သည်။



အစောင့်၏မျက်လုံး၌ ဝေဒနာပြင်းစွာခံစားရသည့် အရိပ်အရောင်များပေါ်လာမှ အကြောကိုင်ခြင်းကိုလွှတ်လိုက်သည်။

စကားပြောနိုင်သည့်အကြောကိုလည်း ဖွင့်ပေးလိုက်၏။

"တွေ့လား- မင်းညာပြောရင် အဲဒီလိုမချိမဆံ့ခံစားရမယ်၊ အဲဒီဝေဒနာ အဆက်မပြတ်ခံစားရပြီးသေမယ်၊ မှန်မှန်ပြောစမ်း လျှိုယင်းချုံဘယ်မှာလဲ"

မှောင်ရိပ်ခိုလူ၏အသံက ပို၍အေးစက်လာ၏။

ခြိမ်းခြောက်ရုံ ခြိမ်းခြောက်နေသည်မဟုတ်။

တကယ်လုပ်မည့်လေသံဖြစ်ပေ၏။

"ကျွန်တော်- ကျွန်တော်"

"ပြောစမ်း မြန်မြန်"

"**ပထမတော့** မြေအောက်ခန်းမှာချုပ်ထားတာပါ၊ ဒီနေ့ ညနေပိုင်းကတင် နေရာပြောင်းပစ်လိုက်ပါတယ်၊ သူ့ကို တာဝန်ယူစောင့်နေတဲ့ ရွှေလက်မောင်းသိုင်းသမား အမူးလွန်နေလို့ပါ"

"ဘယ်ကိုပြောင်းပစ်လိုက်တာလဲ၊ ပိုလုံခြုံတဲ့နေရာကိုလား"

"ပိုလုံခြုံတယ်လို့ပြောရမှာပါပဲ၊ အကျဉ်းထောင်ထဲကိုပါ၊ အဲဒီအခန်းက သီးခြားအခန်းပါ"

မှောင်ရိပ်ခိုလူသည် ခေတ္တမျှငြိမ်သွား၏။

အတန်ကြာမှ စဉ်းစဉ်းစားစားလေသံဖြင့်မေး၏။

"အကျဉ်းထောင်ထဲမှာဆိုတော့သော့လိုမယ်၊ သော့- သော့ကဘယ်သူ့ဆီမှာလဲ"

"မြေအောက်ခန်းထဲမှာထားတုန်းကတော့ သော့ကို ရွှေလက်

မောင်းသိုင်းသမားကိုင်ပါတယ်၊ အကျဉ်းထောင်အခန်းထဲက သေ
ကိုတော့ ဘယ်သူကိုင်မှန်းမသိပါဘူး"

မှောင်ရိပ်ခိုလူက ထပ်မံခြိမ်းခြောက်လိုက်၏။

"မင်း မသိပါဘူးဆိုတာ ငါမယုံဘူး၊ မြန်မြန်ပြောရင် ပြေ
မပြောရင် စောစောကလိုနှိပ်စက်ပစ်လိုက်မယ်"

"အာ- မလုပ်ပါနဲ့၊ မလုပ်ပါနဲ့၊ ကျွန်တော် တကယ်မသိလို့
မသိဘူးပြောတာပါ"

"ကောင်းပြီ- မင်း သေပေတော့"

မှောင်ရိပ်ခိုလူက အစောင့်၏အကြောပေါ် လက်တင်လိုက်
၏၊ ထိုအခါ အစောင့်က သွေးပျက်မတတ် တောင်းပန်လေတော့
၏။

"မ- မလုပ်ပါနဲ့၊ မလုပ်ပါနဲ့"

"မလုပ်စေချင်ရင်ပြော"

"ကျွန်တော် သေသေချာချာတော့မသိပါဘူး၊ ဒီလို အစေ
ကြီးတဲ့သော့မျိုးကို စုကျူးမြို့စားကြီးနဲ့ အကြံပေးအရာရှိ ဟုန်တို့
ဆီမှာရှိတတ်ပါတယ်"

မှောင်ရိပ်ခိုလူသည် ထိုစကားကိုယုံသည်။

အကြံပေးအရာရှိဟုန်ထံ၌ သော့ရှိနိုင်သည်ဟုသိရသဖြင့်
သူဝမ်းသာမိသည်။

စုကျူးမြို့စားကြီးထံမှသော့ကို ရနိုင်ရန်မှာမလွယ်ကူပေ၊

"ကောင်းပြီ၊ အကြံပေးအရာရှိဟုန်က ဘယ်မှာနေသလဲ"

"မြို့စားကြီးဂေဟာရဲ့ မြောက်ဘက်နှစ်လမ်းကျော်မှာရှိပ



တယ်၊ သူ့အိမ်က တခြားအိမ်တွေထက်မြင့်တော့ ရှာရမခက်ပါဘူး၊ ဒီအချိန်မျိုးဆိုရင် သူအိမ်မှာပဲရှိတတ်ပါတယ်၊ ခုဆိုရင် သူအတော် ရေချိန်ကိုက်နေမှာပါပဲ"

အစောင့်သည် နောက်တစ်ကြိမ်ဝေဒနာမခံစားလိုသဖြင့် သူသိသမျှကို အိတ်သွန်ဖာမှောက်ပြောပြလေတော့သည်။

"ကောင်းပြီ"

မှောင်ရိပ်ခိုလူသည် အစောင့်ထံမှ နောက်ထပ်သတင်း ညှစ်ယူရန်မလိုတော့ပြီဟုယူဆလျက် အကြောထိုးပိတ်လိုက်တော့သည်။

ဤအစောင့်ကို သာမန်သိုင်းသမား အကြောဖွင့်ပေး၍ မရနိုင်ပေ။ ထို့ကြောင့် သူလာစုံစမ်းသည့်သတင်းသည် နံနက်ပိုင်းအထိ လုံခြုံနေလိမ့်မည်ဟုယုံကြည်ပေသည်။

ထို့နောက် မှောင်ရိပ်ခိုလူသည် လှစ်ခနဲ ခုန်ထွက်သွားလေ၏။ သူ့ဒုတိယခရီးစဉ်ကား အကြံပေးအရာရှိဟုန်ထံသို့တည်း။

မှောင်ရိပ်ခိုလူသည် မကြာမီပင် ဟုန်၏အိမ်ကိုရှာဖွေတွေ့ရှိလေ၏။

ဟုန်၏အိမ်၌ကား အစောင့်အရှောက်မရှိပါ။ လွယ်ကူစွာ ပင်ဝင်နိုင်ပါသည်။ အိမ်၌ခိုင်းစေသည့် လူငယ်သုံးယောက်သာရှိသဖြင့် မှောင်ရိပ်ခိုလူအဖို့ မြို့စားကြီး၏ဂေဟာလောက် ကြောက်စရာမရှိတော့ပေ။

မှောင်ရိပ်ခိုလူသည် ဧည့်ခန်းထဲသို့ လျှပ်တစ်ပြက်ခုန်ဝင်လာ၏။ အခိုင်းအစေလူငယ်နှစ်ဦးမှာ ပထမ၌ ကြက်သေသေသွားကြပြီး အလန့်တကြားကြည့်နေမိသည်။

တစ်ခဏကြာမှ ပြန်လည်အသက်ဝင်လာ၏။

"ရန်သူ- ရန်သူ"

သူတို့နှစ်ဦးစလုံးမှာ သိုင်းပညာ မတောက်တခေါက် တတ်မြောက်ကြသဖြင့် ဧည့်ခန်းထဲသို့ဝင်လာသောလူစိမ်းအား ဝင်ရောက်တိုက်ခိုက်ကြ၏။

**သို့သော်** တိုက်ပွဲက ကြာမြင့်လှသည်မဟုတ်ပါ။ သိုင်းကွက်**သုံးလေးကွက်အတွင်း**မှာပင် ထိုလူငယ်နှစ်ယောက်စလုံး တဝုန်းဝုန်းလဲကျ**သွားလေတော့**၏။

**အကြဲပေး**အရာရှိဟုန်ကား ကုလားထိုင်ပေါ်မှအေးဆေးစွာ **ကြည့်နေသည်။** သူ့လူနှစ်ယောက်စလုံးလဲကျသွားပြီးသည့်နောက် **သူအကူအညီမဲ့သွားပြီ**ကို သူ့ဘာသာသိရှိပါသည်။

အကြဲပေးအရာရှိဟုန်သည် သိုင်းပညာ လုံးဝတတ်သူမဟုတ်ပါလေ။

"မင်း ဘာလိုချင်လို့လဲ"

ဟုန်သည် လာမည့်ဘေးကိုအေးအေးဆေးဆေးပင် ပြေးတွေ့လေသည်။

"လျှံယင်းချုံရဲ့အချုပ်ခန်းသော့ပေးစမ်း"

"ဩော်- မင်းကမိန်းကလေးပါလား"

"မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးပဲဖြစ်ဖြစ် **အကြောင်း**မဟုတ်ဘူး၊ လျှံယင်းချုံရဲ့အချုပ်ခန်းသော့ လိုချင်တယ်"

"မင်းက လျှံယင်းချုံရဲ့ချစ်သူလား"

"စကားကြောမရှည်နဲ့၊ သေချင်ပြီနဲ့တူတယ်"



အကြဲပေးအရာရှိဟုန်**သည် ထောင်ထဲကိုနှာ**ထောင်ပြီး သူလုပ်ရမည့်အလုပ်ကို ပိုင်းဖြတ်**သည်။ သူ့ရှေ့မှ**ရန်သူ စိတ်မရှည်နိုင်တော့ပြီကိုသိသည်**နှင့် သော့ကိုပစ်ပေးလိုက်**၏။

"**အဲဒီသော့**ပဲ၊ မင်း ဒီသော့နဲ့ လျှံယင်းချုံကိုကယ်ကောင်းကယ်နိုင်**လိမ့်မယ်၊** ဒါပေမယ့် မနက်ဖြန်မနက်မှာတော့ မင်းတို့နှစ်ယောက်**စလုံးကို** ပြန်မိမှာသေချာတယ်"

"**ဟင်း- ဟင်း-** ဟင်း- ဒါကရှင့်အထင်ပါ"

"ငါ့**အထင်ဟုတ်လား၊** ဟား- ဟား- ဟား- ဒီ**မြို့ဟာ မန်ချူ** လက်အောက်**ကို လုံးလုံး**လျားလျား ကျရောက်နေ**တဲ့မြို့ကွ၊** မင်းဘယ်လောက်ပြေး**နိုင်**မှာလဲ"

ထိုစဉ် အခန်းထဲမှ အဝတ်အစားဖရိုဖရဲဖြင့် မိန်းကလေးတစ်ယောက်ထွက်လာ၏။

"ရှင် ဘယ်သူနဲ့စကားပြောနေတာလဲဟင်"

ကျူးကျော်ဝင်ရောက်လာသည့် မိန်းကလေးသည် လျှင်မြန်ဖျတ်လတ်လှ၏။ ထိုဖရိုဖရဲမိန်းကလေးထံသို့ ခုန်ဝင်သွားပြီး အကြောကိုထိုးပိတ်ပစ်လိုက်သည်။

ထိုမိန်းကလေး ဝုန်းခနဲလဲကျသွား၏။ ဟုန်က သူ့အား ပျော်တော်ဆက်ရန်ခေါ်ထားသည့် ပျော်တော်ဆက် မိန်းကလေးပင်တည်း။

"ကဲ- ထစမ်း"

**ကျူးကျော်**သူ မိန်းကလေးကအေးစက်စက်ဖြင့် အမိန့်ပေး၏။

ဟုန် ထိတ်လန့်သွားတော့သည်။

"မင်း- မင်း- သေ့ရပြီပဲ၊ ငါကဘာဖြစ်လို့ထရမှာလဲ"

"ရှင်သေ့က အတုလား၊ အစစ်လားဆိုတာလဲ မသေချာဘူး နောက်ပြီး ကျွန်မတစ်ယောက်တည်း အကျဉ်းထောင်ထဲဝင်ဖို့ ဆို တာကလဲ မလွယ်ဘူး၊ အခန်းအဆင့်ဆင့် အစောင့်အဆင့်ဆင့်ကို ဖြတ်ကျော်ရမယ်၊ ဒီတော့ ကျွန်မက ရှင့်ကိုအကျဉ်းထောင်ထဲ ခေါ် သွားမယ်"

ဟုန်သည် ချက်ချင်းကြွေဆယ်လိုက်သည်။

"အဲဒါ မင်းသေတွင်းမင်းတူးတာပေါ့၊ အကျဉ်းထောင်ထဲကို ငါနဲ့အတူသွားရင် မင်းကို အသာလေးဝိုင်းဖမ်းလိုက်မှာပေါ့"

ထိုအခါ မိန်းကလေးက အေးစက်စက်ရယ်လေတော့၏။

"ကျွန်မကို ရုတ်တရက် မိန်းကလေးမှန်း ဘယ်သူမှ မသိပါ ဘူး၊ အသံကြောင့်သာ မိန်းကလေးဖြစ်တာကို ရှင်းခန့်မှန်းနိုင်ခဲ့တာ ပေါ့၊ လျှံယင်းချုံရဲ့ သတင်းရဖို့ ကျွန်မ ယောကျ်ားကလေးလို ရုပ်ဖျက် ခဲ့တာအတော်ကြာခဲ့ပါပြီ၊ ဘယ်သူမှမရိပ်မိပါဘူး"

"ငါက အကျဉ်းထောင်ထဲ ဘာလိုက်လုပ်ရမှာလဲ"

"ကျွန်မက ရှင့်လက်မောင်းကိုကိုင်ပြီး လိုက်မှာပါ၊ ကျွန်မ တီးတိုးပြောသလို ရှင်လိုက်လုပ်ရုံပဲ၊ မလုပ်ရင် ရှင့်ကို မျက်စိကန်း သွားအောင် ကျွန်မလုပ်ပစ်ခဲ့မယ်၊ ရှင့်အသက်ကိုတော့ မသတ်ပါ ဘူး၊ စိတ်ချပါ၊ မျက်စိကိုပဲလုပ်မယ်"

ဟုန် ကြက်သီးထသွား၏။ လူ့ဘဝ၌ မျက်စိသည်သာ အရေး အကြီးဆုံးမဟုတ်ပါလော။



မျက်စိတစ်လုံးအား အရှုံးဟုဆိုထားသည် မဟုတ်ပါလော။ မျက်စိဆုံးလျှင် ဘဝဆုံးရသည်နှင့်အတူတူပင်။

မိန်းကလေးသည် ဟုန်အနီးသို့တိုးကပ်လာပြီး ပခုံးကို ဖျစ် ညှစ်လိုက်၏။

"အား- အား- မ- မလုပ်ပါနဲ့၊ ကျုပ်- ကျုပ်- မင်းအမိန့်အ တိုင်းလိုက်လုပ်ပါ့မယ်"

ဟုန်သည် ကပျာကယာတောင်းပန်ပြီး ထရပ်၏။

မိန်းကလေးသည် ဟုန်၏လက်မောင်းကိုချိတ်ဆွဲကာ အ မြင်သို့ဆွဲခေါ်သွားလေတော့၏။

"ကျွန်မတို့ အကျဉ်းထောင်ထဲကိုသွားမယ်"

ဟုန်သည် ဘာမျှမပြောတော့ပေ။ မိန်းကလေးပြောသည့် အတိုင်း အကျဉ်းထောင်ရှိရာသို့ ခပ်သုတ်သုတ်လျှောက်လေတော့ ၏။ အကျဉ်းထောင်သို့ ထမင်းအိုးတစ်လုံးကျက်ခန့် ကြာသည်အထိ လမ်းလျှောက်ရသည်။

အကျဉ်းထောင်အရာရှိသည် ဟုန်အားပြုံးတုံ့ပျာတာကြိုဆို လေသည်။

"ကိစ္စမရှိဘူး၊ ငါ လျှံယင်းချုံအခန်းကိုသွားမလို့"

"ဟုတ်ကဲ့၊ ကျွန်တော်လိုက်ပြပါ့မယ်"

"မလိုဘူး၊ မင်းနေခဲ့"

"ဒါဖြင့်ရင် ဟောဒါလေး ဆရာယူသွားပါ"

အကျဉ်းထောင်အရာရှိလှမ်းပေးသည့်အရာမှာ အနီရောင် ကြိမ်လုံးတစ်ချောင်းပင်။

"ဒါက ဘာလုပ်ရမှာလဲ"

"ဒါ ပါရင် ဆရာ့ကို ဘယ်သူမှတားမှာမဟုတ်ပါဘူး၊ ကျွန်တော် မလိုက်ရဘူးဆိုတော့ ထောင်စောင့်တွေက ဆရာ့ကို အဆင့်ဆင့်တားဆီးမှာစိုးလို့ပါ"

ထိုအခါ မိန်းကလေးက ဟုန်၏နားနားသို့ကပ်ကာ တီးတိုးအမိန့်လိုက်၏။

"ဇဲဒီကြိမ်လုံးကို ယူလိုက်"

ဟုန်သည် ဘာမျှမပြောတော့ဘဲ အနီရောင်ကြိမ်လုံးကို ယူလိုက်၏။

အနီရောင်ကြိမ်လုံးက တကယ်အလုပ်ဖြစ်သည်။ အစောင့်တိုင်းက ဦးညွှတ်အရိုအသေပေးကာ တံခါးအဆင့်ဆင့်ကို အလွယ်တကူဖွင့်ပေးကြသည်။

ဤသို့ဖြင့် လျှံယင်းချုံအား ချုပ်နှောင်ထားသည့်အချုပ်ခန်းသို့ ရောက်ရှိလာလေ၏။

လျှံယင်းချုံကား အချုပ်ခန်းတွင်း၌စိတ်ပျက်စွာထိုင်နေ၏။

"ကဲ- "

မိန်းကလေးက ထိုမျှသာပြောပြီး ဟုန်အားအကြောပိတ်ပစ်လိုက်၏။ ဟုန်လဲကျသွားသည်။ ဝုန်းခနဲလဲကျသံကြောင့် လျှံယင်းချုံ ထလာ၏။

"အစ်ကို- အစ်ကို"

လျှံယင်းချုံ လွန်စွာအံ့သြသွားလေ၏။

သူသည် သံတိုင်များကိုတင်းကျပ်စွာဆုပ်ကိုင်ရင်း ဝမ်းသာအားရပြန်ခေါ်သည်။

"ညီမ- ညီမလေးချန်းနီ"

မိန်းကလေးကား နဂိုမူလရုပ်ရည်ကိုပြန်ရလိုက်သည့် ချန်းနီပေတည်း။

သူမသည် လျှံယင်းချုံနှင့်အတူ ဒေါင်းမနန်းတော်သို့ ရောက်ရှိသွားခဲ့သူဖြစ်သည်။ လျှံယင်းချုံ၏စေတနာကြောင့် သူမသည် နဂိုမူလရုပ်ရည်ကို ပြန်လည်ရရှိခဲ့ပေသည်။

သို့သော် မင်္ဂလာပွဲပျက်ပြီးနောက် သူမနှင့်လျှံယင်းချုံတို့ လူစုကွဲသွားခဲ့ရသည်။

သူမသည် ယောကျ်ားကလေးသဖွယ်ရုပ်ဖျက်ပြီး လျှံယင်းချုံအား လိုက်လံ စနည်းနာခဲ့ရာ ငါးထောင့်ကြယ်အရက်ဆိုင်၌ ရွှေလက်မောင်းသိုင်းသမားထံမှ လျှံယင်းချုံအကြောင်းသတင်း အစအနရရှိခဲ့ခြင်းဖြစ်ပေသည်။

ချန်းနီသည် သော့ခလောက်ကို သော့ဖြင့်ဖွင့်လိုက်လေ၏။

"အစ်ကို- သူ့အဝတ်အစားတွေ လဲဝတ်လိုက်၊ ဘာမှစကားပြောစရာမလိုဘူး၊ အဲဒီကြိမ်တုတ်အနီကလေးက ကျွန်မတို့ကို အကျဉ်းထောင်ထဲက အေးအေးဆေးဆေး ပြန်ထုတ်ပေးလိမ့်မယ်"

လျှံယင်းချုံသည် အကြံပေးအရာရှိ ဟုန်၏အဝတ်အစားများကို ချွတ်ယူလဲလှယ်လေ၏။

ချန်းနီက အနီရောင်ကြိမ်တုတ်ကလေး၏ အသုံးဝင်ပုံကို ရှင်းပြလျက်ရှိသည်။

နောက်ဆုံး၌-

"မျက်နှာကိုတော့နည်းနည်းကွယ်ထားပေါ့၊ နောက်ပိတ်ဆုံးတွေ့မယ့်အရာရှိကိုတော့ အကြောပိတ်ထားပစ်ခဲ့ရမယ်၊ ကဲ- အစ်ကိုပြီးရင် ထွက်ကြမယ်"

ချန်းနီသည် အကြံပေးအရာရှိဟုန်ကို အချုပ်ခန်းထဲဆွဲထည့်ပြီး သော့ခတ်လိုက်၏။

လျှံယင်းချီ၏လက်မောင်းကိုဆွဲကာ မူလဝင်ခဲ့သည့်လမ်းအတိုင်း ပြန်လည်ထွက်ခွာခဲ့လေတော့သည်။

## သတင်းရောင်းသူ၏အတိတ်ဘဝ

လူလေးယောက်သည် လဲလျောင်းလျက်ရှိနေလေ၏။ သူတို့အားလုံး အိပ်စက်နေကြသည်မဟုတ်ပါ။ မေ့ဆေးသောက်ပြီး မေ့မျောနေကြခြင်းသာဖြစ်ပါ၏။

သူတို့ကား ခွန်းလွန်ဂိုဏ်းချုပ်ဆူထိုင်၊ တပည့်ဖြစ်သူ ကျင်းဟန်ရီ၊ ရယ်စရာအဘိုးအိုနှင့် ဖားကလေးတို့ဖြစ်ကြ၏။

လိုက်ဂူ၏အတွင်းပိုင်း၌ ထုံထင်းရိပ်သည် သခင်မကျင်းဖုံးကို ကုသပေးလျက်ရှိနေသည်။

သူသည် ဤသို့မကုသမီ အဆိပ်ဖြေဆေးတစ်လုံးကိုကျွေးခဲ့ပြီဖြစ်သည်။

သူ၏ကုသနည်းမှာ သမားကုထုံးနည်းနှင့်သိုင်းပညာဆိုင်ရာကုထုံးနည်းကိုပေါင်းစပ်ပြီး ကုခြင်းဖြစ်သည်။

အချိန်အတော်ကြာသောအခါ ကျင်းဖုံး၏မျက်လုံးများ ပွင့်လာလေ၏။

ကျင်းဖုံးသည် ထုံထင်းရိပ်အား ရုတ်တရက်မမှတ်မိချေ၊ သို့သော် မကြာမီမှတ်မိသွား၏။

ထုံထင်းရိပ်က ကျင်းဖုံးအားမျက်နှာရိပ်မျက်နှာကဲဖြင့် ငြိမ် ငြိမ်နေပါ ဆက်ကုသပေးမည်ဟုအချက်ပြသည်။ ကျင်းဖုံးသည် ထို အဓိပ္ပာယ်ကိုသိသဖြင့် မျက်လုံးကိုပြန်မှိတ်ကာငြိမ်နေသည်။

ထုံထင်းရိပ်က သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး သိုင်းကုထုံး ဖြင့် ဆက်လက်ကုသပေးနေတော့၏။

ထိုအချိန်၌ ထုံထင်းရိပ်၏လိုက်ဂူဆီသို့ မိန်းကလေးတစ်ဦး လျှောက်လာလျက်ရှိနေသည်။ သူမသည် နန်းတွင်းဝတ်စုံကဲ့သို့ လှပ သောအဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူမကား ကျင်းဖုံး၏ညီမ ယင်းဖုံးပင်ဖြစ်တော့၏။

သူမသည် ဒေါင်းမနန်းတော်၌နေထိုင်သူ မဟုတ်ပေ။

အစ်မဖြစ်သူနှင့် တသီးတခြားခွဲနေသူဖြစ်၏။

မင်္ဂလာလက်ထပ်ပွဲသတင်းကြောင့် ဒေါင်းမနန်းတော်သို့ လိုက်လာရာမှအခြေအနေအရပ်ရပ်ကိုသိပြီး သူမ၏အစ်မကို လိုက် ရှာခြင်းဖြစ်လေတော့သည်။

ကံအားလျော်စွာ ထုံထင်းရိပ်၏ဂူဆီသို့ တည့်တည့်မတ်မတ် ရောက်ရှိလာခြင်း ဖြစ်ပေသည်။

သူမသည် ကိုယ်ဖော့ပညာကောင်း၏။

ထို့အတွက် သူ၏အစ်မကိုရှာဖွေရာ၌ အခြားသူများထက် တစ်ပန်းသာခဲ့ရပေသည်။

"ဟင်"



ယင်းဖုံးသည် ဂူဝ၌ရပ်ကြည့်ပြီး ဟင်ခနဲဖြစ်သွား၏။

အကြောင်းမှာ-

တုံးလုံးပက်လက်ဖြစ်နေသည့်လူလေးယောက်ကို တွေ့လိုက် ရသောကြောင့်ဖြစ်သည်။

သူမသည် ထိုလေးယောက်စလုံးကိုသိရှိ၏။

ဂိုဏ်းချုပ်ဆူထိုင်ကဲ့သို့သော ခွန်းခွန်ဂိုဏ်းချုပ်တစ်ဦးသည် အဘယ်ကြောင့် ဤဂူထဲလာရောက်လဲကျနေရသနည်း။

သူမသည် တစ်ဦးချင်းသေွးစမ်းကြည့်၏။ စစ်ဆေးကြည့်၏။

"ဟာ- သူတို့မေ့မျောနေကြတာပဲ၊ ထူးဆန်းလိုက်တာ"

သူမသည် အထူးသတိထားကာ ဂူထဲသို့တစ်လှမ်းချင်း ဝင် လာ၏။

ထိုအချိန်၌ ထုံထင်းရိပ်သည် သူ့လက်ဝါးများကို ကျင်းဖုံး၏ ကိုယ်ပေါ်မှခွာကာ အပန်းဖြေအတွင်းအားကျင့်စဉ် ကျင့်လျက်ရှိ၏။ ကျင်းဖုံးကား သူ့ဘေး၌လဲလျောင်းလျက်ရှိသည်။

ထိုမြင်ကွင်းကို သေချာစေ့စပ်စွာကြည့်ပါက အထင်လွဲစရာ ရှိပေသည်။

"ဟင်- သူ- သူပါလား"

"ဟင်- ဟိုမှာအစ်မ"

ယင်းဖုံး၏သေွးများ ဝုန်းခနဲဆူတက်လာလေ၏။ သူသည် လှစ်ခနဲပြေးသွားကာ ထုံထင်းရိပ်ကိုလက်ဝါးနှင့်ရိုက်ချလိုက်၏။

ထုံထင်းရိပ်သည် လေသံကြောင့် မျက်လုံးဖွင့်ကြည့်နိုင်သော် လည်း မကာကွယ်နိုင်ဘဲဖြစ်သွား၏။

"ဝုန်း"

ထုံထင်းရိပ် ကျောက်ခုတင်ပေါ်မှလွင့်စဉ်သွားရလေ၏။

ယင်းဖုံးသည် ထုံထင်းရိပ်ကို ခါးထောက်၍ကြည့်သည်။

ထုံထင်းရိပ်သည် ရင်ဘတ်ကိုဖိ၍လူးလဲထလာ၏။

"မင်း- မင်း- မင်း"

သူက ရန်သူကိုလက်ညှိုးထိုး၍ တုန်တုန်ယင်ယင် ကြည့်နေလေ၏။ စကားကိုလည်း ဆုံးအောင်မပြောနိုင်ပေ။

ယင်းဖုံးက ခါးထောက်မပျက်ဘဲပြန်ပြောလေ၏။

"ဟုတ်တယ်၊ ကျွန်မ ယင်းဖုံးပဲ၊ ကျွန်မကိုမှတ်မိသေးရဲ့လား"

ထုံထင်းရိပ်က တုန်ယင်စွာပြော၏။

"ညီမလေး မင်း- မင်းမှားနေပြီ"

"ဘာမှားရမှာလဲ- ရှင်တို့က ဒီမှာလာပြီး ကြည်နူးနေကြတာ မဟုတ်လား"

ထုံထင်းရိပ်၏မျက်နှာ၌ သွေးရောင်ရဲခနဲဖြစ်သွား၏။

"ညီမလေး မင်းဘာတွေလျှောက်ပြောနေတာလဲ"

"ဘာတွေပြောရမှာလဲ၊ ဟုတ်တာမှန်တာတွေ ပြောနေတာပေါ့"

"ငါတို့ကို မင်းအမြင်မှားနေပြီ"

"မျက်စိနဲ့ ဒီလောက်တပ်အပ်သေချာမြင်နေတာတောင် ရှင်က ဘူးကွယ်နေတုန်းပဲလား"

ထုံထင်းရိပ် စိတ်တိုလာသည်။

"မင်း- မဟုတ်တာတွေ လျှောက်ပြောမနေနဲ့၊ မင်းအစ်မ အဆိပ်မိလာတာသိရဲ့လား၊ သူ စီးတိန်ကုရဲ့အဆိပ်မိလာတာ၊ ငါက ဒီအဆိပ်ပြေအောင် ကုပေးနေတာ၊ မင်းက ငါ့ကို မတရားသက်သက်လာစွပ်စွဲနေတယ်၊ ကဲ- မင်းအစ်မ မင်းပြန်ခေါ်သွားတော့၊ ငါ ကုမပေးနိုင်တော့ဘူး"



ယင်းဖုံးသည် ရှလင်းခွမ် လာရှုပ်သည့်အတွက် မင်္ဂလာပွဲပျက်သွားသည်ကိုသာ သိသည်။ စီးတိန်ကု၏လက်ချက်ကြောင့် သူမ၏အစ်မ အဆိပ်မိသည်ကိုတော့မသိပေ။

ထုံထင်းရိပ်၏နောက်ဆုံးစကားများကို ကြားလိုက်ရသောအခါမှ သူမ အကြီးအကျယ်မှားသွားကြောင်း သိတော့သည်။

သူမသည် အစ်မဖြစ်သူကျင်းဖုံးကို ပြေးကြည့်၏။ ကျင်းဖုံးမိန်းမောနေဆဲဖြစ်သည်။ သို့ရာတွင် အဆိပ်ကတော့ အတော်လေးကျသွားပေပြီ။ ယင်းဖုံးသည် ထုံထင်းရိပ်ကိုဦးညွှတ်ပြီး ကြေကွဲစွာတောင်းပန်လေ၏။

"အစ်ကို ကျွန်မ- ကျွန်မမှားပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်"

ထုံထင်းရိပ် သက်ပြင်းချလိုက်၏။

"အင်း- ညီမလေးဟာ ငယ်ငယ်ကအတိုင်းပဲ၊ တဇောက်ကန်း တဇွတ်ထိုးလုပ်တုန်းပဲနော်"

ထုံထင်းရိပ်သည် လွန်ခဲ့သည့်ခုနစ်နှစ်တုန်းက အတိတ်၏အရိပ်များကို ပြန်လည်မြင်ယောင်လာလေတော့၏။ .

❧

ထုံထင်းရိပ်သည် ငယ်စဉ်မှာပင် ဆေးကုဝါသနာပါသူဖြစ်၏။ အထူးသဖြင့် သိုင်းလောကထဲမှ သိုင်းသမားသမားတော်ကြီးများကို လွန်စွာအားကျ၏။

ထို့ကြောင့် သိုင်းလောကအတွင်း လှည့်ပတ်ရှာဖွေခဲ့ရာမှ ဆရာကြီးတစ်ယောက်ထံချဉ်းကပ်မိပြီး ထိုဆရာကြီး၏ ဆေးပညာနှင့်သိုင်းပညာများကို သင်ကြားခွင့်ရခဲ့လေတော့သည်။

သို့သော် သူ၏ဆရာကြီးသည် သိုင်းပညာထက် ဆေးပညာတွင် ပို၍ထက်မြက်သူဖြစ်သည်။ သိုင်းပညာ၌ လူစော်ကားမခံရရုံသာ တတ်မြောက်သူဖြစ်သည်။

တစ်နေ့တွင် ဆရာကြီးသည် သူ့အားလွန်စွာဆိတ်ငြိမ်သည့် တောအုပ်တစ်ခုအတွင်းသို့ခေါ်သွား၏။

"တပည့် မင်းကိုငါ ဘာဖြစ်လို့ဒီကိုခေါ်လာရသလဲဆိုတာ မင်းရိပ်မိရဲ့လား"

ထုံထင်းရိပ်က ဆရာကြီးအားကြည့်သည်။

"မသိပါဘူးဆရာ"

"ရော့- ဒါယူထားစမ်း"

ဆရာကြီးက ထုံထင်းရိပ်အား ဟောင်းနွမ်းနေသော စာအုပ်တစ်အုပ်ကိုကမ်းပေး၏။

"ဆရာ- ဒါ- ဒါ"

"သိုင်းကျမ်းမဟုတ်ပါဘူး၊ ဆေးကျမ်းပါ၊ မင်း ငါ့အပြုအမူတွေနဲ့ပတ်သက်ပြီး ဘယ်လိုထင်မြင်သလဲ၊ ရဲရဲပြောစမ်းပါ"

"ဆ- ဆ- ဆရာကြီးဟာ တစ်ခုခုကို ကြောက်နေသလိုပဲ၊ ကျွန်တော့်ကိုသာ ဆေးပညာနဲ့ပတ်သက်ပြီး ရှင်းပြလေ့ရှိတယ်၊ တခြားလူတွေ အထူးသဖြင့် သိုင်းသမားတွေရှေ့မှာ ဆေးပညာတတ်မြောက်ကြောင်း တစ်ခါမှမပြောဖူးဘူး"



ဆရာကြီးက ခေါင်းညိတ်၏။

'မင်းတော်တယ်၊ ဒီဆေးကျမ်းဟာ ရိုးရိုးရောဂါကုထုံး ဆေးကျမ်းမဟုတ်ဘူး၊ အဆိပ်ကုထုံးကျမ်းပဲဖြစ်တယ်၊ ဒီအဆိပ် ဆေးကျမ်းထဲက ကုထုံးအားလုံးကို တတ်မြောက်ရင် လောကမှာရှိတဲ့ ဘယ်အဆိပ်ကို မဆိုနိုင်ပြီ၊ ဒါကြောင့် ဒီဆေးကျမ်းကိုလိုချင်တဲ့လူတွေ သိပ်များတယ်"

"ငါဟာ တစ်ခုခုကို အမြဲတမ်းကြောက်သလိုလို ဖြစ်နေတယ်ဆိုတာအမှန်ပဲ၊ ကြောက်နေရတာပေါ့၊ ဒီအဆိပ်ကုထုံးကျမ်းကို သိုင်းသမားတွေ လာလုနိုင်တာကိုး၊ အထူးသဖြင့် အဆိပ်နဲ့ပတ်သက်တဲ့သိုင်းသမားတွေ လာနိုင်တယ်မဟုတ်လား"

"သိုင်းလောကဆိုတာ အင်မတန် ကြောက်စရာကောင်းတယ်၊ ရတနာမြေပုံကိုလျစ်လျူပြုချင်ပြုမယ်၊ သိုင်းကျမ်းနဲ့အဆိပ်ကျမ်းကိုတော့ လျစ်လျူပြုလေ့မရှိကြဘူး၊ သိပ်လိုချင်ကြတယ်၊ သိုင်းလောကထဲမှာ ဒီကျမ်းတွေနဲ့လူစွမ်းကောင်းလုပ်နိုင်တာကိုး"

ထုံထင်းရိပ်သည် သူ့ဆရာကြီး၏အပြုအမူများကို ထူးဆန်းသည်ဟုသည်မှတ်ထင်ခဲ့သည်။ မည်သည့်အခါကမျှ စပ်စုခြင်း မပြုခဲ့ပေ။

ယခုသော် အသေအချာ သိရလေပြီ။ သိရရုံမက လွန်စွာလျှို့ဝှက်သောအဆိပ်ကုထုံးကျမ်းကိုပါ ပေးအပ်နေလေပြီ။

ဆရာကြီးက ဆက်ပြောလေ၏။

"ဒီအဆိပ်ဆေးကျမ်းထဲမှာပါတဲ့ တချို့အသုံးအနှုန်းတွေဟာ အဓိပ္ပာယ်ငုတ်လွန်းတဲ့အတွက် ငါမတတ်တဲ့ ကုထုံးတွေအများကြီး ကျန်နေတယ်၊ မင်းကိုငါ တတ်နိုင်သမျှ ပညာတွေသင်ပေးခဲ့ပြီးပြီ ဒီကျမ်းထဲက ငါမသိတဲ့ပညာကို ငါဖော်ထုတ်ဖို့ကြိုးစားပေမယ့်လဲ လုံးဝအရာမထင်ခဲ့ဘူး၊ ငါ ဒီကျမ်းကိုလက်မြှောက်အရှုံးပေးလိုက်ပြီ"

ထုံထင်းရိပ်လန့်သွားလေ၏။

"ဟင်- ဆရာကြီး"

ထုံထင်းရိပ်သည် ဆရာ၏ဆိုလိုရင်းသဘောကို ရုတ်တရက် နားလည်သဘောပေါက်လိုက်သဖြင့် ထိတ်လန့်သွား၏။

သူ့ဆရာသည် ကျောခိုင်းပေတော့မည်။

ဆရာကြီးဖြစ်သူက ဆက်ပြောလေ၏။

"ငါ လူကြားထဲမှာနေခဲ့တာများပြီ၊ တကယ်စဉ်းစားတော့ ငါဟာ ဆေးပညာနဲ့သိုင်းလောကထဲမှာ ကျော်ကြားချင်တဲ့လူ ဖြစ်တယ်ဆိုတာ ကိုယ့်ဘာသာစဉ်းစားလာမိတယ်၊ ဒီကျော်ကြားမှုဟာ တကယ်လိုအပ်သလား၊ ငါသတိထားလာမိတာရှိတယ်၊ ငါဟာ ကျော်ကြားမှုကို သိပ်လိုချင်နေတယ်၊ အဲဒီကျော်ကြားမှုနဲ့အတူ မရဏ တရားဟာလဲ ငါ့ကို တပြိုင်နက်ချောက်လှန့်တာပဲ၊ မင်းသဘော ပေါက်ရဲ့လား"

"ပေါက်ပါတယ်ဆရာ၊ ဆရာ့ကို တခြားသိုင်းသမားတွေက သတ်ဖို့လိုက်ရှာနေတဲ့အဓိပ္ပာယ်ပဲ မဟုတ်လား"

"ဟုတ်တယ်၊ သူတို့က ဒီအဆိပ်ကုထုံးကျမ်းကိုလိုချင်နေကြ



တယ်လေ၊ ဒီတော့ ငါအားလုံးကိုစွန့်လွှတ်တယ်၊ လူတောသူတောထဲ မနေတော့ဘူး၊ တောတောင်ထဲသွားပြီး တရားဘာဝနာကျင့်တော့ မယ်"

ဆရာကြီးသည် စကားဆုံးသည်နှင့် ထွက်ခွာရန်ဟန်ပြင်လေ တော့၏။ ထုံထင်းရိပ်မှာ မျက်ရည်တွေတွေကျရရှာတော့သည်။

"ဆရာ"

"တပည့် ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ အဆိပ်ကုထုံးကျမ်း ကို သေသေချာချာသိမ်းပါ၊ ငါ့နောက် လိုက်နေတဲ့ကောင်တွေ မင်း နောက် ဆက်မလိုက်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ ကဲ-ငါသွား မယ်"

ထုံထင်းရိပ်က သူ့ဆရာကြီးအားဂါရဝပြုလေ၏။ ဆရာကြီး သည် သူ့အားသံယောဇဉ်ဖြတ်ကာ ချာခနဲလှည့်၍တောထဲဝင်သွား လေတော့၏။

ဆရာထွက်ခွာသွားပြီးသည့်နောက် ထုံထင်းရိပ်တစ်ဦးတည်း ကျန်ရစ်ခဲ့၏။ သူ့စိတ်ထဲ၌ ဝမ်းနည်းကြေကွဲမှုခံစားနေရသည်။

ထို့နောက် သူ့အိတ်တွင်း၌ထည့်ထားသော အဆိပ်ကုထုံး ကျမ်းကိုထုတ်ယူကြည့်ရာမှ ဆရာဖြစ်သူအား မေ့လျော့သွားလေ တော့၏။

"ဒီကျမ်းတစ်ခုလုံးကို ထုံးလိုချေ ရေလိုနှောက်နိုင်ရင် ငါဟာ သိုင်းလောကမှာ အတော်ဆုံးအဆိပ်ကုဆရာကြီး ဖြစ်တော့မှာပါ ကလား"

ထိုအဆိပ်ကုကျမ်းကိုရရှိသူတိုင်း ထိုစိတ်ဓာတ်ဖြစ်ပေါ်လာ

သည်ကား ထူးဆန်းလှချေ၏။

ဤအဆိပ်ကုကျမ်းသည် အန္တရာယ်ကိုဖိတ်ခေါ်သည့် အဆိပ်ကုကျမ်းဖြစ်သည်ကို ထုံထင်းရိပ် မသိသေးချေ။ သူသည် ဆေးကျမ်းကို ရှိသေစွာပြန်သိမ်းပြီး အိမ်သို့ပြန်လေတော့၏။

သူသည် စောစောက ဆရာက သူ့အားခွဲခွာသွားသဖြင့် ဝမ်းနည်းနေသည်။ သို့သော် ထိုဝမ်းနည်းမှုသည် နိဗ္ဗုတ်သွားလေပြီ။

အဆိပ်ကုကျမ်းက သူ့အား မြောက်ကြွမြောက်ကြွ ဖြစ်စေခဲ့လေပြီ။ ဤသို့ဖြင့် တဖြည်းဖြည်း သူ့အိမ်အနီးသို့ရောက်ရှိလာလေတော့၏။

"ဟင်"

ထုံထင်းရိပ်သည် အလန့်တကြားဖြစ်သွား၏။

အနက်ရောင်သိုင်းဝတ်စုံဝတ်ဆင်ထားသည့် လူတစ်စုသည် သူ့ဆရာအိမ်ရှေ့၌ စုရုံးစုရုံးလုပ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင်တည်း။

သူ့ဆရာမရှိတော့သဖြင့် သူ့ဆရာ၏အိမ်သည် သူ့အိမ်ဖြစ်သွားပေပြီ။

သို့သော် သူ့ဆရာ၏အိမ်ကို သူ့အိမ်အဖြစ် မသတ်မှတ်ရသေးမီ သူ့ဆရာ၏ရန်သူများက အုံကြွဖွယ်ရာရောက်ရှိလာလေပြီ။

ထုံထင်းရိပ်သည် သူ့အား ထိုလူစုမမြင်တွေ့မီ ကပျာကယာပုန်းလိုက်လေ၏။

အနက်ရောင်သိုင်းဝတ်စုံဝတ်ဆင်ထားသူများသည် အိမ်ရှေ့မှလည်းကောင်း၊ အိမ်ဘေးမှလည်းကောင်း၊ အိမ်နောက်ဘက်မှလည်းကောင်း တက်လိုက်ဆင်းလိုက်ရှာဖွေနေကြ၏။ သူ့ဆရာကိုရှာဖွေနေခြင်းဖြစ်ကြောင်း ထုံထင်းရိပ် ရိပ်မိလေ၏။

ထို့နောက် ထိုလူများသည် ထရံများ၊ အမိုးများကိုခွာသည်။ အဆိပ်ကုထုံးကျမ်းကို ပိုက်စိတ်တိုက်ရှာဖွေကြခြင်းဖြစ်ကြောင်း သူနားလည်သဘောပေါက်ပေသည်။

"ဟာ- ဒီလူတွေဘာလုပ်မလို့ပါလိမ့်"

ထိုလူစုသည် စိတ်ဆိုးမာန်ဆိုးဖြစ်နေ၏။

အဆိပ်ကုထုံးကျမ်းကို ရှာမတွေ့သဖြင့် စိတ်ဆိုးနေကြခြင်းသာဖြစ်ပေသည်။

ထုံထင်းရိပ်သည် အဆိပ်ကျမ်းကို လက်ဖြင့်ဖိထားမိ၏။

အသက်ပင် မရှူနိုင်ချေ။

"ဟာ"

သူ့ရင်ထဲ ဟာခနဲဖြစ်သွား၏။

ရန်သူများသည် ဆရာ့အိမ်ကိုမီးရှို့နေကြလေပြီ။ ထုံထင်းရိပ်ပုန်း၍ကြည့်နေစဉ်မှာပင် ရန်သူများလည်း မီးလောင်အိမ်ကို ကျောခိုင်းထွက်ခွာသွားလေတော့သည်။

သူဆေးကျမ်းကိုပိုင်ဆိုင်ခွင့်ရခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့လေပြီ။ သူ့ဆရာကြီးမှာကြားခဲ့သည့်အတိုင်း ဆေးကျမ်းထဲမှ အချို့တပိုဒ်များမှာ အဓိပ္ပာယ်ငုတ်လွန်းလှသဖြင့် သူလည်း သဘောပေါက်နားလည်ခြင်းမရှိပေ။

ဆရာကြီးကုလောင်ထိုနှင့် ထပ်မံတွေ့ဆုံခြင်းလည်းမရှိတော့ပေ။ ဆရာကြီးကလည်းလာမတွေ့၊ သူကလည်း ဆရာကြီးကုလောင်ထိုကိုမရှာတတ်သဖြင့် ဆရာတပည့်နှစ်ယောက်၏ဆက်ဆံရေးကားလုံးဝပြတ်တောက်သွားခဲ့လေပြီ။

ထုံထင်းရိုပ်သည် ကိုယ်ရောင်ဖျောက်လျက် တောစပ်တစ်နေရာ၌အိမ်ကလေးဆောက်ကာ ဆေးပညာကိုလေ့လာသည်။ သိုင်းပညာကိုလည်း လေ့ကျင့်သည်။

သို့သော် မကြာမီပင် အန္တရာယ်သည် မပင့်မဖိတ်ဘဲ ရောက်ရှိလာလေတော့သည်။

"ဟေ့- ဒီအိမ်မှာ ထုံထင်းရိုပ်ရှိတယ်မဟုတ်လား၊ ထွက်လာခဲ့စမ်း"

ထုံထင်းရိုပ်လန့်သွား၏။ ဤနေရာသည် သူ မူလနေခဲ့သည့်ရွာနှင့်အတော်ကလေးဝေးကွာသည်။

ယခုဆောက်ထားသည့်တဲအိမ်သည် ဤအနီးအနားရှိ အနီးဆုံးဆိုသည့်ရွာနှင့်ဆယ်မိုင်ခန့်မျှ ဝေးကွာသည်။ ရာရာဖွေဖွေလိုက်လာသည့်လူများသည် အဆိပ်ကုထုံးကျမ်းနှင့် ပတ်သက်နိုင်သည်ဟု သူတွေးလိုက်မိလေ၏။

သူထွက်ပြေးရန် စဉ်းစားသေးသော်လည်း အိမ်ကိုဝိုင်းရံ့ခဲ့



သည့်သိုင်းသမားများဝန်းရံပုံကိုကြည့်ပြီး ယခုလည်း ထိုပုံစံအတိုင်းဖြစ်လိမ့်မည်ဟုတွေးကာ အဆိပ်ကုထုံးကျမ်းကို ဝမ်းဗိုက်၌ကြိုးဖြင့်ကပ်ချည်လျက် အိမ်ပြင်သို့ထွက်လာလေ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ထုံထင်းရိုပ်သည် မရဲသော်လည်းပြေးခဲ့စေဟုသည့် သဘောဖြင့် ခပ်တည်တည်မေးမြန်းလိုက်လေ၏။

သိုင်းသမားဝတ်စုံဝတ်ဆင်ထားသူကား စုစုပေါင်း သုံးယောက်တည်း။ ခေါင်းဆောင်ဖြစ်ဟန်တူသူက ထုံထင်းရိုပ်ကို လက်ညှိုးထိုး၍မေးလေ၏။

"ထုံထင်းရိုပ်ဆိုတာမင်းလား"

"ဟုတ်ပါတယ်"

"မင်းရဲ့ဆရာကြီး ကုလောင်ထိုကော"

"ဆရာကြီး မရှိတော့ဘူး"

"ဘယ်သွားသလဲ"

"ကျွန်တော်လဲ မသိဘူး"

"ထားတော့၊ ငါတို့အဓိကလိုချင်တာက မင်းရဲ့ဆရာကြီး မဟုတ်ဘူး၊ မင်းဆရာကြီးပိုင်တဲ့အဆိပ်ကုထုံးကျမ်းပဲ"

"အဆိပ်ကုထုံးကျမ်း၊ ကျုပ်ကြားတောင်မကြားမိဘူး"

"ဟား- ဟား- ဟား၊ အတော်ဟန်ဆောင်ကောင်းတဲ့ကောင်ပဲ၊ ဆေးကျမ်းက မင်းဆီမှာမုချရှိရမယ်"

"ကျုပ်ဆီမှာ ဘာဆေးကျမ်းမှမရှိပါဘူး"

"မင်းဆီမှာမရှိလို့ ဘယ်သူ့ဆီမှာရှိရမှာလဲ၊ ငါတို့က မင်း

ပထမနေခဲ့တဲ့ရွာကို စုံစမ်းပြီးပြီ၊ မင်းရဲ့ဆရာပျောက်နေပြီ၊ ဆေးကျမ်းဟာ မင်းလက်ထဲမှာမှချရှိရမယ်"

"ခင်ဗျားတို့မှားနေပါပြီ၊ ကျုပ်ဆီမှာ ဘာဆေးကျမ်းမှမရှိပါဘူးဗျာ"

ခေါင်းဆောင်ဖြစ်သူ၏မျက်နှာသည် ရုတ်ခြည်းပြောင်းလဲသွား၏။ မျက်နှာတစ်ပြင်လုံး ဒေါသရောင်လွှမ်းလာသည်။

"ဟေ့ကောင် ငါတို့က မင်းကိုဘာမှပြဿနာမလုပ်ချင်ဘူး၊ ငါတို့တောင်းတဲ့အဆိပ်ကုကျမ်းကို မြန်မြန်ထုတ်ပေး၊ မင်းလဲ ဘာမှမဖြစ်ဘူး"

ထုံထင်းရိပ်က ငြင်းသည်။

"မရှိပါဘူးဗျာ၊ ကျုပ်ဆီမှာဘာမှမရှိပါဘူး"

"ကောင်းပြီ၊ မင်းဒီလောက်ခေါင်းမာရင် ငါကလဲ ငါ့လူတွေနဲ့ဆုံးမရတော့မှာပေါ့"

ခေါင်းဆောင်လုပ်သူက အချက်ပြလိုက်သောအခါ ကျန်နှစ်ယောက်သည် ထုံထင်းရိပ်ဆီသို့ခုန်ဝင်တိုက်ခိုက်ကြလေတော့၏။

ထုံထင်းရိပ်ကလည်း ထိုသို့ဖြစ်လိမ့်မည်ဟုမျှော်လင့်ထားရာ ရန်သူများတိုက်ခိုက်လာသည်နှင့် ချက်ချင်းပင် ပြန်လှန်တိုက်ခိုက်လေသည်။

သို့သော် သူသည် သိုင်းပညာသိပ်ထူးချွန်လှသူ မဟုတ်ပါ၊ ထို့ကြောင့် အချိန်သိပ်မကြာမီ သူ့ခမျာ ဒဏ်ရာအတော်များများ ရရှိသွားလေတော့သည်။

"မမရေ- ဟိုမှာကြည့်စမ်း၊ ပွဲကတော့ အတော်လေးကို ကြည့်



မကောင်းတဲ့ပွဲပဲ"

သစ်တောထဲမှ ထွက်လာသည့် မိန်းကလေးနှစ်ယောက် အနက် အငယ်ဖြစ်ဟန်ရှိသောမိန်းကလေးက တစ်ဘက်သတ်တိုက်ခိုက်နေသောတိုက်ပွဲကို လက်ညှိုးညွှန်ပြ၍ပြောလိုက်လေ၏။

"ဟုတ်ပါရဲ့ညီမလေးရယ်၊ မျှတသွားအောင် ငါတို့ ဝင်ကူမှပဲနဲ့တူပါရဲ့"

ထိုမိန်းကလေးနှစ်ယောက်ကား ကျင်းဖုံးနှင့်ယင်းဖုံးတို့ပေတည်း။ သူတို့နှစ်ယောက်၏ရုပ်ရည်မှာ အတော်ကလေးဆင်သဖြင့် ညီအစ်မမှန်း ကြည့်ရုံနှင့်သိသာပေသည်။

ညီအစ်မနှစ်ယောက်သည် ခုန်ပျံပြေးလွှားလာကြပြီး တိုက်ပွဲစည်းအတွင်းသို့ ခုန်ဝင်လိုက်ကြ၏။

"သူ့ကိုချည်းတိုက်မနေနဲ့ဦး၊ ကျွန်မတို့ကိုလဲတိုက်ပါဦး"

ယင်းဖုံးက ပြုံးရယ်၍ပြောရင်း ထုံထင်းရိပ်အား တိုက်ခိုက်နေသည့်လူတစ်ယောက်ကို ခြေထောက်ဖြင့်ကန်လိုက်၏။

"ဝုန်း"

ထိုလူမှာ ယင်းဖုံးကို ဤမျှလျင်မြန်လိမ့်မည်ဟု ထင်မထားသဖြင့် အငိုက်မိသွားသည်။ ယင်းဖုံး၏ပတ်ကန်ခြေတစ်ချက်မိကာ လွင့်စဉ်ထွက်သွားတော့သည်။

ကျန်တစ်ယောက်မှာလည်း ကျင်းဖုံးနှင့် ပညာကွာလှသဖြင့် လေးငါးကွက်အတွင်း လွင့်စဉ်ထွက်သွားရလေတော့သည်။

"မင်းတို့ကဘယ်သူတွေလဲ၊ ဘာဖြစ်လို့ ငါတို့ကိစ္စမှာ ဝင်ရှုပ်ရတာလဲ"

ရန်သူခေါင်းဆောင်က အေးစက်စွာမေး၏။ ကျင်းဖုံးက-

"ကျွန်မတို့ ဘယ်သူဖြစ်ဖြစ် အကြောင်းမဟုတ်ပါဘူး၊ ရှင်တို့ လုပ်နေတဲ့ကိစ္စကို ကျွန်မညီမကလေးက ကြည့်မရဘဲ ဖြစ်နေတယ်၊ ဒါကြောင့်ဝင်လာရတာပါ"

"ကောင်းပြီ၊ ဒါဆိုရင်ကြည့်ကြသေးတာပေါ့"

ရန်သူခေါင်းဆောင်က ခုန်ဝင်လာ၏။

ကျင်းဖုံးက ညီမဖြစ်သူအားလှမ်း၍သတိပေး၏။

"ညီမလေး ဝင်မပါနဲ့၊ သူ့ပညာ ဘယ်လောက်ရှိသလဲဆိုတာ မမပဲစမ်းကြည့်လိုက်မယ်"

ကျင်းဖုံးသည် ရန်သူနှင့်တစ်ယောက်ချင်းတိုက်သည်။ ရန်သူခေါင်းဆောင်၏သိုင်းပညာသည်မခေလှချေ။ သူ့တပည့်နှစ်ယောက်ထက် များစွာသာလွန်သည်။

ကျင်းဖုံးကို သိုင်းကွက်သုံးဆယ်အထိ ယှဉ်ပြိုင်တိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် ထိုသိုင်းကွက်သုံးဆယ်ကျော်သည်နှင့် ရန်သူခေါင်းဆောင်မှာ အောက်စည်းမှဖြစ်သွားတော့၏။

"ဝုန်း"

ရန်သူခေါင်းဆောင် လွင့်ထွက်သွားသည်။

"ဝေါ"

ရန်သူခေါင်းဆောင်သည် လဲကျနေရာမှလူးလဲထလာ၏။ သူ ရင်ဝ၌ ကျင်းဖုံး၏လက်ဝါးရိုက်ချက် တစ်ချက်မိသွားရာ အလွန်ပြင်းထန်လှသ ဖြင့် သွေးများထိုးအန်တော့၏။

တပည့်နှစ်ဦးသည် သူတို့၏ဆရာကို တစ်ဘက်တစ်ချက်မှ



ပြေးထူပေးကြ၏။ ရန်သူခေါင်းဆောင်က ဒယီးဒယိုင်ထရပ်သည်။

"မင်း- မင်းဘယ်သူလဲ၊ ဒီအကြွေးကို ငါမမေ့ထားလိမ့်မယ်လို့ မထင်နဲ့"

ကျင်းဖုံးက တဟားဟားရယ်သည်။

"အြော်- ရှင်ကရန်ကြွေးဆပ်ချင်တယ်ပေါ့လေ၊ ရပါတယ်၊ လာခဲ့ပါ၊ ကျွန်မကကြိုဆိုနေပါ့မယ်"

"ငါ- ငါလာခဲ့မယ်၊ မင်းဘယ်ကစောင့်မှာလဲ"

"ဒေါင်းမနန်းတော်ကစောင့်မယ်"

ရန်သူခေါင်းဆောင်၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ ရုတ်တရက် စကားပြန်ပင်မပေးနိုင်တော့ပေ။

"ကဲ- တို့သွားစို့"

သူသည် တပည့်နှစ်ယောက်အား လှမ်းပြောပြီး ဒယီးဒယိုင်ဖြင့်လှည့်ထွက်ပြေးသွားလေတော့၏။

ထုံထင်းရိပ်ခမျာ အတွင်းဒဏ်ရာအပြင်းအထန် ရရှိလိုက်သည်။ ကျင်းဖုံးနှင့်ယင်းဖုံးတို့သာ လာရောက်ကူညီခြင်းမရှိလျှင် သူသေဆုံးမည်ကို ကောင်းစွာသိရှိလေ၏။

ထို့ကြောင့် ကျင်းဖုံးနှင့်ယင်းဖုံးကို လွန်စွာကျေးဇူးတင်မိ၏။ သို့သော် သူ့အနေဖြင့် ကျေးဇူးတင်စကားမပြောနိုင်ခဲ့ပါ။ ရန်သူများပြေးချိန်တွင် သူလည်း မေ့မျောသွား၍ဖြစ်ပါသည်။

ကျင်းဖုံးသည် အနိုင်ကျင့်သူများ ထွက်ပြေးသွားသောအခါ သူတာဝန်ကုန်ဆုံးပြီဟုယူဆလေ၏။

"ညီမလေး ငါတို့သွားကြရအောင်"

ယင်းဖုံးသည် မေ့မျောနေသောထုံထင်းရိပ်ကိုကြည့်ပြီး သူ့အစ်မလက်ကိုဆွဲသည်။

"မမ သူ့ကို ဒီအတိုင်းပစ်ထားခဲ့မလို့လား"

"ထားခဲ့မှာပေါ့၊ သူ့ကို တစ်ကြိမ်ကူညီခဲ့ပြီးပြီပဲ"

"မမရယ်၊ သူသေသွားမှာပေါ့"

"ညီမလေးက ဘာလုပ်ချင်လို့လဲ"

"ညီမလေးတို့ဂူထဲခေါ်သွားချင်တယ်၊ ပို့မယ်ပို့ကူးတို့ရောက်အောင်ပို့သင့်တာပေါ့ မမရယ်"

ကျင်းဖုံးတွေဝေသွားသည်။ အတန်ကြာစဉ်းစားပြီးမှ-

"ကောင်းပြီ၊ ညီမလေးရဲ့သဘောပဲ၊ မမကတော့ တစ်ကြိမ်လောက်ပဲကူညီချင်တာ"

ကျင်းဖုံးနှင့်ယင်းဖုံးတို့က ထုံထင်းရိပ်ကို ဒေါင်းမနန်းတော်ဆီသို့သယ်သွားပြီး ကုသပေး၏။ ထုံထင်းရိပ်သည် သုံးရက်ကြာမျှမျောနေသည်။

သူသတိရလာ၍ကြည့်လိုက်သောအခါ မိန်းမပျိုနှစ်ဦးက သူ့အားစိုင်းကြည့်နေကြောင်း တွေ့လိုက်ရ၏။ ဤမိန်းမပျိုနှစ်ဦးသည် သူ့အသက်ကို ကယ်တင်လိုက်သောမိန်းမပျိုနှစ်ဦးဖြစ်ကြောင်း သူသိလိုက်သည်။

ဂါရဝပြုရန် ကြိုးစားထထိုင်လေ၏။



"ကျုပ်ကို ကယ်တင်တဲ့ကျေးဇူးကို မမေ့ပါဘူးဗျာ၊ အင်မတန်ကျေးဇူးတင်ပါတယ်"

ယင်းဖုံးက ပြုံး၍ပြော၏။

"ကျွန်မတို့က ကျေးဇူးတင်ခံချင်လို့ ကယ်တာမဟုတ်ပါဘူး၊ တရားတာကိုမကြည့်နိုင်လို့ ဝင်ကူတာပါ"

ထုံထင်းရိပ်က လက်သီးနှစ်ဖက်ဆုပ်ကာ အကြိမ်ကြိမ်ဂါရဝပြုရင်းပြောသည်။

"ဘာပဲပြောပြော၊ ညီမတို့ဟာ ကျုပ်ရဲ့အသက်သခင်ကျေးဇူးရှင်တွေပါပဲ"

ကျင်းဖုံးနှင့်ယင်းဖုံးတို့က ဘာမျှပြန်မပြောတော့ပါ။

ထုံထင်းရိပ်က-

"ကျုပ်သတိမေ့နေတာ အတော်ကြာသွားသလား"

ကျင်းဖုံးက လက်သုံးချောင်းထောင်ပြ၏။

"သုံးရက်ရှိသွားပြီ"

ထုံထင်းရိပ် ထရပ်ရန်ကြိုးစားသည်။ ထလည်းထနိုင်သည်။ သူမေ့မျောနေစဉ် တိုက်ကျွေးထားသည့် ဆေးဝါးများ၏ ကျေးဇူးကြောင့်ထရပ်နိုင်သည်။

"ဒါဆိုရင် ကျုပ်အတွက်ညီမတို့အတော်ပင်ပန်းနေပြီပဲ၊ ကျုပ်ပြန်ပါတော့မယ်"

ယင်းဖုံးက လက်ကာပြသည်။

"ရှင် ခုမှသတိရတယ်၊ ခုချက်ချင်း ထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ ဒီမှာ တစ်ပတ်တန်သည် နှစ်ပတ်တန်သည်အနားယူပါဦး"

ကျင်းဖုံးကလည်း ဝင်ပြောလာသည်။

"ဟုတ်တယ်၊ ရှင်အားနည်းနေသေးတယ်၊ ဒီမှာ ခဏအနား
ယူပါဦး၊ ကျွန်မတို့ကို အားနာစရာမလိုပါဘူး"

ထုံထင်းရိပ်သည် လွန်စွာကျေးဇူးတင်သွား၏။

"ညီမတို့ရဲ့ကျေးဇူးက ကြီးလှပါပေတယ်၊ ဒါထက် ညီမတို့
နာမည်က. . ."

"ကျွန်မကကျင်းဖုံး၊ သူက ကျွန်မညီမယင်းဖုံးပါ"

ထိုအခါ ထုံထင်းရိပ်ခေါင်းကြီးသွားလေ၏။

ဒေါင်းမနန်းတော်ဆိုသည်မှာ သိုင်းလောက၌ အလွန်ကျော်
ကြားသည့်အမည်ဖြစ်သည်။

"ကျုပ်နာမည်ထုံထင်းရိပ်ပါ၊ အဆိပ်ပညာနဲ့ပတ်သက်ပြီး
လေ့လာနေတဲ့ သမားတော်ဖြစ်ပါတယ်"

ကျင်းဖုံးနှင့်ယင်းဖုံးတို့၏ဖိတ်ခေါ်ချက်အရ ထုံထင်းရိပ်သည်
ထိုဒေါင်းမနန်းတော်၌ ရက်သတ္တသုံးပတ်မျှ ဆက်လက်နေထိုင်ခဲ့
သည်။

ဒေါင်းမနန်းတော်၏သိုင်းပညာများကိုလည်း သင်ယူလေ့
ကျင့်ခွင့်ရသဖြင့် သူ့သိုင်းပညာ အတော်တိုးတက်လာသည်။

သို့ရာတွင် ဖြစ်ပေါ်လာသည့်အခက်အခဲတစ်ခုကြောင့် ထုံ
ထင်းရိပ်မှာ ဒေါင်းမနန်းတော်၌ဆက်လက်နေထိုင်ရန် လွန်စွာခက်
ခဲလာလေတော့သည်။

ထိုအခက်အခဲကား သူကဒေါင်းမနန်းတော်သခင်မကျင်းဖုံး
ကို သံယောဇဉ်တွယ်ပြီး ယင်းဖုံးက သူ့ကိုသံယောဇဉ်တွယ်နေသည့်



အခက်အခဲပင်တည်း။

နောက်ဆုံး ထုံထင်းရိပ်သည် ကျင်းဖုံးနှင့်ယင်းဖုံး
မသိအောင် ဒေါင်းမနန်းတော်မှ ထွက်ခွာသွားခဲ့ရလေတော့၏။

❀❀

ထုံထင်းရိပ်သည် အတွေးလွန်နေရာခဲ့မှ ပစ္စုပ္ပန်ဘဝကို
ပြန်လည်သတိရလာလေသည်။

ဒေါင်းမနန်းတော်မှထွက်လာပြီးနောက် သူသည် အဆိပ်
ပညာလေ့လာခြင်းထက် သိုင်းလောကမှသတင်းများကို လိုက်လံစုံ
စမ်းကာ သတင်းရောင်းစားသူဘဝ၌အတန်ကြာကျင်လည်ခဲ့သည်။

ထိုမှတစ်ဖန် အဆိပ်ပညာကိုစိုက်လိုက်မတ်တတ် ပြန်လည်
လေ့လာပြီး သိုင်းလောကသို့ပြန်ဝင်လာခြင်းဖြစ်ပေသည်။

သူ အဆိပ်ပညာဆက်လက်လေ့လာခဲ့၍သာ သူ့ကျေးဇူးရှင်
ကျင်းဖုံးကို ပြန်လည်ကုသပေးနိုင်သည်မဟုတ်ပါလော။

ယင်းဖုံးက ငိုကြွေး၍တောင်းပန်သည်။

"အစ်ကို၊ ညီမလေးမှားပါတယ်၊ မမရဲ့အဆိပ်ဝေဒနာကို ကု
ပေးပါနော်- နော်"

ထုံထင်းရိပ်သည် မဆင်မခြင် ဖွတ်တရွတ်လုပ်တတ်သည့်
ယင်းဖုံးကိုငေးကြည့်နေမိလေ၏။ ယင်းဖုံးမှာ သူ့ကိုမကျေမနပ်
သဖြင့် သူ့အစ်မ၏အဆိပ်ဝေဒနာကို ထုံထင်းရိပ် ကုမပေးတော့ဟု
ထင်မှတ်ကာ ထပ်မံတောင်းပန်ပြန်လေ၏။

"အစ်ကို၊ ညီမ အထင်မှားပြီးတိုက်နိုက်မိတဲ့အပြစ်ကို ခွ
လွှတ်ပါနော်၊ မမအသက်ရှင်ဖို့ ညီမအသက်ပေးရမယ်ဆိုရင် ခု
ညီမအသက်ကိုပေးပါ့မယ်"

ထုံထင်းရိပ်သည် သက်ပြင်းရှည်ကြီးချလိုက်၏။

"ဒီလောက် တောင်းပန်နေဖို့မလိုပါဘူးညီမလေးရယ်၊ ညီ
တို့နှစ်ယောက်ဟာ ကျုပ်ရဲ့အသက်သခင် ကျေးဇူးရှင်တွေပဲ၊ ဘာ
ဖြစ်ဖြစ် သူ လူကောင်းပကတိဖြစ်လာအောင် အစ်ကို ပြန်ကုပေး
မယ်"

ထုံထင်းရိပ်၏ဝန်ခံကတိကြောင့် ယင်းဖုံးမှာမျက်ရည်ကျရင်း
ရယ်နိုင်ပြုံးနိုင်ဖြစ်လာလေတော့သည်။

## သူ့ကျေးဇူး ကိုယ့်ကျေးဇူး

ကွေ့ကျန်ချူနှင့်ဝေဝေတို့သည် မြို့စားကြီး၏အကျပ်ကိုင်
မှုမှ မလွတ်ကင်းနိုင်ပြန်သဖြင့် မိုးနဂါးတောင်သို့ တစ်ဖန်ခရီးဆက်
ရပြန်လေတော့၏။

သူတို့သည် မျိုးချစ်စိတ်ကင်းမဲ့သူများမဟုတ်ပါ။

အထူးသဖြင့် ဝေဝေသည် ကွေ့ကျန်ချူထက်ပို၍ မျိုးချစ်
စိတ်ရှိသည်။ ကွေ့ကျန်ချူမှာမူ အထက်လမ်းမကျ အောက်လမ်း
မကျ တစ်ကိုယ်တော်သိုင်းသမားဖြစ်၍ ဝေဝေ့လောက် တိုင်းပြည်
ချစ်စိတ်မရှိပေ။

သူ၏သားလေးနှင့် တိုင်းပြည်အရေး ချိန်စက်လိုက်သော
အခါ သားအရေးက အလေးသာသွားပြီး ဘုရင့်သားတော်လေးအား
ဖမ်းရန် သဘောတူလိုက်ခြင်းဖြစ်ပေတော့သည်။

ဝေဝေကမူ ဟုတ္တိပတ္တိဖြင့် လျှံယင်းချုံအားမင်းသမီးလေးကို
ရှာဖွေရန်၊ မင်းသမီးလေးကိုတွေ့ပါက ဘုရင့်သားတော်လေးကို

ရှာဖွေရန် သို့မှသာ ယောကျ်ားကောင်း ယောကျ်ားမြတ်ဖြစ်သည်၊ တာဝန်ကျေပွန်မည်ဟုပြောဆိုခဲ့သည်။ ပြောဆိုခဲ့သူက သစ္စာဖောက် သလိုဖြစ်နေခဲ့သည်။

သို့ရာတွင် သူမအား လျှော့လျှော့ပေါ့ပေါ့စဉ်းစားပါက လွှဲ ယင်းချို့အား ချစ်စိတ်လွန်ကဲလွန်းသဖြင့် နောက်ဆုံး၌ မောဟ အမှောင်ပိတ်ဖုံးသွားပြီး တိုင်းပြည်ချစ်စိတ်ထက် ချစ်သူချစ်စိတ်က အနိုင်ယူလွှမ်းမိုးသွားခြင်းဖြစ်သည်ဟု ယူဆနိုင်ပေသည်။

ဝေဝေနှင့်ကွေ့ကျန်ချူးတို့ တဝဲဝဲတလည်လည်ဖြင့် ဘုရင့် သားတော်လေးအားရှာဖွေနေစဉ် သားသမင်တစ်သိုက်ကို ကျား ဘုရင်လိုက်သည့်နယ် ကြောက်လန့်တကြား ပြေးလွှားလာသော မိန်းမပျို့နှစ်ဦးနှင့်ဆုံမိကြလေ၏။

"ဟယ်- ဘုရင့်သားတော်လေးကိုတွေ့ဖို့ကျတော့ ခက်လိုက် တာ၊ ဒီလောက်ကြမ်းတမ်းခက်ခဲတဲ့နေရာမှာ နုပျိုချောမောတဲ့ မိန်း ကလေးတွေကျတော့ တွေ့ရလွယ်လိုက်တာ"

မိန်းမပျို့နှစ်ဦးသည် မမျှော်လင့်ဘဲနှင့် ကွေ့ကျန်ချူးတို့ကို တွေ့လိုက်ရာ အလွန်တရာဝမ်းသာသွားကြလေ၏။

လူသူမနီးသောဤခရီးဝယ် လူသားနှစ်ဦးကို တွေ့လိုက်ရ သည်မှာ သူမတို့အဖို့ နတ်သိကြားများကိုတွေ့လိုက်ရသည်နှင့် မ ခြားတော့ပေ။

"ကျွန်မတို့ကို ကယ်တော်မူပါ"

မိန်းမပျို့နှစ်ဦးသည် ကြောက်ရွံ့ထိတ်လန့်စွာ တောင်းပန်ပြီး ကွေ့ကျန်ချူးနောက်သို့ပြေးဝင်ပုန်းကြလေ၏။



ကွေ့ကျန်ချူးမှာ မတတ်သာတော့ဘဲ မိန်းမပျို့များနောက်သို့ တရကြမ်းလိုက်လာသည့်ရန်သူများကို ရင်ဆိုင်ရလေတော့၏။

"ဟာ- ရှုလင်းခွမ်တို့ပါလား"

ကွေ့ကျန်ချူး တအံ့တဩရေရွတ်လိုက်သည်။ ရှုလင်းခွမ် သည် အဘယ်သို့သောအကြောင်းဖြင့် ဤတောင်ပေါ်သို့ ရောက်ရှိ လာရသနည်း။

အဘယ်သို့သောအကြောင်းဖြင့် မိန်းမပျို့နှစ်ဦးအား လိုက်လံ ဖမ်းဆီးနေရသနည်း။

ထိုစဉ် ရှုလင်းခွမ်နှင့် တပည့်သုံးဦးသည် ကွေ့ကျန်ချူးအနီး သို့ရောက်ရှိလာလေတော့သည်။

"ရပ်လိုက်၊ မင်းတို့ ဘာဖြစ်လို့ သရဲမင်းရဲစီးလာကြတာလဲ"

ရှုလင်းခွမ်အပြေးရပ်သွား၏။

"ခင်ဗျားနဲ့ဘာဆိုင်လို့လဲ"

"မိုးနဂါးတောင်ပေါ်မှာ မဆိုင်တဲ့ကိစ္စဆိုတာမရှိဘူးကွ၊ ဒါကို မင်းနားမလည်ဘူးလား"

"ခင်ဗျား ဝင်မရှုပ်ပါနဲ့"

"ငါက လူကောင်းတော့မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့မျက်စိ အောက်မှာမတရားလုပ်တာမျိုးကိုတော့ ကြည့်မနေနိုင်ဘူးကွ"

"ဩော်- ခင်ဗျားကသေချင်နေတာကိုး၊ ကောင်းပြီ၊ သူ့ကို ဆုံးမပေးလိုက်ကြပါဟေ့"

ရှုလင်းခွမ်က သူ့တပည့်သုံးယောက်အား အချက်ပြလိုက် လေ၏။

ရှလင်းခွမ်၏တပည့်သုံးယောက်သည် ဆရာသမား၏ အ ချက်ပြမှုကိုမြင်သည်နှင့် ကွေ့ကျန်ချူးအား ဝိုင်းဝန်းတိုက်ခိုက်ကြ လေတော့၏။

သူတို့စိတ်ထဲ၌ ခွေးသေကောင်ကို လင်းတဆွဲသကဲ့သို့ ဆွဲ နိုင်မည်ဟု ထင်မှတ်နေကြဟန်တူသည်။

သူတို့သည် ကွေ့ကျန်ချူး၏အစွမ်းကိုမသိကြချေ။

ကွေ့ကျန်ချူး၏ ပြင်းထန်သောခုခံတွန်းလှန်မှုကို တွေ့ရ သောအခါ ရန်သူများအုံ့ဩထိတ်လန့်သွားကြသည်။

ရှလင်းခွမ်၏တပည့်သုံးယောက်သည် ကွေ့ကျန်ချူးအား အ သက်စွန့်တိုက်ခိုက်သည့်တိုင် မနိုင်နိုင်ကြောင်း နားလည်သဘော ပေါက်လာကြ၏။

ဘေးမှကြည့်နေသည့် ရှလင်းခွမ်သည်လည်း ထိုအချက်ကို သဘောပေါက်လာသည်။

"ဩော်- ဟော်- ဟော်- ခင်ဗျားက သိပ်အစွမ်းကောင်း နေတာကိုး"

ရှလင်းခွမ်သည် တိုက်ပွဲစည်းအတွင်းသို့ခုန်ဝင်လိုက်သည်။ ထို့နောက် တပည့်သုံးဦးနှင့်အတူ တရကြမ်းတိုက်ခိုက်နေတော့၏။

ရှလင်းခွမ်၏ပညာမှာမဆိုးလှချေ။ သူတစ်ဦးတည်းဆိုလျှင် ကွေ့ကျန်ချူးအား ယှဉ်ပြိုင်တိုက်ခိုက်နိုင်ကောင်း တိုက်ခိုက်နိုင်မည် ဖြစ်သော်လည်း တပည့်သုံးဦးနှင့်စုပေါင်းတိုက်ခိုက်သည့်အခါတွင်မူ လက်ရည်ညီသလိုဖြစ်လာ၏။

သို့ရာတွင် အရည်အချင်းကိုအရည်အတွက်က ဖုံးလွှမ်းခြင်း



မဖြုနိုင်ပေ။ ...ည်ယှဉ်ပြိုင်လာသည့်အခါတွင် ကွေ့ကျန်ချူး၏ စွမ်းရည်သည် ပို၍တောက်ပြောင်လာ၏။

ရွှေကိုအကြိမ်ကြိမ် မီးပေးလော့်သောအခါ အရောင်တောက် ထွန်းသစ်လာသကဲ့သို့ ကွေ့ကျန်ချူး၏သိုင်းစွမ်းရည်သည် အံ့မခန်း ဆန်းကျယ်လာ၏။

"ဝုန်း- ဝုန်း- ဝုန်း"

ရှလင်းခွမ်၏တပည့်သုံးဦး လွင့်စဉ်ထွက်သွား၏။ အသီးသီး ဒဏ်ရာရရှိသွား၏။

"ဟေ့- ဘာဖြစ်လို့နောက်ဆုတ်သွားကြရတာလဲ၊ အသေခံ တိုက်ကြလေ"

ရှလင်းခွမ်၏တပည့်များသည် ဒဏ်ရာများရရှိနေလျက်မှ ဆရာ့စကား မြေဝယ်မကျနားထောင်ကာ ရှေ့သို့တိုးလာကြပြန်၏။

"မင်းတို့သေချင်ကြသလား၊ ဒီတစ်ခါဆိုရင် မင်းတို့သေပြီ"

ကွေ့ကျန်ချူးက ဟိန်းဟောက်ခြိမ်းခြောက်လိုက်၏။

ရှလင်းခွမ်၏တပည့်များကာ နောက်မဆုတ်ချေ။ ရှေ့မှ ဝိုင်းတိုက်ရန်ကြိုးစားကြ၏။

အခြေအနေကို ကောင်းစွာသုံးသပ်မိပြီဖြစ်သော ရှလင်းခွမ် သည် ကွေ့ကျန်ချူး တစ်ဘက်သို့အာရုံရောက်နေခိုက် နောက်မှ လက်နက်ပုန်းဖြင့်ပစ်ခတ်လိုက်လေ၏။

ကွေ့ကျန်ချူးသည် လေတိုးသံကြားလိုက်ရသဖြင့် သူ၏အကျႌ လက်စရှည်ဖြင့်ခါယမ်းလိုက်၏။ သို့ပါသော်လည်း တစ်ခုသော အဆိပ်လက်နက်ပုန်းသည် သူ၏လက်ခုံ၌လာစိုက်လေ၏။

"ဆုတ်ကြတော့ပေ့"

ရှလင်းခွမ်သည် သူ၏လက်နက်ပုန်းတစ်ခု ကွေ့ကျန်ချူးအားသွားထိသည်ကို မသိလိုက်ချေ။

ထို့ကြောင့် သူ့တပည့်များကိုအချက်ပေးပြီး တောင်အောက်သို့ဆင်းပြေးလေတော့သည်။ သူ့တပည့်သုံးဦးလည်း ဒယီးဒယိုင်ဖြင့် ဆင်းပြေးကြလေ၏။

ရှလင်းခွမ်တို့ လူလုံးမပျောက်မီမှာပင် ကွေ့ကျန်ချူးလည်း ဝုန်းခနဲလဲကျသွားလေသတည်း။

ဝေဝေသည် ကွေ့ကျန်ချူးအတွက် လွန်စွာစိုးရိမ်သွားလေ၏။ ဤမျှနက်ရှိုင်းသောမိုးနဂါးတောင်အတွင်း သူမတစ်ယောက်တည်း ခရီးသွားရမည်ဆိုလျှင် သေဖွယ်သာရှိပေတော့မည်။

ကွေ့ကျန်ချူး၏ကယ်တင်မှုကိုခံရသော မိန်းကလေးနှစ်ဦးမှာလည်း ဝေဝေကဲ့သို့ပင် စိုးရိမ်တကြီးဖြင့် ချဉ်းကပ်လာကြသည်၊ ကွေ့ကျန်ချူးသည် အသက်သခင်ကျေးဇူးရှင်မဟုတ်ပါလား။

"ကျွန်- ကျွန်မတို့ကိုကယ်လို့ ခုလိုဖြစ်သွားရတာပါ၊ ကျွန်မတို့စိတ်မကောင်းပါဘူးရှင်"

ကွေ့ကျန်ချူးက မချိပြုံးပြုံးလိုက်သည်။ သူ့လက်ကို ကြည့်လိုက်သောအခါ အဆိပ်အပ်ထိထားသောလက်သည် ချက်ချင်းရောင်ကိုင်းလာသည်ကို တွေ့လိုက်ရသည်။

ကွေ့ကျန်ချူးက-

"ကိစ္စမရှိပါဘူးမိန်းကလေးရယ်၊ ကယ်ခွင့်ကြုံလို့ကယ်လိုက်ရတာပဲ၊ ကျုပ်တို့မှာ တခြားအရေးကိစ္စမကြုံသေးခင်တွေ့လိုက်ရလို့



မိန်းကလေးတို့ ကံကောင်းသွားတာပါ၊ ကျုပ်တို့သာ တခြားအရေးကိစ္စကြုံနေရင် မိန်းကလေးတို့ရဲ့ဒုက္ခကိုမြင်ပေမယ့် ဥပေက္ခာပြုလိုက်ရမှာပါပဲ၊ ဒါတွေက ကိစ္စမရှိပါဘူး၊ ကျုပ်- ကျုပ် ရေတော်လိုက်တာ"

ကျန်သောမိန်းကလေးသည် ကွေ့ကျန်ချူး၏ရောင်ကိုင်းနေသောလက်ကိုကြည့်ကာ မသက်မသာပြောလေတော့သည်၊

"ဒီအဆိပ်ဟာ သုံးရက်အတွင်း ကုရင်ကု၊ မကုရင် အသက်သေနိုင်တယ်လို့သိထားပါတယ်ရှင်"

ထိုစကားလုံးများကြောင့် အကြီးအကျယ်ထိတ်လန့်သွားသူမှာ ကွေ့ကျန်ချူးမဟုတ်ချေ။ ဝေဝေဖြစ်၏။

"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲဟင်၊ သူသေရင် ကျွန်မတော့ဒုက္ခဖြစ်ပြီ၊ ကျွန်မတို့ ရှေ့ဆက်သွားစရာရှိသေးတယ်"

"ဒီတောင်ခြေမှာ ရွာကလေးတစ်ရွာရှိပါတယ်၊ အဲဒီရွာကို ကျွန်မတို့ ရောက်လဲရောက်ဖူးပါတယ်။ အဲဒီရွာမှာ သမားတော်ကြီးတစ်ယောက်ရှိပါတယ်၊ သူ ကုနိုင်မလားတော့မသိဘူး၊ ဒီက ဒဏ်ရာရသွားတဲ့အစ်ကိုကြီးဟာ ကျွန်မတို့ရဲ့အသက်သခင်ဖြစ်နေတော့ ကျွန်မတို့ကလဲပြန်ပြုစုရမှာပေါ့၊ ကဲ-ပြောနေကြာတယ်၊ ခုပဲ တောင်ခြေကိုဆင်းမယ်၊ အစ်မလေးကတော့ အစ်ကိုကြီးကို စောင့်ရှောက်နေခဲ့ပါ၊ သမားတော်ကြီးကိုပင့်ပြီး ကျွန်မတို့ပြန်တက်လာခဲ့ပါ့မယ်"

မိန်းကလေးတစ်ယောက်ကထိုသို့ပြောပြီး ကျန်တစ်ယောက်၏လက်ကိုဆွဲကာ တောင်ခြေသို့ပြေးထွက်သွားလေတော့၏။

ဝေဝေမှာ ကွေ့ကျန်ချူးအနီး၌ မျက်ရည်တလည်လည်ဖြင့်

ကျန်ခဲ့ရှာသည်။ ကွေ့ကျန်ချူးက-

"စိတ်မကောင်းမဖြစ်ပါနဲ့ဗျာ၊ ကုသိုလ်ကံက အရေးကြီးပါတယ်၊ ကံရှိရင် ကျွပ်မသေနိုင်ပါဘူး"

ဒဏ်ရာရထားသည့်ကွေ့ကျန်ချူးက ဝေဝေကိုပဲပြန်လည်နှစ်သိမ့်နေပေသေးသည်။

"ရှင်- သေသွားရင် ကျွန်မတော့ဒုက္ခပဲ၊ ရှင်နဲ့တောင် ဘုရင့်သားတော်လေးရှိတဲ့ဂူကို မရှာနိုင်တာ၊ ကျွန်မတစ်ယောက်တည်းဆိုရင်တော့ ပြောစရာမရှိတော့ဘူး"

ကွေ့ကျန်ချူးသည် အဆိပ်တက်လာမည်ကိုစိုးရိမ်သဖြင့် သူ၏လက်မောင်းရင်းမှအကြောများကို ထိုးပိတ်လိုက်သည်။ သို့မှသာ အဆိပ်သည် နှလုံးသို့ရောက်မလာနိုင်ဘဲ တန့်သွားမည်မဟုတ်ပါလား။

တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ အဆိပ်ဒဏ်ကြောင့်လည်းကောင်း သူသည် သစ်ပင်အမြစ်ကြီးကိုမှီ၍မှိန်းနေလေ၏။

ဝေဝေသည်လည်း အလိုက်သိစွာပင်ငြိမ်နေလိုက်ရသည်။

ညနေစောင်းသောအခါ မိန်းမပျိုနှစ်ဦးသည် တောင်ခြေသမားတော်ကြီးကို ပင့်ခေါ်ရောက်ရှိလာကြသည်။

ဝေဝေက လိုက်လှဲစွာပြောသည်။

"ညီမလေးတို့ ကတိတည်ကြပါပေတယ်၊ ညီမလေးတို့သာ ဆရာကြီးကို ပင့်မလာသေးဘူးဆိုရင် မမတို့ဆောင်ရွက်ရမယ့်ကိစ္စ ရေစုန်မျောပြီပေါ့ကွယ်"

"ဟာ- မဟုတ်တာမမရယ်၊ ကျွန်မတို့ရဲ့ အသက်သခင် ကျေးဇူးရှင်ကို ကျွန်မတို့ကဘာဖြစ်လို့မေ့ထားရမှာလဲ"



မိန်းမပျိုတစ်ဦးက ဝေဝေအားပြောပြီး သမားတော်ကြီးအား တစ်ဆက်တည်းပြောသည်။

"ဆရာကြီး ကျွန်မတို့ပြောတဲ့လူနာဟာ သူပါပဲရှင်၊ ကျွန်မတို့ရဲ့အသက်သခင်ကျေးဇူးရှင်မို့လို့ ဆရာကြီးအနေနဲ့ အစွမ်းကုန်ကုသပေးဖို့ ကျွန်မတို့တောင်းပန်ပါတယ်ရှင်"

သမားတော်ကြီးကာ အသက်ငါးဆယ့်ငါးနှစ်ခန့်ရှိလေပြီ၊ ကျေးလက်နေသမားတော်ကြီးဖြစ်၍ ကြံ့ခိုင်တောင့်တင်း၏။

သူ၏ မည်းနက်သောမုတ်ဆိတ်ရှည်ကြီးများကြောင့် ရှိရင်းအသက်ထက်ပို၍ ကြီးရင့်သလိုထင်မှတ်ရသည်။

သမားတော်ကြီးသည် စကားများများမပြောချေ။ အဆိပ်အပ်ထိထားသောလက်ကိုကိုင်ပြီး သူ့အိတ်ထဲမှသံလိုက်တုံးကလေးဖြင့်လျှောက်ပွတ်သည်။

မကြာမီ သေးငယ်သောအဆိပ်အပ်ကလေးကို တွေ့ရသည်။

"ရပြီ- အဆိပ်အပ်တော့ပြန်ထွက်လာပြီ၊ အဆိပ်ကိုထုတ်ဖို့ပဲကျန်တော့တယ်"

သမားတော်ကြီးသည် ကွေ့ကျန်ချူး၏ပါးစပ်ထဲသို့ ဆေးလုံးနှစ်လုံးပစ်ထည့်ပေးသည်။

နာရီဝက်ခန့်ကြာသောအခါ ကွေ့ကျန်ချူးသည် မှိန်းနေရာမှ မျက်စိပွင့်လာလေ၏။

မိန်းမပျိုနှစ်ယောက်နှင့်ဝေဝေတို့သည် ထိုအခါကျမှ သက်ပြင်းချနိုင်ကြလေ၏။

"အစ်ကိုကြီး- ဘယ့်နှယ့်နေသေးသလဲ"

"ငါ သက်သာလာပါပြီ"

အားလုံးဝမ်းသာသွားကြ၏။

သမားတော်ကြီးက-

"ဒီအဆိပ်က သိပ်မပြင်းပါဘူး၊ တချို့ အဆိပ်ဆိုရင် တခွေ ခုနဲ့ပဲ၊ ဒီအဆိပ်မျိုးက သုံးရက်ကြာမှသေတယ်ဆိုတော့ ကုသချိန် အများကြီးရပါတယ်၊ နောက်ထပ် အဆိပ်ဖြေဆေးလေးလုံး စား လိုက်ရင် လူကောင်းပကတိဖြစ်သွားမှာပါ"

ဝေဝေက သမားတော်ကြီးကိုလက်အုပ်ချီ၍ ရှိခိုး၏။

"ကျေးဇူးကြီးလှပါတယ်ဆရာကြီးရယ်"

ဝေဝေသည် သမားတော်ကြီးအား ဆေးဖိုးဝါးခထုတ်ပေးရာ သမားတော်ကြီးကလက်မခံချေ။

"ကျုပ်က ငွေကြေးယူပြီးကုသတဲ့ ဆေးဆရာမဟုတ်ပါဘူး၊ ကျုပ်က စေတနာနဲ့အသက်ကယ်တဲ့သမားတော်ပါ၊ ကဲ- ဒီဆေးလုံး လေးတွေယူထားလိုက်၊ နက်ဖြန် နှစ်လုံးတိုက်၊ နောက်နေ့ နှစ်လုံး တိုက်၊ ဒါဆိုရင် သူလူကောင်းပကတိဖြစ်သွားမယ်၊ အခုလဲ လှုပ်နိုင် ရှားနိုင်သွားနိုင်လာနိုင်ပါတယ်၊ လက်ကတော့ နည်းနည်းရောင်နေ ဦးမှာပေါ့လေ"

မိန်းကလေးနှစ်ဦးကလည်း ကွေ့ကျန်ချူးနှင့် ဝေဝေတို့ကို ဂါရဝပြုနှုတ်ဆက်သည်။

"ကျွန်မတို့ကိုလဲ ခွင့်ပြုပါဦးနော်၊ ဆရာကြီးနဲ့ တောင်ခြေကို ဆင်းလိုက်သွားပါတော့မယ်"



ကွေ့ကျန်ချူးက လှိုက်လှဲစွာပြောသည်။

"သွားကြပါကွယ်- သွားကြပါ၊ မိန်းကလေးတို့ကို ကျုပ်ကယ် ...င်ရကျိုးနပ်ပါတယ်၊ မေတ္တာစေတနာဟာ အပြန်အလှန်ရှိတယ် ...ဆိုတာ ကျုပ်သဘောပေါက်ပါပြီ"

သမားတော်ကြီးနှင့်မိန်းကလေးနှစ်ဦးတို့သည် တောင်ပေါ် ...ဆင်းသက်သွားကြလေတော့၏။

❖❖

တာပဲ၊ အစ်ကို့ကိုမျှဉ်းပြီးဒုက္ခပေးမှာလဲ သေချာတယ်"

လျှံယင်းချုံသည် မန်ချူးများကို မြောက်ပိုင်းမှမည်သို့မည်ပုံနှင်ထုတ်ပစ်မည်ကို မနားတမ်းပြောလာလေ၏။

သို့ရာတွင် သူ့စကားသံသည် သွက်လက်ခြင်းမရှိပေ။

တစ်ချိန်ထက်တစ်ချိန် လေးလံလာသည်။

လျှာလေးအာလေး ဖြစ်လာသည်။

"ငါ အဆိပ်မိတာသေချာပြီညီမလေး၊ ငါ့ကို ထုံထင်းရိပ်ဆီရောက်အောင်ပို့နော်"

"အစ်ကို လမ်းမလျှောက်နိုင်တော့ဘူးလား"

"လမ်းတော့လျှောက်နိုင်ပါတယ်၊ ဒါပေမယ့် ငါ့အာရုံတွေဝေဝါးလာတယ်"

"ကိစ္စမရှိဘူး၊ ညီမပခုံးကိုသာကိုင်ပြီးလျှောက်ပါ၊ အစ်ကို့ကိုထုံထင်းရိပ်ရဲ့ဂူထဲရောက်အောင် ကျွန်မခေါ်သွားပေးပါ့မယ်"

လျှံယင်းချုံမှာ လေးတိလေးကန်ဖြင့် ချန်းနီနောက်သို့ ပါသွားလေ၏။

ထူးဆန်းသော တိုက်ဆိုင်

ချန်းနီနှင့် လျှံယင်းချုံတို့သည် မိုးနဂါးတောင်ခရီးစဉ်အတိုင်းလျှောက်လာနေကြသည်။

"အစ်ကို- အစတုန်းကလို သွက်သွက်လက်လက်မရှိဘူး၊ ဘာဖြစ်နေတာလဲ"

ချန်းနီက ထိုင်းထိုင်းမှိုင်းမှိုင်းလမ်းလျှောက်နေသည့်လျှံယင်းချုံအားကြည့်၍ မေးလေ၏။ လျှံယင်းချုံက

"အစ်ကိုလဲ ဘာဖြစ်မှန်းမသိပါဘူးကွယ်၊ တစ်ခုတော့ ရှိတယ်။ ထောင်ထဲမှာပေးတဲ့အစားအစာတွေထဲမှာ အဆိပ်နည်းနည်းစီထည့်ထားသလားတော့ မပြောတတ်ဘူး"

ချန်းနီက ယောကျ်ားကလေးတစ်ဦးသဖွယ် လက်ဖျစ်တီးလိုက်လေ၏။

"ဖြစ်နိုင်တယ်၊ အများကြီးဖြစ်နိုင်တယ်၊ ဒီမန်ချူးလက်ပါးစေတွေဟာ မျိုးချစ်သိုင်းသမားတွေကို နည်းအမျိုးမျိုးနဲ့ လုပ်ကြံတတ်

ထုံထင်းရိပ်သည် ကျင်းဖုံး၏အတွင်းဒဏ်ရာကို ကုသပေးနေ၏။ သူတစ်ဦးတည်း ကုသနေခြင်းမဟုတ်ပါ။ ယင်းဖုံးနှင့်ပူးပေါင်းကာ ကုသပေးနေခြင်းဖြစ်ပါသည်။

ထိုအရေးကြီးသောအချိန်မှာပင် စီးတိန့်ကုသည် ထုံထင်းရိပ်၏ဂူရှေ့သို့ရောက်ရှိလာလေတော့၏။

သူသည် ဂူရှေ့၌ရပ်ကာအကဲခတ်သည်။ ဂူ၏ ရှေ့ပိုင်း၌ အတုံးအရုံးလဲကျနေသူများကိုတွေ့သောအခါ ပြုံးလိုက်သည်။ ထို့နောက် ဂူထဲသို့တစ်လှမ်းချင်းဝင်လာလေတော့သည်။

ဂူ၏အတွင်းပိုင်း၌ ထုံထင်းရိပ်နှင့်ယင်းဖုံးတို့ပူးပေါင်းပြီး ကျင်းဖုံးအားကုသနေသည်ကို တွေ့လိုက်ရသည့်အခါတွင်မှ သူသည် လက်ခမောင်းထခတ်မတတ် ဖြစ်သွား၏။

"ဟား- ဟား- ဟား- ပျံလေတဲ့ငှက်ခါး နားခါမှသိမယ်ဆိုတဲ့စကားလိုပဲ၊ ဒေါင်းမနန်းတော်သခင်မကျင်းဖုံးကိုလဲတွေ့ပြီ၊ ငါနဲ့ပြိုင်ပြီး အဆိပ်လောကသရဖူကိုလုမယ့်ထုံထင်းရိပ်ကိုလဲ တွေ့ပြီ၊ ခုနေခါတိုက်ရင် ဒီကောင်တွေကို မသာကြီးတုပ်ရိုက်ရသလို အပိုင်တိုက်နိုင်ပြီ"

စီးတိန့်ကုသည်ရပ်ကြည့်ရင်း စိတ်ထဲမှပြောနေခြင်းဖြစ်ပေသည်။

သူသည် တဖြည်းဖြည်းရှေ့သို့တိုးသွားပြီး ထုံထင်းရိပ်နှင့် ယင်းဖုံးတို့၏သွေးကြောများကိုထိုးပိတ်လိုက်ရာ နှစ်ယောက်စလုံး တုံးခနဲလဲကျသွားလေ၏။

ကျင်းဖုံးမှာမူ မိန်းမောမှုဆဲရှိလေ၏။



စီးတိန့်ကုသည် လက်ဝါးနှစ်ဖက်ကိုကျေနပ်စွာပွတ်သပ်ပြီး ရှေ့ခန်းသို့ထွက်လာ၏။ လဲကျနေသူများကို တစ်ယောက်ချင်း လိုက်လံစစ်ဆေးရာ ရယ်စရာ၊ ဖားကလေး၊ ကျင်းဟန်ရိနှင့် ခွန်းလွန့်ဂိုဏ်းချုပ်ဆူထိုင်တို့ကို အံ့ဩဖွယ်ရာတွေ့ရှိလိုက်ရသည်။

"ခွန်းလွန့်ဂိုဏ်းချုပ်ဆူထိုင်က ဘယ့်နှယ်ဒီဂူထဲရောက်လာရတာလဲ၊ တော်တော်အံ့ဩစရာကောင်းတာပဲ"

သူသည် လဲကျနေသူများအား ထပ်မံစစ်ဆေးရာ ဆေးသောက်ပြီးသတိမေ့နေကြောင်းတွေ့ရှိရသဖြင့် သူ့အတွင်းအိတ်ထဲမှ ဆေးအိတ်ကလေးတစ်အိတ်ကို ထုတ်ယူလိုက်သည်။

အိတ်ထဲမှဆေးလုံးကလေးများကို ထုတ်ယူပြီး တစ်ယောက်စီ၏ပါးစပ်ထဲထည့်ရန်ပြုပြီးမှ တစ်စုံတစ်ခုကိုသတိရကာ လူတစ်ဦးစီ၏အကြောများကိုထိုးပိတ်လိုက်လေ၏။ ပြီးမှ ဆေးတစ်လုံးစီ တိုက်ကျွေးသည်။ ထိုအခါ သတိမေ့နေသူအားလုံး ပြန်လည်သတိရလာလေတော့၏။

စီးတိန့်ကုက အထက်စီးလေသံဖြင့်-

"ဘယ်လိုလဲ၊ မင်းတို့အားလုံး သတိရလာပြီမဟုတ်လား"

ခွန်းလွန့်ဂိုဏ်းချုပ်ဆူထိုင်သည် အဆင့်အတန်းမြင့်သူ ဂိုဏ်းချုပ်ကြီးတစ်ဦးဖြစ်ရာ စီးတိန့်ကု၏ ပမာမခန့်စကားကို လွန်စွာဒေါသထွက်မိလေ၏။

"နင်ကလား ရာရာစစ၊ ငါ့ကို ဘယ်လိုလူများအောက်မေ့နေသလဲ"

ဂိုဏ်းချုပ်ဆူထိုင်သည် တိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

ဆူထိုင်၏ဟန်ပန်ကိုကြည့်၍ စီးတိန်ကုကသည်းထန်စွာရယ်မောလိုက်သည်။

"အေးဆေးနေပါဂိုဏ်းချုပ်ကြီး၊ ကျုပ်က ခင်ဗျားတို့ရဲ့အကြောတွေကိုပိတ်ပြီးမှ သတိရအောင်ပြန်လုပ်ပေးထားတာဗျ၊ ခင်ဗျား တိုက်ခိုက်ဖို့ကြိုးစားလဲအပိုပဲ"

ဂိုဏ်းချုပ်ဆူထိုင်သည် စီးတိန်ကု၏စကားကြောင့် သူမ၏အတွင်းအားကျင့်စဉ်ကိုကျင့်ရန် ကြိုးစားကြည့်သည်။ ထိုအခါကျမှသူမ အကြောပိတ်ခံထားရမှန်းသိလေတော့သည်။

ထိုစဉ် ဖားကလေးက-

"ခင်ဗျား အကြောပိတ်လဲပိတ်ပိတ်ပေါ့၊ မကြာခင် ထုံထင်းရိပ်တွက်လာမှာပဲ၊ ခင်ဗျား အကြောပိတ်တာလောက်တော့ ထုံထင်းရိပ်က ရယ်တာပေါ့ဗျ"

စီးတိန်ကုက သဘောကျစွာရယ်မောလေ၏။

"မင်းတို့က သူ့ကိုအားကိုးနေသလား၊ အဲဒီလိုဆိုရင်တော့ မင်းတို့မှားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ သူကလဲ မင်းတို့ကို အားကိုးနေလို့ပဲ"

ဖားကလေး၊ ရယ်စရာ၊ ကျင်းဟန်ရီနှင့် ဆူထိုင်တို့မှာ ထိုစကားကြောင့် အကြီးအကျယ်အံ့ဩသွားကြလေ၏။ ထုံထင်းရိပ်ကိုယ်တိုင် ဘေးအန္တရာယ်ကျရောက်နေပြီဖြစ်ကြောင်း သူတို့ ရိပ်မိလိုက်ကြ၏။

ထိုအချိန်မှာပင် လျှံယင်းချုံနှင့်ချန်းနီတို့သည် ထုံထင်းရိပ်၏ဂူရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာလေတော့သည်။



ထုံထင်းရိပ်၏ဂူကို စီးတိန်ကုကသိမ်းပိုက်ထားကြောင်း လျှံယင်းချုံတို့မသိရှိသဖြင့် သူတို့သည် ဂူထဲသို့ခပ်ဧအးအေးပင် ဝင်လာကြသည်။ စီးတိန်ကုနှင့်ပက်ပင်းတိုးသောအခါမှ အထိတ်တလန့်ဖြင့် နောက်ဆုတ်ရန်ကြိုးစားကြရာ သူတို့အဖို့မလွယ်ဘဲ ဖြစ်သွားရတော့သည်။

"ဟော့- ဟော့၊ ဘာဖြစ်လို့နောက်ဆုတ်နေရတာလဲ၊ လာခဲ့ကြပါ၊ ရှေ့တိုးခဲ့ကြပါ"

ချန်းနီမှာ မတတ်သာတော့သဖြင့်ရင်ဆိုင်ရတော့သည်၊

"ဘာလဲ၊ ရှင်ကဘာလုပ်ချင်လို့လဲ"

ချန်းနီက ဒေါသတကြီးရန်တွေ့၏။

"ဟဲ- ဟဲ- ဟဲ- ငါဟာ သိုင်းလောကထဲ ခြေစုံပစ်ဝင်လာပြီကွ၊ ဒီတော့ သိုင်းလောကထဲကဆူးငြောင့်ခလုတ်တွေကို ရှင်းပစ်ရတော့မှာပဲ၊ သိုင်းလောကရဲ့အရှင်သခင်ဖြစ်ပြီးတော့လဲ မန်ချူးတွေကို ကြီးစိုးရတဲ့အခြေအနေဖြစ်အောင် ဖန်တီးရမှာပေါ့၊ မင်းတို့နောက်မဆုတ်ကြပါနဲ့၊ ငါ့ဆီလာပြီး အေးအေးဆေးဆေး အဖမ်းခံကြပါ"

စီးတိန်ကုက ပိုင်နိုင်စွာပြောလေ၏။

ချန်းနီက ခြောက်ကပ်စွာရယ်သည်။

"ရှင်က ကျွန်မတို့ကို သစ်တုံးတွေမှတ်နေသလား"

"မင်းတို့က သစ်တုံးထက် ဘာများပိုလှုပ်ရှားနိုင်သေးလို့လဲ"

"ဒီလိုဆိုစမ်းကြည့်ပါလား"

ချန်းနီသည် လျှံယင်းချုံကိုဘေးသို့ဖယ်ကာ စီးတိန်ကုအား

တရကြမ်းဝင်တိုက်လေ၏။

စီးတိန့်ကုသည် ချန်းနီ၏ဆရာဖြစ်သူကျင်းဖုံးနှင့် လက်ဖ

တူသူဖြစ်၏။ ချန်းနီမှာ သူ့အဖို့ အသေးအဖွဲ့သာဖြစ်၏။ တက

တမ်းတိုက်ခိုက်သည့်အခါ ချန်းနီမှာဘာမျှမတတ်နိုင်ဘဲ နောက်ဆ

အကြောပိတ်ခံလိုက်ရတော့သည်။

လျှံယင်းချုံမှာ ဘာဖြစ်မှန်းမသိဘဲ နုံးချိနေသူဖြစ်၏။ အ

များဝေဝါးနေသူဖြစ်သည်။ သူ့ခန့်မှန်းချက်မှာမူ စုကျူးမြို့စား

သူ့လူများသည် သူ့အား အစာထဲ၌အဆိပ်ခတ်သည်ဟုသာ ဖြ

သည်။

အမှန်တကယ်အားဖြင့်လည်း လျှံယင်းချုံ၏ခန့်မှန်းချက်မှ

မှန်ကန်ပေသည်။ ထိုသို့လုပ်ရန် စိတ်ကူးပေါက်သူမှာ စုကျူးမြို့

စားကြီးဖြစ်ပြီး အမိန့်ပေးစေခိုင်းသူမှာ အကြံပေးအရာရှိဟုန်ဖြ

၏။ နေ့စဉ်အစာထဲ၌ အဆိပ်အနည်းငယ်စီထည့်ပေးကျွေးမွေးသ

မှာမူ အကျဉ်းထောင်အရာရှိဖြစ်ပေသည်။

ထိုအဆိပ်များသည် အဆိပ်ပြင်းမဟုတ်ချေ။ တတိတိ ဒု

ပေးမည့်အဆိပ်များဖြစ်ပေသည်။

ယခု လျှံယင်းချုံသည် ချန်းနီလဲကျသွားသည်ကိုမြင်သ

နှင့် စီးတိန့်ကုအားတရကြမ်းတိုက်ခိုက်သည်။

သို့သော် တကယ်တမ်းအားဖြင့် အဆိပ်မိနေသူသည် အ

ဘယ်မှာလျှင် စီးတိန့်ကုအားယှဉ်ပြိုင်နိုင်ပါမည်နည်း။

"ဝုန်း"

လျှံယင်းချုံမှာ စီးတိန့်ကု၏လက်ဝါးရိုက်ချက်တစ်ချက်တည



နှင့်လွင့်စဉ်သွားရှာလေတော့၏။

သို့သော် ဇွဲဗီဇက ချက်ချင်းသတိပြုသည်။ ဒယီးဒယိုင်ဖြင့်

ပြန်ထလာသည်။

"ဩော်- တော်တော်သတ္တိကောင်းတဲ့ကောင်၊ တစ်ခါတည်း

သေပေတော့ကွာ"

စီးတိန့်ကုထံမှ အဖြူရောင်အငွေ့တန်းတစ်တန်း ထွက်လာ

၏။ ထိုအဖြူရောင်တန်းကား အဆိပ်ငွေ့များသာတည်း။

စီးတိန့်ကုက ကျေနပ်အားရစွာ တဟားဟားအော်ဟစ်ရယ်

နေမိ၏။ သူ့မျက်စိရှေ့၌ အလွန်တရာဖယားရှုပ်လှသော လျှံယင်းချုံ

တစ်ယောက် သေဆုံးတော့မည်မဟုတ်ပါလော။

သို့သော် လျှံယင်းချုံကား သူထင်ထားသလို ဝုန်းခနဲလဲကျ

မသွားချေ။ အဆိပ်ငွေ့များဝိုင်းပတ်နေသည့်ကြားမှ သူသည် ငူငူ

ငိုင်ငိုင်ကြီးရပ်နေသည်။

သူ့ခန္ဓာကိုယ်သည် ပူလိုက်အေးလိုက်ဖြစ်နေသည်။ သူ့ဦး

ခေါင်းများ တဒီးဒီးဖြစ်လာသည်။ တစ်ချိန်ထက်တစ်ချိန် ဦးခေါင်း

များ ကြည်လင်လာသည်။

လျှံယင်းချုံသည် သူ့အဖြစ်သနစ်များကို ပြန်လည်စဉ်းစား

နိုင်စွမ်းရှိလာ၏။ အဘယ့်ကြောင့် ဤသို့ဖြစ်လာပါသနည်း။

ထုံထိုင်းရီဝေနေသောအာရုံများ အဘယ်ကြောင့် ကြည်လင်

လာပါသနည်း။ ထိုလျှို့ဝှက်ချက်ကိုတော့ လျှံယင်းချုံမသိရှိပါ။

ထိုအချက်ကား အဆိပ်အဆိပ်ချင်း တန်ပြန် အဆိပ်ဖြေ

သောနည်းဖြစ်နေခြင်းပင်တည်း။

လျှံယင်းချို၏ ခန္ဓာကိုယ်အတွင်း၌ တတိတိစွဲဝင်နှိပ်စက်နေသောအဆိပ်များသည် စီးတိန်ကုပစ်လွှတ်လိုက်သောအဆိပ်ငွေ့များကြောင့် ကြေပျက်သွားရသည်။

မည်သို့ပင်ဖြစ်စေ သူ့အာရုံများကြည်လင်လာခြင်း၊ လေးလံထိုင်းမှိုင်းသောစိတ်များပျောက်သွားခြင်း၊ နဂိုပကတိအခြေအနေဖြစ်လာခြင်းတို့ကြောင့် လျှံယင်းချို ဝမ်းသာသွား၏။

သူသည် အဆိပ်ငွေ့များကို အင်္ကျီလက်စရှည်ဖြင့် ခါယမ်းထုတ်ပြီးနောက် ခုန်ထွက်လာ၏။

"ဟာ"

စီးတိန်ကုမှာ အလွန်တရာအံ့ဩထိတ်လန့်သွားလေတော့သည်။ အခြေအနေမဟန်မှန်းသိသည်နှင့် တစ်ချိုးတည်းလစ်ပြေးလေတော့သည်။

လျှံယင်းချိုသည် ပထမ၌စီးတိန်ကုနောက်သို့ လိုက်ရန်ကြံသေး၏။ သို့သော် ချန်းနီနှင့်ထုံထင်းရိပ်တို့ကို ပြန်လည်စဉ်းစားလိုက်မိသဖြင့် စီးတိန်ကုနောက်သို့မလိုက်ဖြစ်တော့ချေ။

လျှံယင်းချိုသည် ပထမဦးစွာ ချန်းနီ၏အကြောကိုဖွင့်ပေး၏။ ချန်းနီလှုပ်ရှားနိုင်သောအခါမှ ဂူထဲလိုက်လံစစ်ဆေးရာ ရယ်စရာ၊ ဖားကလေး၊ ကျင်းဟန်ရီနှင့်ခွန်းလွန်ဂိုဏ်းချုပ်ဆရာထိုင်တို့ကို အံ့ဩဖွယ်ရာတွေ့ရှိလိုက်ရလေတော့သည်။

"လျှံယင်းချို"

ထိုစကားတစ်လုံးကို ရယ်စရာ၊ ဖားကလေးနှင့်ကျင်းဟန်ရီတို့က တစ်ပြိုင်နက်ခေါ်လိုက်မိကြလေ၏။



လျှံယင်းချိုသည် အံ့ဩစိတ်ကိုခေတ္တဖယ်ထားကာ သူတို့၏ပိတ်နေသောသွေးကြောများကို ကြိုးစား၍ဖွင့်ပေးလိုက်သည်။

ပြီးမှ-

"ကျင်းဟန်ရီ၊ ခင်ဗျားက ဘယ့်နှယ်ဒီရောက်နေရတာလဲ"

ကျင်းဟန်ရီသည် လျှံယင်းချိုနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် လွန်စွာဝမ်းသာသွားသည်။ သူမ ခွန်းလွန်ဂိုဏ်းသို့ပြန်ရောက်နေကြောင်းကို သာလိကာမလေးသဖွယ် သွက်လက်စွာ ရှင်းပြနေလေတော့သည်။

ကျင်းဟန်ရီ စကားမပြတ်ဘဲဖြစ်နေသဖြင့် ခွန်းလွန်ဂိုဏ်းချုပ်ဆရာထိုင်မှာ စိတ်မရှည်ဘဲဖြစ်လာသည်။

"ဒါတွေ အသာထားစမ်းပါဦး၊ ဂူထဲဝင်ကြည့်စမ်းပါဦး၊ စီးတိန်ကုပြောသွားတဲ့စကားအရဆိုရင် အထဲကလူတွေ ဒုက္ခရောက်နေတဲ့ပုံပဲ"

"ဟုတ်တယ်၊ ကျွန်မတို့အထဲဝင်ကြည့်သင့်တယ်"

ချန်းနီကလည်းဝင်ရောက်ထောက်ခံ၏။ လျှံယင်းချိုက ခေါင်းညိတ်ပြီး ဂူအတွင်းသို့ဝင်သည်။

ဂူထဲ၌ အားလုံးလိုလို တုံးလုံးပက်လက်ဖြစ်နေကြောင်း တွေ့ရလေ၏။ ချန်းနီသည် သူ့သခင်မကျင်းဖုံး၏အဖြစ်ကိုမြင်သော် ပြေးဖက်၍ငိုလေတော့၏။

"အစ်ကို သခင်မကိုဒီအတိုင်းကြည့်နေတော့မလား"

ထိုအခါ ရယ်စရာက ကျင်းဖုံးကိုကုသရန်ရောက်ရှိလာရာမှ စီးတိန်ကု ဒုက္ခလာပေးသည့်အကြောင်းကိုရှင်းပြသည်။

ဂိုဏ်းချုပ်ဆူတိုင်က ထုံထင်းရိပ်နှင့်ကျင်းဖုံးတို့၏သွေးကြော များကိုဖွင့်ပေးလိုက်သည်။

အခြေအနေအရပ်ရပ်ကို သိခွင့်ရသောအခါ လျှံယင်းချျူ သည်သာ ကယ်တင်ရှင်ဖြစ်ကြောင်းသိလိုက်ရသဖြင့် ထုံထင်းရိပ်က လျှံယင်းချျူအား လက်သီးနှစ်ဖက်ဆုပ်ကာဦးညွတ်ဂါရဝပြုသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာရောက်မလာရင် စီး တိန့်ကုဟာ အားလုံးကို သူ့ကျွန်အဖြစ်စေခိုင်းသတ်မှတ်မှာ သေ ချာတယ်၊ နို့မဟုတ်ရင် အကုန်သတ်ပစ်နိုင်တယ်"

လျှံယင်းချျူက သူ့ဝေဒနာအကြောင်းပြောပြပြီး စီးတိန့်ကုက အဆိပ်ငွေ့ဖြင့် သူ့အားပစ်လိုက်သောအခါ သူ့ဝေဒနာများ ထူးဆန်း စွာပျောက်ကင်းသွားသည့်အကြောင်း ပြောပြ၏။

"ကျွန်တော့်စိတ်ထဲမှာ အဆိပ်မိတယ်လို့ထင်တာပဲ၊ စီးတိန့်ကု ရဲ့အဆိပ်ငွေ့လဲရှူရှိုက်ရရော ကျွန်တော့်ဝေဒနာတွေလဲ ပျောက် သွားတယ်၊ အဲဒါသိပ်ထူးဆန်းတာပဲ"

ထိုအခါ ထုံထင်းရိပ်ကရယ်လေ၏။

"အဲဒါကို ခင်ဗျားတို့လိုလူမျိုးတွေ နားမလည်ပါဘူး၊ ဒါက အပူကို အပူနဲ့တန်ပြန်တဲ့နည်းပဲ၊ တောမီးလောင်ရင် တစ်ဘက်က မီးတားလမ်းဖောက်၊ တောမီးအမြှီခံလာတဲ့ဘက်က ပြန်ပြီး မီးရှို့ပေး လိုက်ရင် မီးဟာ တစ်ရှိန်ထိုးလောင်လာတဲ့ဘက်ကို ပြန်လောင်ပြီး လောင်စာကုန် ငြိမ်းသတ်သွားတဲ့အဖြစ်မျိုးကို ခင်ဗျားတို့မြင်ဖူး ပါလိမ့်မယ်၊ ခင်ဗျားဝေဒနာကလဲ အဲဒီသဘောမျိုးပါပဲ"

"အင်း- စီးတိန့်ကုကျွန်တော့်ကို ဒီအဆိပ်ငွေ့နဲ့ပစ်တာကိုပဲ ကျေးဇူးတင်ရဦးမှာပေါ့၊ ဒီက ဒေါင်းမနန်းတော်သခင်မကျင်းဖုံးကို ဘယ်လိုလုပ်မလဲ"



ထိုအခါ ချန်းနီက ထုံထင်းရိပ်ကိုတောင်းပန်သည်။ ကျင်းဖုံး အားပျောက်ကင်းသည်အထိ ကုသပေးပါရန် တောင်းပန်ခြင်းဖြစ် သည်။ ထုံထင်းရိပ်က ဝန်ခံကတိပြု၏။

"စိတ်ချပါ၊ သခင်မကျင်းဖုံးဟာ ကျုပ်ရဲ့ကျေးဇူးရှင်လဲဖြစ်ခဲ့ ဖူးပါတယ်၊ ပျောက်အောင်ကုသမှာပါ"

လျှံယင်းချျူက အားလုံးကိုနှုတ်ဆက်၏။

"ကျွန်တော်နဲ့ချန်းနီ ဒီမှာဆက်မနေနိုင်တဲ့အတွက် အားလုံး ခွင့်လွှတ်ကြပါတော့၊ ကျွန်တော်တို့မှာ ဆောင်ရွက်စရာကိစ္စတစ်ခု ရှိသေးလို့ သွားခွင့်ပြုပါဦး"

ထုံထင်းရိပ်က လျှံယင်းချျူအားကျေးဇူးဆပ်သောအနေဖြင့် သိုဝှက်ထားသည့်မြင်းနှစ်ကောင်ကို ထုတ်ပေးသည်။

လျှံယင်းချျူမှာ လွန်စွာကျေးဇူးတင်သွား၏။ အကြိမ်ကြိမ် ဂါရဝပြုပြီး ထုံထင်းရိပ်၏ဂူမှထွက်ခွာသွားတော့သည်။

ကျင်းဟန်ရီကား မျက်ရည်ဝဲ၍ကျန်ရစ်ခဲ့လေ၏။

မဟာ

## လျှို့ဝှက်လိုက်ဂူသို့ ရောက်ရှိခြင်း

ငွေ့ရမ်းမင်းသမီးလေးသည် မန်ချူးစစ်သားများအန္တရာယ်ကြောင့် မိုးနဂါးတောင်ခြေထမင်းဆိုင်ကလေးမှပြေးထွက်ခဲ့ရာ မိုးနဂါးတောင်တန်း၏တစ်နေရာသို့ရောက်ရှိလာပေသည်။

သူမသည် ပထမ၌ လွန်စွာအားငယ်ခဲ့သော်လည်း အဆိပ်ဘုရင်ပေးလိုက်သည့် အဆိပ်ငွေ့လုံးကလေး၏ အစွမ်းကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ပြီးသည့်နောက်တွင်မူ အတန်ငယ်ရဲရင့်လာ၏။

သူ့အားဒုက္ခပေးမည့် မန်ချူးစစ်သားများသည် အဆိပ်ငွေ့လုံးလေးများ၏ ဒဏ်ချက်ကြောင့် အတုံးအရုံးဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ယခင်ကဆိုလျှင် မင်းသမီးကလေးသည် တစ်ဦးတည်း မိုးနဂါးတောင်သို့ခြေတင်ရဲလိမ့်မည်မဟုတ်ချေ။

ယခုမူ မထူးတော့ပြီဟူသည့်သဘောဖြင့်လည်းကောင်း၊ အဆိပ်ငွေ့လုံးများ၏အထောက်အပံ့ဖြင့်လည်းကောင်း၊ မိုးနဂါးတောင်ကိုခြေတင်ခဲ့လေပြီ။



သူမ လျှောက်လာခဲ့သည့် ခရီးစဉ်တစ်လျှောက်၌ သားရဲတိရစ္ဆာန်ဟူ၍ တစ်ကောင်တစ်မြီးမျှမတွေ့ရသဖြင့် သူမလွန်စွာစိတ်ချမ်းသာခဲ့ပေသည်။

သို့သော်-

"ဟင်- မိန်းကလေးတစ်ယောက်လဲကျနေပါကလား"

မင်းသမီးကလေးသည် ဘောကြီးမျက်မည်းအတွင်း မိန်းကလေးတစ်ဦးတည်းလဲကျနေခြင်း၏မရိုးသားမှုကို မရိပ်မိချေ။

သိုင်းလောကအတွေ့အကြုံမရှိခြင်းကြောင့် သူမသည် မိန်းကလေးအနီးသို့ ပြေးကပ်သွားလေ၏။

သူမ ထိုင်ချလိုက်သည်နှင့် ထိုမိန်းကလေးသည် ရုတ်တရက်ထိုင်လိုက်သဖြင့် မင်းသမီးလေးမှာ အလန့်တကြားဖြစ်သွားပြီး ကမ္ဘာကယာနောက်ဆုတ်လိုက်မိသည်။

"ဟင်"

မင်းသမီးကလေးမှာ လန့်သည်ထက်လန့်သွား၏။ အဘယ်ကြောင့်ဆိုသော် ထိုမိန်းကလေးက ဓားမြှောင်ကိုကိုင်၍ ချိန်ရွယ်ထားသောကြောင့်တည်း။

"မင်း- မင်း- ဘယ်လိုလုပ်တာလဲ၊ ငါက မင်းကိုကယ်မလို့ပြေးလာတာ၊ မင်းက ငါ့ကိုရန်လုပ်ဖို့ကြိုးစားတယ်၊ ဒါ- ဘာသဘောလဲ"

မိန်းကလေးက မျက်မှောင်ကုပ်၍ပြော၏။

"ဘာသဘောရမလဲ၊ ရှင့်ကိုသတ်မယ့်သဘောပဲပေါ့"

"ဟင်"

မင်းသမီးကလေးမှာ အကြီးအကျယ်အံ့ဩသွား၏။

ထိုမိန်းကလေးကို ကြောက်ရွံ့ခြင်းလည်းမရှိတော့ချေ။

"မင်းနဲ့ငါ ဘာမှရန်ငြိုးမှမရှိဘဲ၊ ဘာကြောင့် ငါ့ကို သတ်ချင်ရတာလဲ၊ အကျိုးမရှိတဲ့အလုပ်ကို ဘာဖြစ်လို့လုပ်ချင်ရတာလဲ"

"ကျွန်မနဲ့တော့ရန်ငြိုးမရှိပါဘူး၊ ရှင့်ကိုသတ်နိုင်းတဲ့လူရှိနေတော့ ကျွန်မလဲသတ်ရတော့တာပေါ့"

"ဟင်- ငါ့ကိုသတ်နိုင်းတဲ့လူရှိတယ်၊ ဘယ်သူများပါလိမ့်"

"ရှုလင်းခွမ်ဆိုတဲ့လူပဲ"

"သူ့ကိုငါမသိပါလား"

"ရှင် ဘယ်သိပါမလဲ၊ ရှင်က သိုင်းလောကထဲကမှ မဟုတ်တာ၊ သိုင်းလောကသားတွေကတော့ ရှုလင်းခွမ်ဆိုရင်သိတာပဲ"

ထိုစဉ်-

"ဟား- ဟား- ဟား"

ကျယ်လောင်သောရယ်မောသံနှင့်အတူ လူတစ်ယောက်ရောက်ရှိလာလေ၏။ ထိုလူမှာ ရှုလင်းခွမ်ပင်ဖြစ်လေတော့သည်။

မင်းသမီးကလေးကလည်း ထိုလူ ရှုလင်းခွမ်ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိလေ၏။

"ရှင်နဲ့ ကျွန်မ ဘာရန်ငြိုးမှမရှိဘူး၊ ဘာကြောင့် ကျွန်မကို သေစေချင်ရတာလဲ"

ရှုလင်းခွမ်က-

"ငါအမှန်အတိုင်းပြောရမလား"



"လိမ်ပြောတာကို ကျွန်မက ဘာဖြစ်လို့လိုလားရမှာလဲ၊ အမှန်အတိုင်းပဲပြောပေါ့"

"စုကျူးမြို့စားကြီးရဲ့အမိန့်ကြောင့်ပါ၊ မင်းသမီးကလေးကိုသတ်ဖို့ လူပေါင်းများစွာစေလွှတ်ထားတယ်လို့ ထင်ရတာပဲ"

မင်းသမီးကလေးက မဲ့ပြုံးပြုံးလိုက်၏။

"စုကျူးမြို့စားလား၊ သူက မန်ချူးတွေရဲ့ပုဆိန်ရိုးပဲ၊ သူဆိုရင်တော့ ဘာမှမအံ့ဩတော့ပါဘူး"

"ဒါဖြင့် မင်းအသတ်ခံတော့မယ်ပေါ့"

"ဘယ်သူက အသတ်ခံမယ်ပြောလို့လဲ"

ရှုလင်းခွမ်၏တပည့်မိန်းကလေးက ခုန်ထလိုက်၏။

"ဆရာ ကျွန်မသတ်လိုက်ရမလား"

ရှုလင်းခွမ်က နောက်ဆုတ်ရန်အချက်ပြသည်။

"နေပါစေ၊ သူ့ကို ငါကိုယ်တိုင်သတ်မယ်၊ မြန်မြန်ကိစ္စ ပြတ်စေချင်လို့ပါ"

ရှုလင်းခွမ်သည် တဖြည်းဖြည်းရှေ့တိုးလာ၏။ မင်းသမီးလေးက တဖြည်းဖြည်းနောက်ဆုတ်သွား၏။

"မင်းသမီးလေး ဘာဖြစ်လို့နောက်ဆုတ်ရတာလဲ၊ လာပြီး အသေခံစမ်းပါ"

မင်းသမီးလေးက သူမ၏အတွင်းအိတ်ထဲသို့ မသိမသာလက်နှိုက်လိုက်၏။ အဆိပ်ငွေ့လုံးကလေးတစ်လုံးကို အသာအယာဆုပ်ကိုင်ပြီး လက်ကိုနောက်ပစ်ထားလိုက်လေသည်။

ရှုလင်းခွမ်သည် ခုန်ဝင်ရန်ဟန်ပြင်လိုက်၏။ ထိုစဉ်မှာပင်

သူ့အတွက် သေမင်းသည် အဖြူငွေ့တန်းကလေးအဖြစ် သူ့ဆီ ရောက်ရှိလာတော့သည်။

"မင်း- မင်း"

ရှလင်းခွမ်မှာ စကားကိုပင် ဆုံးအောင် မပြောလိုက်ရတော့ချေ။ ဝုန်းခနဲလဲကျသေဆုံးသွားလေတော့၏။ သူ့တပည့်မကားရုတ်တရက်ကြက်သေသေကာ ငေးကြည့်နေသည်။

သို့သော် ချက်ချင်းလိုလိုပင် သတိဝင်ကာ တောင်အောက်ခြေသို့ အော်ဟစ်ဆင်းပြေးလေတော့၏။

❀❀

ဝေဝေနှင့်ကွေ့ကျန်ချူးတို့သည် မိုးနဂါးတောင်ပေါ်သို့ ထပ်မံရောက်ရှိလာပြန်လေ၏။

သည်တစ်ကြိမ် ဂူများကိုကြည့်ရှုစစ်ဆေးရာတွင် သဘာဝလိုဏ်ဂူများကိုလက်ရှောင်ပြီး လူတို့ပြုပြင်ပုံရသည့်လိုဏ်ဂူများကိုအထူးဦးစားပေးစစ်ဆေးကြသည်။ ထိုအကြံကို ကွေ့ကျန်ချူးထံမှ ရခြင်းဖြစ်သည်။

သူ့အကြံမှာမဆိုးပါ။ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဘုရင့်သားတော်လေးရှိသည့်ဂူရှေ့သို့ရောက်ရှိပြီး ထိုဂူသည် လူတို့၏ ပြုပြင်ခြင်းခံရသည့်ဂူဟု ကွေ့ကျန်ချူးကသတ်မှတ်ခဲ့သည်။

"ဟုတ်တယ်၊ ဂူနံရံကိုကြည့်စမ်း၊ အဖုအထစ်ဆိုတာ လုံးဝမရှိတဲ့အပြင် လေးထောင့်ကွက်တွေပါ အကွက်ဖော်ထားတယ်၊ ဒီဂူထဲမှာလူနေရင် အခုမနေတာတောင် အရင်ကလူနေခဲ့ရမယ်"



ဝေဝေကလည်း ဝင်၍မှတ်ချက်ချလေ၏။ ကွေ့ကျန်ချူးသည် ဂူ၏ပတ်ဝန်းကျင်ကိုထပ်မံအကဲခတ်ရာ လူရှိနိုင်ကြောင်းပို၍ယုံကြည်သွားလေ၏။

ဂူအတွင်းပိုင်းကို လေ့လာသောအခါတွင် သစ်သားတံခါးကဲ့သို့သော တံခါးကြီးနှစ်ချပ်ကိုတွေ့လိုက်ကြရသည်။

"ဝေဝေ ကျုပ်တို့တော့ ဒီတစ်ခါအောင်မြင်ပြီဗျ၊ ဒီဂူထဲမှာ ဘုရင့်သားတော်လေးရှိရမယ်"

ကွေ့ကျန်ချူးက စိတ်ချစွာပြောသည်။ ဝေဝေက-

"ကျွန်မတို့ တံခါးခေါက်ကြည့်ရင်မကောင်းဘူးလား"

"ကောင်းတယ်၊ ခေါက်ကြည့်တာပေါ့"

ဝေဝေနှင့်ကွေ့ကျန်ချူးတို့သည် ဂူအတွင်းဘက်၌ရှိသောသစ်သားတံခါးကြီးကို အကြိမ်ကြိမ်ခေါက်ကြ၏။ အတွင်းမှပြန်ထူးသံ မကြားရပေ။ ကွေ့ကျန်ချူးကတီးတိုးပြော၏။

"တံခါးကြီးက အခိုင်အခံ့တံခါးကြီးဖြစ်နေတယ်၊ အတွင်းအားနဲ့ရိုက်ဖွင့်ရင်တောင် ပွင့်ချင်မှပွင့်မှာ တစ်ချက်စဉ်းစားရတာက အိမ်ရှင်တွေကို စော်ကားသလိုဖြစ်မှာစိုးရတယ်၊ ကျုပ်တို့ကို ဘုရင့်သားတော်လေးက အတွေ့ခံဖို့အရေးကြီးတယ်"

ကွေ့ကျန်ချူး၏စကားများက ကျိုးကြောင်းဆီလျော်မှုရှိသဖြင့် ဝေဝေလည်း စောဒကမတက်ဘဲနားထောင်နေတော့သည်။

"ကျုပ်တို့ ဂူထဲမှာငြိမ်ငြိမ်သက်သက်ထိုင်နေကြမယ်၊ ဒါဆိုရင် အထဲကလူတွေက ကျုပ်တို့ကိုထွက်တွေ့နိုင်တယ်"

ဝေဝေ မကန့်ကွက်ပါ၊ ကွေ့ကျန်ချူးအကြံပေးသည့်အတိုင်း ထိုင်နေတော့သည်။ ကွေ့ကျန်ချူး၏ စိတ်ကူးအကြံအစည်များ လွန်စွာမှန်ကန်နေသည်။

အကြောင်းမှာ တံခါးကြီး၏ သေးငယ်သောအပေါက်ကလေးများမှ ဘုရင့်သားတော်လေးနှင့် သက်တော်စောင့်နှစ်ယောက်တို့ ချောင်းမြောင်းကြည့်ရှုနေသောကြောင့်ပင်တည်း။

ယခုအချိန်၌ ဘုရင့်သားတော်လေးဘေးတွင် ဗိုလ်မှူးကြီးကြီး မရှိရှာတော့ပါ။ ဘုရင့်သားတော်လေးကိုယ်တိုင် အရာရာကို စဉ်းစားဆုံးဖြတ်နေရသည်။

ယခု ဘုရင့်သားတော်လေး အခက်ကြုံနေရသည်။ မင်းသမီးအဝတ်အစားဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်နှင့် လူတစ်ယောက်ကိုတွေ့နေရသည်။

ထိုသူများကို သူမသိပါ။

သူသိသည်မှာ လျှို့ဝှက်ဆက်သား မောက်ချမ်းသာဖြစ်ပါသည်။ ယခုမောက်ချမ်းပါမလာပါ။ ထို့အတွက် ထိုလူများကို လွယ်ကူစွာထွက်မတွေ့နိုင်ဘဲ ရှိနေပါသည်။

သက်တော်စောင့်တစ်ယောက်က တီးတိုးပြော၏။

"အရှင့်သား၊ သူတို့ဟာ အမတ်ကြီးစုဘူးဝှက်က လွှတ်လိုက်တဲ့လူများလားမသိဘူး"

ဘုရင့်သားတော်လေးက စကားမပြောရန်အချက်ပြပြီး တီးတိုးပြောလိုက်၏။

"တိတ်တိတ်နေ၊ အချိန်ကစကားပြောလို့မယ်"



ဘုရင့်သားတော်လေးသည် အစောင့်နှစ်ယောက်ကို တစ်ရံမလပ်စောင့်ကြည့်နေစေ၏။ ညနေစောင်းသည့်တိုင် ထိုနှစ်ယောက် ငြိမ်သက်စွာထိုင်နေကြကြောင်း သတင်းလာပို့သည်။

"ဆက်ပြီးသာစောင့်ကြည့်၊ အကြောင်းထူးမှလာပြော"

နောက်ထပ် ကွမ်းတစ်ယာညက်ခန့်ကြာသောအခါမှ သက်တော်စောင့်က ဘုရင့်သားတော်လေးထံ သတင်းလာပို့ပြန်လေ၏။

"သူတို့ ရိက္ခာခြောက်တွေထုတ်စားနေကြတယ်အရှင့်သား"

"စားပါစေ၊ သူတို့ကို နောက်နေ့မနက်အထိစောင့်ကြည့်ပါ"

ထိုတစ်ညလုံး သတင်းများအဆက်မပြတ်ရနေ၏။ မီးဖိုဖိုပုံ၊ နန်းတွင်းဝတ်စုံနှင့်မိန်းကလေးအား ထိုယောကျ်ားက အထူးရိုသေစွာဆက်ဆံပုံ၊ ဦးစားပေးပုံတို့ကို ဘုရင့်သားတော်လေး သိရှိနေရလေ၏။

နံနက်လင်းသော် မင်းသားလေးက သူ၏ဘက်တော်သား ခြောက်ယောက်ကို ချက်ချင်းခေါ်ယူလိုက်သည်။

"မင်းတို့အားလုံး မန်ချူးဝတ်စုံတွေဝတ်၊ နောက်ဘက် လျှို့ဝှက်ဂူပေါက်ကထွက်ပြီး ရှေ့ဘက်ဂူဝကိုပြန်ဝင်၊ သူတို့ကို ဝင်ဖမ်းစမ်း၊ အသေခံပြီးတော့ မဖမ်းနဲ့၊ ဒီလူက သိုင်းပညာကောင်းနေရင် မင်းတို့နောက်ဆုတ်ပြီး ကိုယ်ယောင်ဖျောက်ကြ"

ဘုရင့်သားတော်လေး၏ လူခြောက်ယောက်သည် အမိန့်အတိုင်း လျှို့ဝှက်ဂူပေါက်ထွက်ကာ ဂူ၏ရှေ့ဘက်သို့သွားကြလေ၏။

မင်းသားလေးနှင့်သက်တော်စောင့်များသည် သေးငယ်သောအပေါက်ကလေးများမှ ချောင်းကြည့်နေကြသည်။

မင်းသားလေး၏ မန်ချူးအယောင်ဆောင်များသည် ပေါက်ဝကိုပိတ်ရပ်ပြီး ဂူတွင်းသို့လှမ်းအော်လေ၏။

"မင်းတို့ဘယ်သူတွေလဲ ထွက်ခဲ့ကြစမ်း"

ယောကျ်ားဖြစ်သူက နန်းတွင်းဝတ်စုံနှင့် မိန်းကလေးအား တီးတိုးပြောနေကြောင်း မင်းသားလေးတွေ့ရသည်။

ထိုလူသည် ချက်ချင်းလိုလို ဓားဆွဲထုတ်လိုက်သည်ကိုလည်း မင်းသားလေးမြင်လိုက်ရ၏။

"ဟေ့ကောင် အရိုင်းအစိုင်းတွေ၊ မင်းတို့ကမြောက်ပိုင်းကို သိမ်းရုံတင်အားမရလို့ တောင်ပိုင်းပါဝင်သိမ်းနေတာပေါ့ဟုတ်လား ငါတို့က တရုတ်ဧကရာဇ်ရဲ့သားတော်လေးကို နန်းပြန်တင်ဖို့ လု နေတဲ့ မျိုးချစ်ဘက်တော်သားတွေကွ၊ မင်းတို့ဆီမှာတော့ အဖမ်းမခံ ဘူး၊ အသေခံတိုက်မယ်"

ထိုလူသည် အော်ဟစ်ပြီး ဂူပေါက်သို့ခုန်ထွက်တိုက်ခိုက် သည်။ ထိုလူ၏သိုင်းပညာမှာ လွန်စွာတတ်မြောက်နေသဖြင့် မန်ချူးအယောင်ဆောင်မင်းသားလေး၏ ဘက်တော်သား ခြောက် ယောက်သည် ဟန်ပြတိုက်ခိုက်ပြီး ချက်ချင်းထွက်ခွာသွားကြလေ တော့၏။

မင်းသားလေးကား ကွေ့ကျန်ချူးအော်ဟစ်ပြောဆိုလိုက် သည့်စကားကြောင့် သူ့ရန်သူမဟုတ်နိုင်တော့ပြီဟုယုံကြည်သွားလေ တော့၏။ ပထမသက်တော်စောင့်က-

"အရှင့်သား ဒီနှစ်ယောက်ဟာ အမတ်ကြီးစုဘူးဇက်က စေ လွှတ်လိုက်တဲ့လူဖြစ်ဖို့သေချာနေပါပြီ"



မင်းသားလေးက ခေါင်းညိတ်၏။

"စိတ်ချရသလောက်တော့ရှိနေပြီ၊ ဒါပေမယ့် မောက်ချမ်းကို မတွေ့ရတာ အတော်ခက်တယ်"

"အရှင့်သား၊ မောက်ချမ်းကိစ္စကို သူတို့ဆီစုံစမ်းရင် ဖြစ်နိုင် မယ်ထင်ပါတယ်"

"အင်း- ဒီလိုပဲစုံစမ်းရတော့မှာပဲ၊ ဘဘကြူးလဲ မရှိတော့ ဒီနည်းကလွဲလို့ တခြားလုပ်စရာမရှိတော့ဘူး"

ဒုတိယသက်တော်စောင့်က-

"အရှင့်သား ဒီတံခါးဖွင့်လိုက်ရတော့မလား"

မင်းသားလေးက ခေါင်းခါလိုက်၏။

"ဟင့်အင်း- မဖွင့်နဲ့ဦး၊ ကျုပ်တို့လူတွေအားလုံး စုလိုက်ဦး၊ အားလုံး သတိအနေအထားနဲ့ရှိရမယ်၊ ဒီနေ့တစ်နေ့နဲ့တစ်ည စောင့် ကြည့်မယ်၊ သူတို့အခြေမပျက်ဘူးဆိုရင် နက်ဖြန်မနက်မှာ သူတို့ကို အတွေ့ခံမယ်"

မင်းသားလေးသည် ကွေ့ကျန်ချူးတို့ကိုစောင့်ကြည့်ရန် အ မိန့်ပေးပြီးနောက် ဂူ၏အတွင်းပိုင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား လေတော့၏။

❖❖

## ကူညီသောကျေးရွာ

လျှံယင်းချိုနှင့်ချန်းနီတို့သည် မြင်းကိုယ်စီဖြင့်ခရီးနှင်လာကြလေ၏။ သူတို့၏ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်မဟုတ်သဖြင့် မည်သည့်နည်းနှင့်မျှ မြင်းဖြင့်ခရီးနှင်သည်လောက် အရာမရောက်နိုင်ချေ။

လျှံယင်းချိုသည် မိုးနဂါးတောင်၏အရှေ့ဘက်နှင့်အနောက်ဘက်များ၌ လှည့်ပတ်ရှာဖွေခဲ့ပြီးဖြစ်ရာ တောင်ဘက်မှရှာဖွေရန် ဆုံးဖြတ်လိုက်သည်။ ဘုရင့်သားတော်လေးကို ရှာဖွေချိန်မှာပင် မင်းသမီးလေးကိုရှာဖွေရန် လျှံယင်းချိုဆုံးဖြတ်ပြီးဖြစ်လေ၏။

"ချန်းနီ- မိုးနဂါးတောင်ကို တောင်ဘက်ကတက်မယ်၊ ဘယ်လိုသဘောရသလဲ"

လျှံယင်းချိုက ချန်းနီ၏သဘောထားကို မေးမြန်းလိုက်၏၊ ချန်းနီကစဉ်းစဉ်းစားစားဖြေသည်။

"အစ်ကို တစ်ခုစဉ်းစားဦးလေ၊ တောင်ဘက်က တက်ရင်



ညီမတို့ခရီးရှည်မယ်၊ ပြန်ပြီးကွေ့ပတ်နေရမယ်၊ မန်ချူးစစ်တပ်တွေနဲ့ ထိပ်တိုက် တိုးနိုင်တယ်"

"ဒါကိုအစ်ကိုစဉ်းစားပါတယ်၊ အရှေ့ဘက်နဲ့အနောက်ဘက်က အစ်ကိုတို့တက်ခဲ့ဖူးပြီးပြီ၊ ဘုရင့်သားတော်လေးရဲ့ဂူကို မတွေ့ခဲ့ရဘူး၊ အခု မင်းသမီးလေးနဲ့ကွဲနေတဲ့တစ်ချက်ကိုပါ ထည့်စဉ်းစားနေရတယ်"

"အစ်ကို့ သဘောပဲလေ"

လျှံယင်းချိုသည် သူ့မြင်းကိုတောင်ဘက်မှတက်ရန်အတွက် တောင်ခြေသို့ဦးတည်လိုက်သည်။ ထိုဒေသကား မန်ချူးများ ခြေချင်းလိမ်နေသည့်ဒေသသာတည်း။

မကြာမီ ကျေးရွာတစ်ရွာသို့ဆိုက်ရောက်လာ၏။ မန်ချူးစစ်သားများနှင့်မုဆိုးများ၊ သစ်ခုတ်သမားများ အကူးအသန်း ပြုရာဒေသဖြစ်သဖြင့် ထမင်းဆိုင်နှစ်ဆိုင်ခန့်ရှိနေသည်။

လျှံယင်းချိုတို့ အနားယူရန် ရေကန်အသင့်ကြာအသင့် ဖြစ်သွားလေတော့သည်။

လျှံယင်းချိုနှင့်ချန်းနီတို့သည် မြင်းပေါ်မှခုန်ဆင်းလိုက်ပြီး တိုင်တစ်တိုင်၌ မြင်းဇက်ကြိုးများကိုချည်လိုက်သည်။

ဆိုင်ထဲဝင်ကာ အစားအသောက်များမှာကြားစားသောက်ကြသည်။ စားသောက်ပြီးလျှင်ပြီးချင်း ချက်ချင်းငွေပေးချေသည်။ ရှေ့ဆက်နှင်ရမည့်ခရီးက ရှိနေသေးသည်မဟုတ်ပါလား။

သူတို့၏မြင်းဇက်ကြိုးများကို ချည်တိုင်မှမဖြေရသေးမီ ချန်းနီကတီးတိုးပြောလေ၏။

"အစ်ကို ကျွန်မတို့တော့ အတားအဆီးတွေနဲ့ တွေ့ရတော့မယ်"

လျှံယင်းချျံအံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

"ရန်သူတွေရောက်လာပြီလေ"

သူမ၏စကားဆုံးသည်နှင့် မန်ချူးစစ်သားဆယ်ယောက်သည် သူတို့အားဝိုင်းပတ်ထားကြလေတော့၏။

လျှံယင်းချျံသည် ဤဒေသဤပတ်ဝန်းကျင်၌ မန်ချူးစစ်သားများကို မကြာခဏတွေ့ရသည့်အတွက် အံ့ဩခြင်းမဖြစ်မိတော့ချေ။ မိုးနဂါးတောင်သည် မန်ချူးတို့၏ရာဇပလ္လင်ကို ကိုင်လှုပ်နိုင်သည့် အချက်အချာဒေသဖြစ်နေသည်မဟုတ်ပါလော။

မန်ချူးစစ်ဗိုလ်က-

"မင်းတို့နှစ်ယောက်ကို ငါတို့ဖမ်းတယ်"

လျှံယင်းချျံသည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။ ချန်းနီကလည်းလျင်မြန်သည်။ လျှံယင်းချျံနှင့်အတူလှုပ်ရှားသည်။

မန်ချူးစစ်သားသုံးယောက် ပြိုလဲကျသွားသည်နှင့် ထိုမှတစ်ရှိန်ထိုးထွက်ပြေးလေတော့၏။ သူတို့၏မြင်းများကို မယူနိုင်တော့ပေ။

"ချန်းနီ မိုးနဂါးတောင်ပေါ် သာပြေးပေတော့၊ တောင်ပေါ်ကျမှ မီးစင်ကြည့်ကမယ်"

လျှံယင်းချျံကပြေးရင်းလွှားရင်း ချန်းနီကိုလှမ်းပြောသည်၊ ချန်းနီကလည်း သဘောပေါက်သည်။



"သူတို့ ညီမတို့ကို အမီမလိုက်နိုင်ပါဘူး၊ သူတို့ကိုယ်ဖော့ပညာမှမတတ်ဘဲ"

မန်ချူးစစ်သားများသည် ပြေး၍လိုက်လာကြသော်လည်း လျှံယင်းချျံတို့ကို မမီတော့ပေ။ တဖြည်းဖြည်း ဝေး၍ဝေး၍ကျန်ရစ်ခဲ့လေတော့၏။

သို့သော် လျှံယင်းချျံတို့ ကုသိုလ်မကောင်းပါ။ သူတို့ပြေးသည့်ရှေ့တည့်တည့်မှ မန်ချူးစစ်သားငါးဆယ်ခန့်သည် သစ်ပင်များအကြားမှ ဘွားခနဲပေါ်လာသဖြင့် လျှံယင်းချျံသည် ချန်းနီ၏လက်ကိုဆွဲကာ နောက်သို့လှည့်ပြေးရလေတော့၏။

"ညီမလေး၊ အခြေအနေမဟန်ဘူး၊ နောက်ကို ပြန်ပြေးတာကောင်းတယ်၊ ငါတို့နောက်ဘက်မှာက မန်ချူးစစ်သားရှစ်ယောက်လောက်ပဲရှိတယ်"

လျှံယင်းချျံနှင့်ချန်းနီတို့ ပြန်လည်ဆင်းပြေးလာကြရာ သူတို့တိုက်ခိုက်ခဲ့သည့်မန်ချူးစစ်သားများနှင့် ပြန်လည်ရင်ဆိုင်တိုးမိပြန်လေ၏။

ချန်းနီက သူမ၏ဓားကိုဆွဲထုတ်ရန်ကြိုးစားသည်။

လျှံယင်းချျံက သတိပေး၏။

"ညီမလေးမလုပ်နဲ့၊ သူတို့နဲ့တိုက်နေရင် သစ်တောထဲကပြေးလာတဲ့မန်ချူးစစ်သားငါးဆယ်လောက်က ငါတို့ကို မီလာမှာပေါ့၊ လာ ဘယ်ဘက်ကိုချိုးပြေးမယ်"

လျှံယင်းချျံ၏စကားကြောင့် ချန်းနီမှာ ဓားကိုဆွဲမထုတ်ဖြစ်တော့ဘဲ လျှံယင်းချျံဆွဲပြေးရာသို့လိုက်ပါသွားရတော့၏။

သူတို့နောက်မှလိုက်လာကြသည့် မန်ချူးစစ်သားအစုနှစ်စု သည် ပေါင်းစည်းသွားပြီး တစ်စုတစ်ရုံးတည်းဖြစ်သွားလေတော့၏၊

လျှံယင်းချုံတို့သည် ထိုတောလမ်းအတိုင်း တစ်ရှိန်ထိုးပြေး ကြရာ ကွင်းပြင်တစ်ခုသို့ရောက်ရှိလာကြ၏။ အဝေး၌စိမ်းညို့ ညို့တောအုပ်တစ်ခုကို တွေ့ကြရပြန်သည်။ ချန်းနီက-

"အစ်ကို- အဲဒီလိုသစ်ပင်တွေအုပ်ဆိုင်းနေရင် ရွာရှိတတ် တယ်၊ အဲဒီဘက်ကိုပြေးကြမယ်၊ ရွာထဲဝင်ပြီး ကိုယ်ယောင်ဖျောက် ကြမယ်"

"ကောင်းတယ်"

"အဲဒီအချက်ကို သူတို့လဲစဉ်းစားမိမှာပေါ့"

"အဲဒီအချက်ကလွဲလို့ ညီမတို့ဘာလုပ်မလဲ၊ အခု ညီမတို့ နောက်ကိုလိုက်လာတဲ့မန်ချူးတွေက နည်းတာမှမဟုတ်တာ၊ ညီမတို့ ရန်ကျုံးမြို့ကစထွက်တုန်းကပုံစံအတိုင်း ဖြစ်နေတယ်မဟုတ်လား"

လျှံယင်းချုံသည် သူလွတ်မြောက်ရေးအတွက် ချန်းနီက မင်းသမီးလေးပမာဟန်ဆောင်ကာ မန်ချူးစစ်သားများကို သွေး ဆောင်ထွက်ပြေးခဲ့သည်များကို ပြန်လည်သတိရလာ၏။ ချန်းနီက ကိုယ့်ကိုယ်ကိုအသေခံကာ သူ့အားကယ်တင်ခဲ့သည်များကို ပြန် လည်မြင်ယောင်လာ၏။

လျှံယင်းချုံ အံတစ်ချက်ကြိတ်လိုက်၏။

"အင်း- ဒီတစ်ခါတော့ ညီမလေးနဲ့ငါ အတူတူလွတ်မြောက် အောင်ကြိုးစားမယ်၊ ညီမလေးပြောတဲ့အတိုင်း ရှေ့မှာရွာရှိနေရင် အဲဒီရွာမှာ ဝင်ပြီးကိုယ်ယောင်ဖျောက်မယ်"



ချန်းနီက ခေါင်းညိတ်သည်။

"ဒီတောတောင်ပတ်လည်ထဲမှာ မန်ချူးတွေကို အင်မတန် မုန်းတီးတဲ့ရွာတွေရှိနေမှာပါ၊ ကံကောင်းရင် အဲဒီလိုရွာမျိုးနဲ့ ညီ မလေးတို့ တိုးနိုင်တာပေါ့"

လျှံယင်းချုံနှင့်ချန်းနီတို့သည် ပြေးရင်းလွှားရင်း တိုင်ပင် နှီးနှောလာကြ၏။ မန်ချူးများကား သူတို့နောက်မှ လိုက်မြဲလိုက် လျက်ပင်။ ချန်းနီက-

"အစ်ကို- မန်ချူးတွေ သဲသဲမဲမဲလိုက်နေတာ အကြောင်းရှိ မယ်ထင်တယ်"

"ဘာအကြောင်းလဲ"

"အစ်ကို့ကိုမှတ်မိတဲ့လူ တစ်ယောက်ယောက်ပဲဖြစ်ဖြစ် ညီ မကိုမှတ်မိတဲ့ လူတစ်ယောက်ပဲဖြစ်ဖြစ် အဲဒီမန်ချူးစစ်သားတွေထဲ ပါလာတယ်လို့ထင်တယ်"

"စီးတိန့်ကုဖြစ်မယ်ထင်လို့လား"

"စီးတိန့်ကုမဟုတ်ရင် တခြားတစ်ယောက်ယောက်ပေါ့"

"အင်း- ဖြစ်နိုင်တယ်၊ ကဲ- ပိုပြီးအားစိုက်ပြေးကြစို့"

သူတို့သည် ကွင်းပြင်ကြီးကို အောင်မြင်စွာ ဖြတ်ကျော်ပြေး လာနိုင်ခဲ့ပြီး သစ်ပင်စုစုအုပ်အုပ်ရှိသည့်နေရာသို့ရောက်ရှိလာ၏။ ထိုနေရာ၌ ရွာမရှိချေ။ ရွာသည် ထိုသစ်ပင်အုပ်များအလွန်၌ရှိနေ သည်။

သူတို့သည် ကံအားလျော်စွာ ခြံစည်းရိုးနှင့်တံခါးနှင့် အခိုင် အခံ့တည်ထားသည့် ရွာဝင်လမ်းမကြီးသို့ရောက်ရှိလာကြ၏။

သူတို့ အနီးသို့ရောက်သည်နှင့်တချမ်းချမ်းမောင်းထုသံကို ကြားရလေသည်။

"ကျွန်မတို့ ဒုက္ခသည်တွေပါ၊ မန်ချူးတွေလိုက်လို့ ပြေးလာရတဲ့ဒုက္ခသည်တွေပါ"

ချန်းနီသည် ခြံစည်းရိုးနှင့်တံခါးကိုမြင်သည်နှင့် ထိုရွာ၏ အနေအထားကို သိမြင်သည်။ ဤရွာကလေးသည် မန်ချူးတို့အား ကျစ်လျစ်သိပ်သည်းစွာ ဆန့်ကျင်နေသည့်ရွာကလေးဖြစ်ရမည်ဟု သူမ ယူဆမိသည်။

ချန်းနီ၏အော်သံကြောင့် ဓား၊ လှံ၊လေး၊ မြားကိုင်ဆောင်ထားသည့် လူဆယ်ယောက်ခန့်ပေါ်ထွက်လာပြီး လျှံယင်းချို့နှင့် ချန်းနီတို့ကိုအကဲခတ်သည်။ ထို့နောက် ချက်ချင်းပင် ရွာတံခါးဖွင့်ပေးကြလေ၏။

"ဝင်- အစ်ကို မြန်မြန်ဝင်"

လျှံယင်းချို့နှင့်ချန်းနီတို့သည် ရွာထဲသို့အလျင်အမြန်ပြေးဝင်ကြ၏။ ရွာတံခါးလည်း ချက်ချင်းပြန်ပိတ်သည်။

ဤရွာကား မည်သို့သောရွာပေနည်း။ ချန်းနီ၏ အကဲဖြတ်ချက်သည် အလွန်မှန်၏။ ဤရွာ၏အကြီးအကဲ ဖုလုံသည် မျိုးချစ်တရုတ်တစ်ဦးဖြစ်ပြီး မန်ချူးများကိုမလိုလားသူဖြစ်၏။

ဤရွာသည် စစ်လမ်းကြောင်း၌မကျသဖြင့် မန်ချူးတပ်မကြီးများနှင့် ထိပ်တိုက်တိုးမိခြင်းလည်း မရှိပေ။ ခွဲထွက်လာသော မန်ချူးတပ်စုကလေးများကိုမူ ဤရွာသားများက ပြောက်ကျားနည်း ဆန်ဆန် ပုန်းခိုတိုက်ခိုက်အနိုင်ယူနိုင်ခဲ့သဖြင့် ရွာသားများသည် သူတို့ရွာကိုအလွန်ဂုဏ်ယူကြသည်။

မြောက်ပိုင်းဒေသအတွင်း မန်ချူးများကို ဤသို့တော်လှန်ရဲသည့်ရွာမှာ မရှိသလောက်ဖြစ်သဖြင့် သူတို့ဂုဏ်ယူမည်ဆိုလျှင်လည်း ဂုဏ်ယူလောက်ပေသည်။

လျှံယင်းချို့နှင့်ချန်းနီကို ရွာသူကြီးဖုလုံကလက်ခံတွေ့ဆုံ၏။

"မောင်ရင်တို့က ဘယ်လိုဖြစ်လာကြတာလဲ"

လျှံယင်းချို့က အခြေအနေအရပ်ရပ်ကိုရှင်းပြ၏။

ဖုလုံက ခေါင်းညိတ်၏။

"မန်ချူးကိုတော်လှန်မယ့် ဘယ်ဟန်တရုတ်မဆို ကျုပ်တို့က အကူအညီပေးမှာပါ၊ ဒီရွာမှာ မောင်ရင်တို့ ခဏလောက် ကိုယ်ယောင်ဖျောက်နေကြပါ၊ မကြာခင် မန်ချူးစစ်သားတွေ ရောက်လာမှာပဲ"

ရွာသူကြီးဖုလုံနှင့် လျှံယင်းချို့တို့ စကားပြောဆိုနေစဉ် ရွာအဝင်မှမောင်းထုသံ တချမ်းချမ်းအသံကို ကြားကြရသည်။

မကြာမီ လှံကိုင်ထားသော ရွာသားတစ်ယောက် ပြေးလာနေကြောင်း တွေ့ရ၏။

လှံကိုင်ရွာသားက ဖုလုံအား ဂါရဝပြုကာ အမောတကော အစီရင်ခံသည်။

"ရွာသူကြီး- ရွာထိပ်မှာ မန်ချူးစစ်သားနှစ်ယောက်နဲ့ ဟန်တရုတ်တစ်ယောက်ရောက်နေပါတယ်၊ သူတို့က ရွာသူကြီးနဲ့ စကားပြောချင်ပါသတဲ့"

ဖုလုံသည် လျှံယင်းချို့ကိုတစ်ချက်လှမ်းကြည့်လိုက်၏။

လျှံယင်းချုံက-

"ရွာသူကြီး၊ ကျွန်တော်တို့လိုက်ခဲ့ရမလား"

"မလိုက်နဲ့၊ မောင်ရင်တို့ကို မြင်သွားရင် ကျုပ်တို့ငြင်းရခက်လိမ့်မယ်၊ မောင်ရင်တို့နောက်ကိုလိုက်လာတဲ့ မန်ချူးစစ်သားအင်အားက ဘယ်လောက်ရှိမယ်ထင်သလဲ"

"ငါးဆယ်ကျော်ကျော်လောက် ရှိမယ်ထင်တယ်"

"မနည်းဘူး၊ တိုက်ခိုက်ရင် ကျုပ်တို့နာနိုင်တယ်၊ ကိစ္စမရှိပါဘူး၊ သူတို့နဲ့သွားပြီးစကားပြောလိုက်ဦးမယ်"

ဖုလုံးသည် လျှံယင်းချုံနှင့်ချန်းနီတို့အား ပြုစုကျွေးမွေးရန် သူ့တပည့်များနှင့်အိမ်သားများကိုမှာကြားလျက် ရွာထိပ်သို့ ထွက်သွားလေတော့၏။

လျှံယင်းချုံနှင့်ချန်းနီတို့သည် မျိုးချစ်စိတ်ထက်သန်သည့် ဖုလုံကို လွန်စွာကျေးဇူးတင်မိကြသည်။ မိုးနဂါးတောင်သို့ထွက်လာကြသည့် ခရီးစဉ်တစ်လျှောက်လုံး၌ သူတို့သည် ကိုယ့်အားကိုယ်ကိုးခဲ့ကြရသည်။

ယခုလည်း ဖုလုံသည် မားမား မားမားဖြင့် ထွက်သွားပြန်လေပြီ။

ဖုလုံသည် သူ၏လက်နက်ကိုင်ရွာသားများ ခြံရံလျက် ရွာထိပ်သို့ထွက်သည်။ ရွာတံခါးထိပ် ခြံစည်းရိုးအပြင်၌ရပ်နေသူကား ရွှေလက်မောင်းသိုင်းသမားနှင့် မန်ချူးစစ်သားနှစ်ယောက်တို့ ပေတည်း။

ရွာသူကြီးဖုလုံက လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေ၏။

"**ဘာများ** အလိုရှိလို့ပါလဲခင်ဗျာ"

**ရွှေလက်**မောင်းသိုင်းသမားက ခက်ထန်စွာပြော၏။

"**ခင်ဗျား**တို့ရွာထဲသို့ ရာဇဝတ်သားနှစ်ယောက်ပြေးလာကြတယ်မဟုတ်လား"

ဖုလုံက အံ့ဩဟန်ဖြင့်ကြည့်သည်။

ကင်းစောင့်နေသည့် သူ့ရွာသားများဘက်သို့ လှည့်ကြည့်ကာ မျက်စိတစ်ဘက်မှိတ်ပြပြီးမေးလေ၏။

"သူတို့ပြောတာငါသဘောမပေါက်ဘူး၊ ဒီရွာထဲကို လူဝင်တယ် မဝင်ဘူးဆိုတာ မင်းတို့ပိုသိမယ်၊ ရွာထဲကို လူစိမ်းတွေ ဝင်လာသလား"

လှံကိုင်ရွာသားက ဦးခေါင်းယမ်းသည်။

"ရွာသူကြီး- ကျွန်တော်တို့တစ်နေ့လုံး **ကင်းစောင့်နေတာ**ပါ၊ ဘယ်လူစိမ်းမှ ရွာထဲကိုဝင်မလာပါဘူး"

ဖုလုံသည် ရွှေလက်မောင်းသိုင်း**သမားဘက်**သို့လှည့်သည်။

"ကဲ- လူကြီးမင်းတို့ကြားတဲ့**အတိုင်းပါပဲ**၊ ကျုပ်တို့ရွာထဲကို ဘယ်လူစိမ်း ဘယ်ရာဇဝတ်သားမှပြေးမလာပါဘူး"

ရွှေလက်မောင်းသိုင်းသမားရော မန်ချူးများပါ ဒေါသထွက်သွားကြလေ၏။

ရွှေလက်မောင်းသိုင်းသမားက-

"ခင်ဗျားတို့ ဒုက္ခရောက်ချင်ပြီနဲ့တူတယ်၊ လျှံယင်းချုံဆိုတဲ့ ရာဇဝတ်သားဟာ မန်ချူးစစ်တပ်ကအလိုရှိတဲ့ ရာဇဝတ်သားပဲ၊

သူနဲ့အတူတူပါတဲ့မိန်းကလေးဟာလဲ မန်ချူးတွေကို ဒုက္ခပေးနေတဲ့ မိန်းကလေးပဲ၊ သူတို့နောက်က ကျုပ်တို့ဆက်တိုက်လိုက်လာကြတာ အဲဒီနှစ်ယောက်ကို ခုချက်ချင်းထုတ်ပေးပါ"

ဖုလုံက ခေါင်းခါ၏။

"ကျုပ်ကလဲ မန်ချူးစစ်တပ်နဲ့ပြဿနာမဖြစ်ချင်ပါဘူး၊ ခက်တာက ကျုပ်ရွာထဲကို ဘယ်သူမှဝင်မလာတာဘဲ၊ ကျုပ်က ဘယ်သူတွေကိုဖမ်းပြီး အပ်ရမှာလဲ"

"တောက်- ခင်ဗျားက မန်ချူးဧကရာဇ်ကိုအာခံတာလား၊ ခင်ဗျားတို့တစ်ရွာလုံး မီးလောင်တိုက်သွင်းခံရမယ်၊ ဘာမှတ်သလဲ"

ရွာသူကြီးဖုလုံက တည်ကြည်သောမျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။

"ကျုပ်ကို ဒီလိုတော့မခြိမ်းခြောက်ပါနဲ့၊ ကျုပ်မှာ ပေးအပ်စရာမရှိလို့ပြောနေရတာပါ"

"ကောင်းပြီ- အဲဒီ ရာဇဝတ်သားနှစ်ယောက်ကို ကျုပ်တို့လက်ထဲအပ်ဖို့ သုံးရက်အချိန်ပေးမယ်၊ သုံးရက်အတွင်းမအပ်ရင် ကျုပ်တို့ ဘယ်လိုဆိုတာခင်ဗျားသိမယ်"

ရွှေလက်မောင်းသိုင်းသမားက ထပ်မံ ခြိမ်းခြောက်လိုက်လေသည်။

"သုံးရက်မကလို့ ရက်သုံးဆယ်ပဲစောင့်စောင့်၊ ကျုပ်တို့ကတော့ ဘာမှထပ်မပြောနိုင်တော့ပါဘူး၊ ခင်ဗျားတို့ လုပ်သမျှ ခံရမှာပါပဲ"

ရွာသူကြီးဖုလုံက ဣန္ဒြေရရပင်ပြောလိုက်သည်။



ရွှေလက် မောင်းသိုင်းသမားနှင့် မန်ချူးစစ်သားနှစ်ယောက်သည် ချာခနဲလှည့်ထွက်သွားကြလေ၏။

ရွာသူကြီးဖုလုံမူ ထိုသုံးယောက်၏ကျောပြင်ကို ငေးကြည့်ကာ ဖြစ်လာမည့်ပြဿနာများကို တရစပ်တွေးနေမိလေသတည်း။

ည်ဟု **မနည်းပင်**တွေးလာရပေပြီ။

ပင်ပန်းနွမ်းနယ်နေသော မင်းသမီးလေးသည် သစ်ပင်ကြီး တစ်ပင်အောက်၌ ဝင်ရောက်အနားယူမိလေ၏။ အားကိုးရာမဲ့စွာ ပြေးလွှားနေခဲ့ရသဖြင့် လျှို့ယင်းချုံအား လွန်စွာသတိရလာမိသည်။

လျှို့ယင်းချုံအား ဒေါင်းမနန်းတော်၌ထားခဲ့သည်မှာ မှား ယွင်းလေပြီဟု တွေးတောမိလာသည်။

ထိုအချိန်မှာပင် သစ်ပင်ချုံနွယ်များအကြားမှ မန်ချူးစစ် သားများ အလျှိုအလျှိုပေါ်လာလေတော့၏။

မင်းသမီးလေးသည် ဆတ်ခနဲထရပ်လိုက်၏။

"သူ့လက်ကို မလှုပ်စေနဲ့ဟေ့"

**မန်ချူးစစ်**ဗိုလ်၏အော်ဟစ်သံအဆုံးတွင် ကြိုးကွင်းတစ်ခု သည် လျှောခနဲရောက်လာပြီး မင်းသမီးလေး၏ခန္ဓာကိုယ်ပေါ် လာ စွပ်လေ၏။

ကွင်းလျှောကြိုးသည် တင်းခနဲဖြစ်သွားပြီး မင်းသမီးလေးမှာ တလိမ့်ခေါက်ကွေးလဲကျသွားတော့သည်။

❧

မင်းသမီးလေး၏ကယ်တင်ရှင်

ချေ့ရမ်းမင်းသမီးကလေးသည် တောတောင်ခရီးလမ်းကို ကျွမ်းကျင်သူ မဟုတ်ချေ။

မိုးနဂါးတောင်၌ခြေဦးတည့်ရာ လျှောက်သွားနေခြင်းသာ ဖြစ်သည်။

မန်ချူးများသည် စုကျူးမြို့စားကဲ့သို့သော မန်ချူးသစ္စာ များမှတစ်ဆင့် **ဘုရင့်**သားတော်က**လေးကို ဖမ်းဆီးနိုင်ရန်** ကြိုးစား သကဲ့သို့ သူတို့မန်ချူးများကိုယ်တိုင်**လည်း ဘုရင့်**သားတော်လေး ကိုဖမ်း**ဆီးရန်** ကြိုးစားနေကြသည်**သာဖြစ်၏။**

**ထို့ကြောင့်** မိုးနဂါးတောင်ပေါ်၌ မန်ချူးတပ်စုများကို မ ကြာခဏတွေ့နေရခြင်းဖြစ်သည်။

ချေ့ရမ်းမင်းသမီးလေးသည် တစ်ဦးတည်းပြေးလွှားရင်းမှ တဖြည်းဖြည်း အားငယ်စိုးရွံ့လာသည်။ မန်ချူးများနှင့်တိုးပြီးရင်း တိုးနေသဖြင့် သူမအနေဖြင့် မည်သည့်အချိန်ထိကာကောင်းနေနိုင်

ပူပြင်းလှသောနေလုံးကြီးသည် သူတို့၏ဦးခေါင်းတည့်တည့်သို့ရောက်ရှိနေပြီဖြစ်၍ မွန်းတည့်ချိန်ဖြစ်ကြောင်းကို လူတိုင်းသိရှိနေကြလေပြီ။

မန်ချူးလက်အောက်ရှိ မြောက်ပိုင်းမြို့ကလေးတစ်မြို့ရှိ အရက်ဆိုင်တွင်လည်းကောင်း၊ ထမင်းဆိုင်တွင်လည်းကောင်း၊ မင်းသမီးလေးအား လက်ရဖမ်းဆီးမိသောသတင်းကို တိုးတိုးတိတ်တိတ်ကျိတ်၍ပြောနေကြလေပြီ။

မန်ချူးစစ်သားများ ယခင်က ဖမ်းဆီးမိသူများမှာ မှူးမတ်အဆင့်ရှိသူများ၊ တရုတ်များထဲမှ မျိုးချစ်စိတ်ရှိသူများသာဖြစ်သည်၊ မဟာဆီ မဟာသွေး မင်းသား မင်းသမီးများအား ဖမ်းဆီးရမိခဲ့ခြင်းမရှိသေးသဖြင့် မင်းသမီးလေးအား ဖမ်းမိသည့်သတင်းသည် လူအများ စိတ်ဝင်စားဖွယ်ရာသတင်းဖြစ်နေပေတော့သည်။

ထိုသတင်းကို အဓိကဖြန့်ဖြူးပြောဆိုနေသူကား မျက်နှာ၌ကျောက်ပေါက်မာများပြည့်နေသည့် လူတစ်ဦးပေတည်း။

သူသည် ဟန်တရုတ်စစ်စစ်တစ်ဦးဖြစ်ရာ စိတ်ထဲမှာ မခံမရပ်နိုင်ကြသဖြင့်သာ ဤသို့လျှောက်ပြောနေခြင်းဖြစ်သည်။

သက်သက်မဲ့ ကောလာဟလသတင်း ဖြန့်ဖြူးနေခြင်း မဟုတ်ပေ။ ကျောက်ပေါက်မာရှိသူသည် အရက်ဆိုင်တစ်ဆိုင်၌ ဝင်ထိုင်သည်။ သူထိုင်၍မှ ဖင်မပူသေးမီ လူငယ်တစ်ယောက် သူ့ထံသို့ရောက်ရှိလာသည်။

"နောင်ကြီး- ထိုင်ခုံအားပါသလားခင်ဗျာ"

ကျောက်ပေါက်မာနှင့်လူက ခေါင်းညိတ်လိုက်၏။



"ထိုင်နိုင်ပါတယ်၊ တခြားလူ မရှိပါဘူး"

ကျောက်ပေါက်မာနှင့်လူသည် သူ့ထံထိုင်ခွင့်တောင်းသူကိုအကဲခတ်လိုက်၏။ လူငယ်မှာ အသက်နှစ်ဆယ်ခန့်ရှိသည်။ ကိုယ်ဟန်အနေအထားကိုကြည့်၍ သိုင်းသမားတစ်ယောက်ဖြစ်နိုင်ကြောင်း သူခန့်မှန်းမိလေ၏။

လူငယ်သည် အရက်တစ်အိုးလှမ်းမှာ၏။ အရက်အိုးရသောအခါ သူ့အရက်အိုးထဲမှအရက်ကို ခွက်နှစ်ခွက်ထဲသို့ထည့်သည်။ ကျောက်ပေါက်မာနှင့်လူရှေ့သို့ အရက်တစ်ခွက်ကိုတွန်းပို့သည်။

"သောက်ပါ နောင်ကြီးခင်ဗျာ"

'ဟာ- နေပါစေ၊ ကျုပ်လဲအရက်မှာထားပါတယ်"

"မှာတာလဲသောက်ပေါ့၊ ကျွန်တော်တိုက်တဲ့ အရက်လဲသောက်ပေါ့၊ နောင်ကြီးကို ကျွန်တော်တစ်ခုလောက်မေးပါရစေ"

"ဘာများလဲ"

"ကျွန်တော့်ကို နောင်ကြီးသိပ်မစိုးရိမ်ပါနဲ့လို့ ကြိုတင်ပြောထားပါရစေ၊ ကျွန်တော်နောင်ကြီးနောက် တကောက်ကောက်လိုက်နေတာကြာပါပြီ၊ နောင်ကြီးပြောတဲ့စကားထဲမှာ မင်းသမီးလေးအဖမ်းခံနေရတယ်လို့ ပါနေတယ်၊ ဘယ်ကမင်းသမီးလေးလဲဟင်"

ကျောက်ပေါက်မာရှိသူသည် လူငယ်အား အသေအချာအကဲခတ်ပြန်၏။ ဟန်တရုတ်စစ်စစ်ဖြစ်ကြောင်း သေချာသောအခါမှ-

'ဘယ်က မင်းသမီးရမလဲ၊ တောင်ပိုင်း တရုတ်ဘုရင်နန်းတော်က ဟန်တရုတ်မင်းသမီးစစ်စစ်ပဲပေါ့"

"တကယ့် သတင်းအမှန်လားဟင်"

"တကယ့် သတင်းမှန်ပေါ့"

**"သူတို့** ဘာလုပ်မယ်လို့ကြားသေးသလဲ"

**"မန်ချူးမြို့စားကြီး** တစ်ယောက်ယောက်ဆီပို့မှာသေချာတယ်၊ **သူတို့ ဒီဆိုင်ရှေ့က**ဖြတ်လာမှာပဲ"

**"မန်ချူးစစ်သားအင်**အား ဘယ်လောက်ရှိမယ်ထင်သလဲ"

**"သိပ်များမယ်** မထင်ဘူး၊ ဒီနယ်က မန်ချူးတွေသိမ်းထားတဲ့နယ်ပဲ၊ **သူတို့**နယ်ထဲမှာဆိုတော့ သူတို့က ရန်သူကို သိပ်မကြောက်ဘူးပေါ့၊ တောင်ပိုင်းနဲ့မြောက်ပိုင်းနယ်စပ်ဆိုရင်တော့ သူတို့ပိုပြီးဂရုစိုက်မှာပေါ့"

"ဟုတ်ပါတယ်၊ နောင်ကြီးပြောတာမှန်ပါတယ်၊ သူတို့အင်အားကို နောင်ကြီးခန့်မှန်းပေးစမ်းပါ၊ သိချင်လို့ပါ"

"သိပ်မများပါဘူး၊ အလွန်ဆုံး ဆယ့်နှစ်ယောက်**လောက်ပဲ**ရှိမှာပါ၊ ကျုပ်က သိုင်းပညာမတတ်လို့ပေါ့ဗျာ၊ **တတ်များတတ်ရင်**တော့လား- ဟင်း"

လူငယ်က ပြုံး၍မေး၏။

"နောင်ကြီး သိုင်းပညာတတ်ရင် **ဘာလုပ်မလို့လဲ"**

ကျောက်ပေါက်မာနှင့် လူက စားပွဲကိုလက်သီးဖြင့် ဖြန်းခနဲထုလိုက်၏။

"ကျုပ်က ဘာလုပ်ရမလဲ၊ မင်းသမီးလေးကို ကယ်မှာပေါ့၊ ကိုယ့်လူမျိုးမင်းသမီးဥစ္စာ၊ ကျုပ်တို့ ဟန်တရုတ်တွေမှ မကယ်ရင်ဘယ်သူတွေကကယ်မှာလဲ"



ထိုအချိန်မှာပင် အဝေးမှမြင်းခွာသံ**များကို** ကြားရလေတော့၏။

"ဟော- မြင်းခွာသံ **ဒီလောက်များပုံ**ထောက်ရင် မင်းသမီးလေးကိုဖမ်းလာတဲ့ **မန်ချူးတစ်စုပဲဖြစ်**ရမယ်"

ဆိုင်ထဲမှ တချို့**လူများကား** ထိုမြင်းခွာသံများကို သတိမပြုမိပုံရပေ။ မန်ချူးများကိုစိတ်ဝင်စားနေသည့် လူငယ်နှင့်ကျောက်ပေါက်မာရှိသူတို့မှာမူ သူတို့ထိုင်ခုံများကို ပြတင်းပေါက်အနီးသို့ ရွှေ့လိုက်ပြီး လမ်းမပေါ်သို့မျှော်ကြည့်နေကြလေသည်။

**အဝေးမှ** မန်ချူးစစ်သားများသည် မြင်းများကို ဒုန်းစိုင်း**းလာနေကြ၏**။ မြင်းလေးကောင် ကထားသော မြင်းရထားတစ်စီးလည်းပါသည်။ ထိုမြင်းရထားထဲ၌ မင်းသမီးလေးကို ဖမ်းဆီးခေါ်ဆောင်လာမည်မှာ သေချာပေသည်။

ထိုမြင်းအုပ်စု အရက်ဆိုင်ရှေ့သို့ရောက်လာသည်နှင့်လူငယ်သည် အရက်ဆိုင်ပြတင်းပေါက်မှလွှားခနဲခုန်ထွက်သွားလေရာ ကျောက်ပေါက်မာနှင့်လူမှာ လူငယ်၏ ပေါ့ပါးသွက်လက်ပုံ**ကိုကြည့်**၍ ဟာခနဲဖြစ်သွားရလေတော့၏။

လူငယ်သည် ကျော၌သိုင်းလွယ်ထားသည့် **အိတ်ထဲမှ ဝါးလုံး**နှစ်ချောင်းကိုထုတ်လျက် မြင်းအုပ်ထဲဝင်သွားရာ ကျောက်**ပေါက်**မာနှင့်လူ၏အမြင်တွင် 'ဤလူငယ်တော့ **မြင်းနင်း**ခံရတော့မှာပဲ' ဟုတွေးလိုက်မိလေ၏။

တကယ်တော့ သူထင်သလို **ဖြစ်မလာချေ**။ မြင်းပေါ်မှ မန်ချူးများသာ တအားအားအော်လျက် **တစ်ယောက်ပြီး** တစ်

ယောက် လွင့်ထွက်ကုန်သည်။

ထို့နောက် လူငယ်သည် မြင်းရထားခေါင်မိုးပေါ်သို့ ရောက်သွား၏။ မြင်းရထားမောင်းသည့်မန်ချူးစစ်သားက သူ့ဓားကို ဆွဲထုတ်ရန်ဟန်ပြင်သည်။

"ဖြောင်း"

"အား"

သူ့ဓား ဓားအိမ်ထဲမှမထွက်မီမှာပင် လူငယ်က ထိုမြင်းလှည်းမောင်းသူမန်ချူးစစ်သားအား ဝါးလုံးဖြင့်ရိုက်ချလိုက်သည်၊ မြင်းလှည်းမောင်းသမားလည်း အသံနက်ကြီးဖြင့်အော်ကာ တလိမ့်ခေါက်ကွေးကျသွားတော့သည်။

"ဟား- ဟား- ဟား၊ သတ္တိရှိရင် ငါ့နောက်လိုက်ခဲ့ကြကွ"

လူငယ်သည် မြင်းလေးကောင်ကသည့် မြင်းရထားဇက်ကြိုးကို ကောင်းစွာထိန်းနိုင်သည်နှင့် တဟားဟား အော်ဟစ်ရယ်မောတော့သည်။

မြင်းရထားနောက်မှ မြင်းစီးသမားမန်ချူးလေးယောက်သည် အံကြိတ်လျက် တစ်ရှိန်ထိုးလိုက်လာကြ၏။

မန်ချူးနှစ်ယောက်သည် မြင်းရထားကိုမီလာသည်နှင့် သူတို့၏မြင်းပေါ်မှ မြင်းရထားကိုလှမ်းတွယ်ပြီး မြင်းရထားပေါ်သို့ခိုတက်လာကြ၏။

လူငယ်သည် မြင်းဇက်ကြိုးများကို လှည်းထိပ်တွင် စုချည်လိုက်ပြီး မန်ချူးနှစ်ယောက်ကို မြင်းရထားခေါင်မိုးပေါ်၌ရင်ဆိုင်လေ၏။



မြင်းလေးကောင်သည် အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမရှိဘဲ တစ်ရှိန်ထိုးပြေးသွားနေလေရာ မန်ချူးစစ်သားနှစ်ယောက်မှာ မြင်းရထားခေါင်မိုးပေါ်၌ သူတို့၏ ခန္ဓာကိုယ်ကို အနိုင်နိုင်ထိန်း၍ ရပ်ကြရလေ၏။

မန်ချူးစစ်သားနှစ်ယောက်၏ ဓားများသည် နေရောင်အောက်၌ တဝင်းဝင်းတလက်လက်ဖြစ်နေ၏။ သို့သော် သူတို့ခန္ဓာကိုယ်များကား ယိမ်းထိုးနေသည်။

လူငယ်ကား မြေပြင်ပေါ်၌ရပ်နေသကဲ့သို့ တည်ငြိမ်စွာ ရပ်နေနိုင်သည်။ လူငယ်လက်ထဲ၌ တစ်တောင်သာသာရှိသော ဝါးလုံးတိုနှစ်ချောင်းသာရှိသည်။

တကယ်တမ်းတိုက်ခိုက်သည့်အခါတွင်လည်း လူငယ်ကသာဦးဆောင်သည်။

"ရွမ်း- ရွမ်း-. ရွမ်း"

မန်ချူးဓားနှစ်လက်ကား နေရောင်အောက်၌ မျက်စိကျိန်းမတတ် တဝင်းဝင်းတလက်လက် တောက်ပနေ၏။

အလွန်တရာကျဉ်းမြောင်းသော တည်ငြိမ်မှု မရှိသော ခေါင်မိုးပေါ်၌ လူငယ်၏ရှောင်တိမ်းမှုမှ လွန်စွာ အသည်းယားစဖွယ်ကောင်းလှ၏။

မန်ချူးစစ်သားနှစ်ယောက်၏ပုံသဏ္ဌာန်မှာ မြင်းရထားလှုပ်သည်နှင့် လိမ့်ကျတော့မယောင် မတည်မငြိမ်ဖြစ်နေခဲ့ကြသော်လည်း တကယ်တမ်းတိုက်သည့်အခါတွင်မူ မြေပြင်ပေါ်မှာကဲ့သို့ ထိထိရောက်ရောက် တိုက်ခိုက်နိုင်ကြောင်း အံ့ဩဖွယ်ရာ

တွေ့ရှိရသည်။

**"ရှမ်း- ရှမ်း- ရှမ်း"**

**မန်ချူးနှစ်ယောက်**စလုံးသည် ယခင်ကလက်တွဲတိုက်ခိုက်ခဲ့**သူများဖြစ်ပုံ**ရသည်။ တစ်ယောက်၏အရိပ်အခြည်ကို တစ်ယောက်**ကအသိအမြင်** **လူငယ်**၏ခန္ဓာကိုယ်ကိုအပိုင်းပိုင်းပြတ်**သွားစေသလား**ဟု **ထင်မှတ်မှား**ရသည်။

လူငယ်ကား ကျွမ်းကျင်စွာရှောင်တိမ်း**သွားနိုင်သည်။** သူသည် မြင်းရထားနောက်သို့ဖျတ်ခနဲကြည့်လိုက်၏။ မြင်းစီး မန်ချူးနှစ်ယောက်ကလည်း ဒုန်းစိုင်းလိုက်နေဆဲဖြစ်ကြောင်း **တွေ့**လိုက်ရသဖြင့် ဤမြင်းရထားခေါင်မိုးပေါ်မှ မန်ချူးနှစ်**ယောက်**ကို အလျင်အမြန် ရှင်းပစ်ရန်လိုအပ်လာပြီဖြစ်ကြောင်း သူနားလည်သဘောပေါက်သွားသည်။

"ဝိုး- ဝိုး- ဝိုး"

တစ်တောင်သာသာ ဝါးလုံးကလေးနှစ်ချောင်းသာဖြစ်သော်လည်း လူငယ်ဝှေ့ယမ်းလိုက်သည့်အခါ ပြင်းထန်သောလေတိုးသံ ထွက်ပေါ်လာလေ၏။

"မင်းတို့ကသေချင်တော့ ခေါင်မိုးပေါ်အထိ လိုက်လာကြတာကိုး၊ အေး- သေရစေမယ်"

ထိုသို့ပြောလိုက်စဉ်မှာပင် မန်ချူးစစ်သားတစ်ယောက်၏ ဓားသည် လူငယ်၏လည**်ကုပ်**သို့ ခပ်စောင်းစောင်း ဝင်လာရာ လူငယ်က သူ၏ဝါး**လုံးဖြင့်ခံ**ပေးလိုက်၏။

"ဒုတ်"



မာကျောလိုက်သည့်ဝါးလုံး။

ဓားသွားသည် ဝါးလုံးကိုမဖြတ်နိုင်ချေ။

လူငယ်သည် ချက်ချင်းလိုလိုပင် ဘယ်ခြေကိုဆတ်ခနဲ ကန်**ထုတ်လိုက်၏။**

**"အား"**

**မန်ချူးစစ်**သားသည် အလန့်တကြားအော်လိုက်၏။ အော်သံ**နှင့်အတူ** သူ၏ခန္ဓာကိုယ်ကြီးသည်လေထဲလွင့်မြောက်သွား၏။

တစ်ရန်တော့ ရှင်းသွားလေပြီ။

ကျန်သည့်မန်ချူးစစ်သားသည် သူ့အဖော်အတွက် လက်စားချေနိုင်ရန် ပို၍သတိထားလေ၏။ သူ့ဓားက တဝင်းဝင်း တလက်**လက်အရောင်**ထွက်နေသကဲ့သို့ လူငယ်၏ဝါးလုံးတို့များကလည်း အရိပ်**ထောင်သောင်းပြာ**ထွက်နေသည်။

သူတို့**နှစ်ဦးအနည်** မြင်းရထားလှုပ်ခါမှုကို ဟန်ချက်ညီညီ**ထိန်းရင်း** ပညာပါပါ**တိုက်**ခိုက်နေကြသည်။

မန်**ချူးက** **သူ့**ဓားကိုဘယ်ဝှေ့ညာယမ်းဟန်ပြပြီး လျှပ်**တစ်****ပြက်** **လူငယ်**၏ရင်ဝဆီသို့စွပ်ခနဲထိုးချလိုက်၏။ မထင်မှတ်သော**တိုက်ကွက်**ဖြစ်သည်။

"ချပ်"

လူငယ်ကလည်း လျင်မြန်လှသည်။ မမျှော်လင့်ဘဲ **ဝင်လာ**သည့်ဓားကို သူ့ဝါးလုံးနှစ်ချောင်းဖြင့်ဖမ်းညှပ်လိုက်သည်**။** ထိုအချိန်မှစ၍ နှစ်ယောက်သား အားပြိုင်ကြတော့သည်။

မန်ချူးစစ်သားက သူ့ဓားနုတ်ထွက်လာအောင် အားစိုက်၍

ဆွဲထုတ်နေ၏။ လူငယ်ကလည်း ဓားထွက်မသွားနိုင်အောင် သူ့ဝါးလုံးနှစ်လုံးကို အားစိုက်ဖိညှပ်ထားနေ၏။ နှစ်ယောက်စလုံး ချွေးပြိုက်ပြိုက်ထွက်လာနေပေသည်။

ထိုအချိန်မှာပင် လူငယ်၏နားထဲ၌ တဂျစ်ဂျစ်မြည်သံကြားလိုက်ရလေ၏။ သူ့နောက်ကျောဘက်မှ မြင်းစီးမန်ချူးတစ်ယောက် ကုတ်တွယ်တက်လာပြီဖြစ်ကြောင်း လူငယ်ရိပ်မိလိုက်သည်။

သူ မည်သို့လုပ်မည်နည်း။ နောက်မှ ရန်သူကိုဂရုစိုက်ပါက ရှေ့မှဓားသမားက သူ့အားဒုက္ခပေးတော့မည်။ သည်အတိုင်း အားပြိုင်နေပါကလည်း နောက်မှရန်သူက သူ့နောက်ကျောကို ဓားနှင့်စိတ်ကြိုက်ထိုးသွင်းပေတော့မည်။

ထိုစဉ် လူငယ်၏ဦးခေါင်းထဲသို့ အကြံတစ်ချက်လက်ခနဲဝင်လာသဖြင့် လူငယ်သည် နောက်မှအသံကိုပို၍ဂရုစိုက်နားထောင်နေလေတော့၏။

"ရှီး"

နောက်မှ လေတိုးသံကြားလျှင်ကြားချင်း လူငယ်သည် သူ၏ဝါးလုံးနှစ်လုံးကို ချက်ချင်းရုပ်သိမ်းပြီး မြင်းရထားခေါင်မိုးပေါ်သို့ လှဲအိပ်ချလိုက်လေ၏။

"အား"

နောက်မှခိုတွယ်တက်လာသော မန်ချူးစစ်သား၏ဓားသည် လူငယ်နှင့် ရင်ဆိုင်အားပြိုင်နေသော မန်ချူးစစ်သား၏ရင်ဝဆီသို့ တန်းခနဲဝင်သွားပြီး နှစ်ဦးစလုံး မြင်းရထားခေါင်မိုးပေါ်မှ လွင့်စင်ကျသွားလေတော့၏။



လူငယ်သည် ဟူးခနဲ လေပူတစ်ချက်မှုတ်ထုတ်ကာ သရုပ်လိုက်၏။

"ဟင်- မင်းက တက်လာသေးသပေါ့ဟုတ်လား"

သူလှည့်ကြည့်မိလိုက်သည်မှာ ကံကောင်းသည်။ နောက်ဆုံးမန်ချူးသည် မြင်းရထားခေါင်မိုးပေါ်သို့ တက်အံ့ဆဲဆဲရှိနေလေပြီ။

"ကဲကွာ"

"ဖြောင်း"

လူငယ်သည် တက်အံ့ဆဲဆဲမန်ချူးစစ်သားအား ညာခြေဖြင့်ကန်လိုက်ရာ မန်ချူးစစ်သားမှာ အော်ပင်မအော်နိုင်တော့ဘဲ ဝုန်းခနဲ ပြုတ်ကျသွားလေတော့၏။

"အင်း- ရန်သူတွေလဲရှင်းသွားပြီ၊ ငါလဲ မြင်းရထားကိုထိန်းမှ တော်ကြာ ချောက်ထဲဆွဲပြေးသွားလို့ ငါပါ ဟိုကောင်တွေနောက်လိုက်နေရဦးမယ်"

လူငယ်သည် မြင်းရထားသမားနေရာ၌ ဟန်ကျပန်ကျထိုင်ကာ မြင်းဇက်ကြိုးများကိုပြန်လည်ကိုင်လိုက်လေတော့၏။

## သွေးကစကားပြောခြင်း

ဖုကျားကျေးရွာဆိုသည်မှာ လျှံယင်းချုံနှင့် ချန်းနီတို့ ဝင်ရောက်ခိုလှုံသည့်ရွာကြီးပင် ဖြစ်သည်။

ဖုကျားကျေးရွာသူကြီးမှာ ဖုလုံပင်ဖြစ်သည်။

ဖုလုံသည် အမြော်အမြင်ကြီးသော လူတစ်ဦးဖြစ်သဖြင့် သူ့ရွာသားများကို သိုင်းပညာကောင်းစွာသင်ကြားထားသည်။ ရွာသားတိုင်းလိုလို **သိုင်းပညာတတ်** မြောက်ထားသဖြင့် သိုင်းကျေးရွာဟုပင်ခေါ်နိုင်**လောက်သည်**။

ဖု**ကျားကျေးရွာကို လူဆိုး**၊ ဓားပြများ ဝေးဝေးက ရှောင်ကြ၏။ အကြောင်းမသိခင်က ဓားပြအုပ်စုနှစ်စုဝင်တိုက်ဖူးသည်။ ထိုနှစ်စုစလုံး ခွေးသေ ဝက်သေသေကြသောအခါမှ ဖုကျားကျေးရွာကိုမည်သည့် သူခိုးဓားပြမျှ မျက်စောင်းမထိုးရဲတော့ချေ။

တရုတ်ပြည်မြောက်ပိုင်းကို မန်ချူးများသိမ်းသောအခါ ဖုကျားကျေးရွာသည် ခြံစည်းရိုးအခိုင်အလုံကာ၍ သိုသိုသိပ်သိပ်



နေခဲ့သည်။ တကွဲတပြား ကွဲထွက်လာသည့် မန်ချူးတပ်စုကလေးများကို လက်စသိမ်းသုတ်သင်ပစ်ကြသည်။

ယခု မန်ချူးတပ်များနှင့်ထိပ်တိုက်တိုးနေရသောအခါတွင်မူ ရွာသူကြီးဖုလုံသည် သူ့ရွာသားများကို အဆိုင်းလေးဆိုင်းခွဲလျက် နေ့ညမပြတ်ကင်းစောင့်စေသည်။

မန်ချူးများသည် ဖုကျားကျေးရွာကိုဝန်းရံထားကြ၏။ သူတို့အင်အားမှာ ငါးဆယ်ကျော်သာရှိသဖြင့် အပြတ်အသတ်လည်း ဝင်မတိုက်ရဲချေ။ ဖုကျားကျေးရွာသတင်းကို သူတို့ရရှိထားပြီး ဖြစ်ပေသည်။

ဖုလုံသည် သတိဝီရိယကြီးသောရွာသူကြီးဖြစ်၏။ ကင်းသမားများ မပြတ်သတိရှိရန် နှိုးလည်းနှိုးဆော်သည်။ သူကိုယ်တိုင်လည်း စစ်ဆေးသည်။

ရွာအနောက်ဘက်ကင်းစခန်းကိုစစ်ဆေးပြီး သူ့အိမ်ရှိရာသို့ပြန်လာခိုက်တွင် ရွာအရှေ့ဘက်ကင်းစခန်းမှ ကင်းသမား ရွာသားတစ်ဦးပြေးလာနေကြောင်း တွေ့လိုက်ရသည်။

ကင်းသမားရွာသားက ဖုလုံအားဦးညွှတ်ဂါရဝပြုခိုက်မှာပင် ဖုလုံကလှမ်းမေးလိုက်၏။

"သူတို့လာကြပြီလား"

ဖုလုံက မန်ချူးများဝင်လာပြီထင်၍ မေးလိုက်ခြင်းသည်။

ရွာသားကခေါင်းခါ၏။

"မလာပါဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ဆီကဆက်သားတစ်ယောက် ရောက်လာပါတယ်၊ စာတစ်စောင်လာပေးလို့ပါ"

"ဒါများကွာ၊ စာကိုမြန်မြန်ထုတ်ပေးမှပေါ့"

ရွာသားက စာတစ်စောင်ထုတ်ပေးသည်။

ဖုလုံက ထိုရွာသားအား-

"ကဲ- မင်းပြန်တော့၊ သတိဝီရိယနဲ့စောင့်ပေတော့"

ရွာသားပြေးထွက်သွားသောအခါမှ ဖုလုံကစာကိုဖွင့်ဖတ်၏။

ဖုလုံ၏မျက်နှာ၌ ပူပန်သောအရိပ်အရောင်များ လွှမ်းခြုံလာသည်။ စာပါအကြောင်းအရာတို့သည် ဖုလုံ၏စိတ်နှလုံးကို ညစ်နွမ်းပူလောင်စေခဲ့လေပြီ။

ထိုအချိန်မှာပင် လျှံယင်းချုံနှင့်ချန်းနီတို့သည် အိမ်ထဲမှထွက်လာကြ၏။ စာတစ်စောင်ကိုကိုင်လျက် ငိုင်နေသည့် ရွာသူကြီးဖုလုံအားတွေ့ရသောအခါ တစ်ခုခုထူးပြီဖြစ်ကြောင်းရိပ်မိလိုက်သည်။

လျှံယင်းချုံက-

"ရွာသူကြီး၊ ကျွန်တော်တို့နဲ့ပတ်သက်ပြီး တစ်ခုခုထူးပြီ မဟုတ်လား၊ ကျွန်တော်တို့သိခွင့်ရှိရင် သိချင်ပါတယ်"

ဖုလုံက စာရွက်ကို လျှံယင်းချုံအားလှမ်းပေးလေ၏။

ဖုလုံ

လျှံယင်းချုံနဲ့မိန်းကလေးတစ်ယောက် မင်းရွာထဲမှာရောက်နေတာ ငါသိတယ်၊ မင်းကို နောက်ထပ်သုံးရက်အချိန်ပေးမယ်၊ သုံးရက်အတွင်းမှာ လျှံယင်းချုံနဲ့မိန်းကလေးကို ငါ့လက်ထဲအပ်ပါ၊ မအပ်ရင် မင်းရွာတစ်ရွာလုံး အသေဆိုးသေအောင် ငါလုပ်ပစ်မယ်၊ ငါ ဘယ်တုန်းကမှ အပိုစကားမပြောတတ်ဘူးဆိုတာ မင်းအသိပဲ၊ မင်းရွာသားတွေရဲ့အသက်ကို နှမြောရင် ငါပြောသလိုလိုက်နာပါ"

အဆိပ်ဝိဇ္ဇာ



လျှံယင်းချုံက စာခေါက်ကိုပြန်ပေးလိုက်၏။

"အဆိပ်ဝိဇ္ဇာဆိုပါလား"

လျှံယင်းချုံက ညည်းညည်းညူညူပြော၏။ သူသည် အဆိပ်ဝိဇ္ဇာအကြောင်း သိမထားပေ။

ချန်းနီကဝင်မေး၏။

"ဘဘကြီး အဆိပ်ဝိဇ္ဇာဆိုတာဘယ်လိုလူလဲဟင်"

ဖုလုံက သက်ပြင်းချလိုက်၏။

သူသည် အဆိပ်ဝိဇ္ဇာနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှည်ရှည်လျားလျားပင်ပြောပြသည်။

သိုင်းလောကသည် အလွန်တရာရှုပ်ထွေးနက်နဲသည်။

အထက်လမ်းသိုင်းဂိုဏ်းများရှိသကဲ့သို့ အောက်လမ်းသိုင်းဂိုဏ်းများလည်းရှိသည်။ အချို့သောသိုင်းဂိုဏ်းများမှာ အထက်မကျ အောက်မကျဂိုဏ်းမျိုး ဖြစ်သည်။

အဆိပ်သုံးသောသိုင်းဂိုဏ်းများမှာ အောက်လမ်းသိုင်းဂိုဏ်း

များသာဖြစ်သည်။ အထက်လမ်း သိုင်းသမားများက ရန်သူအား မည်သည့်အခါမျှ အဆိပ်ဖြင့်တိုက်ခိုက်ခြင်း လုပ်ကြံခြင်းမပြုပေ။

အဆိပ်သုံးသည်ဆိုရာ၌လည်း အမျိုးမျိုးရှိသည်။ အချို့က အဆိပ်လက်နက်ပုန်းသုံး၍ ကျော်ကြားသည်။ အချို့က အဆိပ်ခတ်ရာ၌ကျော်ကြားသည်။ သူတို့ထိကိုင်မိသမျှအဆိပ်ချည်းသာဖြစ်၏။

အချို့ကား အဆိပ်ကုသမားတော်များဖြစ်၏။

ထိုအချိန်က အကျော်ကြားဆုံးအဆိပ်ဆရာကြီးနှစ်ဦးမှာ စီးတိန့်ကု၏ဆရာ အဆိပ်ဘုရင်နှင့် ယခုဖုကျားကျေးရွာအား လာရောက်ခြိမ်းခြောက်နေသည့် အဆိပ်ဝိဇ္ဇာတို့ပင်ဖြစ်လေသည်။

အဆိပ်ဘုရင်သည် အဆိပ်ငွေ့သိုင်းပညာနှင့်ကျော်ကြား၏။ သူသည် လူတကာကို ရန်မူနေသူမဟုတ်ချေ။ သူနှင့်ရန်ဖြစ်လျှင်မူ အဆိပ်ငွေ့ပညာဖြင့် တိုက်ခိုက်တတ်သည်။

သူက သူ့ကိုယ်သူ အထက်လမ်းဂိုဏ်းသား အဖြူရောင်သိုင်းသမားဟုသတ်မှတ်သော်လည်း သိုင်းလောကသားများကမူ သူ့အား အထက်လမ်းဂိုဏ်းသား အဖြူရောင်သိုင်းသမားဟုမသတ်မှတ်ချေ။

မည်သို့ပင်ဖြစ်စေ အဆိပ်ဘုရင်သည် မြွေဟောက်ကဲ့သို့ လူတွေ့တိုင်း ရန်မူတတ်သူတော့မဟုတ်ချေ။

အဆိပ်ဘုရင်သေဆုံးသွားပြီ ဖြစ်ကြောင်းကိုတော့ ဖုကျားကျေးရွာ ရွာသူကြီးဖုလုံမသိသဖြင့် ထိုအကြောင်းထည့်မပြောချေ။

အဆိပ်ဝိဇ္ဇာဆိုသူကား မည်သို့သောလူစားမျိုးနည်း။

အဆိပ်ဝိဇ္ဇာသည် အဆိပ်ဘုရင်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ သူသည် အဆိပ်အမျိုးမျိုးကိုအသုံးပြုသူဖြစ်၏။



သူနှင့်စကားပြောနေစဉ် သူလက်တို့လိုက်သည်နှင့် သူ့ရှေ့မှလူ တုံးခနဲလဲကျသေအောင်လည်း စွမ်းနိုင်သည်။ သူသတ်ခဲ့သည့်လူများမှာလည်း မရေမတွက်နိုင်အောင်ရှိခဲ့ပြီးဖြစ်သည်။

သူကား ခပ်ရှင်းရှင်းပင်။ အထက်လမ်းဂိုဏ်းသားဟု သူ့ကိုယ်သူ ကြွေးကြော်သူ မဟုတ်ပေ။ အောက်လမ်းဂိုဏ်းသားဟု နာမည်တပ်သည်ကိုလည်း သူ မငြင်းချေ။

သူအလိုရှိသည့်အရာမှာ လူတကာက သူ့အား ဖိမ့်ဖိမ့်တုန်ကြောက်စေဖို့ပင်ဖြစ်သည်။

သူ့၌ ရက်စက်သောစိတ်ထားရှိသဖြင့် စိတ်အခန့်မသင့်တိုင်း လူသတ်ခဲ့ရာ သူသည် အဆိပ်လူသတ်ကောင်ကြီးအဖြစ် သိုင်းလောက၌ကျော်ကြားလာတော့၏။ သူ့ဆန္ဒလည်းပြည့်ဝသွားသည်။ အဆိပ်ဝိဇ္ဇာဆိုလျှင် လူတကာက ဖိမ့်ဖိမ့်ကြောက်ရွံ့နေကြပြီမဟုတ်ပါလား။

ထို့ကြောင့် သိုင်းလောက၌ကျော်ကြားနေသော အဆိပ်ဘုရင်နှင့်အဆိပ်ဝိဇ္ဇာတို့နှစ်ဦးအနက် အဆိပ်ဝိဇ္ဇာက အဆိပ်ဘုရင်ထက်ပို၍နာမည်ရှိသည်။ သိုင်းလောက၌လည်း အဝင်အထွက်များသည်။ သိုင်းသမားများက ပိုသိရှိကြသည်။

လျှံယင်းချုံနှင့် ချန်းနီတို့ မသိကြခြင်းမှာ သူတို့နှစ်ယောက်စလုံး သိုင်းလောကသား သက်သက်မဟုတ်သောကြောင့်ကည်း။

ထို့ပြင် အဆိပ်ဝိဇ္ဇာထံ၌ ကျော်ကြားသောတပည့်နှစ်ဦးရှိသေး၏။ တစ်ဦးမှာယောကျ်ားကလေးတပည့်ဖြစ်ပြီး တစ်ဦးမှာ မိန်းကလေးတပည့်ဖြစ်၏။

ယောက်ျားကလေး၏အမည်မှာ ဆံဖြူလူငယ်ဖြစ်ပြီး မိန်းကလေး၏အမည်မှာ မေယုစွမ်းဖြစ်သည်။ ထိုတပည့်နှစ်ဦးစလုံးသည် အဆိပ်ဝိဇ္ဇာ၏လက်ရုံးများပင် ဖြစ်သည်။

အဆိပ်ဝိဇ္ဇာနှင့်ရင်ဆိုင်ရသည်ဆိုလျှင် ထိုတပည့်နှစ်ဦးနှင့်ပါ အသေအချာရင်ဆိုင်ရမည်ဖြစ်ကြောင်း ဖုလုံကရှင်းပြလေ၏။

ဖုလုံ၏စကားဆုံးသွားသော်လည်း လျှံယင်းချုံနှင့်ချန်းနီတို့မှာ စကားမပြောနိုင်ဘဲရှိနေကြသည်။

အတန်ကြာမှ ချန်းနီကပြော၏။

"ဘဘကြီး- ကျွန်မတို့ ဒီရွာကထွက်သွားမယ်ဆိုရင်တော့ ဘဘကြီးတို့ကို အဆိပ်ဝိဇ္ဇာကခွင့်လွှတ်လိမ့်မယ်နဲ့တူတယ်"

ဖုလုံမပြောမီ လျှံယင်းချုံကဝင်ပြောလေ၏။

"ဒီလိုတော့ ရမှာမဟုတ်ဘူး၊ သူက ငါတို့ကို သူ့လက်ထဲအပ်စေချင်တာ၊ သူ့လက်ထဲမရောက်ဘဲ ငါတို့ တခြားနေရာက လွတ်သွားရင်လဲ ဖုကျားကျေးရွာကို ရန်မူမယ့်သဘောပဲ၊ သူ့စာ အသွားအလာက ဒီလိုပဲသဘောရတယ်"

ဖုလုံကလည်း ခေါင်းညိတ်သည်။

"လျှံယင်းချုံပြောတာမှန်တယ်၊ မင်းတို့ကို ငါလွှတ်ပေးလိုက်လဲ သူကတော့ ရွာကိုဖျက်ဆီးမှာသေချာပါတယ်၊ သူကြောက်စရာကောင်းတာတော့မှန်ပါတယ်၊ ဒါပေမယ့် ငါက သူ့ကို မကြောက်ပါဘူး၊ ခုလိုကိစ္စမျိုးမှာ ငါကပိုတောင်မကြောက်သေးတယ်"

လျှံယင်းချုံက ဖြည်းညင်းစွာခေါင်းခါ၏။

"ဒီလိုလဲ မဟုတ်သေးဘူးလေ"



ဖုလုံက-

"ဘာ ဒီလိုမဟုတ်ရမှာလဲ၊ ငါကြောက်တာက မင်းတို့နှစ်ယောက် သူတို့လက်ထဲရောက်သွားမယ့်ကိစ္စပဲ၊ မင်းတို့မှာ အရေးကြီးတဲ့တာဝန် ထမ်းဆောင်စရာရှိနေတော့ မင်းတို့ကို ဘယ်နည်းနဲ့မှ သူတို့လက်ထဲမထည့်နိုင်ဘူး"

လျှံယင်းချုံက လက်သီးနှစ်ဖက်ဆုပ်ကာ ဖုလုံအား ဂါရဝပြုလိုက်၏။ သာမန်ကာလျှံကာ ဂါရဝပြုခြင်းမဟုတ်ပါ။

အသည်းနှလုံးထဲမှဖြစ်ပေါ်လာသော ရှိသေလေးစားမှုဖြင့် ဂါရဝပြုခြင်းဖြစ်ပါသည်။

"ကျေးဇူးကြီးလှပါတယ်ခင်ဗျာ၊ ဒါပေမယ့်. . ."

ဖုလုံက လျှံယင်းချုံကို စကားဆက်ပြောခွင့်မပြုပေ။

"မင်းဆက်မပြောပါနဲ့၊ ငါလဲဟန်တရုတ်တစ်ယောက်ပဲ၊ ဟန်တရုတ်တစ်ယောက်က မျိုးချစ်ဟန်တရုတ်နှစ်ယောက်ကို ကျူးကျော်သူတွေလက်ထဲ ထည့်ပေးတာ အရုပ်ဆိုးနေမြည်တော်ကြားလို့ လျော်ပါ့မလားကွာ"

လျှံယင်းချုံက ခေါင်းခါ၏။

"ဒါက ရွာသူကြီးက တစ်ဘက်ကကြည့်တာကိုး၊ တစ်ဘက်က ပြန်ကြည့်သင့်ပါသေးတယ်၊ ကျွန်တော်တို့ရဲ့အသက်က နှစ်ချောင်းပဲရှိတယ်၊ ရွာလူထုရဲ့အသက်က ငါးရာနီးပါးရှိမယ်၊ ကျွန်တော်တို့အသေခံတာဟာ ရွာသားအသက်ငါးရာကို ကယ်တာနဲ့ အတူတူပါပဲ"

လျှံယင်းချုံသည် သူ့အသက်နှင့် ဆက်လာသည့်ကိစ္စ ဖြစ်

သဖြင့်သာ ဤစကားကိုပြောခြင်းဖြစ်သည်။ တကယ်တမ်းအားဖြင့် သူ့အသက်တစ်ချောင်း ရှင်သန်ခြင်းသည် ဟန်တရုတ် သန်းပေါင်းများစွာ သူကျွန်အဖြစ်မှ လွတ်မြောက်ရေးအတွက် အထောက်အကူဖြစ်ကြောင်း သူကောင်းစွာသိရှိပေသည်။

ချန်းနီကလည်း လျှံယင်းချုံ၏စကားကိုထောက်ခံသည်။

"ဟုတ်တယ်၊ အစ်ကိုပြောတာမှန်တယ်၊ ဘဘကြီးဖုလုံရဲ့ ကျေးရွာသားတွေဟာ ဆွမ်းခံရင်း ငှက်သင့်ဆိုတာလို ဖြစ်ကုန်ပြီ ကျွန်မတို့နှစ်ယောက်အဖမ်းခံလိုက်တာပဲ ကောင်းပါတယ်၊ ကျွန်မတို့ နှစ်ယောက်အတွက်နဲ့တော့ အပြစ်မဲ့တဲ့ရွာသားတွေ အလကား မသေစေလိုဘူး"

ရွာသူကြီးဖုလုံ၏မျက်လုံးများ နီရဲလာ၏။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် ကျယ်လောင်စွာအော်ဟစ်လိုက်၏။

"တော်- တိတ်"

ချန်းနီ ပါးစပ်ပိတ်သွားသည်။

ဖုလုံက အံကြိတ်ပြီးဆက်ပြောလေ၏။

"ငါ အသက်ရှင်နေသမျှကာလပတ်လုံး မင်းတို့ကို ဘယ်နည်းနဲ့မှ သူတို့လက်ထဲမအပ်နိုင်ဘူးကွ၊ အေး- ငါ့တပည့်တွေလဲ ငါ့သဘောအတိုင်းရှိမှာပဲ၊ မင်းတို့က ငါ တစ်သက်လုံးအရှက်ရပြီး သေစေ့ချင်နေသလား"

လျှံယင်းချုံက ချန်းနီ၏လက်ကိုဆုပ်ကိုင်လိုက်၏။ ရွာသူကြီးအားဆန့်ကျင်သည့်စကားများ ထပ်ပြောမိမည်ကိုစိုးရိမ်၍တားလိုက်ခြင်းသာ ဖြစ်ပါလေ၏။



ရွာသူကြီးဖုလုံသည် သတ္တိနှင့်ဗျတ္တိနှစ်မျိုးစလုံး ပြည့်ဝသူသာ ဖြစ်ပါလေ၏။ လျှံယင်းချုံက လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေ၏။

"ခွင့်လွှတ်ပါခင်ဗျာ၊ ရွာသူကြီးရဲ့သဘောမှန်ကို ကျွန်တော်တို့ သိကြရပါပြီ"

ဖုလုံ၏မျက်နှာပေါ်မှ ဒေါသအရိပ်အယောင်များ အနည်းငယ်ပြယ်လွင့်သွားသည်။

"အေး- ဒီလိုမှပေါ့၊ အရေးထဲမှာသွေးခွဲမနေစမ်းပါနဲ့ကွာ"

"ကျွန်တော်သဘောပေါက်ပါတယ်၊ ရွာသူကြီးကို ကျွန်တော် တစ်ခုလောက်တင်ပြပါရစေ"

"ပြောပါ၊ မောင်ရင်ကြိုက်သလိုပြောပါ"

"မန်ချူးတွေဟာ အနည်းဆုံးငါးဆယ်လောက်ရှိပါတယ်၊ ဒီ စစ်သားငါးဆယ်ဟာ ဒီကရွာသား သိုင်းသမားနှစ်ရာထက် နည်းတယ်ဆိုပြီး အထင်သေးလို့မရပါဘူး၊ သူတို့က စစ်ရေးအရ တကယ်လေ့ကျင့်ထားတဲ့လူတွေပါ"

"ငါ သဘောပေါက်ပါတယ်၊ အခု ငါ့ရွာသားတွေကို အဆိုင်းလေးဆိုင်းခွဲပြီး ကင်းစောင့်ခိုင်းထားပါတယ်"

"ဒီလောက်နဲ့မရပါဘူး၊ တကယ်တိုက်မယ် တပ်ဖွဲ့သုံးဖွဲ့လောက် အနည်းဆုံးစုစည်းထားသင့်ပါတယ်၊ တစ်ဖွဲ့ပြိုတာနဲ့ တစ်ဖွဲ့ဟာ ရဲစိတ်ရဲမာန်တိုက်ရပါမယ်၊ ကင်းသမားတွေကိုတော့ အရန်သဘော ထားသင့်ပါတယ်"

ရွာသူကြီး ဖုလုံသည် အတန်ကြာစဉ်းစားပြီးမှ-

"ကောင်းတယ်၊ မင်းဝင်ကူမှဖြစ်မယ်"

လျှံယင်းချုံက ခေါင်းညိတ်၏။

"ဘယ့်နှယ်ပြောလိုက်တာလဲဗျာ၊ ကျွန်တော်တို့နှစ်ယောက် အတွက် ရွာသားတွေ အသက်ပေးဖို့ပြင်နေတာကို ကျွန်တော်တို့က ထိုင်ကြည့်နေရမှာလား၊ ကျွန်တော်တို့ အစစအရာရာဝင်ကူပါမယ်"

ချန်းနီကလည်း-

"ကျွန်မတို့ရွေး ခြေမကျအောင်ကူညီပါမယ်"

ရွာသူကြီးဖုလုံသည် အိမ်ထဲသို့မဝင်တော့ပေ။ လျှံယင်းချုံနှင့် ချန်းနီတို့ကိုခေါ်လျက် ရွာထိပ်သို့ထွက်ခွာသွားလေတော့၏။

ဖုလုံကျေးရွာသည် လာမည့်ဘေးကိုပြေးတွေ့ရန် ပြင်ဆင်ကြပေတော့မည်။

## အဆိပ်ပိဋကနှင့်တွေ့ဆုံခြင်း

မင်းသမီးကလေး၏ မြင်းရထားကို မောင်းနှင်လာသည့် လူငယ်သည် မန်ချူးများ လိုက်မလာတော့သည့်တိုင် ရပ်နားခြင်း လုံးဝမရှိချေ။ သတိဆိုသည်မှာ ပိုသည်မရှိ၊ လိုသည်သာရှိကြောင်း သူ ကောင်းစွာသိရှိပေသည်။

ထို့ကြောင့် မြို့နှင့်ဝေးနိုင်သမျှဝေးရန် လူသူနှင့်ဝေးနိုင်သမျှ ကင်းဝေးရန် မြို့ပြင်သို့အပြင်းမောင်းနှင်လာခြင်းဖြစ်သည်။

သူသည် သစ်တော်တစ်ခုသို့ရောက်မှ မြင်းဇက်ကြိုးများကို ဆွဲတော့သည်။ မြင်းလေးကောင်သည်လည်း တဖြည်းဖြည်း အပြေး ရပ်သွားသည်။

လူငယ်သည် မြင်းရထားပေါ်မှခုန်ဆင်းလိုက်ပြီး မြင်းရထား တံခါးကိုဆွဲဖွင့်လိုက်သည်။

မြင်းရထားထဲ၌ မင်းသမီးလေး အမှန်တကယ်ပင် ရှိနေပါ သည်။ သို့သော် သူမခမျာ အနည်းငယ်မျှမလှုပ်နိုင်ရှာပါ။

သူမ တစ်ကိုယ်လုံး ကြိုးအထပ်ထပ်ဖြင့် ရစ်ပတ်ထားသော ကြောင့်ပေတည်း။

လုငယ်သည် မင်းသမီးကလေးအား ဦးညွှတ်၍ဂါရဝပြုလိုက်သည်။ ထို့နောက်-

"မင်းသမီးလေးခင်ဗျာ- ကျွန်တော်က မျိုးချစ်ဟန်တရုတ်တစ်ယောက်ပါ၊ မင်းသမီးလေးကို ကျွန်တော် လမ်းက ဖြတ်ကယ်လိုက်တာပါ၊ မင်းသမီးလေးရဲ့ခန္ဓာကိုယ်မှာ ချည်နှောင်ထားတဲ့ ကြိုးတွေကများလွန်းလို့ မြင်းရထားထဲမှာ ဖြေပေးလို့ ဖြစ်နိုင်မယ် မထင်ပါဘူး၊ အပြင်ကိုပွေ့ချီပြီးဖြေပေးမှ အဆင်ပြေပါလိမ့်မယ်၊ ကျွန်တော့်ကိုခွင့်ပြုပါ"

လုငယ်သည် သာမန်အရပ်သားသာဖြစ်၏။

မင်းသမီးလေးကား မဟာမျိုးမဟာနွယ်ဖြစ်သည်။

သူ့အနေဖြင့် ရိုသေသမှုပြုရပေသည်။

မင်းသမီးလေးသည် မြင်းရထားထဲ၌ ဖရုံသီးတစ်လုံးနယ် လူးလိမ့်လိုက်ပါလာခဲ့ရသည်။ အပြင်၌မည်သို့ဖြစ်နေသည်ကို သူမ မသိခဲ့ရပေ။ ယခုမှသာ အခြေအနေမှန်ကိုသိခွင့်ရပေတော့သည်။

"ကျေးဇူးကြီးလှပါပေ့ရှင်၊ ကျွန်မဘဝတော့ စုံးစုံးနစ်ပြီလို့ ထင်ထားတာ၊ ကုသိုလ်ကံထောက်မပြီး ကယ်တဲ့လူနဲ့တွေ့ရပလေ တယ်"

မင်းသမီးကလေးသည် ဘုရင့်သားတော်လေးကို ခေါ်ဆောင်သည့်ကိစ္စ၌ ပါဝင်ခဲ့ပြီးသည့်အချိန်မှစ၍ လက်အောက်ငယ်သားများနှင့် တရင်းတနှီးဆက်ဆံခဲ့ပြီးဖြစ်သည်။



ထိုသူများ၏သစ္စာရှိခြင်း၊ မြင့်မြတ်ခြင်းများနှင့် မျိုးချစ်စိတ်တို့များကို ကိုယ်တွေ့သိရှိခဲ့ရပြီးဖြစ်၍ မင်းသမီးလေး၏စိတ်၌ အဆင့်အတန်းခွဲခြားလိုသည့်စိတ် မရှိတော့ပေ။

ထို့ကြောင့် စိတ်ပါလက်ပါ ကျေးဇူးတင်စကား ပြောလိုက်ခြင်းဖြစ်ပေသည်။

"ရှင့်နာမည် ဘယ်လိုများခေါ်သလဲမသိဘူး"

မင်းသမီးလေးက ထပ်မံမေးမြန်းလိုက်၏။

လုငယ်က-

"ကျွန်တော့်နာမည် လုံရှောက်ယို့ပါ"

"နာမည်က တကယ်ကောင်းတာပဲ၊ ကဲ- ကဲ- ကျေးဇူးပြုပြီး ကျွန်မကိုချည်ထားတဲ့ကြိုးတွေ ဖြေပေးပါလားရှင်"

လုံရှောက်ယို့သည် မင်းသမီးလေးအား ကပျာကယာပင် ပွေ့ချီချလိုက်၏။

မင်းသမီးကလေး၏မျက်နှာ၌ လွန်စွာပင်ပန်းနွမ်းနယ်နေသည့်အရိပ်အရောင်များကို တွေ့လိုက်ရသည့်အခါ လုံရှောက်ယို့သည် မင်းသမီးလေးအား လွန်စွာကြင်နာသနားသွား၏။

"ကျွန်တော် အမြန်ဆုံးဖြေပေးပါ့မယ်ခင်ဗျာ"

လုံရှောက်ယို့သည် ဓားဆောင်သူမဟုတ်ချေ။ သူ့တွင် လက်နက်ဆို၍ ဝါးလုံးတိုနှစ်ချောင်းသာပါသည်။ ထို့ကြောင့် အထပ်ထပ်ချည်ထားသောကြိုးများကို လက်ဖြင့်သာဖြေပေးရတော့သည်။

"ကဲ- ပြီးသွားပါပြီ၊ မင်းသမီးလေးရဲ့ခန္ဓာကိုယ်ထဲမှာ သွေးလေအလျှောက်မှန်အောင် ဖြည်းဖြည်းချင်းလှုပ်ရှားပေးပါ၊ ပြီးရင်

လမ်းလျှောက်ပါ၊ ဒီသစ်တောထဲကိုတော့ ဘယ်မန်ချူးမှ ဝင်လာ[illegible] မယ်မထင်ပါဘူး"

မင်းသမီးလေးမှာ ရုတ်တရက် လှုပ်ရှား၍မရချေ။ ခြေလက်များထုံကျဉ်နေသောကြောင့် ဖြစ်၏။ လုံရှောက်ယို့အနေဖြင့် ဝင်ကူ လိုက်လျှင် ခေတ္တခဏလေးဖြင့် အထုံအကျဉ်ပျောက်သွားမည် ဖြစ် သည်။ မဟာဆီ မဟာသွေး မင်းသမီးကလေးအား ထိကိုင်ပြုစုရန် မသင့်လျော်သဖြင့် လုံရှောက်ယို့ငေးကြည့်နေမိတော့သည်။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါမှ မင်းသမီးလေးခမှာ ကောင်းစွာလမ်းလျှောက်နိုင်တော့သည်။

"ဖြစ်ရလေဗျာ၊ မင်းသမီးလေးလို နုနုနယ်နယ်မိန်းကလေး မျိုးကို သူတို့လိုယောကျ်ားရင့်မာကြီးတွေက ဘာဖြစ်လို့ ဒီလောက် ကြိုးအထပ်ထပ်ချည်နှောင်ထားရတာလဲ မသိဘူး"

လုံရှောက်ယို့က သူ နားမလည်နိုင်သည့်အချက်ကို ပြောမိ လေ၏။

မင်းသမီးလေးသည် အဆိပ်ငွေ့လုံး ပစ်ခတ်ခြင်း အတတ် ပညာ သူရရှိထားကြောင်း၊ ထိုပညာဖြင့် မန်ချူးအတော်များများကို သေစေခဲ့သဖြင့် ဤမန်ချူးများက သူ့မအား အကြိုးအကျယ် ကြောက်လန့်နေကြောင်းများကို ပထမဦး ရှင်းပြရန် စိတ်ကူးသေး ၏။

"အို- ဒါတွေရှင်းပြမှ ပိုရှုပ်ကုန်မှာစိုးရတယ်"

ထိုသို့ဆုံးဖြတ်လိုက်သဖြင့် မင်းသမီးလေးအနေဖြင့်အကျယ် အကျယ်ရှင်းပြရန်မလိုတော့ပေ။



မင်းသမီးလေးက-

"ရှင် စောစောကပြောတယ် မဟုတ်လား၊ ဒီတောထဲအထိ တော့ မန်ချူးတွေဝင်မလာနိုင်ဘူးလို့"

လုံရှောက်ယို့က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျွန်တော်ပြောခဲ့ပါတယ်"

"အဲဒီလိုတော့ ရှင်တရားသေမှတ်မထားနဲ့ရှင့်၊ ကျွန်မ အ ဖမ်းခံခဲ့ရတဲ့နေရာဟာ ဒီတောထက်တောင် နက်သေးတယ်၊ မိုးနဂါး တောင်မှာ အဖမ်းခံခဲ့ရတယ်လေ၊ မန်ချူးတွေဟာ နေရာအနှံ့ ရောက်နေတာရှင့်"

လုံရှောက်ယို့က ပြုံးရယ်ရင်းခေါင်းခါ၏။

"အဲဒီလိုမဟုတ်ပါဘူးခင်ဗျာ၊ ဘုရင့်သားတော်လေး မိုးနဂါး တောင်မှာရှိနေတယ်ဆိုတာ သိုင်းလောကသားတွေ အားလုံးကြား နေရတာပဲဥစ္စာ၊ မန်ချူးတွေအနေနဲ့ မိုးနဂါးတောင်မှာ ခြေချင်းလိမ် နေမှာဘာဆန်းသလဲ၊ သူတို့က ဘုရင့်သားတော်လေးကို ဖမ်းချင် နေကြတာကိုး၊ ဒီလိုတောထဲမှာ သူတို့ဖမ်းချင်စရာကောင်းတဲ့လူ ဘယ်သူမှမရှိဘူး၊ အဲဒါကို မင်းသမီးလေးစဉ်းစားပါ"

မင်းသမီးကလေးကရယ်၍ ဝန်ခံလေ၏။

"ရှင်ပြောတာမှန်တယ်၊ ကျွန်မ အဲဒီလောက် မစဉ်းစားမိ ခဲ့ဘူး"

လုံရှောက်ယို့သည် နားထင်ကိုလက်ထောက်ပြီး အတန်ကြာ စဉ်းစားလိုက်၏။ ပြီးမှ-

"ကဲ- မင်းသမီးလေးကို ကျွန်တော် ဘယ်ကိုလိုက်ပို့ရမလဲ၊

အမိန့်ရှိပါ"

မင်းသမီးလေးက မဆိုင်းမတွပင်-

"ကျွန်မကို မိုးနဂါးတောင်ခြေကိုပြန်ပို့ပေတော့၊ ကျွန်မ တာဝန်က ကျွန်မရဲ့အစ်ကိုဝမ်းကွဲတော်တဲ့ ဘုရင့်သားတော်လေးကို ပြန်ရှာဖို့ပဲရှင်"

"ဩော်"

ထိုအခါကျမှ လုံ့ရှောက်ယို့ သဘောပေါက်သွားလေတော့သည်။ ဤမျှနုနယ်သော မင်းသမီးလေးတစ်ပါးအနေဖြင့် ဤမျှကြမ်းသောခရီးကိုနှင်လာခြင်းမှာ တော်ရုံတန်ရုံရည်ရွယ်ချက်ဖြင့် မဖြစ်နိုင်ကြောင်း သူ မစဉ်းစားနိုင်သည့်အတွက် သူ့ကိုယ်သူ ပြန်လည် အပြစ်တင်မိလေသည်။

လုံ့ရှောက်ယို့သည် ဒူးထောက်ထိုင်ချကာ ဦးညွှတ်ဂါရဝပြုလိုက်၏။

"သခင်မလေး- ကျွန်တော်ဟာ တရုတ်ပြည်မြောက်ပိုင်းက မန်ချူးတွေကို သွေးသေဆီပြန်မောင်းထုတ်ချင်နေတဲ့သူပါ၊ သခင်မလေးအတွက် ကျွန်တော့်အကူအညီလိုမယ်ဆိုရင် ကျွန်တော့်အသက်ကိုစွန့်ပြီး အကူအညီပေးနိုင်ပါတယ်ခင်ဗျာ"

မင်းသမီးလေးက ကပျာကယာပြောသည်။

"အို- အို- ကျွန်မကို ဒီလိုအရိုအသေမပေးပါနဲ့လေ၊ ရှင့်ဆီက ဒီစကားကြားရတဲ့အတွက် ကျွန်မသိပ်ဝမ်းသာပါတယ်၊ ရှင့်အကူအညီနဲ့ ကျွန်မရဲ့အစ်ကိုတော်ကို ပြန်ရှာတွေ့နိုင်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်အားတက်မိပါတယ်၊ အဲ- အဲ- ရှင် ကျွန်မကို တကယ်ကူညီချင်စိတ်ရှိရင်တော့ လူကြားသူကြားထဲမှာ ခုလို အရိုအသေမပေးဖို့ပါဘဲ၊ ကျွန်မ မင်းသမီးတစ်ယောက်ဖြစ်မှန်း သိသွားတဲ့နောက် ကျွန်မအတွက် ဘယ်မှာလုံခြုံနိုင်တော့မှာလဲရှင်"

လုံ့ရှောက်ယို့မှာ မဟာဆီမဟာသွေး မင်းသမီးလေး၏ မယုံကြည်နိုင်လောက်သည့် စိတ်နေသဘောထားကို သိမြင်ရလေသောအခါ ပို၍ပို၍လေးစားသွားမိလေတော့၏။

"ဟုတ်ကဲ့- ကျွန်တော့်အပြုအမူကို ပြင်ပါ့မယ်ခင်ဗျာ"

မင်းသမီးလေးက ပြုံးလိုက်၏။

"ကဲ- လောလောဆယ် ကျွန်မတို့ အနီးဆုံးမြို့တစ်မြို့မြို့ကို ဝင်ကြရအောင်၊ ကျွန်မတို့ဖြတ်ခဲ့တဲ့မြို့ကိုတော့ မပြန်နဲ့တော့၊ အဲဒီမြို့မှာ အန္တရာယ်တွေရှိနိုင်တယ်"

လုံ့ရှောက်ယို့က မြင်းရထားကြီးကိုလက်ညှိုးထိုးပြကာ-

"သခင်မလေး- မြင်းရထားပေါ် တက်ပါ၊ ကျွန်တော်တို့ ခရီးစထွက်ကြမယ်"

မင်းသမီးလေးက ခေါင်းခါလိုက်၏။

"ဒီမြင်းရထားနဲ့သွားရင် မန်ချူးတွေ တတန်းတန်းလိုက်တော့မှာပေါ့၊ အဲဒီမြင်းရထားဆီက မြင်းလေးကောင်စလုံး ဖြုတ်လိုက်ပါ၊ ကျွန်မတို့ တစ်ယောက်တစ်ကောင်စီစီးသွားကြတာပေါ့"

မင်းသမီးလေး၏ကြိုတင်မြော်မြင်မှုကို လုံ့ရှောက်ယို့ လွန်စွာအထင်ကြီးလေးစားသွားလေတော့၏။

"ကောင်းပါပြီခင်ဗျာ၊ ကောင်းပါပြီ"

လုံ့ရှောက်ယို့သည် မင်းသမီးလေး၏ အကြံဉာဏ်အတိုင်း

မြင်းလေးကောင်ကိုထုတ်လိုက်သည်။ နှစ်ကောင်ကိုယူပြီး ကျန်နှစ်ကောင်ကို **သစ်တောအတွင်းလွှတ်ပေးလိုက်သည်။**

**သူယူထားသည့်မြင်းနှစ်ကောင်ဖြင့်** ခရီးထွက်လာကြရာ မိုး**နဂါးတောင်သို့ ဦးတည်သောခရီးလမ်းကြားမှ** မြို့တစ်မြို့သို့ ပြန်လည်ဆိုက်ရောက်လာလေတော့**သည်။**

"သခင်မလေး- ကျွန်တော်တို့ **တစ်ဆိုင်ဆိုင်မှာဝင်ပြီး** စားသောက်ကြရအောင်"

"ရှူး- တိုးတိုး၊ သခင်မလေးလို့မခေါ်ပါနဲ့၊ ညီမလေးလို့ခေါ်ချင်ခေါ်၊ မမလေးလို့ ခေါ်ချင်ခေါ်ပါ၊ ကျွန်မ သတိပေးတာကို လုံးဝမမေ့ပါနဲ့"

"ဟုတ်- ဟုတ်ကဲ့၊ ကျွန်တော်မေ့သွားလို့ပါ"

"ရှေ့ကစားသောက်ဆိုင်ဟာ လူဝင်နည်းပုံရတယ်၊ အဲဒီဆိုင်ကိုဝင်ပါ၊ ကျွန်မလဲဆာနေပြီ"

ထိုဆိုင်ရှေ့သို့ရောက်သောအခါ လုံရှောက်ယို့သည် သူတို့၏မြင်းနှစ်ကောင်ကို ဆိုင်ရှေ့သစ်သားတန်းတစ်ခု၌ ချည်နှောင်လိုက်၏။

လုံရှောက်ယို့နှင့်မင်းသမီးလေးတို့သည် **စကားတပြောပြော**နှင့်ဆိုင်ထဲသို့ဝင်လာကြ၏။ ဆိုင်ထဲ၌ လူသိပ်မရှိလှသဖြင့် **မင်းသမီး**လေးမှာ အနည်းငယ်ရင်အေးသွားလေသည်။

သို့သော် သူတို့အား တိတ်တခိုးကြည့်နေသည့် အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်ကိုတော့ သူတို့ သတိမပြုမိကြချေ။ ထိုအဘိုးအို၏ မျက်လုံးများသည် မင်းသမီးလေးကို



တွေ့သည်နှင့် တပြောင်ပြောင် တလက်လက် အရောင်ထွက်လာလေသည်။

ထိုသူကား သိုင်းလောကသားတို့ ဖိမ့်ဖိမ့်တုန်ကြောက်ရွံ့ကြရသည့်အဆိပ်ဝိဇ္ဇာတည်း။

အဆိပ်ဝိဇ္ဇာသည် ယခု ရက်သတ္တပတ်အတွင်း သိုင်းလောက၌ ခြေဆန့်ခရီးထွက်နေသည်။

သူသည် မမျှော်လင့်ဘဲ ချွေ့ရမ်းမင်းသမီးလေးကို လာတွေ့နေရသဖြင့် လွန်စွာစိတ်ကျေနပ်သွားသည်။

**မင်းသမီး**လေးနှင့်လုံရှောက်ယို့တို့သည် စားသောက်ဖွယ်ရာ**များကို မှာကြားစား**သောက်နေကြ၏။

**အဆိပ်ဝိဇ္ဇာ**သည် သူတို့စားသောက်မှုကိုစွပြီးစီးသည်အထိ **စောင့်ကြည့်**နေသည်။ စားသောက်ပြီးလျှင်ပြီးချင်း ထိုင်နေရာမှ **ထကာ မင်းသမီး**လေး၏ လက်မောင်းတစ်ဘက်ကို ဖမ်းဆုပ်ကိုင်**လိုက်၏။**

**မင်းသမီး**ကလေးမှာ အကြီးအကျယ် ထိတ်လန့်သွားလေ**သည်။**

"ရှင်- ရှင်- ဘာလုပ်တာလဲ"

လုံရှောက်ယို့ကလည်း ခုန်ထလိုက်၏။

"အဘိုးကြီး ရိုင်းလှချည်လား၊ ဒါဘာလုပ်တာလဲ"

အဆိပ်ဝိဇ္ဇာက လုံရှောက်ယို့ကို လုံးဝဂရုမစိုက်ပါ။

မင်းသမီးလေး၏လက်မောင်းကို ခပ်ကြမ်းကြမ်းဆွဲလျက် ဆိုင်အပြင်သို့ ခေါ်ထုတ်သွားလေ၏။

လုံရှောက်ယို့သည် ဆိုင်အပြင်သို့ ခုန်ပေါက်ထွက်သွားပြီး အဆိပ်ဝိဇ္ဇာကိုတားဆီးလေ၏။

"ခင်ဗျား ဘာလုပ်တာလဲ"

"ငါဘာလုပ်တာလဲ မတွေ့ဘူးလား၊ သူ့ကိုဖမ်းတာပေါ့"

"ဒီလိုဖမ်းချင်တိုင်း ဖမ်းလို့ရမလား၊ မသေချင်ရင် ခင်ဗျား ဖမ်းထားတဲ့ကျုပ်ညီမကို လွှတ်လိုက်ပါ"

"ဟား- ဟား- ဟား၊ မင်းသာ မသေချင်ရင် ရှေ့ကဖယ်ပေးစမ်း"

မင်းသမီးလေးသည် လုံရှောက်ယို့ကို အားကိုးစွာလှမ်းကြည့်၏။

"ညီမ- စိတ်ချပါ၊ ဒီအဘိုးကြီးကို အစ်ကိုနိုင်နိုင်ပါတယ်"

လုံရှောက်ယို့သည် လက်ဝါးသိုင်းကွက်သက်သက်ဖြင့် အဘိုးအိုကိုတိုက်ခိုက်၏။

အဆိပ်ဝိဇ္ဇာသည် လုံရှောက်ယို့က သူ့အားလာရောက် အပျင်းဖြေနေသည့်အလား မင်းသမီးကို ကြားကကာလျက် အေးဆေးစွာ ခုခံနေလေ၏။ သိုင်းကွက်ပေါင်း ငါးဆယ်ကျော်သည့်တိုင် အနိုင်မရသောအခါ လုံရှောက်ယို့မှာ နဖူးမှ ချွေးသီးချွေးပေါက်ကြီးများ ကျလာလေတော့၏။

လုံရှောက်ယို့မှာ သူ၏နောက်ဆုံးလက်နက်ဖြစ်သည့် ဝါးလုံးတိုနှစ်ချောင်းကို ဆွဲထုတ်ရလေတော့သည်။

"အဘိုးကြီး- ခင်ဗျားရဲ့သိုင်းပညာဟာ မဆိုးပါဘူး၊ ကျုပ်ညီမကိုစားစာခံလုပ်ပြီး ခုခံတာမျိုးမလုပ်ပါနဲ့တော့၊ သိုင်းလောက



သားပီပီ ကျုပ်နဲ့ အနိုင်အရှုံးယှဉ်ပြိုင်ကြတာပေါ့"

"မင်း ငါ့နာမည်မသိသေးလို့ ခုလိုရင်ဆိုင်ဝံ့တာပါ၊ မင်း မသေချင်ရင် အေးအေးဆေးဆေးပြန်စမ်း"

"ခင်ဗျား ရှောင်လင်ဂိုဏ်းချုပ်ကြီးဖြစ်နေပါစေ၊ ခုလို မတရားလုပ်တာမျိုးတော့ ကျုပ်က ခေါင်းငုံ့ခံမနေဘူး၊ အသက်သာ အသေခံမယ်၊ ကျုပ်ပြောသလိုလုပ်စမ်းပါ၊ သတ္တိရှိရင် တစ်ယောက်ချင်းပြိုင်ပါ"

အဆိပ်ဝိဇ္ဇာသည် အေးစက်စက်ပြုံးလိုက်ပြီး မင်းသမီးလေးကို ဘေးသို့တွန်းလွှတ်လိုက်လေ၏။

လုံရှောက်ယို့သည် သူ၏ဝါးလုံးတိုနှစ်ချောင်းဖြင့် အဆိပ်ဝိဇ္ဇာအား တဗိုးဗိုးတိုက်ခိုက်လေတော့၏။ ဝါးလုံးရိပ်များသည် အဆိပ်ဝိဇ္ဇာ၏တစ်ကိုယ်လုံးအား ဖုံးလွှမ်းရစ်ပတ်လာသည်။

သို့ရာတွင် အဆိပ်ဝိဇ္ဇာအား ဒဏ်ရာရအောင်တော့ မတိုက်ခိုက်နိုင်သေးပေ။

အကယ်စစ်စစ် အဆိပ်ဝိဇ္ဇာ ဒေါသသိပ်မထွက်သေး၍သာ လုံ ရှောက်ယို့ အသက်နှင့်ခန္ဓာမြဲနေခြင်းဖြစ်သည်။ အဆိပ်ဝိဇ္ဇာ တကယ်ဒေါသနှင့်ထွက်လျှင် တစ်စက္ကန့် တစ်မိနစ်အတွင်း အသက်သေဆုံးသွားနိုင်ပေသည်။

ယခု အဆိပ်ဝိဇ္ဇာက သူ့အား ဝင်ကာလှုပ်ကို ကျီစယ်သကဲ့သို့ ကျီစယ်နေခြင်းသာတည်း။

သို့သော်- မကြာမီပင်-

"ဝုန်း"

လုံရှောက်ယို့မှာ လေးကိုက်ခန့်လွင့်စဉ်သွားလေတော့သည်။

"လုံရှောက်ယို့"

မင်းသမီးလေးက ထိတ်လန့်တကြားအော်လိုက်သည်။

"ဟား- ဟား- ဟား- ငါကမသတ်ချင်လို့ ကြည့်နေတာ၊ ငါ သတ်ချင်ရင် ဒီလိုအကောင်တစ်ရာမျိုးကို အလွယ်ကလေးသတ်နိုင်သဟေ့"

အဆိပ်ဝိဇ္ဇာသည် မင်းသမီးကလေးအား ဖမ်းဆီးရန် လှည့်လိုက်၏။

"ဗိုး"

အဖြူရောင်အငွေ့တန်းတစ်ခုသည် လျင်မြန်သောအရှိန်အဟုန်ဖြင့် အဆိပ်ဝိဇ္ဇာ၏မျက်နှာဆီသို့တန်းခနဲဝင်သွားသည်။

အဆိပ်ဝိဇ္ဇာမှာ အံ့အားသင့်သောမျက်နှာကြီးဖြင့်ကြည့်ကာ လဲကျသွားလေ၏။

မင်းသမီးလေးသည် လုံရှောက်ယို့အားပြေးထူသည်။

ကံအားလျော်စွာ လုံရှောက်ယို့မှာ ဒဏ်ရာ**အကြီးအကျယ်**မရချေ။ ဒယီးဒယိုင်ဖြင့်ထလာနိုင်သည်။

"လုံရှောက်ယို့ ကျွန်မတို့ပြေးကြစို့"

လုံရှောက်ယို့က ခေါင်းညိတ်သဖြင့် မင်းသမီးလေးသည် လုံရှောက်ယို့ကိုတွဲကာ အဝေးသို့ထွက်ပြေးလေတော့၏။

သူတို့ချက်ချင်းထွက်ပြေးသည်မှာ မှန်သွား၏။

အဘယ်ကြောင့်ဆိုသော် သူတို့ အတော်ကလေး ခရီးရောက်နေချိန်တွင် အဆိပ်ဝိဇ္ဇာပြန်လည်ထလာနိုင်သောကြောင့်တည်း။



သူသည် အနီးပတ်ဝန်းကျင်ကိုကြည့်လိုက်၏။ မင်းသမီးလေးကိုလည်းကောင်း၊ လုံရှောက်ယို့ကိုလည်းကောင်း လုံးဝမတွေ့ရတော့ချေ။

"တော်တော် အံ့ဩစရာကောင်းတာပဲ"

အဆိပ်ဝိဇ္ဇာသည် ထိုမျှသာရေရွတ်နိုင်လေတော့၏။

❧❧

## အသက်စွန့်၍စုံစမ်းခြင်း

ည. . .

မှောင်မိုက်သောည. . .

အမှောင်ကို အကာအကွယ်ယူထားသည့် လူတစ်ယောက်သည် ဖုကျားကျေးရွာမှထွက်လာလေ၏။

ထိုသူ မည်သူနည်း။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသောလူသည် သစ်ပင်များကိုအကာအကွယ်ယူလျက် ဖုကျားကျေးရွာကို ဝန်းရံထားသော မန်ချူးတပ်စုများရှိရာသို့ ထွက်လာနေသည်။

ထိုသူကား ချန်းနီသာဖြစ်သည်။

သူမသည် ဖုကျားကျေးရွာကို ဝန်းရံထားသည့် သစ်တောထဲသို့ရောက်သည်နှင့် သတိကြီးစွာထားရတော့၏။

သတိမထား၍လည်း မဖြစ်ချေ။

မီးရောင်တလက်လက်ဖြင့် တစ်စုစီတစ်စုစီရှိနေသည့်အုပ်စု



ကလေးများမှာ မန်ချူးတပ်စုများဖြစ်နေသောကြောင့်တည်း။

ကင်းသမားများ မရှိမဟုတ်ချေ။

ထိုကင်းသမားကို ချန်းနီကြို မြင်သဖြင့် မန်ချူးတပ်စုများ စခန်းချပုံကို သူမ လေ့လာနိုင်ခဲ့ခြင်းဖြစ်ပေသည်။

"အင်း- ဒီဘက်တစ်ခြမ်းမှာ မန်ချူးတွေချည်းပဲ၊ အရှေ့ဘက်အခြမ်းကိုသွားကြည့်ရဦးမယ်၊ အဲဒီဘက်အခြမ်းမှာတော့ အဆိပ်ဝိဇ္ဇာနဲ့ ရွှေလက်မောင်းသိုင်းသမားတို့ ရှိနေမလားမသိဘူး"

ချန်းနီသည် စိတ်ထဲမှကျိတ်၍ရေရွတ်ပြီးနောက် ရွာအရှေ့ဘက်အခြမ်းသို့ ခြေသံလုံလုံနင်း၍ထွက်လာလေတော့၏။

ထိုမှာဘက်တွင်ကား မီးရောင်တလက်လက် မတွေ့ရချေ။ ထို့အတွက် ချန်းနီမှာပို၍သတိထားရသည်။

"ရှဲ"

ရှေ့တိုးတော့မည့်ချန်းနီ၏ခြေလှမ်းများသည် တန့်ခနဲရပ်သွားသည်။

သူမ၏ရှေ့ဘက်မလှမ်းမကမ်းမှ မီးခြစ်ခြစ်သံကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။

မကြာမီ ထိုပတ်ဝန်းကျင်၌လင်းလက်သွား၏။ ထိုမီးရောင်အောက်၌ တစ်ခေါင်းလုံးဆံပင်များဖြူဖွေးနေသော လူငယ်တစ်ယောက်နှင့်ဒိန်းမပျိုတစ်ယောက်ကို တွေ့လိုက်ရသည်။

ချန်းနီထိတ်လန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် ဤနှစ်ယောက်သည် အဆိပ်ဝိဇ္ဇာ၏တပည့်နှစ်ယောက်ဖြစ်သည်ကို သူမသိထားသောကြောင့်ပေတည်း။

ချန်းနီသည် သူတွေ့သမျှ အတော်ကလေးလုံလောက်ပြည့်စုံနေပြီဖြစ်၍ မသိမသာနောက်ဆုတ်လာခဲ့၏။

ချန်းနီသည် သူ့ကိုယ်သူကျိန်ဆဲမိလိုက်လေသည်။ သစ်ကိုင်းခြောက်တစ်ခုကိုနင်းလိုက်မိသောကြောင့် ဖြစ်ပေသည်။

"ဟေ့- ဘယ်သူလဲ"

ဆံဖြူလူငယ်၏အော်သံ ထွက်ပေါ်လာသည်။

"ရန်သူဖြစ်လိမ့်မယ်"

မိန်းကလေး၏မှတ်ချက်ချသံလည်း ထွက်ပေါ်လာသည်၊

ချန်းနီသည် လှည့်ကြည့်မနေတော့ပေ။ တစ်ရှိန်ထိုး ပြေးထွက်သွားတော့သည်။

မိန်းမပျိုက ပြေးလိုက်ရန်ဟန်ပြင်၏။

ဆံဖြူလူငယ်က လက်ကာ၍တားလိုက်သည်၊

"မမ မလိုက်ပါနဲ့၊ ကျွန်တော် ဆုံးမလိုက်ပါ့မယ်"

မိန်းမပျိုကရပ်တန့်လိုက်၏။

ဆံဖြူလူငယ်က ကိုယ်ဖော့ပညာသုံး၍ တစ်ရှိန်ထိုးလိုက်တော့၏။ ချန်းနီမှာ ဆံဖြူလူငယ်လောက် ကိုယ်ဖော့ပညာမကောင်းချေ။

ထို့ကြောင့် ဆံဖြူလူငယ်သည် မကြာမီအချိန်အတွင်းမှာပင် ချန်းနီကို မီလာတော့သည်။

"ဟေ့- ပြေးလို့လွတ်မယ်ထင်သလား"

ဆံဖြူလူငယ်၏ခန္ဓာကိုယ်သည် လေထဲ၌တစ်ပတ်ကျွမ်းထိုးမြောက်တက်သွား၏။ ချန်းနီ၏ဦးခေါင်းပေါ်မှကျော်ကာ ချန်းနီ့ရှေ့သို့ရောက်လျက် လမ်းပိတ်ရပ်ပြီးဖြစ်နေတော့သည်။

ကြယ်ရောင် အသင့်အတင့်ရှိနေသဖြင့် တစ်ဦးကို တစ်ဦး မြင်နိုင်ခွင့်ရကြသည်။

ချန်းနီမှာ မတတ်သာတော့သဖြင့် ဆံဖြူလူငယ်နှင့် ရင်ဆိုင်ရသည်။ ဆံဖြူလူငယ်က ချန်းနီကိုသေချာစွာကြည့်ပြီး-

"ဩော်- ငါကယောကျ်ားလေးတစ်ယောက် မှတ်နေတာ၊ လက်စသတ်တော့ မင်းကမိန်းကလေးကိုး"

"ဟုတ်တယ်၊ ဘာဖြစ်လဲ"

"မင်း ဖုကျားကျေးရွာကလား"

"ဟုတ်တော့ကောဘာဖြစ်သလဲ၊ မဟုတ်တော့ကော ဘာဖြစ်သလဲ"

"မင်း ကျုပ်ကိုသိလား"

"သိတယ်၊ အဆိပ်ဝိဇ္ဇာရဲ့တပည့်၊ ဆံဖြူလူငယ်ဆိုတာက လွဲလို့ တခြားဘယ်သူဖြစ်နိုင်မလဲ"

"ဟီး ဟီး- ငါ့ကိုတောင်သိလို့ပါလား၊ ငါ့ဟာ နာမည်ကျော်တစ်ယောက်ဖြစ်နေပါကလား"

"ရှင့်ကြောင့် လူသိတာမဟုတ်ပါဘူး၊ ရှင့်ဆရာအဆိပ်ဝိဇ္ဇာကြောင့် ရှင့်ကိုလူသိတာပါ၊ ရှင်က စိန်နားကပ်ရောင်နဲ့ပါးပြောင်ရတဲ့လူပါ"

ဆံဖြူလူငယ်ဒေါသထွက်သွား၏။

"ဘာ- မင်းကငါ့ကိုအထင်သေးလို့ ဒီစကားပြောတာလား"

"အထင်မသေးစေချင်ရင် ရှင့်ပညာကိုပြပေါ့၊ ကျွန်မ စမ်း

ကြည့်ချင်တယ်"

ချန်းနီမှာ ရင်ဆိုင်ရသည့်နောက်ဆုံး ဆံဖြူလူငယ် ဒေါသ ထွက်စေရန် ဒေါသထွက်ပြီး အမှားအယွင်းများပြုလုပ်မိစေရန် ပရိယာယ်ဆင်ရလေတော့၏။

"ကောင်းပြီ- မင်းပညာကိုကျုပ်ကြည့်မယ်"

ဆံဖြူလူငယ်က ချန်းနီအားခုန်၍ကန်၏။ ချန်းနီက ဆံဖြူလူငယ်၏ခြေထောက်ကိုဖမ်းကိုင်ကာ လိမ်သည်။ ဆံဖြူလူငယ်သည် သူ၏ခန္ဓာကိုယ်ကိုလှိမ့်ချပြီး ဘယ်ခြေဖြင့်ကန်သည်။

ချန်းနီ လက်လွှတ်လိုက်ရ၏။

"ရွှမ်း"

ချန်းနီသည် ဆံဖြူလူငယ်ကိုအထင်မသေးရဲသဖြင့် နောက်ကျော၌သိုင်းလွယ်ထားသောဓားကို ဆွဲထုတ်လိုက်သည်။

ဆံဖြူလူငယ်က ရယ်သည်။

"ဟား- ဟား- ဟား- ကောင်းတယ်၊ ဒါမှ မင်းပညာနဲ့ကျုပ်ပညာ ညီမျှသွားမယ်၊ ကျုပ်က မတရားသဖြင့်အနိုင်မယူချင်ပါဘူး"

"ကဲ- အနိုင်မယူချင်တဲ့လူ၊ စမ်းကြည့်စမ်းပါဦး"

"ရွှီး"

ဓားသည် ဆံဖြူလူငယ်၏ရင်ဝဆီသို့ ကောက်ကောက်ကွေ့ ကွေ့ဝင်လာသည်။ တည့်တည့်ဝင်လာသည့် ဓားမျိုးသည် ရှောင်တိမ်းရ လွယ်ကူပေသည်။

ကွေ့ကောက်လာသော ဓားမျိုးကား ရှောင်တိမ်းရခက် လေသည်။ ဓားဦးသည် မည်သည့်နေရာကို ဦးတည်လာကြောင်း



ခန့်မှန်းရခက်ပေသည်။ ထိုဓားကွက်ကိုမြင်သောအခါ ဆံဖြူလူငယ် မျက်နှာပျက်သွားသည်။

"ဒါ- ဒေါင်းမနန်းတော်ကသိုင်းကွက်ပဲ"

သူ့နှုတ်ဖျားမှ လွှတ်ခနဲစကားသံထွက်ပေါ်လာသည်။

"ဟုတ်တယ်၊ ဒါ ဒေါင်းမနန်းတော်ကသိုင်းကွက်ပဲ၊ သေမင်းကြိုးလိမ်ဓားကွက်လို့ ခေါ်တယ်"

ချန်းနီက ဂုဏ်ယူစွာပြောလိုက်၏။

ဆံဖြူလူငယ်သည် အလန့်တကြားရှောင်တိမ်းသွားရသည်။ ချန်းနီအားတက်သွား၏။ တစ်ကွက်အသာစီးရလိုက်သဖြင့် သူမသည် မနားတမ်းဆက်တိုက် တိုက်ခိုက်တော့သည်။

အသာစီးတစ်ကွက်ကြောင့် သူမသည် ဓားချက်ပေါင်း ခုနစ်ချက်ခန့် ဆက်တိုက်ထိုးသွင်းနိုင်ခွင့်ရရှိသွားပေသည်။

သို့သော် ဆံဖြူလူငယ်၏ဖျတ်လတ်သွက်လက်မှုကြောင့် တစ်ချက်မျှ မထိပေ။

"ဘယ်လိုလဲ၊ ထိအောင်တောင် မတိုက်နိုင်ဘူးလား"

ဆံဖြူလူငယ်က မထိတထိစ၏။ ချန်းနီဒေါသမထွက်ပါ။ ဒေါသထွက်လျှင် သူမပင် ဒုက္ခရောက်မည်ကိုသိသည်။

"မင်းရဲ့ 'သေမင်းကြိုးလိမ်'ဓားကွက်က ဒါလောက်ပဲလား၊ ဒီထက် ပိုမစွမ်းတော့ဘူးလား"

ဆံဖြူလူငယ်က ခနဲ့ရင်းလှောင်ပြောင်၏။

ချန်းနီ ဘာမျှမပြောပေ။ ဂရုတစိုက်သာတိုက်ခိုက်သည်။

"ကဲ- ဒီတစ်ကြိမ်တော့ငါတိုက်ပြီ"

ဆံဖြူလူငယ်၏လက်ဝါးတိုက်ကွက်များသည် တဗိုးဗိုးမြည်ကာ ချန်းနီကိုလွှမ်းခြုံလာ၏။

"ဗြိုး"

ချန်းနီသည် သူ့သေကိုယ်သေ တိုက်ကွက်သုံးကာ ဆံဖြူလူငယ်အား ဓားဖြင့်ထိုးလိုက်သည်။

"ဖျတ်"

ဆံဖြူလူငယ်၏လက်ဖဝါးနှစ်ဖက်သည် ချန်းနီ၏ဓားကို ဖျတ်ခနဲဖမ်းညှပ်လိုက်၏။

ချန်းနီရင်ထိတ်သွားရလေပြီ။ ဓားလက်နက်ကို လက်ဖဝါးနှစ်ဖက်ဖြင့်ဖမ်းညှပ်သည့်အလုပ်မှာ လွယ်ကူသောအလုပ်မဟုတ်ပေ။ အတွင်းအား ကောင်းရမည်။ မျက်စိလျှင်ရမည်။ ရန်သူ့ဓားကွက်ကို ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိရမည်။

ချန်းနီ ချွေးပြန်သွားလေ၏။ သူမ ဘာလုပ်ရမည်နည်း။

သိုင်းသမားအချို့သည် ဤအဖြစ်မျိုးကြုံသောအခါ များသောအားဖြင့် ထိတ်လန့်တကြားဖြစ်ပြီး ဓားကို အတင်းဆွဲနုတ်တတ်ကြသည်။

ထိုသို့ဆွဲနုတ်သည့်အခါ ဖမ်းညှပ်သည့်သိုင်းသမားအဖို့ တစ်ပန်းသာပြီး ခြေထောက်ဖြင့်လည်းကောင်း၊

ရုတ်တရက် လွှတ်ပေးလိုက်ပြီး ထပ်ဆင့်တိုက်ခိုက်ခြင်းဖြင့်လည်းကောင်း- အနိုင်ယူသွားတတ်ကြောင်း ချန်းနီသိရှိထား၏။

ထို့ကြောင့် ချန်းနီသည် ဓားကိုဆွဲမထုတ်တော့ဘဲ ရှေ့သို့သာ ထိုးသွင်းတော့သည်။ ဆံဖြူလူငယ်သည် ဓားရှေ့သို့ထိုးမလာစေရန်



ပို၍အားစိုက်လာရတော့သည်။ ထိုအခါ နှစ်ယောက်စလုံး အတွင်းအားပြိုင်သည့်သဘောမျိုးဖြစ်လာလေတော့၏။

ထိုစဉ် ဆံဖြူလူငယ်သည် ချန်းနီ၏ဓားကိုဘေးသို့ယမ်းထုတ်ပြီးနောက် ကျွမ်းထိုးလိုက်၏။

"ဝုန်း"

ချန်းနီမှာ အရှိန်ဖြင့်ဘေးသို့ထိုးကျသွားသည်။

ထိုအခိုက်အတန့်မှာပင် ဆံဖြူလူငယ်သည် ချန်းနီအနီးသို့ ဖိုပ်ခနဲ ခုန်ပျံရောက်ရှိလာ၏။ ချန်းနီရင်ထိတ်သွားပြီး ဓားကို ကပျာကယာ နောက်ပြန်ဆွဲလိုက်၏။

"ရွမ်း"

ဓားသွားမှာ ဆံဖြူလူငယ်ကိုမထိပေ။

"ဝုန်း"

ဆံဖြူလူငယ်က လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်ရာ ချန်းနီ၏ကျောပြင်ကိုထိသွားပြီး ဝုန်းခနဲလွင့်စဉ်သွားလေတော့၏။ ချန်းနီသည် ဝေါ့ခနဲသွေးတစ်ချက်ထိုးအန်လိုက်၏။

ထို့နောက် ရုတ်တရက်ထကာ ဖုကျားကျေးရွာဘက်သို့ တစ်ဟုန်ထိုး ပြေးသွားလေတော့သည်။

ဆံဖြူလူငယ်သည် ချန်းနီနောက်သို့ပြေးမလိုက်ချေ။

ချန်းနီ၏နောက်ကျောကိုကြည့်ရင်း တဟားဟား ရယ်လျက်ကျန်ရစ်လေ၏။ ချန်းနီမှာမူ ဆံဖြူလူငယ်၏ရယ်သံကို နားထောင်နိုင်စွမ်း မရှိတော့ချေ။

သူထွက်လာသည့်အနောက်ဘက် ခြံစည်းအနီးသို့အနီးသို့

ရောက်သည်နှင့် **လွှားခနဲ**ခုန်ကျော်လိုက်ရသည်။

"ဟော့- **ဟော့၊** ဝိုင်းထား ဝိုင်းထား၊ ရန်သူ ရန်သူ"

**ချမ်းနီသည်** ကင်းသမားများနှင့် ပက်ပင်းတိုးလေတော့၏။

**"မလုပ်ကြနဲ့**- မလုပ်ကြနဲ့၊ သူဟာ ကျုပ်တို့လူ"

**တားမြစ်အော်ဟစ်ရင်း** ချမ်းနီရှိရာသို့ပြေးဝင်လာသူကား **လျှံယင်း**ချိုပင်ဖြစ်တော့၏။ ရွာသူကြီးဖုလုံလည်း ပါလာသည်။

"ညီမလေးရာ၊ ဘယ်လိုဖြစ်လာတာလဲ"

ချမ်းနီက သူ့အတွေ့အကြုံများကို အမောတကောပြောလေတော့၏။

"ဖြစ်ရလေညီမလေးရယ်၊ ညီမ သွားစုံစမ်းတဲ့ကိစ္စဟာ **အင်မ**တန်အန္တရာယ်ကြီးသကွယ်၊ တကယ်လို့ ညီမလေးသာ**တစ်စုံတစ်ခု** ဖြစ်သွားရင် ငါတာဝန်မကျေသလိုဖြစ်တော့မှာပေါ့**ညီမရယ်**"

ချမ်းနီသည် သူ၏အသက်သခင်ကျေးဇူးရှင်**ဖြစ်သဖြင့်** သူ့၌တာဝန်ရှိကြောင်း လျှံယင်းချိုကရည်ရွယ်၍ပြောခြင်း**ဖြစ်**ပေသည်။

"သူ့ကို ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ၊ **ဒဏ်**ကြေးဆောင်မှဖြစ်မယ်၊ ကဲ- အိမ်ကိုခေါ်ခဲ့ကြ"

ရွာသူကြီးဖုလုံက ဝင်၍အမိန့်ပေးသဖြင့် **လျှံယင်း**ချိုသည် **ချမ်းနီ**ကိုတွဲ၍ ရွာသူကြီး**၏**အိမ်သို့ခေါ်သွားရတော့၏။

⁂

## တပည့်သုံးယောက်

ရွာသူကြီးဖုလုံသည် အိမ်ရှေ့ခန်း၌ တစ်ဦးတည်းထိုင်လျက် ငေးနက်စွာစဉ်းစားနေလေ၏။

သူ စဉ်းစားရမည်လေ။

မန်**ချူး**စစ်သားများအား လိုက်လံစစ်ဆေးခဲ့သော ချမ်းနီ၏ **စကားအရ** အဆိပ်ဝိဇ္ဇာရောက်ရှိနေမည်ကို သူ အသေအချာသိခဲ့ပြီမဟုတ်ပါလား။

အဆိပ်ဝိဇ္ဇာ၏တပည့်နှစ်ယောက်ရောက်နေမှတော့ အဆိပ်ဝိဇ္ဇာရောက်မရောက်ကို သံသယရှိရန်မလိုတော့ပေ။

အဆိပ်ဝိဇ္ဇာရောက်လာလျှင် မည်သို့လုပ်မည်နည်း။

အဆိပ်ဝိဇ္ဇာသည် တစ်ရွာလုံးကို ဒုက္ခပေးရန်ထက် သူနှင့်ပတ်သက်သည့်အသိုင်းအဝိုင်း (သူ့မိသားစု၊ သူ့တပည့်များ၊ ...) ကို ဒုက္ခပေးပေလိမ့်မည်။

ဖုလုံသည် သူ့မိသားစုသေမည့်ကိစ္စကိုတော့ မကြောက်ပေ။

သူ့တပည့်သုံးယောက်သေဆုံးမည်ကိုတော့ ကြောက်သည်။

ထိုတပည့်သုံးယောက်အား သူ၏သိုင်းပညာကို ကောင်းစွာ သင်ပေးထား၏။ သူ၏မျိုးဆက်ရန်သူများကို သုတ်သင်ရှင်းလင်းလိုလျှင် ထိုတပည့်များအသက်ရှင်မှုဖြစ်ပေမည်။

ထိုတပည့်သုံးယောက်သည် မျိုးချစ်စိတ်ဓာတ်လည်း အပြည့်အဝရှိကြသည်။ အကယ်၍ သူနှင့်သူ့မိသားစုသေဆုံးသွားခဲ့ပြီး ဖုကျားကျေးရွာသည်လည်း ယခုအတိုင်း ဆက်လက်တည်မြဲနေသည်ဆိုပါစို့-

သူ့တပည့်သုံးယောက်အနက်မှ တစ်ယောက်ယောက်သည် ပင်လျှင် ဤဖုကျားကျေးရွာကိုဦးဆောင်နိုင်ပေသည်။

ဤဒေသသည် တောခေါင်သောဒေသဖြစ်၍ မန်ချူးစစ်သားများ ရောက်ပေါက်လေ့မရှိပေ။ အစုကွဲ၍ ရောက်ရှိလာသော မန်ချူးတပ်စုများကိုလည်း ဖြိုဖျက်ပစ်နိုင်သည်။

ထို့ကြောင့် ကျေးရွာကိုဦးဆောင်မည့်သူ၌ မျိုးချစ်စိတ်ရှိရန် အလွန်လိုအပ်သည်။

ရွာသူကြီးဖုလုံ၌ လက်ရင်းတပည့်သုံးယောက်ရှိလေ၏။ ထိုတပည့်သုံးယောက်၏ပုံသဏ္ဌာန်မှာ လွန်စွာခြားနားသော်လည်း မျိုးချစ်စိတ်ဓာတ်ရှိရာတွင်မူ အတူတူပင်ဖြစ်သည်။

ထိုသုံးယောက်သည် ဆရာသခင်ကိုလည်း လွန်စွာချစ်ခင်မြတ်နိုးကြ၏။ ဆရာ့စကားကို မိုးကြိုးသွားအဖြစ် သတ်မှတ်သူများဖြစ်၏။

စေသည့်ကျွန် ထွန်သည့်နွားပမာ ဆရာ့စကားကို တစ်သဝေ



တိမ်း လိုက်နာဆောင်ရွက်တတ်ကြ၏။

ပထမဦးဆုံးသောတပည့်ကား 'ပုရီ' အမည်ရှိ၏။ အရပ်မြင့်သလောက် ခန္ဓာကိုယ်ကြီးထွားကြံ့ခိုင်၏။ သူတစ်ပါးကိုကြင်နာသနားတတ်သည်။

ဒုတိယတပည့်ကား 'ပုဖုံး'ဖြစ်၏။ အရပ်ရှည်သဖြင့် သူ့အား 'မိုးလေ့ကား'ဟု အများကခေါ်ကြသည်။ သူသည် လူတကာနှင့် ရင်းရင်းနှီးနှီး မနေပေ။

တတိယတပည့်ကား 'ပုဟုတ်'ဖြစ်၏။ သူကား သာမန်မျှသာရှိပြီး ပိန်သွယ်၏။ စာပေသမားနှင့်သဏ္ဌာန်တူသည်။ သူသည် နှိမ့်ချတတ်သူဖြစ်ပေသည်။

ထိုတပည့်သုံးယောက်စလုံး ဆရာဖြစ်သူရွာသူကြီးဖုလုံ၏ ခင်မင်မှုကို ခံရသူချည်းဖြစ်သည်။

ဤသုံးယောက်သာ အဆိပ်ပိဋကာ၏သတ်ဖြတ်မှုမှ လွတ်ကင်းခဲ့လျှင် အဆိပ်ပိဋကာကို ပြန်လည်လက်စားချေနိုင်မည်ဟု ဖုလုံ တွေးတောနေမိလေ၏။

ဖုလုံသည် တစ်စုံတစ်ခုကိုဆုံးဖြတ်ပြီးသည်နှင့် လက်ခုပ်သုံးချက်တီးလိုက်၏။

"ဖြောင်း- ဖြောင်း- ဖြောင်း"

သိုင်းဝတ်စုံကိုယ်စီဝတ်ဆင်ထားသော ပုရီ၊ ပုဖုံးနှင့်ပုဟုတ်တို့သည် ရွာသူကြီးဖုလုံရှေ့သို့ရောက်ရှိလာပြီး ရှိသေစွာ ဂါရဝပြုကြလေ၏။ တပည့်သုံးယောက်စလုံး ရွာသူကြီးရှေ့၌ ပဆစ်တုပ်ထိုင်ကြ၏။

"ဆရာ အမိန့်ရှိပါ"

သုံးယောက်စလုံးပြောလိုက်သည့် စကားသံသည် တညီတညွတ်တည်းထွက်လာ၏။

ဇုလုံသည် တပည့်သုံးယောက်၏မျက်နှာကို တစ်ယောက်စီ အသေအချာကြည့်ရှုလိုက်၏။ ပြီးမှ-

"တပည့်တို့ ငါတို့ရွာမှာ တစ်ခါမှမပေါ်ဘူးသေးတဲ့ အရေးအခင်းကြီးပေါ်နေတယ်ဆိုတာ မင်းတို့သိကြတယ်မဟုတ်လား"

"သိပါတယ်ဆရာ"

"ငါတို့ ရင်ဆိုင်နေရတဲ့ရန်သူဟာ တကယ်ကြောက်စရာကောင်းတယ်၊ သူ့လေတစ်ဟပ်ဟာ အဆိပ်၊ သူ့လက်တစ်ဖက်ဟာ **အဆိပ်**၊ သူ့ခြေလှမ်းဟာ **အဆိပ်**လို့ဆိုလောက်တဲ့ အဆိပ်ဝိဇ္ဇာဟာ အခုရင်ဆိုင်နေရတဲ့ **တို့ရန်သူကြီးဖြစ်တယ်**"

"ကျွန်တော်တို့ကြ**ားသိထား**ပါတယ် ဆရာ"

"**အဆိပ်ဝိဇ္ဇာဟာ ငါ့ကိုအတိအလင်း**စစ်ကြေညာပြီးပြီ၊ သူဟာ ငါ့မိသားစုကို**သတ်နိုင်**တယ်၊ ငါ့တပည့်လက်သားတွေကို သတ်**နိုင်တယ်**၊ ငါ အစီအစဉ်တစ်ခုချထားတယ်၊ ကြောက်လို့ဒီအစီအစဉ်**ချတာတော့မဟုတ်ဘူး**"

**တပည့်သုံးယောက်**သည် စိတ်ပါဝင်**စား**စွာဖြင့် သူတို့ဆရာပြောမည့်**စကားများကို** ငံ့လင့်**နေကြ၏**။

"ငါ့**အစီအစဉ်ကတော့** မင်းတို့သုံးယောက် ဒီရွာက စတောင်ရှောင်ခွာသွားကြဖို့ပဲ"

တပည့်သုံးယောက်စလုံး ခေါင်းငုံ့သွားကြ၏။ သူတို့သည်



ရှေးယခင်ကတည်းက ဆရာ့စကား တစ်သဝေမတိမ်းနာခံခဲ့သူများဖြစ်၏။

သူတို့၌ **စောဒကဆိုသည်မှာလုံးဝမရှိပေ**။ ဆရာက နေဆိုလျှင်နေမည်၊ **သေဆိုလျှင်သေမည့်လူစားမျိုး** ဖြစ်ကြသည်။

**ထိုတပည့်များ၏စိတ်သဘောထားကို** နားလည်ထားသည့်ရှာ**သူကြီးဇုလုံက သူတို့၏**ဆရာတပည့်သက်တမ်းတွင် တစ်ကြိမ်**တစ်ခါမျှခွင့်မပြု**ခဲ့ဘူးသည့် အခွင့်အရေးတစ်ရပ်ကို ပထမအကြိမ်**နှင့် နောက်**ဆုံးအကြိမ် ခွင့်ပြုလိုက်လေသည်။

"တပည့်တို့- အခုရွာက ရှောင်တိမ်းခိုင်း...ဲ့ရှိစွနဲ့ ပတ်သက်လို့ တပည့်တို့စိတ်ထဲမှာ မှားတယ်လို့ထင်ချင်ထင်မယ်၊ မှန်တယ်လို့ထင်ချင်ထင်မယ်၊ မှန်တယ်ထင်လို့ ရွာကထွက်ခွာသွားချင်တဲ့လူလဲရှိမယ်၊ မှားတယ်ထင်လို့ ရွာမှာနေချင်တဲ့လူ...လဲရှိမယ်၊ ကိုယ့်စိတ်ထဲရှိတာကို အကျိုးအကြောင်းနဲ့ပြောကြစမ်းပါ၊ ငါနားထောင်ချင်တယ်"

ထိုအခါ ပုရီနှင့်ပုဖုံးတို့က ဆရာသခင်အား ဦးညွှတ်ဂါရဝပြုကြပြီး-

"ကျွန်တော်တို့ကတော့ ရွာကရှောင်တိမ်းသွားပါ့မယ်၊ တကယ်လို့ အဆိပ်ဝိဇ္ဇာသိပ်စွမ်း**နေလို့** ဆရာကြီးနဲ့တကွ တစ်ရွာလုံးကိုသုတ်သင်သွားနိုင်တယ်ဆိုရင် **ကျွန်**တော်တို့လွတ်မြောက်ခွင့်ရပြီး ဆရာကြီးနဲ့တစ်ရွာလုံး**အတွက် ကျွန်**တော်တို့ ပြန်လက်စားချေနိုင်ပါလိမ့်မယ်၊ လက်စား**ချေမယ်လို့**လဲ သစ္စာပြုပါတယ်"

ပုရီနှင့်ပုဖုံးတို့ကတိုင်ပင်ထားသည့်အလား စိတ်သဘောညီ

ညွှတ်စွာတင်ပြကြလေ၏။ ဖုလုံက ကျေနပ်စွာပြုံးလိုက်၏။

"ကောင်းတယ်၊ ငါလဲ အဲဒီလိုယူဆထားတာပဲ၊ ကဲ- ပုဟုတ်က ဘာဖြစ်လို့ငြိမ်နေတာလဲ၊ မင်းမှာ ပြောစရာ စကားမရှိတော့ဘူးလား"

"ရှိပါတယ်ဆရာ"

ပုဟုတ်က ကြမ်းပြင်နှင့်နဖူးထိကာအရိုအသေပေးရင်း ပြောလေ၏။ ဖုလုံက-

"ကဲ- မင်းဘာပြောချင်သလဲ၊ ပြောစမ်း"

ပုဟုတ်က လည်ချောင်းတစ်ချက်ရှင်းပြီး-

"ကျွန်တော်ကတော့ ဆရာကြီးကိုပစ်ပြီး ထွက်မသွားနိုင်ပါဘူးခင်ဗျာ"

ရွာသူကြီးဖုလုံ၏မျက်နှာမှာ ရုတ်ခြည်းတင်းမာသွားသည်၊

"မင်းပြောတဲ့စကားမှာ ကျိုးကြောင်းပြတဲ့စကား တစ်ခုမှမပါဘူး၊ အခြေမဲ့ပြောတဲ့စကားမျိုး ငါလက်မခံနိုင်ဘူး၊ မင်း ငါနဲ့နေခဲ့လို့ အသက်ရှင်စရာလမ်းမရှိဘူး၊ အဲဒီအခြေခံအချက်ကို သိထားရမယ်"

ပုဟုတ်က ခေါင်းခါ၏။

"ဆရာကြီးထင်လို့ပါခင်ဗျာ၊ အဆိပ်ဓိဗ္ဗာဟာ ကြောက်စရာကောင်းတာတော့မှန်ပါတယ်၊ ရွာလုံးကျွတ်သတ်ဖို့ မလွယ်ပါဘူး၊ သူ စိတ်ထင်တိုင်းသာသတ်နိုင်ရင် တရုတ်ပြည်ဧကရာဇ်ကြီးတောင် သူဖြစ်လောက်နေပါပြီ၊ နောက်တစ်ခုက ကျွန်တော်တို့ တပည့်သုံးယောက်ရှိတဲ့အနက် နှစ်ယောက်ကရှောင်တိမ်းသွားရင် လုံလောက်



ပါပြီ၊ ဒီနှစ်ယောက် လွတ်မြောက်ရင် ဒီနှစ်ယောက်က ဆရာကြီးအတွက် လက်စားချေပေးပါလိမ့်မယ်၊ ကျန်တဲ့ တပည့်တစ်ယောက်ကတော့ ဆရာနဲ့ သေအတူ ရှင်မကွာနေသင့်ပါတယ်၊ ဒါမှသာ ဆရာကြီးဖုလုံရဲ့တပည့်သုံးယောက်ဟာ နှစ်ယောက်ကတော့ သူတို့ဆရာကြီးအတွက်လက်စားချေဖို့ တာဝန်ယူဘယ်၊ တစ်ယောက်ကတော့ သူ့ဆရာကြီးနဲ့သေအတူရှင်မကွာနေခဲ့တယ်လို့ အစဉ်အဆက်ပြောစမှတ်ပြုကြပါလိမ့်မယ်"

ဖုလုံက ခေါင်းယမ်း၏။

'မင်းတို့က အဆိပ်ဓိဗ္ဗာအကြောင်း ကောင်းကောင်းမသိလို့ပါ၊ ငါနဲ့နေလို့ကတော့အသေချည်းပဲ"

"သေလဲသေပေါ့ဆရာကြီးရယ်၊ လူ့ဘဝဆိုတာ မွေးပြီးရင် သေကြရတာပါပဲ၊ ဘယ်သူမှ နှစ်ခါသေတယ်ဆိုတာမရှိပါဘူး"

ဖုလုံသည် ပုဟုတ်၏ရှင်းလင်းတင်ပြချက်ကို လက်ခံလိုက်၏။

"ကောင်းပြီ၊ ပုရီနဲ့ပုဖုံးတို့ ရွာကထွက်သွားဖို့လုပ်ကြပေတော့၊ ရွာကို ပတ်ပတ်လည်ဝိုင်းထားတဲ့လူတွေက အားလုံး မန်ချူးတွေချည်းမဟုတ်ဘူးနော်၊ အဆိပ်ဓိဗ္ဗာနဲ့ သူ့တပည့် သိုင်းသမားတွေလဲပါတယ်"

ပုရီက-

"ဟုတ်ကဲ့၊ ကျွန်တော်တို့သတိထားပါမယ်"

ရွာသူကြီးဖုလုံက-

"ဟော့- မင်းတို့နှစ်ယောက်စလုံး ပြိုင်တူထွက်ကြမလို့လား၊

နှစ်ယောက်စလုံး ထွက်ချင်ရင်တော့ထွက်၊ ဒါပေမယ့် အတူတူတော့ မသွားရဘူး၊ ထောင်ချောက်မိရင် နှစ်ယောက်စလုံးမိသွားမှာပေါ့"

"ဟုတ်ကဲ့၊ ဆရာကြီးမှာတဲ့အတိုင်း ကျွန်တော်တို့ ထွက်ပါ့မယ်"

"အေး- ဉာဏ်ကိုလွှာသုံးကြ၊ သူတို့ကစောင့်ကြည့်နေကြမှာ သေချာတယ်"

ပုရိန္ဒနှင့်ပုဖုံးတို့သည် လိုအပ်သည့်ပစ္စည်းများကို သယ်ဆောင်ကာထွက်လာကြ၏။

သူတို့၏ဆရာကြီးကို မျက်ရည်လည်ရွဲဖြင့် နောက်ဆုံးဂါရဝပြုကြလေ၏။

"ကဲ- ကဲ- သွားကြပေတော့"

ပုရိန္ဒနှင့်ပုဖုံးတို့သည် ပုဟုတ်ကို ဖက်လှဲတကင်းနှုတ်ဆက်ပြီးနောက် ထွက်ခွာသွားကြလေတော့၏။

အချိန်ကား မှောင်ရီပျိုးနေလေပြီ။

တကယ့်အမှောင်ဖုံးသောအခါမှ သူတို့ ရွာမှထွက်ကြပေလိမ့်မည်။ ရွာစည်းရိုး၌ အမှောင်ဖုံးသည့်အချိန်ထိ စောင့်ကြပေလိမ့်မည်။

ဘသူကြီးမှလုံသည် တပည့်များကိုလိုက်မပို့တော့ချေ။ သူ ရှေ့၌ ပုဟုတ်သည်းခေါင်းငိုက်စိုက်ချကာ ထိုင်[illegible]ိုင်နေလေ၏။

ရွာသူကြီး[illegible]

"ပုဟုတ်[illegible] မင်း[illegible]ပြောစရာရှိလို့လဲ"

"[illegible]ကြီး- ကျွန်တော်- ကျွန်တော်"



"ပြောပါ၊ ပြောချင်တာပြောပါ၊ ငါခွင့်ပြုပါတယ်"

"ဆရာကြီး- ခုလို သူတို့ထွက်သွားတာဟာ သေဘေးနဲ့ပိုပြီးနီးပါတယ်၊ သေဘေးကိုရှောင်တိမ်းပြေးသွားသူ[illegible]ဟာ သေဘေးသို့ အနီးကပ်ဆုံးပြန်လည်ရောက်ရှိတတ်သည်ဆိုတဲ့ ရှေးဟောင်းစကား တစ်ခုလဲရှိပါတယ်"

"မင်းစိတ်ထဲမှာ သူတို့မလွတ်မြောက်နိုင်ဘူးလို့ ထင်ထားနေသလား"

"မလွတ်နိုင်ပါဘူးဆရာ၊ ဟိုတစ်နေ့က ငညိုသည်အမျိုးသမီးဟာ ရွာပြင်ထွက်ပြီးစနည်းနာခဲ့တယ်၊ သူလဲ အဆိပ်ဓိဋ္ဌာရဲ့တပည့်တွေနဲ့ တွေ့လာခဲ့တာပဲ၊ ပုရိန္ဒနဲ့ပုဖုံးတို့လဲ တစ်ယောက်ယောက်နဲ့ တွေ့မှာပါပဲ၊ လူနဲ့မတွေ့ရင်လဲ ထောင်ချောက်နဲ့တွေ့မှာပါပဲ"

"မန်ချူးတပ်စုတွေဘက်ကတော့ လွတ်နိုင်ပါတယ်၊ အဲဒီဘက်ကိုတော့ မင်းစဉ်းစားမိရဲ့လား"

"စဉ်းစားပြီးပါပြီ၊ ကျွန်တော်မနက်က ကင်းစခန်းကို သွားစစ်ပါတယ်၊ မန်ချူးတပ်စုတစ်စုထပ်ရောက်လာတယ်လို့ ကင်းစခန်းက သတင်းပို့ပါတယ်"

"အဲဒီတော့. . ."

"မန်ချူးတွေကလဲ ကင်းပိုချထားမှာ[illegible] သေချာပါတယ်၊ သူတို့လွတ်ဖို့မလွယ်[illegible]ါဘူး"

"ငါက[illegible] ? ဒီ[illegible] ထင်ဘူး၊ တစ်ယောက်ယောက်ကတော့ လွတ်သွားနိုင်တ[illegible]ယ်လို့ထင်တယ်"

ပုဟုတ် ဆက်မပြောတော့ချေ။ ပုဟုတ်သည် စာပေဝါသနာ

ပါသည်။ အတွေးအခေါ်ကောင်းသည်။

ပုဟုတ်၏စကားကိုပစ်ပယ်၍ မထားသင့်ကြောင့် ရွာသူကြီးဖုလုံတွေးသည်။

သေရန်ကြောက်သူများသည် အမြန်ဆုံးသေတတ်ကြောင်း ဖုလုံ၏ဘ၀တစ်လျှောက်၌ မြောက်မြားစွာတွေ့ဖူးခဲ့လေပြီ။

"အို- သူတို့ကသေမှာကြောက်လို့ ရွာထဲကထွက်တာမဟုတ်ဘူး၊ ငါ့အမိန့်အရထွက်ကြတာပဲ၊ သူတို့မသေနိုင်ပါဘူး"

ရွာသူကြီးဖုလုံ၏စိတ်ထဲ၌ ချီတုံချတုံဖြစ်နေသည်။

ပုဟုတ်ကတော့ သူ့ဆရာရှေ့၌ခေါင်းငုံ့ထိုင်နေမြဲ။

❖❖

## ကျားခံတွင်း၀ သက်ဆင်းရ

ရွာထိပ်ခြံစည်းရိုး၌ ပုရီနှင့်ပုဖုံးတို့သည် တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်နှုတ်ဆက်ကြလေ၏။

"ပုရီ- ငါ အနောက်ဘက်ခြံစည်းရိုးက ထွက်မယ်၊ မင်းကတော့ ဒီကပဲထွက်ပေါ့"

"အေး- ငါတို့အပြင်မှာပြန်ဆုံကြသေးတာပေါ့"

အစောင့်ကင်းသမားက ပုရီနှင့်ပုဖုံးတို့အား လူခွဲ၍လိုက်ပါစောင့်ရှောက်ကြသည်။ သူတို့၏စောင့်ရှောက်မှုမှာ ရွာတွင်း၌သာဖြစ်၍ တကယ်တမ်းအားဖြင့် မလိုအပ်လှချေ။

ပုရီက-

"ငါတို့နှစ်ယောက်စလုံး လွတ်သွားရင်တော့ ပိုကောင်းတာပေါ့၊ နှစ်ယောက်စလုံး ဆရာကြီးအတွက် လက်စားချေနိုင်တာပေါ့၊ တကယ်လို့ မင်းတစ်ယောက်တည်းလွတ်ရင် ဆရာကြီးအတွက် မမေ့ပါနဲ့"

ပုဂ္ဂိုလ်က လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်၍ ပြောသည်။

"**စိတ်ချပါ၊** သေဆုံး**သွားတဲ့** **အဘိုး အဘွားတွေကို**တိုင်တည်ပြီး **ကတိပြုပါတယ်၊** ဆရာ**ကြီးအတွက် မပျက်မကွက်** လက်စားချေပေး**မယ်"**

**ပုရိက-**

"**ကောင်းတယ်၊** ငါ့အတွက်လဲစိတ်ချပါ၊ ကဲ- မင်း ဒီမှာနေရစ်ခဲ့တော့၊ ကင်းသမားတွေလဲ ငါ့နောက်မလိုက်နဲ့တော့၊ ငါအနောက်ဘက်ခြံစည်းရိုးကိုသွားမယ်"

ပုရိသည် စကားဆုံးသည်နှင့် ရွာအနောက်ဘက်သို့လျင်မြန်သောအဟုန်ဖြင့်ပြေးထွက်သွားလေတော့၏။ ညအမှောင်သည် တဖြည်းဖြည်းလွှမ်းခြုံလာ၏။

ထိုအမှောင်ကိုအကာအကွယ်ယူလျက် ဝိုင်းရံထားသည့် မန်ချူနှင့်သိုင်းသမားများကို ထိုးဖောက်မည်ဖြစ်ပေသည်။

ညအမှောင်သိပ်သည်းလာသည်နှင့် ပုဖုံးသည် **အရှေ့ဘက်** ရွာထိပ်တံတားနှင့် ခပ်ယွန်းယွန်းခြံစည်းရိုးဆီသို့ **ချဉ်းကပ်သွားပြီး** မလွယ်ပေါက်မှနေ၍ ရွာပြင်သို့ထွက်လိုက်**၏။**

ရွာထိပ်ခြံစည်းရိုးမှမထွက်ခြင်းမှာ **ရန်သူမှ အနေဖြင့်** ရွာထိပ်ခြံစည်းရိုးကို စူးစူးစိုက်စိုက် **စောင့်ကြည့်နေမည်ကို သိထား**သောကြောင့်ဖြစ်ပေသည်။

ပုဖုံး၏မျက်လုံးများသည် **အမှောင်**ထဲသို့ အကြည့်များနေပြီဖြစ်၍ အကျင့်ရသွားပေပြီ။ **မှောင်ထဲမှ**အရာဝတ္ထုများကို မြင်နိုင်စွမ်းရှိနေလေပြီ။



ဖုကျားကျေးရွာနှင့် မန်ချူတို့ဝိုင်း**ပတ်ထားသော** အခြေအနေမှာ အမြင်ရှုပ်ထွေးခြင်းမရှိပေ။

ဖုကျားကျေးရွာ၏ တစ်မိုင်ပတ်လည်**အတွင်း၌ သစ်**ပင်ကြီးများမရှိလှချေ။ ချုံပုတ်များနှင့်ပင်ပြတ်များ**သာရှိသည်။**

သစ်ပင်မြင့်ဆို၍ ရွာပတ်ပတ်လည် တစ်**မိုင်အတိုင်း**အတာအတွင်း ဆယ်ပင် ဆယ့်ငါးပင်ခန့်သာရှိသည်။

ထိုတစ်မိုင်ပတ်လည်မှလွန်သည့်အခါတွင်မူ သစ်တောကြီးကဲ့သို့အုပ်ဆိုင်းသောသစ်ပင်ကြီးများ ဝန်းရံနေပေသည်။

ထိုသစ်ပင်ကြီးများအတွင်း၌ မန်ချူစစ်သားများနှင့် အဆိပ်ဝိဇ္ဇာ၏တပည့်များ စောင့်ကြည့်လျက်ရှိနေကြသည်။

ပုဖုံးသည် ရွာနှင့်မန်ချူများစောင့်နေသည့်သစ်ပင်အုပ်အကြား**တစ်မိုင်အကွာအဝေးကို** ထင်ထင်မြင်မြင်မပြေးဝံ့ပေ။

လူရိပ်မြင်သည်နှင့် **ထိုသစ်ပင်**အုပ်များအကြားမှစောင့်ကာ အမဲဖျက်သလိုဖျက်မည်**မှာ** မလွဲချေသည်**။** ထို့ကြောင့် ရွာပြင်မှထွက်သည်နှင့် ချုံပုတ်**ငယ်များ**အကြားသို့ **လှစ်ခနဲ**ခိုဝင်ပုန်းအောင်းရသည်။

ဖုကျားကျေးရွာ၌ **သူနေခဲ့**သည်မှာကြာပြီ။

ဤပတ်ဝန်းကျင်ကို သူကောင်းစွာကျွမ်းကျင်သည်။ သို့ရာတွင် ယခုအချိန်တော့ စိတ်ထင်တိုင်းမပြေးဝံ့ပေ။

မန်ချူများကလည်းကောင်း၊ အဆိပ်ဝိဇ္ဇာကလည်းကောင်း ဤခရီး ဤလမ်း၌ ထောင်ချောက်ဆင်ထားနိုင်သည် မဟုတ်ပါလား။

ပုဖုံးသွားနေသည့်ခရီးလမ်းရှေ့၌ အတော်အတန်မြင့်သော သစ်ပင်တစ်ပင်ရှိနေသည်။ ဤကဲ့သို့သော သစ်ပင်လေးငါးပင်ခန့်ကို သူဆက်တိုက်တွေ့ပြီးမှ ရန်သူများရှိရာ သစ်ပင်အုပ်များအကြားသို့ သူရောက်ရှိပေမည်။

ထိုသစ်ပင်ကို ပုဖုံးစိတ်မချပေ။ ရန်သူများက ထောင်ချောက်တစ်ခုခုဆင်ထားမည်ကိုစိုးရိမ်သည်။ သူ မည်မျှစိတ်မချစေကာမူ ထိုသစ်ပင်ကို ကွင်းရှောင်၍လည်းပြေးရန်မဖြစ်နိုင်ပေ။

ရှေ့ခရီး၌ ချုံပုတ်များပါးလျားသွားပြီဖြစ်၍ ထိုသစ်ပင်အကာအကွယ်ကိုယူမှသာ ရန်သူများအား မျက်ကွယ်ပြုနိုင် ပေလိမ့်မည်။

ပုဖုံးသည် ထိုသစ်ပင်အခြေသို့တွားသွား၍ ချဉ်းကပ်သွား၏၊

"ဟာ"

လေအတိုက်၌ သစ်ပင်အောက်ခြေ၌ တစ်စုံတစ်ခုလှုပ်ရှားသွားသည်ကို တွေ့လိုက်ရသဖြင့် သူ့အကြောအခြင်များ တောင့်တင်းသွားသည်။

သူ့လက်များသည် လျှပ်ပြက်သကဲ့သို့လှုပ်ရှားသွား၏။

"ဒုတ်"

"ဒုတ်"

သူ၏ဓားမြှောင်နှစ်ချောင်းသည် ပစ်မှတ်ဆီသို့ တည့်တည့်မတ်မတ်တန်းဝင်သည်။ သို့သော် ဓားမြှောင်စိုက်ဝင်သည့်အသက်ကို ပုဖုံး သဘောမကျလှချေ။

ထို့ကြောင့် သူသည် သတိကြီးစွာထားလျက် သစ်ပင်အောက်သို့တိုးဝင်လာလေ၏။ သစ်ပင်အောက်တွင် လူတစ်ယောက်ကြိုးဆွဲချသကဲ့သို့ လေထဲ၌လှုပ်ရှားနေ၏။

သေချာစွာအကဲခတ်သောအခါမှ မြက်ခြောက်များဖြင့်ပြုလုပ်ထားသည့်ကောက်ရိုးရုပ်ဖြစ်ကြောင်း သိရတော့သည်။

ထိုလူရုပ်၌ စာရွက်တစ်ခုချိတ်ဆွဲထားသည်ကိုတွေ့ရသဖြင့် ပုဖုံးသည် သူ၏ဓားမြှောင်နှစ်ချောင်းဖြင့် အသာအယာညှပ်ယူကာ သစ်ပင်ရိပ်အပြင်သို့ ထုတ်ယူလာ၏။ ကြယ်အလင်းရောင်ဖြင့် ဖုံးစိုက်ဖတ်ရှုမိသည်။

"အဆိပ်ဝိဇ္ဇာ၏မေတ္တာလက်ဆောင်"

ပုဖုံး မျက်မှောင်ကုပ်သွားလေ၏။

"ဘာလဲ၊ သူတို့က ငါတို့ထွက်ပြေးလာမယ်ဆိုတာများ ကြိုသိနေလို့လား"

ပုဖုံးစိတ်ထဲမှရေရွတ်မိသည်။ အဆိပ်ဝိဇ္ဇာကိုလည်း စိတ်ထဲ၌ကြောက်ရွံ့သလိုခံစားမိလာသည်။

မြက်ခြောက်ရုပ်၌လည်းကောင်း၊ စာရွက်၌လည်းကောင်း အဆိပ်များသုတ်လိမ်းထားနိုင်သည် မဟုတ်ပါလား။

ဤမြက်ခြောက်ရုပ်မှာ အဆိပ်ဝိဇ္ဇာ၏သတိပေးခြင်းတစ်မျိုးဖြစ်နိုင်ပေသည်။

အဆိပ်ဝိဇ္ဇာအနေဖြင့် ဤမျှကြိုတွက်ဆထားနိုင်လျှင် သူတို့၏လွတ်လမ်းမှာ သိပ်မလွယ်လှကြောင်း ပုဖုံးရိပ်မိလာသည်။

"အင်း- ဒါကြောင့်လဲ ဆရာကြီးက ငါတို့ကို အထပ်ထပ်သတိထားဖို့ပြောခဲ့တာကိုး"

ပုဖုံးသည် ထိုသစ်ပင်အောက်မှထွက်လာသည်။ သူ၏သတိ စီနိုယထား မှုသည် လိုမှုလိုအပ်ပါ၏လောဟုပင် သံသယရှိလာ၏။

"တပည့်တို့ သတိဆိုတာဝိုတယ်မရှိဘူး၊ လိုတယ်ဆိုတာပဲရှိတယ်၊ သတိတစ်ချက်လစ်လို့ လူတစ်သက်မပြောနဲ့ တိုင်းပြည်တစ်ပြည်ဆုံးရှုံးရတဲ့ ရှေးဟောင်းသာဓကတွေတောင်ရှိခဲ့တယ်"

ထိုစဉ်မှာပင် သူ၏ ဆရာကြီးဖုလုံ၏စကားများကိုပြန်လည်ကြားယောင်လာမိသဖြင့် ပေါ့ပေါ့ဆဆလုပ်ပြီး ရန်သူကို ရင်ဆိုင်ပစ်လိုသည့် သူ၏စိတ်များကို ဖျောက်ဖျက်ပစ်ရလေတော့သည်။

သူသည် ကျန်ခရီးစဉ်ကို အခက်အခဲအတားအဆီးမရှိဖြတ်ကျော်နိုင်လာသဖြင့် အနည်းငယ်အားတက်လာမိသည်။

မန်ချူးများနှင့်အဆိပ်ဝိဇ္ဇာတို့ စခန်းချနေသည့် သစ်တောအုပ်ထဲသို့ သူခြေချနင်းမိလျှင် သူ၏ လွတ်မြောက်မှုလမ်းပွင့်သွားပြီဟု ယူဆသည်။

ထူထပ်သိပ်သည်းနေသော သစ်ပင်များကို အကာအကွယ်ယူလျက် သူထွက်ပြေးလာနိုင်လိမ့်မည်ဟု ယူဆပေသည်။

မကြာမီ သူသည် ထိုသစ်တောအစပ်သို့ရောက်ရှိလာတော့သည်။

သူသစ်တောထဲသို့ဝင်ရန် ဟန်ပြင်လိုက်စဉ်မှာပင် သစ်တောထဲမှမိန်းမပျိုတစ်ယောက်ပြေးထွက်လာသည်ကို တွေ့လိုက်ရသဖြင့် ပုဖုံး လွန်စွာအံ့အားသင့်သွားသည်။

မိန်းမပျိုသည် လွန်စွာချောမောပေ၏။ သူမ၏မျက်ဖုံးကလေးများက ဝိုင်းဝိုင်းလည်နေသည်။



တစ်စုံတစ်ခုကိုကြောက်လန့်ဟန်ဖြင့် ပြေးလာနေခြင်း ဖြစ်ပေသည်။

သူမဝတ်ထားသည့်အစိမ်းရောင်ဖဲအင်္ကျီမှာ ညအမှောင်၌ အမည်းရောင်ကဲ့သို့ ထင်မှတ်ရသည်။ သို့သော် အမှောင်ထဲ၌အမြင်ကျင့်သားရနေသောပုဖုံးအဖို့မူ အစိမ်းရောင်ကို အစိမ်းရောင်အဖြစ် မြင်နိုင်စွမ်းရှိပေသည်။

ချောမောလှပလွန်းသော မိန်းကလေးတစ်ယောက် ညကြီးမင်းကြီး ကြောက်လန့်တကြားပြေးလွှားလာသည်မှာ အကြောင်းရှိရမည်ဟု ပုဖုံးတွေးသည်။ သူသည် မိန်းမပျိုရှေ့မှ ကာ၍ရပ်လိုက်၏။

"ညီမလေး- ညကြီးမင်းကြီး ဘာဖြစ်လို့ပြေးလာရတာလဲ"

မိန်းမပျိုက အမောတကောပြော၏။

"မန်- မန်ချူးတွေ- ကျွန်မနောက်လိုက်လာ. . ."

မိန်းမပျိုမှာ စကားပင် ဆုံးအောင်မပြောနိုင်ချေ။

ပုဖုံးသည် သူ၏ဒုက္ခကိုမေ့သွား၏။ သူလွတ်မြောက်ရေးကို သတိမရတော့ချေ။

"မန်ချူးတွေဟုတ်လား၊ မန်ချူးတွေလိုက်လာမှာပေါ့၊ ဒီတောထဲမှာမန်ချူးတွေချည်းပဲဥစ္စာ"

"ဟုတ်တယ်၊ ကျွန်မလဲမျက်စိလည်ပြီး ဒီတောထဲရောက်လာတာပါ"

"အခု ညီမကဘယ်ကိုပြေးမလို့လဲ"

"ဒီရှေ့ကရွာဟာ ဖုကျားကျေးရွာမဟုတ်လား"

"ဟုတ်တယ်လေ၊ ဖုကျားကျေးရွာပေါ့၊ ရွာသူကြီးဖုလုံအုပ်ချုပ်တဲ့ဖုကျားကျေးရွာပေါ့"

"ကျွန်မလဲ ကြားဖူးပါတယ်၊ ဖုကျားကျေးရွာဟာ မန်ချူးတွေကို ပြောက်ကျားနည်းနဲ့တိုက်ခိုက်နေတဲ့ရွာဆို"

"ဟုတ်တယ်၊ ဖုကျားတစ်ရွာလုံး သိုင်းပညာတတ်တယ်၊ မိန်းကလေးတွေတောင် သိုင်းပညာတတ်တယ်၊ ဒါပေမယ့် ခုချိန်မှာတော့ ညီမအနေနဲ့ ဖုကျားကျေးရွာကိုမသွားသင့်ဘူး"

"ဟင်- ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုတော့ ဖုကျားကျေးရွာဟာ မကြာခင် မှုန့်မှုန့်ညက်ညက်အဖျက်ဆီးခံရတော့မှာမို့လို့ပဲ"

မိန်းမပျို၏မျက်လုံးများ ဝိုင်းဝိုင်းလည်သွားပြန်လေသည်၊

"ကျွန်- ကျွန်မတော့ ဘာမှနားမလည်တော့ဘူး"

ပုဖုံးက မချိပြုံးပြုံးလိုက်မိလေ၏။

"ကျုပ်တောင် ဖုကျားကျေးရွာကပြေးလာခဲ့တာ"

"ဟင်"

"မဟင်နဲ့လေ၊ ခုနကပြောသလိုပေါ့၊ တစ်ရွာလုံးမှုန့်မှုန့်ညက်ညက်အဖျက်ဆီးခံရတော့မယ့်ရွာမှာနေနေရင် ကျုပ်လဲ သေဖို့ပဲရှိတော့တာပေါ့၊ ဒါကြောင့် ကျုပ်ရဲ့ဆရာကြီးက ကျုပ်ကို ထွက်ပြေးနိုင်းတာပဲ"

"ကျွန်- ကျွန်မ မသိလို့မေးတာပါနော်၊ ဖုကျားကျေးရွာက ဘာဖြစ်လို့ မှုန့်မှုန့်ညက်ညက်အဖျက်ဆီးခံရမှာပဲ၊ ကျွန်မက ဒီရွာကိုအားကိုးပြီးပြေးလာတာပါ"



"ဘာဖြစ်လို့လဲဆိုတော့ ညီမနောက်ကိုလိုက်လာတဲ့ မန်ချူးတွေဟာ ဒီတောထဲမှာပုရွက်ဆိတ်တွေလိုအန့်ရောက်နေလို့ပဲ၊ မန်ချူးတွေနဲ့အဆိပ်ဝိဇ္ဇာပေါင်းပြီး ဖုကျားကိုဖျက်ဆီးကြတော့မယ်"

"အို- ရက်စက်လိုက်တာ"

ပုဖုံးက သက်ပြင်းချပြီးပြောလေ၏။

"ဒါကတော့ စစ်ရေးကိုး၊ အင်အားကြီးတဲ့လူက အနိုင်ယူစတမ်းပါ"

"ကျွန်မ ဘယ်လိုလုပ်ရမလဲမသိတော့ဘူး"

"အကောင်းဆုံးကတော့ လာလမ်းအတိုင်းပြန်ဖို့ပဲ"

"နောက်မှာ မန်ချူးတွေပါလာတယ်"

"သူတို့ကို ရှောင်ပြီးပြေးရမှာပေါ့"

"ရှင်ကော ပြေးမှာမဟုတ်လား"

"ပြေးရမှာပေါ့၊ မန်ချူးတွေကိုလဲ ရှောင်ရမယ်၊ အဆိပ်ဝိဇ္ဇာနဲ့သူတပည့်တွေကိုလဲရှောင်ရမယ်၊ ကျုပ်နဲ့လိုက်ခဲ့မယ်ဆိုရင်တော့ ကျုပ်က ကူညီတဲ့အနေနဲ့ခေါ်သွားပါ့မယ်"

"ကျွန်မ လိုက်ချင်တယ်"

'လိုက်ခဲ့ပါ'

မိန်းမပျိုသည် ပုဖုံးအနီးသို့ချဉ်းကပ်သွားလေ၏။ ပုဖုံးက လက်ယာဘက်သစ်ပင်တန်းဆီသို့ လက်ညိုးညွှန်ပြပြီး-

"အဲဒီနေရာမှာခဏပုန်းမယ်၊ မန်ချူးတွေ မရှာရင်တော့ ကျုပ်တို့သက်သာတာပေါ့၊ ရှာရင်တော့ တိုက်ကြခိုက်ကြရမှာပေါ့"

"ကျွန်မတော့ မတိုက်ခိုက်တတ်ဘူး"

"ကိစ္စမရှိပါဘူးလေ၊ ကျုပ်ရှိပါတယ်၊ အဲ- အဆိပ်ဝိဇ္ဇာရယ် သူ့တပည့်တွေရယ်ကိုတော့ ရှောင်ရမှာပေါ့၊ သူတို့ကို ကျုပ်ဆရာက တောင် ကြောက်တယ်"

"အင်း- သူတို့ကိုတော့ ရှင်ရှောင်နိုင်မယ်မထင်ဘူး"

ထိုမိန်းကလေး၏လေသံ တစ်မျိုးဖြစ်သွားသည်ထင်သဖြင့် ပုဖိုးက ကဗျာကယာလှည့်ကြည့်ပြီးမေးသည်။

"ဘာ- ဘာဖြစ်လို့လဲ၊ သူတို့ကို ညီမကတွေ့ခဲ့လို့လား"

"တွေ့ခဲ့တယ်၊ ဆံဖြူလူငယ်ဆိုတာကိုတွေ့ခဲ့တယ်"

**"ဒီကောင်က အဆိပ်ဝိဇ္ဇာရဲ့တပည့်ပဲ၊ နောက်တစ်ယောက် ရှိသေးတယ်၊ သူ့နာမည်ကိုတော့ ကျုပ်လဲမေ့နေပြီ၊ မိန်းကလေး တစ်ယောက်ပဲ"**

"သူ့ကိုရှင်မြင်ဖူးလို့လား"

"မမြင်ဖူးပါဘူး"

မိန်းကလေး၏ ညာဘက်လက်တစ်ဖက်သည် လျှပ်မြက် လိုက်သည့်နှယ် လှစ်ခနဲမြောက်တက်သွားပြီး ပုဖိုး၏လည်ပင်းကို ဒုတ်ခနဲဒုတ်ချလိုက်သည်။

ပုဖိုးမှာ သူ့လက်ဖြင့်မြှောက်ကာရန် ကြိုးစားသော်လည်း အချည်းအနှီးဖြစ်သွားလေသည်။ သူ့လည်ပင်းကို ဆုပ်ကိုင်လျက် ဒူးထောက်လဲကျသွား၏။

"အဲဒီမိန်းကလေးရဲ့နာမည်ကမေယုစွမ်တဲ့၊ အဆိပ်ဝိဇ္ဇာရဲ့ တပည့်ပဲပေါ့၊ အဲဒီမေယုစွမ်ဆိုတာ ကျွန်မပဲ"

သူမ၏အသံမှာ အေးစက်မာကျောနေ၏။



ပုဖိုးသည် မျက်လုံးကြီးများပြူးအစ်လျက် မေယုစွမ်ကို မော် ကြည့်လိုက်သည်။

"ရှင့်ဆရာကြောက်မယ်ဆိုလဲ ကြောက်သင့်တာပေါ့၊ ကျွန်မ တို့ဆရာ အဆိပ်ဝိဇ္ဇာကို သိုင်းလောကတစ်ခုလုံးက ဖိန့်ဖိန့်တုန် အောင် ကြောက်နေတာပဲကိုး"

မိန်းမပျိုသည် စကားဆုံးသည်နှင့် ပုဖိုး၏ရင်ဝကို ခြေ ထောက်ဖြင့်ကန်ပစ်လိုက်၏။

"ဝုန်း"

ပုဖိုးခမျာ တလိမ့်ခေါက်ကွေးလွင့်စဉ်သွားပြီး ဘာစကားမျှ မပြောနိုင်တော့ဘဲ အသက်ထွက်သွားရှာတော့သည်။

**အဆိပ်ဝိဇ္ဇာ၏တပည့်မေယုစွမ်သည် ပုဖိုး၏**အလောင်းကို **ခါးထောက်ကြည့်ရှုပြီး မျက်နှာ၌ ပြုံးယောင်ယောင်**ဖြစ်လာလေ သည်။

သူမ၏အကြောင်းရိုက်သည့်ပရိယာယ်ကိုကျေနပ်၍ ပြုံးလိုက် သည်လားတော့ မသိနိုင်ပေ။

❧❧

မရဏာလမ်း မြှန်းရှုရာသု

ရွာ၏အနောက်ဘက်ခြံစည်းရိုးမှထွက်ပြေးသည့် ပုရိသည် အဆိပ်ဝိဇ္ဇာ၏မေတ္တာလက်ဆောင်အရုပ်မျိုးနှင့် လုံးဝမတွေ့ရပေ။ သူစတင်တွေ့ရှိရသည်မှာ မန်ချူးစစ်သားသုံးယောက်သာဖြစ်ပေသည်။

ထိုမန်ချူးစစ်သားများမှာ ကင်းသမားများဖြစ်သည်။ သူတို့၏တပ်စုများ အိပ်စက်အနားယူနေခိုက် သစ်တောအစပ် ကွင်းပြင်အထိ ကင်းလှည့်လာခြင်းဖြစ်၏။

ပုရိသည် မန်ချူးစစ်သားများကိုတွေ့ရသဖြင့် ကြောက်ရွံ့ခြင်းမဖြစ်မိပေ။ သူကြောက်သည်မှာ ပုဖုံးကဲ့သို့အဆိပ်ဝိဇ္ဇာသာဖြစ်သည်။

ဆရာကြောက်သည့်ရန်သူကို မည်သည့်တပည့်ကမကြောက်ရွံ့ဘဲရှိပါမည်နည်း။

မန်ချူးကင်းသမားသုံးယောက်သည် စကားတပြောပြောဖြင့်



လျှောက်လာကြ၏။ သူတို့သည် မှကျားကျေးရွာကိုကြောက်ရွံ့ခြင်းမရှိကြပေ။

ဘုရင့်တပ်မတော်ကိုယှဉ်လာသည့် သူတို့တပ်များသည် အဘယ်ကြောင့် ကျေးရွာတစ်ရွာကိုကြောက်ရွံ့ရမည်နည်းဟု တွေးထားကြသည်။

ထိုစဉ်မှာပင် ပုရိသည် မန်ချူးသုံးယောက်အကြားသို့ခုန်ဝင်လိုက်လေ၏။

"အင့်"

မန်ချူးတစ်ယောက်မှာ ကျောကိုဆောင့်အနင်းခံလိုက်ရသဖြင့် ရှေ့သို့မှောက်ထိုးလဲကျသွား၏။

သူတို့အားခုခံမည်သူမရှိဟုထင်နေရာမှ ယခုကဲ့သို့ ရှောင်တခင် အတိုက်ခံလိုက်ရသောအခါ မန်ချူးများမှာ ကြက်သေသေသွားကြလေ၏။ ကြောင်အမ်းအမ်းဖြစ်သွားကြလေသည်။

"ရွှမ်း"

ပုရိသည် ဓားရှည်ဖြင့်ရွှမ်းခနဲဆွဲချလိုက်ရာ မန်ချူးမှာ သူ့လည်ပင်းသူအုပ်လျက် လဲကျသွားလေ၏။

"ရွှမ်း"

"အား"

လဲကျနေရာမှကုန်းထလာသည့်မန်ချူးမှာလည်း သူ့ဓားကိုမှဆွဲမထုတ်နိုင်မီ ပုရိ၏ဓားချက်မိပြီး အားခနဲအော်ကာ သေဆုံးသွားလေသည်။

"ရွှမ်း"

ကျန်သောမန်ချူးတစ်ယောက်မှာမူ သတိဝင်သွား၏။ သူ့ဓားကို လျင်မြန်စွာဆွဲထုတ်ပြီး ပုရီကိုတိုက်ခိုက်လေတော့သည်။

ပုရီသည် ဤမန်ချူးကိုသုတ်သင်နိုင်မှသာ သူ့လွတ်မြောက်ရေးလမ်းစပွင့်မည်ကို သိ၏။

ဤမန်ချူးလွတ်မြောက်သွားခဲ့လျှင် သစ်တောအုပ်**အတွင်း**စခန်းချနေသောမန်ချူးအားလုံး နိုးထလာပြီး သူ့အား အမဲဖျက်သလိုဖျက်မည်မှာ သေချာလှပေသည်။

မန်ချူး၏ဓားသည် သူ့လည်ပင်းနားမှ ပွတ်သပ်ထွက်သွားသည်။ ထိုအခါကျမှ ပုရီသည် သူ့အာရုံကိုတိုက်ပွဲထဲသို့ပြန်၍ မြှုပ်နှံလိုက်လေသည်။

သူထိုးသွင်းသည့်ဓားကို မန်ချူးက ရိုက်ထုတ်ပစ်လိုက်သည့်အခါ မှောင်ထဲ၌မီးရောင်ကလေးပင်လက်သွားသည်။ သူတို့နှစ်ဦးခုတ်ထစ်နေသည့်ဓားသံသည် အတော်ကလေး ကျယ်လောင်နေသဖြင့် ရန်သူမန်ချူးများကြားသွားမည်ကို ပုရီစိုးရိမ်နေရပေသည်။

"အင်း- ဒီကောင့်ကို မြန်မြန်လက်စတုံးနိုင်မှဖြစ်မယ်၊ နို့မို့ရင် **ဒီကောင့်ကြောင့် မန်ချူး**တွေပဒ္ဒအုံထလာသလို ထလာကြလိမ့်မယ်"

ပုရီ အာရုံထွေပြားနေသဖြင့် မန်ချူး၏ဓားချက်တစ်ချက်သည် သူ့နံဘေးမှအကျႌစကိုထိုးခွဲသွားသည်။

ပုရီ၏သွေးများဆူကြွသွား၏။

တိုက်ပွဲသည် ပို၍လျင်မြန်လာ၏။

မန်ချူးစစ်သားမှာ တဖြည်းဖြည်းရှုံးနိမ့်လာသည်။



အခြေမဟန်မှန်းရိပ်မိလာသောအခါ လှည့်ပြေးရန်ကြံတော့၏။ သူ့ကို ပုရီ အဘယ်မှာလျှင်လက်လွှတ်ခံနိုင်ပါမည်နည်း။

"ရွှမ်း"

မှောင်ထဲ၌ ဓားရောင်လက်**ခနဲဖြစ်သွား၏။**

"အား"

အော်သံခပ်သဲ့သဲ့ပေါ်လာပြီးနောက် **ပတ်ဝန်းကျင်**တစ်ခုလုံးငြိမ်သက်သွားတော့သည်။

"ဟူး"

ပုရီ သက်ပြင်းချလိုက်သည်။

**မန်ချူး**များ လှုပ်လှုပ်ရွရွဖြစ်မလာသည်ကိုပင် သူကျေးဇူး**တင်နေရ**တော့သည်။

သူသည် ရှေ့ခရီးဆက်မည်လုပ်ပြီးမှ တစ်စုံတစ်ခုကို သတိရပြီး မန်ချူးအလောင်းများဆီသို့ချဉ်းကပ်လာလေ၏။

မန်ချူးတစ်ယောက်၏ခန္ဓာကိုယ်မှ အဝတ်အစားများကို ဆွဲချွတ်ပြီး သူ့အဝတ်အစားများနှင့်လဲလှယ်ဝတ်ဆင်သည်။ မန်ချူးများစခန်းချနေသည့်သစ်တောအတွင်း ဖြတ်သန်းသွားရာ၌ ဤမန်ချူး၏စစ်ဝတ်စစ်စားများက အထောက်အကူဖြစ်လိမ့်မည်ဟု သူယုံကြည်သည်။

ပုရီသည် မန်ချူးများ စတည်းချနေသည့်သစ်တောအုပ်အတွင်းသို့ ရိပ်ခနဲဝင်သွားသည်။

မန်ချူးစစ်သားများက **နှစ်နှစ်ခြိုက်ခြိုက်**ပင် အိပ်မောကျနေလေသည်။

"အင်း- ဒီကောင်တွေကို ခုနေသတ်လိုက်ရင်တော့ ငါတော်တော်လေးသတ်နိုင်မယ်၊ ဒါပေမယ့် ငါထွက်လာတာက သူတို့ကိုသတ်ဖို့မဟုတ်ဘူး၊ ဒီကလွတ်မြောက်ဖို့"

ပုရိသည် သူ့စိတ်ကိုချုပ်တည်းလျက် သစ်တောအပြင်သို့ ခြေဖွနင်းလျက်ပြေးထွက်လာသည်။

မန်ချူးတပ်စုနှစ်စုကိုတွေ့ရသော်လည်း သူသည် အောင်မြင်စွာပင် ဖြတ်ကျော်လာနိုင်ခဲ့သည်။

ထိုသစ်တောအပြင်ဘက် ကွင်းပြင်သို့ရောက်သည့်အခါမှ သူသည် ဟင်းခနဲသက်ပြင်းချနိုင်တော့သည်။

သူ၏စိတ်ထဲမှလွတ်ပြီ၊ ကျွတ်ပြီဟုအော်ဟစ်နေမိသည်။

"ငါကတော့လွတ်ပြီ၊ ပုဖုံးတစ်ယောက်တော့ ဘယ်လိုများဖြစ်နေသလဲမသိဘူး၊ အင်း- ဘယ်လိုပဲဖြစ်ဖြစ်လေ၊ ဖုကျားကျေးရွာအဖျက်ဆီးခံရတဲ့ သတင်းကြားပြီးရင်တော့ အဆိပ်ဝိဇ္ဇာဆိုတဲ့ အဘိုးကြီးကို ငါ့ဆရာအတွက်လက်စားချေရမှာပဲ"

ပုရိသည် ပေါ့ပါးစွာထရပ်လိုက်၏။ သူ၏ရှေ့ရေးမှာ မရေရာလှချေ။ သိုင်းဂိုဏ်းကြီးတစ်ခုခုသို့သွားရောက်ပြီး ဂိုဏ်းသားအဖြစ်ဝင်ရောက်ရမည်လော။

သို့မဟုတ် တစ်ကိုယ်တော် သိုင်းသမားတစ်ဦးကို ရှာဖွေ၍ တပည့်ခံရမည်လော သူမစဉ်းစားရသေးချေ။

အဆိပ်ဝိဇ္ဇာကို လက်စားချေမည်ဆိုလျှင် သူ့သိုင်းပညာသည် ယခုထက် အဆပေါင်းများစွာမြင့်တက်နေရပေမည်။ သို့မှသာ အဆိပ်ဝိဇ္ဇာကို လက်စားချေနိုင်ပေလိမ့်မည်။



'အင်း- အခုလောလော ဆယ်ဆယ်တော့ သိုင်းလောကထဲမှာ စနည်းနာရမယ်၊ ပြီးမှ တစ်ခုခုလုပ်ဖို့ဆုံးဖြတ်ရမယ်"

သူသည် ထိုအတွေးကိုတွေးပြီးသည်နှင့် သစ်တောစပ်မှ စတင်ထွက်ခွာလေတော့၏။

"ဟင်"

ပုရိ အံ့ဩသွားသည်။

သူ မည်မျှအစဉ်းစားလွန်နေသည်ကို သူမ[illegible]ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူ့ရှေ့မလှမ်းမကမ်း၌ လူတစ်ယောက် စိုက်စိုက် စိုက်စိုက်နှင့်သွားနေသောကြောင့်ပင်တည်း။

ထိုလူ မည်သည့်အချိန်က သူ့ကိုဖြတ်ကျော်သွားကြောင်း သူ မသိခဲ့ပေ။

"ဒီလိုနေရာမျိုးကို သူက ဘယ်လိုနည်းနဲ့လွယ်လွယ် ဖြတ်ကျော်နိုင်ခဲ့ရတာလဲ၊ ငါ့ကို သူတွေ့မှာတော့အမှန်ပဲ၊ ဘာဖြစ်လို့ ငါ့ကို နှုတ်မဆက်ရတာလဲ"

ပုရိသည် ခပ်သွက်သွက်ပြေးလိုက်လေ၏။ သို့တိုင် ပုရိသည် ထိုလူကို မမီဘဲရှိနေလေ၏။

"ဟာ- ဘယ်လိုလူလဲ၊ ကိုယ်ဖော့ပညာက ငါ့ထက်တောင် ကောင်းနေပါကလား"

ထိုလူသည် အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး တိမ်များလေထဲ၌လွင့်မျောသွားသည့်နှယ် တရိပ်ရိပ်လျင်မြန်စွာ ရွေ့လျားသွားနေရာ တစ္ဆေသရဲများ ညဥ့်လှုပ်ရှားသွားလာသည်နှင့် တူနေတော့၏။

ပုရိ ထပ်လိုက်သည်။ မန်ချူးများကိုကျော်လွန်လာပြီဖြစ်၍ ထိုအန္တရာယ်ကိုတော့ သူလုံးဝမစိုးရိမ်တော့ချေ။ ရှေ့မှလူကို ကမီ လိုက်ရန်သာ စိတ်စောနေတော့သည်။

"ဒီလူကို ငါမီအောင်လိုက်မယ်၊ သူက ဘာဖြစ်လို့ ဒီလိုပြေး နေရတာလဲ"

ထိုစဉ် ထိုလူ့ထံမှ အဖြူရောင်ကလေးတစ်ခုကျ ကျန်ခဲ့ ကြောင်း ပုရိတွေ့လိုက်သည်။

သူ အလျင်အမြန်ပြေးလိုက်ပြီးကြည့်ရာ ပဝါဖြူကလေး တစ် ထည်ဖြစ်နေကြောင်း တွေ့ရလေ၏။

"ဒါ သူ့ပစ္စည်းပဲ၊ သူ့ကိုပြန်ပေးမယ်"

ပုရိသည် ပဝါလေးကိုကောက်ယူလိုက်၏။ ရှေ့ကိုမျှော်ကြည့် ရာ ရှေ့မှဖြူဖြူလူရိပ်သည် စောစောကလိုပင် မြန်မြန်သွားမြဲ သွား နေလေသည်။

"မိတ်ဆွေ၊ ခဏနေပါဦး"

ပုရိသည် အမီမလိုက်နိုင်တော့သဖြင့် နောက်ဆုံး၌ လှမ်း အော်ရလေတော့သည်။

"မိတ်ဆွေ- ခဏရပ်ပါဦး၊ ဒီမှာ ခင်ဗျားကျကျန်ရစ်ခဲ့တာ လေးကို **ကျုပ်ပြန်ပေးမလို့ပါ**"

**ပုရိ၏အော်သံ**သည် အတော်ကလေး ကျယ်လောင်သွား၏၊ ထို**အခါကျမှ** ရှေ့ကလူဖြူဖြူသည် ရပ်တန့်သွားလေသည်။

**ပုရိသည်** ထိုအခါကျမှ **ခပ်သွက်သွက်**ပြေးလိုက်ရလေ၏၊ **ရှေ့မှလူဖြူဖြူ**ကား ဝတ်စုံသာ**အဖြူ**ရောင်ဝတ်စုံမဟုတ်ပေ။



ဆံပင်တစ်ခုလုံးပင် ဖြူဖွေးနေလေ၏။

"ရော့- ခင်ဗျားရဲ့ပဝါလေး"

ထိုလူက-

"ခင်ဗျားခေါ်တာ ဒီပဝါပေးဖို့လား"

ပုရိကခေါင်းညိတ်၏။

"**ဟုတ်ပါတယ်**"

"**ဒါဆိုရင်** ရှိပါစေတော့ဗျာ၊ ဒီပဝါက ကျုပ်အတွက် ဘာမှ **တန်ဖိုးမရှိ**ပါဘူး၊ သူများအတွက်သာ အသက်နဲ့ရင်းပြီး တန်ဖိုးရှိ တာပါ"

ပုရိ အံ့ဩသွား၏။

"ဒီလောက်တောင် တန်သလား"

ထိုလူက ခေါင်းညိတ်၏။

"အဲဒီလောက်ကိုတန်ပါတယ်၊ **ခင်ဗျားယူ**ထားပါ၊ ခင်ဗျား အတွက် ကျုပ်မေတ္တာလက်ဆောင်ပေးလိုက်ပါတယ်"

"ကျုပ်နဲ့ခင်ဗျားနဲ့ ခုမှသိတဲ့ဥစ္စာ၊ အသက်နဲ့ရင်းပြီး တန်ဖိုး ရှိ**တယ်ဆို**တဲ့ပဝါကို ဒီလို ရက်ရက်ရောရောပေးရသလားဗျ"

"**ပေးသင့်**တဲ့လူဆိုတော့ ပေးရတာပေ့ါ၊ ခင်ဗျားကို ကျုပ်က လဲသိနေတာပါ"

ပုရိ အံ့ဩသွား၏။

"ဗျာ- ခင်ဗျားက ကျုပ်ကိုသိတယ်၊ ဟုတ်လား"

"ဩော်- တစ်ဦးချင်းသိတာတော့ မဟုတ်ပါဘူးပေ့ါဗျာ၊ ဒါ ပေမယ့် ခင်ဗျားဟာ ဖုကျားကျေးရွာကလူဆိုတာလောက်တော့

ကျုပ်ကသိနေပါတယ်၊ ခင်ဗျား ဖုကျားကျေးရွာကမဟုတ်လား"

ပုရိသည် ကြက်သီးထသလိုဖြစ်သွား၏။ ထိုလူကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ဒါဆို ခင်ဗျားက ကျုပ်လာမယ်ဆိုတာကို ကြိုတင်သိနေတဲ့သဘောပဲပေါ့၊ ဟုတ်လား"

ထိုလူက ခေါင်းညိတ်၏။

"ခင်ဗျားရယ်လို့တော့ တိတိကျကျမဟုတ်ပါဘူးပေါ့ဗျာ၊ တစ်ယောက်ယောက်ပေါ့ဗျာ၊ ဖုကျားရွာသားတစ်ဦးဦး ဒါမှမဟုတ် လျှံယင်းချုံဆိုတဲ့လူ၊ ဒါမှမဟုတ် လျှံယင်းချုံနဲ့ပါသွားတဲ့မိန်းကလေး၊ အဲဒီလိုပါ၊ တစ်ယောက်ယောက်ကိုစောင့်နေတာပါ"

ပုရိက ခြောက်ကပ်စွာမေးလိုက်၏။

"ခင်ဗျားက ဘာလုပ်မလို့စောင့်နေတာလဲ"

"အဟင်း- ဟင်း"

ထိုလူက ပထမဆုံးအကြိမ် ရယ်ကျဲကျဲလုပ်သည်။

"ကျုပ်က တာဝန်နဲ့စောင့်နေတာပါ"

"ဘာတာဝန်လဲ"

"လူသတ်ဖို့တာဝန်လေ"

ပုရိ၏မျက်ခုံးနှစ်ဘက် ကျုံ့တက်သွားသည်။

"လူသတ်ဖို့ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီရွာထဲကထွက်လာတဲ့လူမှန်သမျှ သတ်ရမယ့်တာဝန်ပဲ"

ပုရိသိလိုက်လေပြီ။ ဤလူကား အဆိပ်ဝိဇ္ဇာနှင့်ပတ်သက်သောလူတစ်ဦးဦးဖြစ်ရပေတော့မည်။ သူကြောက်သောသူနှင့် တွေ့နေရလေပြီ။ ပုရိက-

"ကျုပ်ကိုလဲသတ်မှာပေါ့ ဟုတ်လား"

ထိုလူကခေါင်းညိတ်၏။

"သတ်မယ်၊ သေချာပေါက်သတ်မယ်"

"ခင်ဗျားကို ဒီလိုသတ်ဖို့ ဘယ်သူကအမိန့်ပေးထားလို့လဲ"

"ခင်ဗျားသိချင်ရင်တော့ ပြောပြရမှာပေါ့၊ ကျုပ်က အဆိပ်ဝိဇ္ဇာရဲ့တပည့်တစ်ဦးပါ၊ ခင်ဗျားသိမလား မသိဘူး၊ ကျုပ်က ဆံဖြူလူငယ်ဆိုတာလေ"

"ရှမ်း"

ပုရိသည် သူ၏ဓားရှည်ကိုဆွဲထုတ်လိုက်၏။

"ခင်ဗျားတို့က ဖုကျားကျေးရွာကို အတော်အလင်သေးတာကိုး၊ ခင်ဗျားကိုယ်ဖော့ပညာကောင်းတာကိုတော့ ကျုပ်မြင်ပြီးပါပြီ၊ ခင်ဗျားရဲ့သိုင်းပညာ ဘယ်လောက်ကောင်းမကောင်းကို စမ်းကြည့်ရအောင်"

ဆံဖြူလူငယ်က တဟားဟား အော်ဟစ်ရယ်မောလေတော့၏။ ဆံဖြူလူငယ်၏ရယ်ပုံမှာ သူ့အား သရော်သလိုဖြစ်နေသဖြင့် ပုရိ လွန်စွာဒေါသထွက်သွား၏။

"ခင်ဗျား ဘာရယ်တာလဲ၊ လာစမ်းပါ၊ ခင်ဗျားနဲ့ကျုပ် တစ်ပွဲတစ်လမ်းလောက် နွှဲကြည့်ရအောင်"

"တော်စမ်းပါ၊ အပိုတွေပြောမနေစမ်းပါနဲ့၊ ခင်ဗျားနဲ့ ကျုပ်ပြိုင်ဖို့မလိုပါဘူး"

"လူတစ်ယောက်ကို သရော်တော်တော်လုပ်ပြီးမှ ဒီလိုရှောင်လွှဲသွားလို့ရမလား၊ ပြော- ခင်ဗျားဘာနဲ့ယှဉ်မလဲ"

"ကျုပ်က မသာတစ်လောင်းနဲ့မယှဉ်နိုင်ဘူးဗျာ၊ ခင်ဗျားဘယ်တုန်းကကြားဖူးသလဲ၊ သေနေတဲ့လူတစ်ယောက်နဲ့ သိုင်းပညာယှဉ်ပြိုင်တယ်လို့"

ပုရီ ဆွေ့ဆွေ့ခုန်ဒေါပွသွား၏။ သူ၏မျက်လုံးများ ရဲရဲတောက်လာသည်။ သူသည် အံကြိတ်၍ပြောလိုက်၏။

"ကောင်းပြီ၊ မင်းရှေ့တက်ခဲ့စမ်း၊ ငါသေတဲ့အထိ မင်းကိုတိုက်မယ်"

ဆံဖြူလူငယ်က တဟဲဟဲရယ်သည်။

"ခင်ဗျား ခုပဲသေတော့မှာပါ၊ ဒါကြောင့် ကျုပ်က ခင်ဗျားနဲ့ပြိုင်ဖို့မလိုဘူးလို့ပြောတာပါဗျ"

"ဘာ- ငါသေတော့မယ်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ၊ ခင်ဗျားအဆိပ်မိသွားလို့ပေါ့"

"ဟင်"

"ဟုတ်တယ်၊ အဆိပ်မိသွားတယ်၊ ဘယ်မှာထိသွားသလဲဆိုတာ ခင်ဗျားစဉ်းစားမိရဲ့လား"

ပုရီသည် ဆံဖြူလူငယ်အားကြည့်၍ စဉ်းစားနေ၏။ သူ့အားတမင်ချောက်ချားအောင်လုပ်နေခြင်းလောဟု တွေးနေ၏။

ဆံဖြူလူငယ်က-

"ခင်ဗျားကို ကျုပ်ညာနေတယ်လို့များထင်နေသလား၊ ကျုပ်မညာပါဘူးဗျာ၊ ခင်ဗျားမြင်အောင် ကျုပ်ရဲ့ပဝါဖြူလေးကိုချပစ်ခဲ့တယ်၊ ခင်ဗျားကကောက်ကိုင်လိုက်တယ်၊ အဲဒီမှာတင် အဆိပ်မိသွားတာပဲ၊ ကျုပ်က အဆိပ်ဝိဇ္ဇာရဲ့တပည့်လေ၊ ပဝါတစ်ခုလုံးအဆိပ်တွေသုတ်လိမ်းထားဖို့ ဘယ်မေ့ပါ့မလဲ၊ ကျုပ်က အဲဒီလိုလုပ်ကြံဖို့ ဆုံးဖြတ်ထားပြီးပြီပဲ"



ပုရီသည် အထိတ်တလန့်ဖြစ်သွား၏။

သူ အဆိပ်မိမမိ အတွင်းအားကျင့်စဉ်ကို ကျင့်၍စမ်းသပ်လိုက်သည်။ ထိုအခါကျမှ လက်ဝါးခွေးပေါက်များမှစိမ့်ဝင်နေသော အဆိပ်များသည် သူ့တစ်ကိုယ်လုံးသို့ပျံ့နှံ့သွားလေတော့သည်။

ပုရီတစ်ကိုယ်လုံး ပူခြစ်လာ၏။

"မင်း- မင်း- အတော်ယုတ်မာ"

ပုရီသည် စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ဘဲ ဝုန်းခနဲ လဲကျသွားလေတော့၏။ သူ့ဓားလည်း လက်ထဲမှလွတ်ထွက်သွားတော့သည်။ ဆံဖြူလူငယ်ကရယ်မောရင်း-

"ခင်ဗျားက ဖုကျားကျေးရွာထဲမှာပဲ ကြီးပြင်းလာတဲ့လူကိုး၊ သိုင်းလောကအတွေ့အကြုံ ခင်ဗျားမှာမရှိပါဘူး၊ ခင်ဗျားလိုလူမျိုး ဆယ်ယောက်လောက်ကို ကျုပ်တစ်ပြိုင်တည်းသတ်ပစ်နိုင်တယ်ဗျ၊ သိရဲ့လား၊ ဟား- ဟား- ဟား"

ပုရီခမျာ သူ့ဆရာအတွက် လက်စားချေနိုင်ခွင့် မရရှာတော့ပေ။ သူ၏မိတ်ဆွေ ဆရာတူတပည့် ပုဖုံးနောက်သို့သာ လိုက်ပါသွားခဲ့ရတော့သည်။ အမှောင်ကား ကြီးစိုးမြဲ။

❧❧

ဖုကျားကျေးရွာ၏ အခက်အခဲ

ဖုလုံသည် လျှံယင်းချုံနှင့်ချန်းနီတို့ကို သူ၏ဧည့်ခန်းသို့ ဖိတ်ခေါ်လိုက်၏။

လျှံယင်းချုံနှင့်ချန်းနီတို့ ဧည့်ခန်းတွင်းသို့ ရောက်ရှိလာသောအခါ ဖုလုံ၏သား ဖုလွေနှင့် သမီးဖုဝါးတို့ပါ ရောက်ရှိနေကြောင်း တွေ့ရှိရသည်။

ဖုကျားကျေးရွာမှ ခေါင်းဆောင်အချို့နှင့် ဖုလုံ၏တပည့်ကြီး ပုဟုတ်လည်းရှိနေ၏။

ကျေးရွာသူကြီးဖုလုံသည် ကျေးရွာ ရေးရေးအတွက် ရင်မ အေးနိုင်ဘဲဖြစ်နေ၏။ ကျေးရွာ၏ အရေးကတစ်ဘက်၊ တိုင်းပြည် အကျိုးအတွက် အရေးပါလှသော လျှံယင်းချုံနှင့်ချန်းနီတို့ကို ကယ် တင်ရန်ကတစ်ဘက် အားပြိုင်နေသဖြင့် ဖုလုံအဖို့ လွန်စွာ စိတ်ပင် ပန်းနေရပေသည်။

ယခုလည်း ရေးရေးကိစ္စကိုညှိနှိုင်းဆွေးနွေးရန် အားလုံးကို



တ်ခေါ်လိုက်ခြင်းဖြစ်ပေသည်။

သူတို့အစည်းအဝေးမှမစရသေးမီ ရွာထိပ်ကင်းစခန်းမှ ရွာ းတစ်ဦး အပြေးအလွှားရောက်ရှိလာလေ၏။

"ကဲ- ဆိုစမ်း၊ ဘာအရေးပေါ်လာပြန်ပြီလဲ"

သူ့အား အရှိအသေပေးနေသည်ကို စိတ်မရှည်ဟန်ဖြင့် ရွာ ကြီးဖုလုံက ကင်းသမားရွာသားအားလှမ်းမေးလိုက်လေ၏။

"ရွာထိပ်မှာ မိန်းကလေးတစ်ဦးရောက်နေပါတယ်၊ သခင် း"

"ဘယ်သူတဲ့လဲ"

"သူ့နာမည်တော့မပြောပါဘူး၊ သခင်ကြီးကို တွေ့ချင်တယ် ပြောပါတယ်"

"သူ့နောက်မှာ မန်ချူးစစ်သားတွေပါသေးလား"

"ဘယ်စစ်သားမှ မပါပါဘူး၊ ဒါပေမယ့် အိတ်ကြီးတစ်လုံး တော့ထမ်းလာတယ်"

ဖုလုံက တစ်ကိုယ်တည်းရေရွတ်သည်။

"အင်း စဉ်းစားစရာပဲ၊ အဆိပ်ဝိဇ္ဇာရဲ့တပည့်တစ်ယောက် က်များဖြစ်နေမလားမသိဘူး"

လျှံယင်းချုံကဝင်ပြော၏။

"သေချာပါတယ်- မန်ချူးတွေကတော့ မိန်းကလေးတစ် က်ယောက်ကို ဒီလိုစေလွှတ်မှာမဟုတ်ပါဘူး၊ လွှတ်ချင်းလွှတ် အဆိပ်ဝိဇ္ဇာကပဲလွှတ်နိုင်ပါတယ်၊ သူတို့ သတင်းတစ်ခုခုပေးချင် ဖြစ်မယ်၊ ဒါမှမဟုတ်လဲ အခွင့်အရေးတစ်ခုခုတောင်းချင်လို့ပဲ

ဖြစ်နိုင်ပါတယ်"

ဖုလုံကခေါင်းညိတ်ပြီး ရွာသားအားလှမ်းပြောလိုက်သ...

"ကောင်းပြီ၊ အဲဒီမိန်းကလေးကို မင်းပဲခေါ်လာခဲ့၊ ကျ... ကောင်တွေ တံခါးဝမှာပဲ သကိဗိရိယနဲ့စောင့်နိုင်းထား၊ ကြ... လား"

"ဟုတ်ကဲ့"

ကင်းသမားသည် အပြေးကလေးပြန်ထွက်သွား၏။

ရွာသူကြီးဖုလုံက-

"လျှံယင်းချုံ- အဲဒီမိန်းကလေးအနေနဲ့ မောင်ရင့်ကို ... သွားရင်ကောင်းပါ့မလား၊ မောင်ရင့်အတွက်ပြောတာနော်"

လျှံယင်းချုံက ခေါင်းညိတ်၏။

"ကျွန်တော် သဘောပေါက်ပါတယ်၊ သူတွေ့လဲ ကိစ္စ... ဘူး၊ အဆိပ်ဝိဇ္ဇာရဲ့တပည့်တစ်ယောက်က ချန်းနီ ဒီမှာရှိနေတ... တာသိသွားပြီပဲ၊ သူလာပါစေ၊ ကျွန်တော်လဲ သူ့ကို တွေ့ချင်... တယ်"

သူတို့စကားပြောရင်း စောင့်နေကြသည်။

မကြာမီ ကင်းသမားသည် မိန်းကလေးတစ်ဦးနှင့် ရွာသူ... အိမ်ရှေ့သို့ရောက်ရှိလာလေ၏။

"လာပါမိန်းကလေး"

ရွာသူကြီးဖုလုံက ဖိတ်ခေါ်လိုက်၏။ မိန်းကလေးသည်... သူကြီးအား လေးစားစွာဂါရဝပြုလိုက်သည်။ ဖုလုံကလည်း လည်ဂါရဝပြု၏။ သူတို့စကားမပြောမီ ချန်းနီ၏ဒေါသပါ...



...သ်ကလေးက အခန်းတစ်ခုလုံးကိုလွှမ်းခြုံသွားသည်။

"သူ- သူဟာ အဆိပ်ဝိဇ္ဇာရဲ့တပည့်မ မေယုစွမ်ဆိုတာပဲ၊ ...အားလုံးသတိထားကြ"

ပတ်ဝန်းကျင်ရှိလူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကုန်...သည်။

မေယုစွမ်ကား ခပ်ပြုံးပြုံးပင်။ သူ ယူလာသည့်အိတ်ကြီးကို ...း၌အသာချထားပြီး ရွာသူကြီးဖုလုံအားနှုတ်ဆက်လေ၏။

"ရွာသူကြီးဖုလုံပါလားရှင်"

ဖုလုံက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျုပ်ဖုလုံပါပဲ၊ မိန်းကလေးက ဘာကိစ္စမို့လို့ ...ျုပ်ကိုတွေ့ချင်ရတာလဲ"

"ကျွန်မဆရာက ကျွန်မကို ဆက်သားအဖြစ် စေလွှတ်လိုက်...ပြီ"

"ဩော်- တမန်သဘောမျိုးလာတဲ့အတွက် မိန်းကလေးကို ...ယ်သူမှလက်နဲ့မထိစေရပါဘူး၊ ကျုပ်တာဝန်ယူပါတယ်"

မေယုစွမ်က ထိမထင်သည့်အပြုံးဖြင့် ပြုံးလိုက်၏။ ရှင်တို့ ...ပ်လဲ ဂရုမစိုက်ပါဘူးဟူသည့်အပြုံးမျိုးပင်။ အတန်ကြာမှ-

"ကျွန်မဆရာက ပြောလိုက်ပါတယ်၊ နက်ဖြန်ဆိုရင် သူပေး...ားတဲ့အချိန်စေ့ပါပြီတဲ့၊ လျှံယင်းချုံနဲ့ချန်းနီဆိုတဲ့ မိန်းကလေးကို ...ပ်ရင် ရွာသားတွေကို လက်နဲ့တောင် မတို့ဘဲနဲ့ သူတို့ပြန်သွားပါ...ယ်တဲ့၊ သူ့ကိုဆန့်ကျင်ရင်တော့ တစ်ရွာလုံးကတွက် ခေါင်းတွေ ...ပ်ထားဖို့လိုပါတယ်လို့ မှာကြားလိုက်ပါတယ်ရှင်"

ချန်းနီက ရှေ့တက်ရန်ဟန်ပြင်လိုက်ရာ လျှံယင်းချုံက လှမ်းဆွဲလိုက်ရ၏။

"ဒေါသမကြီးနဲ့ညီမလေး"

ဖုလုံက **ချန်းနီအားလက်ကာပြီး မေယုစွမ်**အား ပြတ်သားစွာပြောချလိုက်**သည်။**

"**မိန်းကလေးရဲ့ဆရာကိုပြောလိုက်ပါ၊** ကျုပ် ရွာသူကြီးဖုလုံဆိုတဲ့လူဟာ ခြောက်တိုင်းကြောက်တဲ့လူမဟုတ်ဘူးလို့၊ ဖုလုံရဲ့သွေးဟာ အမြဲတမ်းနီပါတယ်လို့ပြောလိုက်ပါ"

မိန်းကလေးက လက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုလိုက်လေသည်။

"ကောင်းပါပြီ၊ ကျွန်မဆရာပေးလိုက်တဲ့ လက်ဆောင်တွေကိုတော့ ဒီမှာပဲထားခဲ့ပါရစေ၊ ကျွန်မကိုခွင့်ပြုပါဦး"

မေယုစွမ်သည် ထီမထင်သည့်အပြုံးကို ပြုံးကာ အိမ်အောက်သို့ဆင်းသွားလေ၏။ ဖုလုံက အမိန့်ပေးလိုက်သည်။

"ထိုက်စံ- မိန်းကလေးကို ရွာတံခါးအထိလိုက်ပို့ပေးလိုက်"

ကင်းသမားသည် မေယုစွမ်နောက်မှ အပြေးလိုက်သွားလေတော့၏။

ရွာသူကြီးဖုလုံ၊ လျှံယင်း**ချုံ၊ ချန်းနီ**နှင့်ပုဟုတ်တို့သည် တစ်ယောက်နှင့်တစ်ယောက် **စကားမပြောနိုင်**ဘဲငိုင်သွားကြရသည်။

အဆိပ်ပိဋကက ရာဇ**သံပေးလာပြီ**မဟုတ်လား။

လူအားလုံး အတန်ကြာ**ငိုင်နေကြသဖြင့်** လျှံယင်းချုံသည်သူပြောသင့်သည့်စကားကို ပြော**ချလိုက်ရလေ**တော့သည်။



"ရွာသူကြီး၊ ဒီကိစ္စကို သိပ်ခေါင်းရှုပ်ခံမနေပါနဲ့ခင်ဗျာ၊ နက်ဖြန်ဆိုရင် ကျွန်တော်နဲ့ချန်းနီ သူတို့ကိုထွက်တွေ့လိုက်ပါ့မယ်"

ထိုစကားကြားလိုက်ရသောအခါ ဖုလုံမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"လျှံယင်းချုံ- ဒီစကားမျိုး နောက်ထပ်မပြောစမ်းပါနဲ့၊ မင်းနဲ့ချန်းနီဟာ တရုတ်တစ်ပြည်လုံးကိုကယ်တင်ဖို့ကြိုးစားနေတဲ့လူတွေဖြစ်တယ်၊ **ငါတို့တစ်ရွာလုံးစတေးခံပြီး** တရုတ်တစ်ပြည်လုံးကို ကယ်တင်နိုင်**ခွင့်ရရင် ငါဂုဏ်ယူတယ်**၊ ဒီစိတ်ထားကို မင်းသဘောပေါက်**ထားစမ်းပါ**"

လျှံယင်းချုံ ပါးစပ်ပိတ်သွားတော့သည်။

ဖုလုံသည် **အခန်းထဲ၌** လူများကိုတစ်ယောက်ချင်းလျှောက်ကြည့်၏။ **တစ်စုံတစ်ခုပြောမည်လုပ်စဉ်**မှာပင် သူ့မျက်လုံးများသည် **မေယုစွမ်ထားခဲ့သောအထုပ်ကြီး**ပေါ်သို့ မျက်လုံးရောက်ရှိ**သွားလေ၏။**

"**ပုဟုတ်**"

ဖုလုံက သူ့တပည့်ကိုခေါ်လိုက်၏။

"ဟုတ်ကဲ့- အမိန့်ရှိပါဆရာကြီး"

ပုဟုတ်က ဂါရဝပြုပြီးပြန်ဖြေသည်။

"အဲဒီအိတ်ထဲမှာ ဘာတွေပါသလဲဆိုတာသိရအောင် မင်းဖွင့်လိုက်စမ်း"

"ဟုတ်ကဲ့ဆရာကြီး"

ပုဟုတ်သည် ကပျာကယာထကာ **အိတ်ကို**ချည်ထားသည့်

ကြိုးအား ဆွဲဖြတ်လိုက်၏။

အိတ်ကိုဖွင့်ချလိုက်သောအခါ ပုရိနှင့် ပုဖုံးတို့၏ခေါင်းကြီးနှစ်လုံးပေါ်လာလေတော့သည်။

"ဟာ"

"ဟင်"

အာမေဋိတ်သံများဆူညံသွား၏။

ရွာသူကြီးဖုလုံ၏မျက်ဝန်းအိမ်မှ မျက်ရည်များဖြိုင်ဖြိုင်ကျလာတော့သည်။

"ပုဟုတ် မင်းမှန်တယ်၊ ငါမှားပြီ၊ ငါကပဲ သူတို့တွေကိုသေလမ်းပို့သလိုဖြစ်သွားပြီ"

လျှံယင်းချုံက ရွာသူကြီးအားနှစ်သိမ့်လိုက်သည်။

"ရွာသူကြီး မသေသောဆေးဆရာဆိုတာ မရှိပါဘူးခင်ဗျာ၊ ရွာသူကြီးက ကောင်းဖို့စီမံပေးမယ့် ကုသိုလ်ကံက ဒီလိုပဲဖန်လာလေတော့ ဒီအတိုင်းပဲဖြစ်ရတာပေါ့ခင်ဗျာ၊ သိပ်လဲ စိတ်မကောင်း မဖြစ်ပါနဲ့"

ဖုလုံသည် မျက်ရည်များကိုသိမ်းဆည်းလိုက်၏။

"ပုဟုတ်"

"ဟုတ်ကဲ့ဆရာကြီး"

"သူတို့ကို သူရဲကောင်းတွေသင်္ဂြိုဟ်သလို သင်္ဂြိုဟ်လိုက်စမ်းပါ"

"အမိန့်အတိုင်းဆောင်ရွက်ပါ့မယ် ဆရာကြီး"

ပုဟုတ်သည် ဦးခေါင်းပြတ်နှစ်လုံးကိုအိတ်ထဲပြန်ထည့်ကာ



အပြင်သို့ထွက်သွားလေ၏။ အခန်းထဲ၌ ဒေါသမုန်တိုင်းထသူကား ချွန်းနီပင်ဖြစ်လေတော့သည်။

ချွန်းနီသည် ရွာသူကြီးဖုလုံအား ဂါရဝပြုပြီး မေတ္တာရပ်ခံလေ၏။

"ရွာသူကြီး- တိုင်းပြည်ကိစ္စကို အစ်ကိုလျှံယင်းချုံဆောင်ရွက်ပေးပါလိမ့်မယ်၊ ကျွန်မကိုတော့ ရွာပြင်ထွက်ခွင့်ပြုပါ၊ သူတို့နဲ့ သူသေကိုယ်သေတိုက်ပြီး ပုရိနှင့်ပုဖုံးတို့အတွက်လက်စားချေပါရစေ"

ရွာသူကြီးဖုလုံကလက်ကာပြ၏။

"မိန်းကလေး- ဒီကိစ္စဟာ စိတ်မြန်လက်မြန်လုပ်သင့်တဲ့ကိစ္စမဟုတ်ပါဘူး၊ အဆိပ်ဝိဇ္ဇာဟာ သိုင်းပညာတင် ကောင်းတာမဟုတ်ဘူး၊ အဆိပ်ပညာမှာလဲ သိပ်ကောင်းပါတယ်၊ ဒဲဒါတွေထက် ပိုဆိုးတာက သူ့ရဲ့စိတ်ယုတ်မာပဲ၊ သူ့ကို မိန်းကလေးတစ်ယောက်တည်း ယှဉ်လို့မရပါဘူး၊ အားလုံးညီညွတ်တိုင်ပင်ပြီးမှယှဉ်တာ ကောင်းပါတယ်"

လျှံယင်းချုံကလည်း ဖုလုံ၏စကားကိုထောက်ခံသည်။

"ညီမလေး- ဘာဖြစ်လို့ဆန္ဒစောနေရတာလဲ၊ ရွာသူကြီးပြောတာနည်းလမ်းကျပါတယ်၊ အချိန်ကျတဲ့အခါ ပုရိနဲ့ပုဖုံးတို့အတွက်လက်စားချေနိုင်မှာပါ၊ အခုတော့ သည်းခံပြီး အချိန်ကိုစောင့်ပါဦး"

ချွန်းနီမှာဆက်မပြောနိုင်တော့ပေ။ ငြိမ်လိုက်ရတော့သည်။ ရွာသူကြီးဖုလုံနှင့်လျှံယင်းချုံတို့သည် သူ့ထက်အသက်အရွယ်ကြီးရင့်ပြီး အတွေ့အကြုံများကြသူများမဟုတ်ပါလား။

ရွာသူကြီးဖုလုံက တည်ကြည်လေးနက်စွာပြောသည်။

"အခု ကျုပ်တို့ကို ဝိုင်းထားတဲ့ရန်သူတွေကို စစ်ဆေးကြည့်ရင် နှစ်မျိုးနှစ်စားတွေ့ရလိမ့်မယ်၊ တစ်မျိုးကတော့ မန်ချူးစစ်သားတွေဖြစ်ပြီး နောက်တစ်မျိုးကတော့ အဆိပ်ပိဇ္ဇာနဲ့ သူတပည့်တွေပဲဖြစ်တယ်"

"ရန်သူမန်ချူးတွေကိုတော့ ကျုပ်တို့ကမမှုပါဘူး၊ အခု ဝိုင်းထားတဲ့ရန်သူတွေဟာ မန်ချူးတွေချည်းဖြစ်ကြည့်ပါလား၊ ကျုပ်တို့ရှာသားတွေသေသလောက် သူတို့လဲသေမှာပဲ၊ ကျုပ်တို့ ငါးဆယ်သေရင် သူတို့လဲငါးဆယ်သေမှာပဲ၊ ဆတူလဲရတဲ့သဘောနဲ့ ဘာမှကြောက်စရာ နစ်နာစရာမရှိပါဘူး"

"ဒုတိယအမျိုးအစားဖြစ်တဲ့ အဆိပ်ပိဇ္ဇာနဲ့ အဖွဲ့ကတော့ တကယ်ကြောက်ဖို့ကောင်းတယ်၊ သူတို့နဲ့မတိုက်ခင်မှာပဲ ကိုယ်က အဆိပ်မိပြီး အရှုံးပေးရတဲ့ဘဝမျိုးကိုရောက်သွားနိုင်တယ်၊ သူတို့နဲ့တိုက်လို့ကတော့ အရှုံးချည်းပဲ၊ ဒီအဆိပ်ပိဇ္ဇာကြောင့် ကျုပ်တို့အဖို့ အခက်အခဲကြီးဖြစ်နေရတာပါ၊ ဒီတော့ နိဂုံးချုပ်ကြည့်ရင် အဆိပ်ပိဇ္ဇာကိုကြောက်တာတစ်ခုတည်းနဲ့ပဲ ကျုပ်တို့အနေနဲ့ သူတို့ကို လုံးဝ မယှဉ်နိုင်ဘူး၊ အခုကျုပ်တို့စဉ်းစားရမှာက သူတို့နဲ့မတိုက်ဘဲနဲ့ သူတို့ ဝိုင်းပတ်ထားတဲ့စည်းဝိုင်းထဲက လွတ်မြောက်ဖို့ပဲ"

ရှာသူကြီးဖုလုံသည် ရှည်လျားစွာရှင်းပြပြီး ရပ်ဆိုင်းလိုက်၏။ ထိုအခါ ချန်းနီက ရုတ်တရက်ထ၍ပြောလေ၏။

"ဒါ အလွယ်ကလေးပဲ"

ရှာသူကြီးဖုလုံအပါအဝင် လူအားလုံးလန့်သွားကြသည်။ ဖုလုံက-



"ဘာလဲမိန်းကလေး၊ ဘယ်လိုလွယ်တာလဲ"

"မြေအောက်လိုဏ်ခေါင်းတူးပြီး လွတ်မြောက်အောင် လုပ်နိုင်တာပဲ၊ သူတို့ကို အချိန်ထပ်ဆွဲဖို့ပဲလိုတယ်"

"ကောင်းတယ်၊ သိပ်ကောင်းတာပဲ၊ အဆိပ်ပိဇ္ဇာဆီ အချိန်တစ်ပတ်လောက်ထပ်တောင်းရမယ်၊ လျှိုယင်းချုံကို ပေးအပ်ဖို့ တစ်ပတ်လောက်စဉ်းစားပါရစေဆိုပြီး ရှာသားတစ်ယောက်ကို လွှတ်ရမယ်"

ရှာသူကြီးဖုလုံကိုယ်တိုင်သဘောကျသဖြင့် ချန်းနီ၏အကြံပေးချက်သည် အတည်ဖြစ်သွားတော့၏။ ဖုလုံက-

"အဖွဲ့သုံးဖွဲ့ဖွဲ့ထားရမယ်၊ တစ်ဖွဲ့ကကင်းစောင့်ရမယ့်အဖွဲ့ဖြစ်ရမယ်၊ ကျန်တဲ့နှစ်ဖွဲ့က တစ်ဖွဲ့မောရင် တစ်ဖွဲ့ လဲလှယ်တူးရမယ်"

သူသည် ရှာခေါင်းဆောင်အချို့အား ထိုအဖွဲ့များဖွဲ့ရန် စေလွှတ်တာဝန်ပေးလိုက်၏။

မကြာမီပင် ဖုကျားကျေးရှာသားများသည် ပေါက်ပြားကိုယ်စီ၊ ဂေါ်ပြားကိုယ်စီဖြင့် ဥမင်လိုဏ်ခေါင်းတူးသည့်အလုပ်ကို စတင်လုပ်ကိုင်ကြလေတော့သည်။

ရှာသားများ၏ဥမင်လိုဏ်ဂူခေါင်းသည် မန်ချူးများ စခန်းချနေသည့်သစ်တောကို ကျော်ဖြတ်သွားရမည်ဖြစ်၏။ သို့မှသာ ရှာသားများ ထွက်ပေါက်ရနိုင်မည်ဖြစ်သည်။

ရှာသားအားလုံး တက်တက်ကြွကြွ ဥမင်လိုဏ်ခေါင်းတူးနေစဉ် ရှာသူကြီးဖုလုံ၏သား ဖုလွေသည် စိတ်ဝမ်းညိုးငယ်စွာဖြင့်

ပုရိန့်ပုဖုံးတို့အား မြုပ်နှံသင်္ဂြိုဟ်ထားသည့်နေရာသို့ လာရောက်ရှိခိုး ကန်တော့လေ၏။

သူလက်ထဲ၌ရှိခိုးရန်ပစ္စည်းများ ပါလာသည်။ ပန်းများ၊ သစ်သီးဝလံများနှင့်အမွှေးတိုင်များပါသည်။ သူသည် အမွှေးတိုင်များ ထွန်းညှိခြင်း၊ မြေပုံရှေ့၌ပန်းအိုးထိုးခြင်း၊ သစ်သီးပန်းကန်များ တင်ခြင်းတို့ပြုလုပ်၏။

ထို့နောက် ပုရိန့်ပုဖုံးတို့၏မြေပုံများကို ရှိခိုးကန်တော့သည်။ ကန်တော့ပြီး ခေါင်းမော့လိုက်သောအခါ ဖုလွေ့မှာ အကြီးအကျယ် အံ့အားသင့်လေတော့၏။

ပန်းအိုး၌ထည့်ကာ ပူဇော်ထားသည့်ပန်းများအားလုံး တစ်ပွင့်မကျန် ညိုးနွမ်းနေသောကြောင့်တည်း။

ဖုလွေ့ခုန်ထပြီး ရွာလယ်သို့တစ်ချိုးတည်းပြေးတော့သည်။ သူ မနားတမ်းပြေးသည်။ သူ၏အိမ်သို့ရောက်သောအခါ ဖခင်အား အကျိုးအကြောင်းပြောပြရန် အိမ်ပေါ်သို့ခုန်တက်လိုက်သည်။

ထိုစဉ်မှာပင် အိမ်နောက်ဘက်၌ အချက်အပြုတ်တာဝန်ယူထားသောစားတော်ကဲသည် ပျာယီးပျာယာဖြင့် အိမ်ရှေ့သို့ ထွက်လာပြန်သည်။

"သခင်ကြီး- သခင်ကြီး"

ရွာသူကြီးဖုလုံသည် သူ့အား ငေးကြည့်နေရာမှ သမင်လည်ပြန် လှည့်ကြည့်ရပြန်သည်။

"ဘာလဲ တန်တိတ်လျောင်၊ ဘာဖြစ်လို့ ဒီလောက်ပြူးတူးပျာတာဖြစ်လာရတာလဲ"



"သခင်ကြီး၊ ကျွန်တော်တို့အိမ်က ခွေးတွေ၊ ကြောင်တွေ၊ ကြက်တွေ၊ ဝက်တွေအားလုံး သေကုန်ပြီ"

"ဟေ"

ရွာသူကြီးဖုလုံမှာ ခုန်ထမိမတတ်ဖြစ်သွားလေ၏။

"အဖေ ဒါတင်မကသေးဘူး"

သားဖြစ်သူ ဖုလွေ့၏စကားကြောင့် ရွာသူကြီး ဖုလုံသည် ဖုလွေ့ကို မျက်လုံးပြူးကြီးဖြင့်လှည့်ကြည့်ပြန်သည်။

"ဒါတင်မကလို့ ဘာတွေထပ်ဖြစ်လာသေးလို့လဲ"

ဖုလွေ့က ပုရိန့်ပုဖုံးတို့၏မြေပုံအနီးမှ အဖြစ်အပျက်များကို ပြောပြလိုက်သည်။ ရွာသူကြီးဖုလုံမှာ ခေါင်းတယမ်းယမ်း ဖြစ်သွားတော့သည်။ သူသည် စားတော်ကဲကြီးကိုလှမ်းခေါ်လိုက်၏။

"ချက်ပြုတ်ပြီးတဲ့အစားအစာတွေကို မင်း မြည်းစမ်းကြည့်ပြီးပြီလား"

"မမြည်းရသေးပါဘူးသခင်ကြီး"

"ကဲ- လာ"

မီးဖိုခန်းထဲသို့ ဖုလုံ၊ စားတော်ကဲ၊ ဖုလွေ့၊ လျှံယင်းချုံနှင့် ချန်းနီတို့ပါ ဝင်လိုက်လာကြ၏။

ရွာသူကြီးဖုလုံက ချက်ပြီးသားဟင်းလျာများထဲသို့ ငွေအပ်ဖြင့်စိုက်ကာစမ်းသပ်သည်။ ငွေအပ်သည် တခဏအတွင်း တစ်ချောင်းလုံးမည်းနက်သွားသည်။

"တောက်"

ရွာသူကြီးဖုလုံသည် ဖြင်းထန်စွာတက်ခေါက်မိလေ၏။

**"အဆိပ်ဝိဇ္ဇာ၊ မင်းဟာ** အယုတ်မာဆုံးလူသားပဲ၊ မင်းကို **တစ်သက်မကျေဘူးကွ"**

**လျှံယင်းချုံက သက်ပြင်းချပြီးပြော၏။**

"အဆိပ်ဝိဇ္ဇာဟာ ပုရိန်ပုဖုံးတို့ခေါင်းပြတ်တွေကတစ်ဆင့် ဖြန့်ပွားတဲ့အဆိပ်တစ်မျိုးကို ဖြန့်ဖြူးလိုက်တာပဲ၊ ဒီအဆိပ်အကြောင်း၊ ကျွန်တော် ကြားတော့ကြားဖူးတယ်၊ မြင်တော့ မမြင်ဖူးဘူး၊ အခုမှမြင်ဖူးတော့တာပဲ"

"ကျုပ်ရွာသားတစ်ဦးကို အချိန်တိုးတောင်းနိုင်းလိုက်တာကို သဘောတူပြီးမှ ဒီလိုယုတ်မာလာတော့မကောင်းပါဘူးကွာ"

"ဒါက မနေ့ကတည်းကစီစဉ်လိုက်တဲ့ကိစ္စပဲ၊ ခေါင်းပြတ်တွေကိုကိုင်တဲ့လူကလွဲလို့ တခြားလူတွေတော့ အသက်အန္တရာယ် ဖြစ်နိုင်မယ်မထင်ဘူး၊ ကျွန်တော့်စိတ်ထင်တော့ အဆိပ်ဝိဇ္ဇာဟာ သူ့**စကားကိုပေါ့ပေါ့ဆဆမနေရဲအောင်** ခြောက်လှန့်လိုက်တာလို့ပဲထင်**ပါတယ်"**

**"သင်္ဂြိုဟ်သတ္တဝါတွေသေ**တဲ့နောက်တော့ လူလဲ သေနိုင်တာပဲ၊ **ကျုပ်အိမ်ကကြက်ဝက်**တွေ သေကုန်ပြီလေ"

**"တစ်ခုပဲရှိ**တော့တယ်၊ ရွာသူကြီးရဲ့အိမ်ကို မီးရှို့ပစ်လိုက်ပါ၊ ယာယီတဲတစ်လုံးထိုးပြီးနေလိုက်ရင် ပိုကောင်းပါလိမ့်မယ်"

ရွာသူကြီးဖုလုံကခေါင်းညိတ်၏။

"အင်း- ဒီနည်းပဲရှိတော့တာပေါ့"

ထိုစဉ် ချန်းနီကအလန့်တကြားဝင်ပြော၏။

"အစ်ကို၊ ခေါင်းပြတ်တွေကိုသင်္ဂြိုဟ်တဲ့ ပုဟုတ်ကို ဘယ်လို



လုပ်မလဲဟင်၊ ပုဟုတ်ဟာ **အဆိပ်အမိဆုံး**လူဖြစ်မှာ သေချာတယ်"

လျှံယင်းချုံက စိတ်ပျက်စွာပြော၏။

"ဟုတ်တယ်၊ သူသေမှာပဲ၊ ဒီအဆိပ်ဟာ အဆိပ်ပျော့ဖြစ်ပေမယ့် ခုနစ်ရက်ထက်တော့ပိုပြီး အသက်ရှင်မနေနိုင်ဘူး၊ ဆက်ပြီး အသက်ရှင်တာတောင် ငရဲခံစားရသလို အသက်ရှင်နည်းမျိုးနဲ့ ရှင်နေမှာ၊ သူ့ကို လူတောထဲထားရင်လဲ သူကတစ်ဆင့် တစ်ရွာလုံးကို အဆိပ်ပြန့်ပွားသွားနိုင်တယ်၊ သူကိုယ်တိုင် ဒီအကြောင်း မသိသေးဘူးနဲ့တူတယ်"

ရွာသူကြီးဖုလုံမှာငိုင်သွားသည်။ အတန်ကြာမှ-

"သူ့ကိုတော့ ကျုပ်မသတ်နိုင်ဘူး၊ ကျုပ်ရဲ့လက်ရင်းတပည့်**နှစ်ဦးလဲသေပြီးပြီ**၊ သူ့ကို ကျုပ်သတ်ရင်တော့ ကျုပ်လဲ လူပြည်မှာ**နေဖို့မကောင်း**တော့ဘူး"

**အိမ်ထဲစကား**ပြောနေသူများ၌ ပုဟုတ်မပါရှိပါ။

**တိုက်တိုက်ဆိုင်ဆိုင်ပင်** သူတို့စကားပြောနေစဉ် ပုဟုတ်

**သည် အိမ်ရှေ့သို့**ရောက်ရှိလာသည်။

**သူ့အဆိပ်မိ**ထားသည့်အကြောင်း၊ သူမှတစ်ဆင့် အဆိပ်ပျံ့နှံ့နိုင်ကြောင်း၊ ဆရာဖြစ်သူက သူ့အား မသတ်နိုင်ကြောင်း ပြင်းပယ်နိုင်ကြောင်း၊ ဆရာဖြစ်သူက သူ့အား မသတ်နိုင်ကြောင်း ပြင်းပယ်သည့်စကားများကိုကြားသောအခါ ပုဟုတ်မျက်ရည်ကျမိသည်။ သူသည် အိမ်ထဲသို့မဝင်တော့ပေ။

အိမ်ရှေ့မှပင် ဆရာဖြစ်သူအားရှိုးဂါရဝပြု၏။

"ဆရာကြီးရဲ့ကျေးဇူးက ကြီးမားလှပါပေတယ်၊ ဆရာကြီးကို ကျွန်တော်နောက်ဆုံးအကြိမ်ဂါရဝပြုပါတယ်"

ပုဟုတ်သည် သုံးကြိမ်မျှတီးတိုးရေရွတ်သည်။ ထို့နောက် ခါးကြားမှစားမြှောင်ကိုဆွဲထုတ်ကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်လေတော့၏။ သူ့ခန္ဓာကိုယ်ကြီးသည် ဝုန်းခနဲပြိုလဲကျသွားလေ၏။

ရွာသူကြီးဖုလုံ၏ တတိယလက်ရင်းတပည့်ကြီးလည်း လူ့လောကထဲမှထွက်ခွာသွားရပြန်လေပြီ။

✤✤

## မြေလျှိုးမည့်အကြံအစည်

အိမ်အပြင်မှ ဝုန်းခနဲလဲကျသံသည် အိမ်ထဲ၌ထိုင်နေသူများအား အထိတ်တလန့်ဖြစ်သွားစေ၏။

"ဘာဖြစ်တာလဲ"

ရွာသူကြီးဖုလုံက **စားတော်ကဲအား**မျက်ရိပ်ပြလိုက်ရာ စားတော်ကဲသည် ပြေးထွက်သွား**လေ၏**

"သခင်ကြီး- သခင်ကြီး- ပုဟုတ်- ပုဟုတ်"

စားတော်ကဲ၏အရေးတကြီးအော်သံကြောင့် ဖုလုံ၊ လျှံယင်းချုံနှင့်ချန်းနီတို့သည် အိမ်အပြင်သို့ခုန်ထွက်သွားသည်။

"ဟာ"

သွေးအိုင်ထဲ၌လဲကျသေဆုံးနေသော ပုဟုတ်အား တွေ့ရသောအခါ ရွာသူကြီးဖုလုံမှာဟာခနဲဖြစ်သွားပြီး ပွေ့ချီရန် ဟန်ပြင်လိုက်၏။

ဖုလုံ၏ပခုံးပေါ်သို့ လက်တစ်ဖက်ကတင်းကျပ်စွာ ဆုပ်ကိုင်ပြီး နောက်သို့ဆွဲလိုက်သဖြင့် ဖုလုံလှည့်ကြည့်မိသည်။

လုမ်းဆွဲသူကား လျှံယင်းချုံတည်း။

"ရွာသူကြီး သတိထားပါ၊ ပုဟုတ်ကိုယ်မှာ အဆိပ်ဝိဇ္ဇာရဲ့ အဆိပ်တွေပျံ့နှံ့နေမှာသေချာပါတယ်၊ ကျွန်တော်တို့ပြောတဲ့စကားတွေ သူကြားပြီး သူ့ကိုယ်သူအဆုံးစီရင်လိုက်တာဖြစ်မှာပါ၊ သူလဲ သူရဲကောင်းတစ်ဦးရဲ့သေခြင်းနဲ့ သေဆုံးတာပါပဲ"

ရွာသူကြီးဖုလုံသည် သူ၏တပည့်ကို ကြေကွဲစွာ ကြည့်ပြီး နောက်ဆုတ်လိုက်၏။

"ကဲ- ငါ့အိမ်ကိုမီးရှို့ပစ်လိုက်စမ်း၊ ပုဟုတ်ရဲ့အလောင်းကို ကောင်းကောင်းမွန်မွန်သင်္ဂြိုဟ်လိုက်ကြပါ၊ အလောင်းကို လက်နဲ့ မထိအောင်တော့ သတိထားကြ"

မကြာမီ ရွာသူကြီးဖုလုံ၏အိမ်ကြီးမှာ မီးဟုန်းဟုန်းတောက် လောင်သွားလေ၏။

သူတို့သည် မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖောက်သည့် ကိစ္စကို အားစိုက်ကြိုးစားရတော့သည်။

ဖုလုံ၊ လျှံယင်းချုံနှင့်ချန်းနီတို့ကိုယ်တိုင် ကြီးကြပ်ဦးဆောင် **ကြသည်**။ ဥမင်တူးသည့်မြေစာများကို ရွာပတ်ပတ်လည် ခြံစည်းရိုး **ဘေး၌ချ**သည်။ တာရိုးသဖွယ် ကတုတ်သဖွယ်ဖြစ်နိုင်သည်ဟု ဖုလုံ **ကယူဆပြီး** ချထားစေခြင်းဖြစ်သည်။

**မြေတူးသူများ**မှာ အလှည့်ကျဖြစ်၍ သိပ်ပင်ပန်းလှသည် မဟုတ်ချေ။ ဖုလုံ၊ လျှံယင်းချုံနှင့် ချန်းနီတို့မှာ လုံးဝ အနားမယူကြ သဖြင့် လွန်စွာပင်ပန်းနွမ်းနယ်နေကြလေ၏။

ရွာသူကြီးဖုလုံသည် ယခင်က လွန်စွာကြံ့ခိုင်သူဖြစ်သည်။ ယခု သူ၏ပါးရိုး မေးရိုးများချောင်ကျနေပြီး မျက်လုံးများကလည်း နီရဲနေသည်။



သို့သော် သူသည် စိတ်အားလျှော့ဟန်မရှိချေ။ ပါးလျားသောနှုတ်ခမ်းများနှင့် လေးထောင့်ကျကျမေးရိုးများက အလုပ်တစ်ခုလုပ်လျှင် နောက်ဆုတ်ခြင်းမရှိ တစိုက်မတ်မတ်လုပ်တတ်ကြောင်း ဖော်ပြနေ၏။

သူကိုယ်တိုင် အနားမယူသော်**လည်း လျှံယင်းချုံ**နှင့် ချန်းနီတို့ကိုမူ အနားယူခိုင်းသည်။ လျှံယင်းချုံနှင့် ချန်းနီတို့ကား အဘယ်မှာလျှင် အနားယူပါမည်နည်း။

သူတို့အတွက် တစ်ရွာလုံး အလုပ်နှင့်လက်မပြတ်ဖြစ်နေစဉ် သူတို့အနားယူ၍ သင့်လျော်ပါမည်လော။

ဖုလုံက လျှံယင်းချုံအားပြောသည်။

"အဆိပ်ဝိဇ္ဇာဆီမှာ နောက်တစ်ပတ်လောက် စဉ်းစားချိန် **တောင်းလိုက်**တာ အတော်ဟန်ကျသွားတယ်၊ ဒီရက်တွေအတွင်း **သူတို့အထဲက တစ်**ယောက်ယောက် ဒီရွာထဲရောက်မလာပါစေနဲ့လို့ **ဆုတောင်းနေရတာ**ပဲ"

ရွာသူကြီးဖုလုံ၏ ဆုတောင်းမပြည့်ရှာပါ၊ အဘယ်ကြောင့်ဆိုသော် ပတ်လည်ဝိုင်းထားသော မန်ချူးတပ်များထံသို့ စုကျုံး အမတ်ကြီး၏အကြံပေးအရာရှိဖြစ်သော'ဟုန်'သည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသောကြောင့်တည်း။

သူသည် မန်ချူးစစ်တပ်များအား စစ်ဆေးနိုင်သော ဩဇာအာဏာရှိသည်။

မန်ချူးတို့နှင့်လည်း အဆင်ပြေအောင်ပေါင်းသင်းနိုင်စွမ်းရှိသောအကြံပေးအရာရှိဟုန်နှင့် မန်ချူးစစ်ဗိုလ် ဆင်ဝေတို့သည် လွန်စွာအလွမ်းသင့်သွားကြလေ၏။

မန်ချူးစစ်ဗိုလ် ဆင်ဝေက-

"ခင်ဗျားလာတာသိပ်ကောင်းတယ်၊ ဖုကျားလို သိုင်းသမားတွေစုနေတဲ့ကျေးရွာမျိုးတွေအကြောင်း ခင်ဗျားကပိုသိမှာပဲ"

အကြံပေးအရာရှိဟုန်က ပြုံးလိုက်၏။

"သိပ်သိတာပေါ့၊ တရုတ်ပြည်မှာ ဒီလိုသိုင်းကျေးရွာတွေ အများကြီးရှိတယ်ဗျ၊ ဒီလိုသိုင်းကျေးရွာတွေမှာ ကလေးကစပြီးမိန်းမတွေအထိ သိုင်းပညာတတ်ကြတယ်"

"သာမန်ကျေးရွာတွေမှာတော့ ကျုပ်တို့ စစ်သားတွေက စိတ်ထင်တိုင်းတိုက်ခိုက်နိုင်တယ်၊ ဒီလိုသိုင်းကျေးရွာတွေမှာတော့ ကျုပ်တို့စစ်သားတွေ အကျအဆုံးများပါတယ်၊ သူတို့ကို ဘယ်လိုတိုက်ရင်ကောင်းမလဲ"

ထိုအခါ အကြံပေးအရာရှိဟုန်က တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ခင်ဗျားက ကျုပ်ကိုပြန်မေးနေရသေးတယ်၊ ကျုပ်ပေးမယ့်နည်းကို ခင်ဗျားသုံးနေပြီပဲဗျ"

မန်ချူးစစ် ဗိုလ်ဆင်ဝေ အံ့ဩသွားသည်။

"ဘာနည်းလဲဗျ၊ ကျုပ်မသိပါလား"

အကြံပေးအရာရှိဟုန်က သူ၏လက်မဖြင့် နောက်ပြန်ညွှန်ပြလိုက်ရင်း-



"အဆိပ်ဝိဇ္ဇာကို ခင်ဗျားခေါ်ထားပြီးပြီပဲ၊ ဒါဟာ ရေကိုရေနဲ့ နှိမ်နင်းတဲ့နည်း၊ မီးကိုမီးနဲ့နှိမ်နင်းတဲ့နည်းပဲ၊ အဆိပ်ဝိဇ္ဇာဟာ သိုင်းပညာကျွမ်းကျင်ရုံမကဘူး၊ အဆိပ်ပညာမှာလဲထက်မြက်တယ်၊ ဖုကျားကျေးရွာက သိုင်းသမားတွေမပြောနဲ့၊ ဖုကျားကျေးရွာထက်ကြီးတဲ့ သိုင်းကျေးရွာက သိုင်းသမားတွေတောင် မဖြုံဘဲမနေနိုင်ဘူး"

မန်ချူးစစ်ဗိုလ်သည် အချိုးကျူးခံလိုက်ရသဖြင့် လွန်စွာ ကျေနပ်သွား၏။

အကြံပေးအရာရှိဟုန်၏ခွက်ထဲသို့ အရက်ဖြည့်ပေးရင်း-

"ဖုကျားကျေးရွာဟာ အခု နှစ်ရက် သုံးရက်အတွင်းမှာ အတော်ကလေး ငြိမ်ချက်သားကောင်းနေတယ်၊ ဘာသံမှလဲ မကြားရဘူး၊ ရွာထဲကလဲ ဘယ်သူမှထွက်မလာဘူး"

"အဲဒီက ပြေးလာတဲ့နှစ်ယောက်ကို ခင်ဗျားတို့ သတ်ပစ်လိုက်တယ်ဆို"

"အဲဒါ စောစောပိုင်းကပါ၊ အခုနောက်ပိုင်းမှာတော့ သူတို့ကြောက်သွားပုံရတယ်၊ တစ်ယောက်မှထွက်မလာကြတော့ဘူးဗျ"

အကြံပေးအရာရှိဟုန်သည် ခေတ္တမျှငြိမ်သွား၏။

အတန်ကြာမှ-

"သူတို့ဘက်က ဘာကမ်းလှမ်းချက်များလာသေးသလဲ"

မန်ချူးစစ်ဗိုလ်ဆင်ဝေက-

"ရက်သတ္တတစ်ပတ်လောက်စဉ်းစားခွင့်ပေးပါလို့ တောင်းဆိုတယ်၊ ဒါပါပဲ၊ ကျုပ်လဲအဆိပ်ဝိဇ္ဇာနဲ့တိုင်ပင်ပြီး သူတို့တောင်းဆို

ချက်ကိုလက်ခံလိုက်တယ်၊ တစ်ပတ်ကြာကြာ၊ နှစ်ပတ်ကြာကြာ သူတို့ထွက်ပြေးနိုင်တာမှမဟုတ်ဘဲ၊ လေးဘက်လေးတန်စလုံး ကျုပ်ရဲ့တပ်သားတွေနဲ့ အဆိပ်ဝိဇ္ဇာရဲ့လူတွေ ဝိုင်းထားတာ၊ **သူတို့ဘယ်လို**ပြေးနိုင်မှာလဲ၊ ငှက်လိုအတောင်တပ်ပြီးပျံနိုင်မှပဲ၊ ကျုပ်တို့ **လက်က**လွတ်နိုင်တော့မယ်ဗျ"

အကြံပေးအရာရှိဟုန်က တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"သူတို့က တောင်ပံတပ်မပျံဘဲ မြေလျှိုးပြေးရင်ကောဗျာ"

မန်ချူးစစ်ဗိုလ်ဆင်ဝေမှာ စကားမပြောနိုင်ဘဲ ဖြစ်သွားရတော့၏။ အကြံပေးအရာရှိဟုန်က-

"ကဲ- ဒီရွာက ရွာသူကြီးဖုလုံဆိုတဲ့လူအကြောင်း ခင်ဗျားသိသလောက် ကျုပ်ကို**ပြောပြစမ်းပါဦးဗျာ**"

**မန်ချူးစစ်ဗိုလ်ဆင်ဝေက-**

"ကျုပ်ကတော့သိပ်**မသိပါဘူးဗျာ၊ အဆိပ်ဝိဇ္ဇာ** ပြောပြသလောက်ပဲသိတာပါ"

"ကိစ္စမရှိပါဘူး၊ ခင်ဗျား**ကြားဖူးသလောက်**တော့ပြောပြပါ"

"သူဟာ သိုင်းပညာတော့**အတော်ကောင်း**တယ်လို့ ပြောတယ်၊ စိတ်ဓာတ်ကြံ့ခိုင်တယ်၊ ကျုပ်တို့ မန်ချူးတပ်စုတွေ အတော်များများကိုလဲ သူဒုက္ခပေးခဲ့တယ်လို့သတင်းကြားရတယ်"

"သူ့ရွာသားတွေကကော"

"ရွာသားတွေနဲ့ရွာသူကြီးဟာ အတော်စည်းစည်းလုံးလုံး ရှိတယ်၊ ရွာသူကြီးရဲ့ဩဇာအာဏာကို ရွာသားတွေဟာ ကျေကျေ



နပ်နပ်ပဲ ခံယူကြသတဲ့"

"အင်း- ကျစ်လျစ်သိပ်သည်းတဲ့ရွာလို့ ဆိုရမှာပေါ့"

"ဟုတ်တယ်၊ အဲဒီရွာသူကြီးမှာ တပည့်ရင်းသုံးယောက်၊ သားတစ်ယောက်နဲ့ သမီးတစ်ယောက်ရှိတယ်၊ တပည့်သုံးယောက်ကတော့ အဆိပ်ဝိဇ္ဇာရဲ့လက်ချက်နဲ့သေသွားပါပြီ"

အကြံပေးအရာရှိဟုန်က လက်ကာပြပြီး စကားကိုရပ်နိုင်းသည်။

"နေဦး- သူ့မှာ သားတစ်ယောက်နဲ့ သမီးတစ်ယောက် ရှိတယ်ဟုတ်လား"

ဆင်ဝေက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

"ဒါနဲ့များဗျာ၊ ခင်ဗျားတို့မို့**အချိန်ကုန်**ခံနေတယ်"

"ဗျာ- ကျုပ်နားမလည်ဘူး"

"**အခု** ခင်ဗျားတို့က ဘာကိုလိုချင်နေတာလဲ"

"လျှံယင်းချုံနဲ့သူ့အဖော်မိန်းကလေးပဲ၊ ခင်ဗျားလဲသိသားပဲဥစ္စာ"

"အေးလေ၊ ရွာသူကြီးဖုလုံရဲ့သားနဲ့သမီးကို ရွာထဲဝင်ဖမ်းဖို့ကိစ္စလောက်တော့ အဆိပ်ဝိဇ္ဇာတတ်နိုင်မှာပါ၊ ဒီလူက အဆိပ်ပညာမှာသိပ်စွမ်းတာပဲ ဥစ္စာ"

"ဖမ်းပြီးဘာလုပ်ရမှာလဲ"

"အ ရန်ကောဗျာ၊ ဖမ်းပြီး လျှံယင်းချုံတို့နဲ့အလဲအလှယ်လုပ်ပေါ့ဗျာ၊ ခင်ဗျားတို့ဒီလောက်တောင် အချိန်စောင့်နေစရာမလို

တော့ဘူး၊ ကျုပ်ထင်တယ်၊ သူတို့ တစ်ပတ်အချိန်**တောင်းတာ** တစ်ခုခုကြံစည်ဖို့ဗျ၊ အဲဒီအတိုင်းအချိန်ပေးလိုက်ရင် ခင်ဗျားတို့ ကောင်းကောင်းကြီး ဒုက္ခရောက်လိမ့်မယ်"

အကြံပေးအရာရှိဟုန်သည် အနာဂတ်ကို ကြိုမြင်နိုင်စွမ်းရှိသူပမာ အတပ်ပြောကြားလိုက်လေ၏။

မန်**ချူး**စစ်ဗိုလ်ဆင်ဝေသည် အကြံပေးအရာရှိဟုန်ကို လွန်စွာလေးစားသွား၏။

"ကောင်းတယ်၊ ဒီအကြံကိုကျုပ်မတွေးမိဘူး၊ အဆိပ်ဝိဇ္ဇာနဲ့တွေ့ပြီးအကောင်အထည်ဖော်မယ်"

မန်**ချူး**စစ်ဗိုလ် ဆင်ဝေသည် သစ်ခက်တဲအတွင်းမှ ရုတ်ခြည်းပင် ထွက်ခွာသွားလေတော့သည်။

မဟာ
စာပေနှင့်ဗွီဒီဇီ

*စာစဉ် (၆) ပြီး၏။*

*စာစဉ် (၇)ကို ဆက်လက်ဖတ်ရှုပါရန်။*